www.burmeseclassic.com

ရွှေဥဒေါင်း ၏

# စုံထောက်ဦးစံရှား

(ပေါင်းချုပ်)

[ တတိယအကြိမ် ]

ပထမ အုပ်

အပိုင်း ၂ / ၈

စံလှစာပေတိုက်

အမှတ် ၁၀၉၊ ၂၉ လမ်း၊ ရန်ကုန်။
ဖုန်း—၇၀၄၅၉

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | | |
|---|---|---|---|
| –။ | ပုဂ္ဂိုလ်စာတည်းအဖွဲ့၏ မှတ်ချက် | .... | [illegible] |
| –။ | ထုတ်ဝေသူ၏ ကျေးဇူးတင်လွှာ | .... | |
| ၁။ | မိတ်ဆက် | .... | ၁ |
| ၂။ | ဘောင်ဒရီလမ်း လူသတ်မှု | .... | ၁၆ |
| ၃။ | အစိုးရစာချုပ် ပျောက်ဆုံးမှု | .... | ၈၂ |
| ၄။ | မဟာရှာဇာတဦးအမှု | .... | ၁၀၃ |
| ၅။ | ထူးဆန်းသော အိမ်ငှားမှု | .... | ၁၁၅ |
| ၆။ | စာမေးပွဲ မေးခွန်းစာရွက်များ ပျောက်ဆုံးမှု | .... | ၁၂၈ |
| ၇။ | ကပ်စေးနှဲသော ရဟူဒီအမှု | .... | ၁၄၂ |
| ၈။ | ကာဏာရိုင်ဒအသင်း | .... | ၁၅၇ |
| ၉။ | ဝန်ထောက်လူလိမ် အမှု | .... | ၁၇၃ |
| ၁၀။ | သိရိခမ္မာသောကမင်းကြီး တံဆိပ်တော် | .... | ၁၈၄ |
| ၁၁။ | တိုင်ကပ်နာရီများ ရိုက်ခွဲမှု | .... | ၂၀၃ |
| ၁၂။ | တဂူကူးကူး | .... | ၂၁၆ |
| ၁၃။ | ခြေကျိုး ကြောင် | .... | ၂၃၃ |
| ၁၄။ | အိမ်ထွင်းပုန်း ကုလားမ အမှု | .... | ၂၄၇ |
| ၁၅။ | မောက်တူး အမှု | .... | ၂၅၇ |
| ၁၆။ | ပြိုင်မြင်းရှင် မောင်ကြာညွန့်အမှု | .... | ၂၇၀ |
| ၁၇။ | အာဠဝက မောင်ကလေးအမှု | .... | ၂၈၆ |
| ၁၈။ | ထူးဆန်းသော နားရွက်ပြတ် နှစ်ခု | .... | ၃၀၃ |
| ၁၉။ | ကမ္ဘာရွှတ်ရွာ လူသတ်မှု | .... | ၃၂၁ |
| ၂၀။ | ရည်းစားခပျောက် ရှာပုံတော် | .... | ၃၄၃ |
| ၂၁။ | ပထမဆုံး စုံထောက်ခဲ့သော ဝတ္ထု | .... | ၃၅၆ |
| ၂၂။ | သိုက်ဆရာတယောက်၏ အမှု | .... | ၃၇၀ |
| ၂၃။ | ဘဂ်ါလီ စကားပြန်အမှု | .... | ၃၈၂ |


www.burmeseclassic.com

www.burmeseclassic.com


၂၄။ ကပ်စေးနဲ့ မိုးဇက်အမှု .... ၃၉၆
၂၅။ အင်လျှားကန် လူသတ်မှု .... ၄၁၀
၂၆။ တွံတေးအိုး ၆ လုံးကွဲမှု .... ၄၂၃
၂၇။ ထူးဆန်းသော အားကစားသမားအမှု .... ၄၄၀
၂၈။ အင်္ဂလိပ်စစ်ဗိုလ်လင်မယားအမှု .... ၄၅၀
၂၉။ လက်ပြတ် အင်ဂျင်နီယာ .... ၄၆၃
၃၀။ စိန်ဝေလျှံ ပျောက်ဆုံးမှု .... ၄၇၅
၃၁။ ဩဇာ သုံးစွဲအမှု .... ၄၉၇
၃၂။ ဗိုလ်ကပြားမလေးတယောက်၏ အမှု .... ၅၁၆
၃၃။ ကျောင်းသားတယောက် ပျောက်ဆုံးမှု .... ၅၃၀
၃၄။ မသင်္ကာသော လင်မယား .... ၅၄၂
၃၅။ စံပဲအဆောင်း တွေ့မှု .... ၅၅၇
၃၆။ အမွှေမပေးလိုသော ပထွေးအမှု .... ၅၇၀
၃၇။ ကောလိပ်ကျောင်းသားများနှင့် ညာဏ်ကစားသည့်အမှု .... ၅၈၈
၃၈။ စင်တာဖော်ဇပ် ဘောသမားပျောက်မှု .... ၆၀၄
၃၉။ ညာဏ်သမား မောင်မောင်ဦး .... ၆၁၈
၄၀။ အာဇာနည်အသင်း အမှု .... ၆၃၂
၄၁။ ပင်လယ်ကမ်းခြေ လူသတ်မှု၌ စုံထောက်ပုံ .... ၆၆၃
၄၂။ လှေသူကြီး ဦးမိုးသီး .... ၆၈၃
၄၃။ လေးပွင့်ဆိုင် .... ၇၀၁
၄၄။ ရှိမ်းမကားရွာ လူသတ်မှု .... ၇၅၂
၄၅။ ဦးစံရှားအသက်ကို လုပ်ကြံမှု .... ၇၈၆
၄၆။ ကျောက်စီ ခါးမြှောင် ပျောက်ဆုံးမှု .... ၇၉၈
၄၇။ ဘုံနန်းရိပ်သာ အိမ်ကြီးနှင့် ပတ်သက်သောအမှု .... ၈၁၂
၄၈။ ပျောက်သောသူ ရှာလျှင်တွေ့ .... ၈၄၁
၄၉။ ဘုရင်ခံကတော်၏ စာပျောက်မှု .... ၈၅၉
၅၀။ ပန်းဆိုးတန်း လူသတ်မှု .... ၈၇၂
၅၁။ လယ်ဝန် ဦးသာလူနှင့် ဇနီး မခင်တင့် သတ်မှု .... ၈၈၆
၅၂။ ထူးဆန်းသော အဆိပ်ခတ်မှု .... ၈၉၅
၅၃။ ပွေလီအင်းခွေးကြီး အမှု .... ၉၀၆


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ၄။ မဟာရာဇာတဦးအမှု*

တနေ့သ၌ ကျွန်ုပ်သည် အထက်မြန်မာပြည်ရှိ ဆွေမျိုးဉာတိများထံသို့ ရက်သတ္တ တပတ်ခန့် သွားရောက်လည်ပတ်၍ ရန်ကုန်မြို့သို့ ပြန်ရောက်လာသဖြင့် ဦးစံရှားနှင့် အတူနေထိုင်ကြသည့် ဘရုတ်ကင်းလမ်းရှိ သုံးထပ်တိုက် အပေါ်ထပ်သို့ ပြန်ရောက်အလာတွင်—

ရှား။ ။"ခရီးရောက်မဆိုက် ပြောလိုက်ရအုံးမယ် ကိုသိန်းမောင်၊ ခင်ဗျားစိတ်ဝင်စားနေကျ အမှုကလေးမျိုးတခု ပေါ်လာပြန်ပြီဗျ။ ရော့ ဟောဒီစာ ဖတ်ကြည့်စမ်း"ဟု ပြောပြောဆိုဆိုနှင့် ရက်စွဲမပါ၊ အမည်နေရပ်လည်း မပါ၊ လက်မှတ်လည်းမပါ၊ အင်္ဂလိပ်ဘာသာဖြင့်ရေးထားသော စာတစောင်ကို ကျွန်ုပ်အား လှမ်းပေးလိုက်ရာ အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

> ယနေ့ည (၇) နာရီခွဲ ခန့်တွင် အလွန် အရေးကြီးသော ကိစ္စနှင့် ပတ်သက်၍ တိုင်ပင်ရန် ဦးစံရှားထံ လူတယောက် လာပါလိမ့်မည်။ ဦးစံရှားမှာ စဉ်းစားဉာဏ်ကောင်းသလောက် ယုံကြည်စိတ်ချထိုက်သော ပုဂ္ဂိုလ်တဦးဖြစ်သည်ဟု ယုံကြည်ပါသည်။ လာရောက်မည့် ပုဂ္ဂိုလ်မှာ လူသိ မခံဝံ့သူတယောက် ဖြစ်သောကြောင့် သူ၏မျက်နှာကို မမှတ်မိစေရန် မျက်နှာဖုံး စွပ်ထားခဲ့လျှင် ရိုင်းသည်ဟု မယူဆဖို့ တောင်းပန်ပါသည်။

ကျွန်ုပ်။ ။"တော်တော်တော့ လျှို့ဝှက်ချင်တဲ့ သဘောပဲဗျို့။ ခင်ဗျား ဘယ်လို အဓိပ္ပာယ်ကောက်သလဲ"

ရှား။ ။"အကြောင်းခြင်းရာကို အစုံမသိရပဲနဲ့ အဓိပ္ပာယ်ကောက်နေနှင့်လို့ ဘယ်ကလာ မှန်နိုင်မှာလဲဗျ။ သို့သော် ဒီပြင်ဟာ ဖယ်ထားပြီး ဒီစာသက်သက်ကို အကဲခတ် ကြည့်စမ်းပါအုံးဗျာ"

ကျွန်ုပ်သည် စာရွက်နှင့် လက်ရေးတို့ကို သေချာစွာ ကြည့်ရှုပြီးနောက်—

ကျွန်ုပ်မှ ။"ဒီစာရေးတဲ့လူဟာ တော်တော် အထက်တန်းကျတဲ့လူပဲဗျ။ ဘာကြောင့်လဲဆိုတော့ ဒီစာရေးစက္ကူမျိုးဟာ တကတ်ကို ငါးကျပ်ထက် နည်းပြီး ဝယ်လို့မရပေဘူး။ စာရွက်က အင်မတန်ချောပြီး သိပ်တောင့်တာပဲ"

---

* 'ရုပ်ရှင်မင်းသမီး' ဟူသော အမည်ဖြင့် မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၃ တွင် လည်းကောင်း၊ နှလုံးလှစာအုပ်တိုက်မှ အတွဲ ၁ တွင် လည်းကောင်း ဖော်ပြသည်။ ရှုမဝမဂ္ဂဇင်း၊ ၁၉၄၉၊ မတ်၊ အတွဲ ၂၊ အမှတ် ၂၂ တွင် 'မဟာရာဇာတဦး အမှု' အမည်ဖြင့် ပြန်လည် ရေးသားသည်။ ရှုမဝမဂ္ဂဇင်းလာ ဤဝတ္ထုကို မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၁၁၊ နှလုံးလှစာအုပ်တိုက်မှ အတွဲ ၆ တွင် ထပ်မံပါရှိသည်။ မူရင်းဝတ္ထုမှာ A Scandal in Bohemia ဖြစ်သည်။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ရှား။ ။"ဒါတင် မကသေးဘူး၊ နမ်းကြည့်လိုက်စမ်းဗျာ"

ကျွန်ုပ်။ ။"ဟုတ်သားပဲဗျို၊ ကရမက်နံ့ ထင်ရဲ့ မွှေးလိုက်တာဗျာ"

ရှား။ ။"ကရမက် မဟုတ်ဘူး ဆရာကြီးရဲ့၊ နံ့သာဆီခေါ်တယ်ဗျ။ နံ့သာဆီဆိုတဲ့ အမွှေးအကြိုင်မျိုးကို ဘယ်လိုလူမျိုးကြိုက်ဘတ်သလဲ။ ခင်ဗျား သတိထားမိသလား"

ကျွန်ုပ်။ ။"အိန္ဒိယတိုင်းသားထဲက ထင်တယ်ဗျို"

ရှား။ ။"အစစ်ပဗျာ။ ကိုင်း ဒီတော့ အထက်တန်းစား အိန္ဒိယတိုင်းသားတယောက်လို့ ကျုပ်တို့ သိရတာပေါ့။ ဟော ပြောယင်း ဆိုယင်း ရောက်လာပြီ ထင်တယ်ဗျို"

ထိုခဏ၌ တိုက်ရှေ့တွင် မော်တော်ကားတစီး ဆိုက်ရောက်လာသဖြင့် ကျွန်ုပ်တို့သည် ပြတင်းပေါက်မှ ငုံ့ကြည့်လိုက်ရာတွင် အရောင် ဖိတ်ဖိတ်တောက်လျက်ရှိသော ဆလွန်းကားကြီးတစီးကို လမ်းမှ ခတ်မီး ရောင်တွင် တွေ့မြင်ကြရလေ၏။

ကျွန်ုပ်။ ။"သိပ်ကောင်းတဲ့ ကားကြီးပါလားဗျို"

ရှား။ ။"ကောင်းဆို ရိုးလ်ရွိုက်ဆိုတာ ဒီကားပေါ့ဗျ။ ရန်ကုန် တမြို့လုံးမှာ လေးစင်းတည်း ရောက်သေးတယ်။ ဘော်ဒီမပါပဲ ချယ်စီချည်းတောင် နှစ်သောင်းကျော် ပေးရတဲ့ ကားပေါ့ဗျ။ ဒီအမှုမှာတော့ ကျုပ်တို့အဖို့ တော်တော်ဆုဖြိုးပုံရတယ်ဗျို့ ကိုသိန်းမောင်"

ကျွန်ုပ်။ ။"ကျွန်တော် ရှောင်ပေးအုံးမှ ထင်တယ်"

ရှား။ ။"နေသာနေပါဗျာ၊ ငါးထန်းရွက်ဆိုတဲ့ ငါးမျိုးဟာ နှစ်ကောင်မစပ်ပဲ သွားမဖြစ်သလို ကျုပ်မှာလဲ ခင်ဗျားနဲ့စပ်ရမှ အလုပ်လုပ်တတ်သလို ဖြစ်နေပြီဗျ။ နေသာနေပါဗျာ"

ထိုတခဏ၌ လှေကားမှ တက်လာသော ခြေသံများ ကြားရပြီးနောက် တံခါးကို ခေါက်သဖြင့် ဦးစံရှားက ဖွင့်ပေးလိုက်လေ၏။

ထိုအခါ အရပ် ၆ ပေထက် မနည်းရှိ၍ အရပ်နှင့်လိုက်အောင် တုတ်ခိုင်လျက် ဥရောပတိုက်သား အဝတ်အစားနှင့် ကျနစွာဝတ်ဆင်ထားသော လူတယောက်သည် အခန်းတွင်းသို့ ဝင်လာလေရာ သူ၏ အဝတ်အစားတို့မှ စာရေးစက္ကူတွင် ပါရှိသော နံ့သာဆီ အနံ့သည် တခန်းလုံးကို မွှေးကြိုင်သွားစေ၏။

မေးအောက်၌ လိမ်လျက်ရှိသော မုတ်ဆိတ်နှင့် လက်ဝဲဘက်လက်တွင် ဝတ်ထားသော လက်စွပ်တို့ကို မြင်သဖြင့်လည်း ကျွန်ုပ်တို့သည် မျက်နှာဖုံးစွပ်ထားသော မျက်နှာကို မမြင်ရပဲလျက် အိန္ဒိယတိုင်းသား တယောက် ဖြစ်သည်ဟု အကဲခတ်နေကြပေ၏။

မျက်နှာဖုံးမှာမူ အဆန်းတကြွယ်မဟုတ်ပဲ အဝတ်နက်တခုကို မျက်နှာအထက်ပိုင်း စည်းထား၍ မျက်လုံးနေရာများ၌ အပေါက် နှစ်ပေါက် ဖောက်ထားရုံမျှ ဖြစ်လေရာ ထိုသူသည် ကားပေါ်မှဆင်းလာ၍ လှေကားမှ တက်လာသော အခိုက်တွင်မှ ထိုအဝတ်ကို စွပ်လာခဲ့ဟန် တူပေသည်။

လူ၏မျက်နှာ၌ မျက်လုံးသည် အကျင့်စာရိတ္တကို ဖော်ပြနိုင်သော သတ္တိရှိပေရာ ကျွန်ုပ်တို့သည် မျက်နှာဖုံးကြောင့် မျက်လုံးများကို မမြင်ကြရသော်လည်း ခိုင်ခံ့သောပါးရိုးနှင့် ရှည်လျားသော မေးရိုးကြီးကို မြင်ရသဖြင့် ခက်ထန် တင်းမာသော စိတ်သဘောရှိကြောင်း အကဲခတ်နိုင်ကြလေ၏။

ထိုသူသည် အမှုသည်များ ထိုင်နေကျဖြစ်သော ကုလားထိုင်တွင် ထိုင်ပြီးနောက် အင်္ဂလိပ်ဘာသာဖြင့်—

"ကျွန်ုပ် လာခဲ့မယ်လို့ ရေးလိုက်တဲ့စာကို ရတယ်မဟုတ်လား"ဟုမေး၍ ကျွန်ုပ်တို့နှစ်ယောက်အနက် မည်သူသည် ဦးစံရှား ဖြစ်လေသနည်းဟု အကဲခတ်ဟန်ဖြင့် တယောက်စီ ကြည့်နေရာတွင်—

တတိယအကြိမ်

www.burmeseclassic.com



ရှား။ ။"ရပါတယ်။ ဒီဟာက ကျွန်တော့်မိတ်ဆွေ ကိုသိန်းမောင်ပါတဲ့။ အမှုတိုင်းမှာ သူနဲ့တွဲပြီး အလုပ်လုပ်နေကျ ဖြစ်ပါတယ်။ ဒါထက် ခင်ဗျား နာမယ် ဘယ်လိုခေါ်သလဲ"

ထိုလူ။ ။"ရာဟင်ဘတ်လို့ ခေါ်တာပေါ့။ အိန္ဒိယပြည်က စော်ဘွားမျိုးထဲကပါပဲ။ ဒါထက် ခင်ဗျားမိတ်ဆွေက နှုတ်လုံမယ်လို့ စိတ်ချရပါ့မလား။ အမှုက သိပ်အရေးကြီးလွန်းလို့ မေးရတာပါ"

ကျွန်ုပ်လည်း ရှောင်ပေးမည်ဟု ထိုင်ရာမှ ထလိုက်သည်တွင် ဦးစံရှားက လက်ကိုကိုင်ကာ ပြန်တွန်းလိုက်သဖြင့် နေရာတွင် ပြန်၍ထိုင်ရလေ၏။

ရှား။ ။"ကျွန်တော့်ကို ယုံရသလို သူ့ကိုလဲ ယုံနိုင်ပါတယ်။ စိတ်ချပြီး ပြောပါ"

ဘတ်။ ။"ကိုင်း ဒါဖြင့် ဒီအကြောင်းနဲ့ပတ်သက်ပြီး နှစ်နှစ်အတွင်းမှာ နှုတ်လုံပါစေ့မယ်လို့ နှစ်ယောက်လုံး ကတိထားစေချင်တယ်ဗျာ။ နှစ်နှစ်ကျော်တော့ ခင်ဗျားတို့ သဘောအတိုင်းပါပဲ"

ထိုအခါ ကျွန်တော်တို့ နှစ်ယောက်သည် ကတိထားကြလေသည်။

ဘတ်။ ။"မျက်နှာဖုံး တပ်ထားတာကိုတော့ ခွင့်ပြုကြဖို့ ကျွန်ုပ်တောင်းပန်ပါတယ်။ ကျွန်ုပ်ကို စေခိုင်းတဲ့ပုဂ္ဂိုလ်ဟာက အိန္ဒိယတပြည်လုံးမှာ တစ်နံပါတ်ထဲက ဖြစ်လေတော့ သူ့ကိုယ်စားလှယ်ကို လူမသိစေလိုတဲ့အတွက် မျက်နှာဖုံးသုံးရခြင်း ဖြစ်ပါတယ်"

ရှား။ ။"ကျွန်တော် နားလည်ပါတယ်။ အကြောင်းခြင်းရာကို စေ့စုံအောင် မဟာရာဇာစော်ဘွားကြီးက ပြောပြလို့ရှိယင် ကျွန်တော်တတ်နိုင်သမျှ အကြံပေးပါ့မယ်"

ထိုစကားကို ကြားရသောအခါ ထိုသူသည် ကုလားထိုင်မှ ရုတ်တရက် ခုန်ထ၍ အကြံယူသော လက္ခဏာနှင့် အခန်းထဲတွင် တခေါက် နှစ်ခေါက် လမ်းလျှောက်ကာ စဉ်းစားပြီးနောက် မျက်နှာဖုံးကို ရုတ်တရက် ဖြုတ်လိုက်၍—

"မှန်ပါတယ်၊ ကျွန်ုပ် စော်ဘွားပါပဲ။ လျှို့ဝှက်နေလို့ အပိုပါပဲ"ဟု ဆိုကာ ကုလားထိုင်တွင် ပြန်ထိုင်လေ၏။

ရှား။ ။"တိုင်ပင်စရာရှိတာ တိုင်ပင်ပါ"

ဘတ်။ ။"ကျွန်ုပ် ကိစ္စက အင်မတန်လျှို့ဝှက်ရတဲ့ ကိစ္စဖြစ်လေတော့ ကိုယ်စားလှယ်ကိုတောင် ဖွင့်ပြောမဖြစ်လို့ ကျွန်ုပ်ကိုယ်တိုင် အိန္ဒိယက လေယာဉ်ပျံနဲ့ လိုက်လာခဲ့ရပါတယ်။ ခင်ဗျားအကြောင်းကို ကျွန်ုပ်တို့ဆီကတောင် ကြားရလေတော့ ကျွန်ုပ်ကဖြင့် အားကိုးပြီး လာခဲ့တာပဲ"

ရှား။ ။"ပြောစရာရှိတာ ပြောပါ"

ဘတ်။ ။"အဖြစ်အပျက်က ဒီလိုဗျ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က အင်္ဂလန်ကို ကျွန်ုပ် သွားလည်တော့ လူစီဝိုက်ဆိုတဲ့ ကချေသည်မ တယောက်နဲ့ ချစ်ကျွမ်းဝင်ခဲ့ကြပါတယ်"

ရှား။ ။"ချစ်ကျွမ်းဝင်ပြီး စာတွေ လွန်လွန်ကျူးကျူးရေးမိလို့ ပြန်ပြီးလိုချင်တယ်ဆိုပါတော့။ လူစီဝိုက်ကိုတော့ ရန်ကုန်ရောက်နေလို့ ဟိုတနေ့က မင်းတိုမင်းရှင်ဟိုတယ်မှာ ဥရောပတိုက်သား ပရိသတ်ရှေ့မှာ ကပြတာကို တကြိမ် မြင်လိုက်ရဖူးပါတယ်။ ဒါထက် တိတ်တိတ် လက်ထပ်တဲ့ဆီအထိ လွန်ထားသလား"

ဘတ်။ ။"ဒီလိုတော့ မဟုတ်ပါဘူး"

ရှား။ ။"ဒါဖြင့် ဘာအရေးကြီးသလဲ စော်ဘွားကြီး၊ ခင်ဗျား ချစ်စာ ကြိုက်စာလောက် ရေးမိရုံဖြင့် သူကထုတ်ပြလို့ ဘယ်သူက ယုံကြည်အုံးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘတ်။ ။"လက်ရေးစာ ရှိနေတာကိုးဗျ"

ရှား။ ။"တူအောင် တုရေးတယ်ဆိုယင် ဖြစ်တာပေါ့ဗျာ"

ဘတ်။ ။"ကျွန်ုပ်အဖို့ အထူးမှာလုပ်ထားတဲ့ စာရေးစက္ကူနဲ့ဗျ"

ရှား။ ။"ခိုးယူကယ် ပြောနိုင်တယ်ဗျာ"

ဘတ်။ ။"ကျွန်ုပ်တံဆိပ်လဲ ပါသေးတယ်ဗျ"

ရှား။ ။"အတု ခိုးလုပ်တယ်ဗျာ"

ဘတ်။ ။"ဓာတ်ပုံကလဲ ရှိသေးတယ်ဗျ"

ရှား။ ။"ဝယ်ယင် ရတာပေါ့ဗျ"

ဘတ်။ ။"ဒါတင် မကသေးဘူးဗျ။ နှစ်ယောက်တွဲပြီး ရိုက်ထားတဲ့ပုံ ဖြစ်နေတယ်"

ရှား။ ။"ဟိုက်၊ ဒါတော့ ဆိုးတယ်ဗျို့"

ဘတ်။ ။"ချစ်တယ် ကြိုက်တယ်ဆိုတာ ရူးသလို နှမ်းသလို ဖြစ်မိတာပဲဗျ"

ရှား။ ။"ပြန်တောင်းလို့ မရဘူးလား"

ဘတ်။ ။"စမ်းပြီးပြီဗျ၊ မရဘူး"

ရှား။ ။"ဒီအတိုင်း တောင်းလို့ ဘာရမလဲ၊ ငွေနဲ့ ဝယ်မှပေါ့"

ဘတ်။ ။"ဝယ်လို့လဲ မရဘူးဗျ"

ရှား။ ။"ဒါဖြင့် ခိုးယူဗျာ"

ဘတ်။ ။"ဒါလဲ နှစ်ခါ သုံးခါ စမ်းပြီးပြီ။ ပုလိပ်နဲ့ လမ်းက ဖမ်းလဲ မတွေ့၊ အိမ်ဖောက်ရှာလဲ မရ၊ အမျိုးမျိုး စမ်းပြီးပြီ"

ရှား။ ။"လုံးလုံး မတွေ့ဘူးလား"

ဘတ်။ ။"အရှင်းကို မတွေ့ဘူးဗျ"

ရှား။ ။(ရယ်မောလျက်) "တော်တော်ဂွကျတဲ့ ကိစ္စကလေးပါလား"

ဘတ်။ ။"ဂွကျဆို ဘာပြောကောင်းမလဲ။ ဟိုတုန်းကတော့ ကျွန်ုပ်က မင်းသား။ အခုတော့ မွေးသဖခင်ကွယ်လွန်လို့ သူ့နေရာမှာ ဆက်ခံနေရတော့ ကချေသည်တယောက်နဲ့ တွဲရိုက်ထားတယ်ဆိုတာ သိပ် အရုပ်ဆိုးနေတာပေါ့ဗျ"

ရှား။ ။"နေပါအုံး စော်ဘွားကြီး၊ ဒီဓာတ်ပုံကို သူက ဘာလုပ်မလို့လဲဗျ"

ဘတ်။ ။"ကျွန်ုပ်ကို အရှက် ခွဲမလို့တဲ့ဗျ"

ရှား။ ။"ဘယ်လို ခွဲမှာတဲ့လဲဗျာ"

ဘတ်။ ။"ကျွန်ုပ်က ဟိုက်ဒရာဘတ်နယ် မဟာရာဇာ စော်ဘွားကြီးနဲ့ ဒုတိယ သမီးတော်နဲ့ လက်ထပ်မယ့်ဆဲဆဲ ဖြစ်နေတယ်ဗျ။ ဒီစော်ဘွားကြီးက အင်မတန် အယူသည်းတယ်။ သမီးတော်ကလဲ သိပ် အရှက်ကြီးတယ်။ ဒီအကြောင်းကို သတင်းသန့်သန့်ကြားသွားယင် လက်ထပ်ဖို့ကိစ္စ ပျက်ပြီးသားပဲ"

ရှား။ ။"နို့ လူစိုက်က ဘာပြောသလဲ"

ဘတ်။ ။"ဓာတ်ပုံကို သမီးတော်ဆီ ပို့လိုက်မယ်တဲ့။ ဒီမိန်းမက အင်မတန် ခေါင်းမာတယ်။ စိတ်လဲကြီးတယ်။ လုပ်မယ်ဆိုယင် တကယ်လုပ်တာပဲ။ လူကသာ မိန်းမဖြစ်တယ်၊ စိတ်ကတော့ ယောကျ်ား လိုက်မမီအောင် တင်းမာတဲ့ မိန်းမဗျ။ ကျွန်ုပ်ကို မိန်းမ ယူမဖြစ်အောင် ဘာမဆိုလုပ်မယ်တဲ့ ကြိမ်းနေတယ်"

ရှား။ ။"ဒါဖြင့် အခုလောက်ရှိ ပို့များ ပြီးနေမလားဗျာ"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ဘတ်။ ။"မပို့သေးပါဘူး။ လက်ထပ်တဲ့နေ့မှ ရောက်အောင် ပို့မယ်လို့ ကြံမိထားတယ်။ ကျွန်ုပ်တို့က ရှေ့လမှ လက်ထပ်မှာပါ"

ရှား။ ။"ဒါဖြင့် အချိန်ရှိပါသေးတယ်လေ၊ စော်ဘွားကြီး မပြန်သေးဘူးပေါ့"

ဘတ်။ ။"မပြန်သေးပါဘူး၊ လူစိဝိုက်က မင်းတိုမင်းရှင် ဟိုတယ်မှာ တည်းတယ်ဆိုလို့ ကျွန်ုပ်က ရှိုင်ရယ်ဟိုတယ်မှာ တိတ်တိတ် တည်းနေပါတယ်"

ရှား။ ။"ဒီခါတ်ပုံကို ကျွန်တော် ရအောင် ကြံပေးစေချင်တယ်လား"

ဘတ်။ ။"တဆိတ်ကလေးဗျာ၊ လုပ်ပေးပါ"

ရှား။ ။"ငွေတော့ကော"

ဘတ်။ ။"ကုန်ချင်သလောက် ကုန်ပါစေဗျာ"

ရှား။ ။"တကယ်လား"

ဘတ်။ ။"အို ကျွန်ုပ်နှယ် တဝက်ခွဲပေးဆို ခွဲပေးမယ်ဗျာ။ ပြီးရော"

ထိုအခါ စော်ဘွားသည် အင်္ကျီအိတ်ထဲမှ သားရေအိတ်ကိုထုတ်၍ ရာတန်စက္ကူတအုပ်နှင့် ရွှေဒင်္ဂါး တဆုပ်ကို စားပွဲပေါ်တွင် ပုံချလိုက်လေ၏။

ရှား။ ။"လူစိဝိုက်တည်းတော့ မင်းတိုမင်းရှင် ဟိုတယ်မှာနော်"

ဘတ်။ ။"ဒီလိုပဲ ကျွန်ုပ် စုံစမ်းရတယ်"

ရှား။ ။"ကိုင်း ဒါဖြင့် စိတ်ချပါ စော်ဘွားကြီး၊ ကျွန်တော်အစွမ်းရှိသမျှ ကြိုးစားပေးပါ့မယ်"

နောက်တနေ့ညနေ၌ ကျွန်ုပ်သည် အလုပ်တိုက်မှ ပြန်လာသောအခါ ဦးစံရှားမှာ အိမ်သို့ ပြန်၍ မရောက်သေးချေ။

ထိုနေ့တနေ့လုံး အဖို့၌ ဦးစံရှားသည် ဓာတ်ပုံကိစ္စအတွက် ကြိုးစားလျက်ရှိသည့် အကြောင်းကို ကျွန်ုပ် ရိပ်မိသဖြင့် မည်သို့သော အခြေအနေရှိသည်ကို သိလိုဇောနှင့် စောင့်မျှော်လျက် ရှိရလေ၏။

ဤအမှုမှာ အခြားအမှုများကဲ့သို့ ရင်ဖိုလှိုက်ဖွယ်ရာ အခြင်းအရာများ မပါရှိသော်လည်း အမှုသည်မှာ အိန္ဒိယပြည်မှ လာရသော မဟာရာဇာတယောက်ဖြစ်နေသဖြင့် စိတ်ဝင်စားမိပေ၏။

ကျွန်ုပ်အဖို့မှာ အမှန်ကိုဆိုပါက ဦးစံရှားလုပ်ရလျှင် ဖြစ်မည်ဟု စိတ်ချထားပြီးဖြစ်သောကြောင့် စိတ်ထဲ၌ သို့လော သို့လော မရှိပဲ လုပ်ပုံလုပ်နည်းကို သိလိုသဖြင့်သာလျှင် စောင့်မျှော်နေမိခြင်းဖြစ်လေ၏။

ညနေ ၆ါးနာရီအချိန်ခန့်တွင် လန်ချားကုလားတယောက်သည် တကိုယ်လုံး ချွေးတွေ ရွှဲလျက် အိမ်ပေါ်သို့ တက်လာ၏။

"အစ်ကို ပိုက်ဆံပေးပါ အစ်ကို"ဟု တောင်းလေရာ ကျွန်ုပ်က ဤအခန်းတွင် လန်ချားစီးလာခဲ့သူ မရှိကြောင်းနှင့် ပြန်ပြောသဖြင့် သွားကိုဖြဲကာ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်တွင်မှ ဦးစံရှား ဖြစ်နေသည်ကို ကျွန်ုပ် ရိပ်မိလေတော့၏။

ရုပ်ပြောင်း ရုပ်လွှဲအလုပ်၌ ဦးစံရှား၏ ကျင်လည်ပုံကို ကျွန်ုပ် သိပြီး ဖြစ်သော်လည်း ကျွန်ုပ်မှာ အနီးသို့ကပ်ကာ သေချာစွာကြည့်မိသောအခါမှ အကယ်ပင် ဦးစံရှားဖြစ်သည်ဟု ယုံကြည်နိုင်လေတော့၏။

ထို့နောက် ဦးစံရှားသည် ရေချိုးခန်းသို့ဝင်၍ တကိုယ်လုံးမှ ဆေးရောင်များကို ချွတ်ပြီးနောက် ထုံးစံအတိုင်း ကျနစွာ ဝတ်စားလျက် အပြင်သို့ထွက်လာ၍ ပက်လက်ကုလားထိုင်ပေါ်၌ ပစ်လှဲကာ အတန်ကြာအောင် ဟက်ဟက်ပက်ပက် ရယ်မောနေလေ၏။

---

ဒုတိယအကြိမ်

www.burmeseclassic.com


ကျွန်ုပ်။ ။ "ဘာများ ဒီလောက် အူမြူးနေရတာလဲ ဆရာကြီး"

ရှား။ ။ "မြူးဆို ဘာပြောကောင်းမလဲဗျာ။ ဒီကနေ့ ကျုပ်ဘာတွေလျှောက်လုပ်နေခဲ့ မှတ်သလဲ"

ကျွန်ုပ်။ ။ "ဘယ် ပြောတတ်မလဲဗျာ။ ကျွန်တော် တွေးရယင် မင်တိုမင်ရှင် ဟိုတယ်တခိုက်မှာ ခင်ဗျား ကျက်စားခဲ့မှာပေါ့"

ရှား။ ။ "ဒီလိုဗျ၊ ဒီကနေ့မနက် ခင်ဗျားထွက်သွားပြီးတဲ့နောက် ကျုပ်ကိုယ်ကျုပ် ဆေးတွေဆိုး၊ ကော်ရင်ဂျီလိုဝတ်ပြီး လန်ချားတစီး သွားငှားခဲ့တယ်။ ကျုပ်အကြံက ဘယ်လိုလဲဆိုတော့ မင်တိုမင်ရှင် ဟိုတယ်မှာ ဘိုင်ကုလားတို့၊ ဘတ်တလာတို့ဆိုတဲ့ အစေခံတွေက အားလုံး ကုလားတွေ ဖြစ်လေတော့ မစ္စလူစီဝိုက် အကြောင်းကို သူတို့ဆီက စုံစမ်းချင်ယင် ကုလားအချင်းချင်းဆိုမှ ပူးကပ်ပေါင်းပြီး မေးလို့ မြန်းလို့ ကောင်းတာကိုးဗျ။

"ဟိုတယ်မှာ တည်းတဲ့ ဧည့်သည်တွေ အကြောင်းကို သိချင်ယင် မန်နေဂျာတို့ ဘာတို့ဆိုတဲ့ အထက်လူတွေထက် အောက်တန်းက အစေခံတွေကမှ သာပြီး စုံစုံလင်လင် သိတာကိုးဗျ။

"ဒါနဲ့ ကျုပ်က လန်ချားတစီး ဆွဲပြီး မင်တိုမင်ရှင် ဟိုတယ်ဘက် သွားတဲ့အခါမှာ လမ်းက ခရီးသည်တွေက 'ဟေ့ လန်ချားဝါးလား' ဆိုပြီး ခေါ်လိုက်ကြတာ မပြောပါနဲ့တော့ဗျာ။ ကျုပ်ကလဲ ကိုယ့်အိမ်ကိုယ်ပြန်တဲ့ လန်ချားသမားလိုလိုနဲ့ ခြေကို လက်ညှိုးထိုးပြပြီး အတင်း ထွက်သွားရတော့တာပဲ။

"ဒါနဲ့တောင် ခပ်မူးမူး ဂေါ်ရာနှစ်ယောက်နဲ့တွေ့လို့ အတင်းခေါ်တာနဲ့ မသွားယင် လိုက်ထိုးချည်ရဲ့ဆိုပြီး ပိုက်ဆံဘာမတ်ဖိုး ဆွဲပို့ခဲ့ရသေးတယ်ဗျ။

"နောက်ဆုံးမှာ ဟိုတယ်ရောက်တော့ လန်ချားကလေးကို တနေရာမှာ ထိုးထားပြီး ဟိုတယ် နောက်ဖေးက အစေခံ တန်းလျားကိုဝင်၊ လန်ချားကုလား လူလည်ယောင်ဆောင်၊ ဘတ်တလာတို့၊ ဘိုင်ကုလားတို့နဲ့ မိတ်ဆွေဖွဲ့၊ အရက်ကလေး ဘာကလေး ဝယ်တိုက်၊ နို့ပြီးတော့မှ ဟိန္ဒူစတန်နီ ဘာသာနဲ့ ကျုပ်သိချင်တဲ့ အကြောင်းအရာတွေကို စုံစမ်းကြည့်တာကိုးဗျ။

"သူတို့ဆီက သိရတဲ့ သတင်းက ဘာလဲဆိုတော့ လူစီဝိုက်ဆိုတဲ့ ကချေသည်မဟာ အင်မတန်လဲချော၊ စကားပြောကလဲ ကောင်းလေတော့ ဂျင်မခါနာ ကာလပ်တခုလုံးက ဗိုလ်တွေ ဝိုင်းပိုးနေကြဆိုပဲ။ ပေးလိုက်ကြတဲ့ လက်ဆောင်တွေ၊ ဖိတ်လိုက်ကြတဲ့ ထမင်းစားပွဲတွေဆိုတာ ပြည့်သွားတာပဲတဲ့။

"သို့သော်လဲ အဲဒီဗိုလ်တွေ အထဲမှာ အထူးသဖြင့် မှန်မှန်ကြီးပိုးတဲ့ မစ္စတာနော်တင် ဆိုတဲ့ ဝတ်လုံ တော်ရ တယောက် ရှိသတဲ့ဗျ။ အဲဒီဗိုလ်ကတော့ အနည်းဆုံး တနေ့တခေါက် တခါတလေ နှစ်ခေါက် လာသတဲ့၊ ညနေဘိုင်း သေးနာရီလောက်မှာ တခေါက် တခေါက်ကတော့ မှန်မှန်ကြီး လာသတဲ့ဗျ။

"သေးနာရီ လာပြီး ခြောက်နာရီလောက်မှာ ဂျင်မခါနာကလပ်ကို လူစီဝိုက်နဲ့အတူ နှစ်ယောက် သား ထွက်သွားကြပြီး ဆယ့်ဘနာရီလောက်မှာ ပြန်လာသတဲ့ဗျ။

"ဒီတော့ကာ ကျုပ် စဉ်းစားရတာက ဘာလဲဆိုတော့ အဲဒီ နော်တင် ဆိုတဲ့လူဟာ လူစီဝိုက်နဲ့ သမီးရည်းစားပဲ ဖြစ်နေကြလေသလား၊ သို့တည်းမဟုတ် ဝတ်လုံတော်ရဆိုတော့ ကျုပ်တို့ စော်ဘွားကို အမှုလုပ်ခယ် အကြံရှိလို့ တိုင်ပင်စမ်းတာများ ဖြစ်လေသလား စဉ်းစားရပြန်တယ်။

"ဘာကြောင့်လဲဆိုတော့ အမှုလုပ်ချင်လို့ ဝတ်လုံနဲ့တိုင်ပင်တယ်ဆိုယင် ဒီဓာတ်ပုံဟာ လူစီဝိုက်ဆီမှာ မထားပဲ ဝတ်လုံဆီကို ပို့ထားမှာ ဖြစ်လေတော့ ကျုပ် ကြံစည်ယင် လူစီဝိုက်ဆီမှာ မကြံစည်ရပဲ ဝတ်လုံ နော်တင်ရဲ့ အလုပ်တိုက်မှာဖြစ်စေ၊ နေအိမ်မှာ ဖြစ်စေ ကျုပ်ကြံစည်ရမှာကိုးဗျ။

---

အတိယအကြိမ်

www.burmeseclassic.com


"တကယ်လို့ သမီးရည်းစား ဖြစ်နေယင်တော့ ဒီဓာတ်ပုံကို ပြမှာ မဟုတ်ဘူး၊ ဒီလိုဆိုယင် လူစီဝှိုက် နေတဲ့ ဟိုတယ်မှာပဲ ကျုပ်ကြံစည်ရမှာပဲ။ ပျင်းနေပြီလားဗျ ကိုသိန်းမောင်။ ဒီဟာတွေကို ခင်ဗျား သိထားနှင့်မှ ကျုပ်ကြံစည်ရပုံတွေကို ခင်ဗျားနားလည်မှာမို့ ရှင်းလင်းသွားအောင် ကျုပ်က ပြောနေရတာကိုးဗျ"

ကျွန်ုပ်။ ။"ပြောသာပြောပါ၊ ကျွန်တော် နားထောင်နေပါတယ်"

ရှား။ ။"ဒါနဲ့ ကျုပ်က ရည်းစားလား အမှုသည်လားလို့ တီးခေါက်ပြီး စုံစမ်းနေတုန်းမှာ ဗြုန်းဆို နော်တင်ဆိုတဲ့လူ ရောက်လာရောဗျ။ ဘတ်တလာက ပြလို့ ကျုပ်သိရတယ်။

"ဒါနဲ့ နော်တင်က ကားပေါ်က ဆင်းတဲ့ပြီး ဟိုတယ်ထဲ ပျာရီးပျာရာ ဝင်၊ လူစီဝှိုက် တည်းနေတဲ့ အခန်းကို တက်သွား၊ နာရီဝက်လောက် စကားပြောကြပြီးတော့မှ ကတိုက်ကရိုက်ထွက်လာ၊ သူ့မော်တော်ကားပေါ်တက်၊ ဒရိုင်ဘာကို စိန့်မေရီ ဘုရားရှိခိုးကျောင်း မြန်မြန်မောင်းဖို့ အမိန့်ပေးပြီး သူ့ကားလဲ ထွက်သွားပါရောဗျ။

"ကျုပ်ကလဲ လူပုံပန်း မြင်ရအောင် ဝင်းတံခါးနားက လန်ချားကလေးနဲ့ မယောင်မလည် လုပ်ပြီး ကြည့်နေလို့ ကြားလိုက်ရတာကိုး။

"ဒါနဲ့ ကျုပ်က လိုက်သွားရကောင်းမလားလို့ စဉ်းစားနေတုန်း မော်တော်ကားတစီး လာဆိုက်၊ လူစီဝှိုက်က ပျာရီးပျာရာ ဆင်းလာ၊ ကားပေါ်တက်၊ စိန့်မေရီ ဘုရားရှိခိုးကျောင်း မောင်းဖို့ ဒရိုင်ဘာကို ပြောပြီး သူ့ကားလဲ ထွက်သွားပါရော။

"ဒါနဲ့ ကျုပ်က ဒီတခါတော့ မလိုက်မဖြစ်ဘူး။ ဘယ်လိုလုပ်ပြီး မီအောင် လိုက်ရမလဲလို့ စဉ်းစားနေတုန်း ဗိုလ်သုံးလေးယောက် တက္ကစီတစီးနဲ့ ဆိုက်လာပြီး ဟိုတယ်ပေါ် တက်သွားကြပါလေရောဗျာ။

"တက္ကစီက ဟိုတယ်က ပြန်ထွက်လာပြီး မြို့ထဲမောင်းမယ်လုပ်တော့ ကျုပ်က လန်ချားကလေးကို ချောင်ထဲမှာ အသာထိုးထားပြီး တက္ကစီကို လက်ပြတော့ ဒရိုင်ဘာက ကျုပ်ကို အရေးတောင် မလုပ်ဘူးဗျ။

"ဒီတော့မှ ကျုပ်က 'သခင်ခေါ် သခင်ခေါ်တယ်' ပြောလိုက်တော့မှ ဒရိုင်ဗာက ရပ်ပြီးမေးရာမှာ ကျုပ်က ဘာမှမပြောပဲ ကားပေါ်တက်၊ ငါးကျပ်တန် စက္ကူတရွက် ပစ်ပေးပြီးမှ စိန့်မေရီ ဘုရားရှိခိုးကျောင်းကို မြန်မြန်မောင်းခိုင်းတာကိုးဗျ။ ပိုက်ဆံရတော့မှ ဒရိုင်ဘာကုလားက အံ့သြကြီးစွာနဲ့ စက္ကူကို အိတ်ထဲထည့်ပြီး၊ ကျုပ်ကို တကြည့်ကြည့်နဲ့ မြို့ထဲမောင်းပါလေရော။

"စိန့်မေရီ ဘုရားရှိခိုးကျောင်း ရောက်တော့ သူတို့နှစ်ယောက် ရောက်နေနှင့်လို့ ကားတစီးက ပြန်ထွက်လာ၊ ကားတစီးကတော့ ဟိုမှာပဲ စောင့်နေတာဗျ။ စိန့်မေရီဘုရားရှိခိုးကျောင်းဆိုကတည်းက သူတို့ အင်္ဂလိပ် ခရစ်ယာန်တွေဟာ လက်ထပ်ယင် ဘုရားရှိခိုးကျောင်းမှာ အခမ်းအနားပြုလုပ်တဲ့ ထုံးစံရှိလေတော့ ကျုပ်က သူတို့အကြံကို တွေးပြီးသားပဲ။

"ဒါနဲ့ ကျုပ်က ဒရိုင်ဘာကို အရပ်ခိုင်းပြီး ဘုရားရှိခိုးကျောင်းဝက မယောင်မလည် သွားကြည့်တော့ အင်္ဂလိပ်ဘုန်းကြီးရယ်၊ နော်တင်ရယ်၊ လူစီဝှိုက်ရယ်၊ မော်တော်ကား ဒရိုင်ဘာရယ် လေးယောက်သား ရပ်နေကြပြီး ခရစ်ယာန်ဘုန်းကြီးက ကန့်ကွက်တဲ့အနေနဲ့ လက်တွေ ဘာတွေ မြှောက်ပြီး စကားပြောနေတာကို တွေ့ရတာကိုးဗျ။

"ကျုပ်ဝင်သွားတော့ နော်တင်ဆိုတဲ့ဗိုလ်က ကျုပ်ဘက် လှည့်ကြည့်၊ ပျာရီးပျာရာ ပြေးလာ၊ ကျုပ်ပခုံးကို ကိုင်ပြီး အတင်းဆွဲခေါ်သွားလေတော့ ကျုပ်မှာ ဘုမသိဘမသိ လန့်တန့်တန့်နဲ့ လိုက်သွားရတာကိုးဗျ။ လိုရင်းကတော့ သူတို့နှစ်ယောက် တိတ်တဆိတ် အလျင်အမြန် လက်ထပ်တဲ့ကိစ္စမှာ သက်သေ နှစ်ယောက်မပါကောင်းလားလို့ ခရစ်ယာန်ဘုန်းကြီးက ကန့်ကွက်နေတဲ့အတွက် လူဆိုပြီးရောဆိုပြီး ကျုပ်ကို


www.burmeseclassic.com

www.burmeseclassic.com


ဆွဲခေါ်သွားတာကိုး။ ပြီးတော့မှ သူတို့ ခရစ်ယာန် ထုံးစံအတိုင်း အမေးအဖြေတွေ ဘာတွေလုပ်ပြီး ကျုပ်ကို ငွေငါးကျပ် ပေးလွှတ်လိုက်၊ သူတို့လဲ ကားပေါ် တက်သွားကြပြီး ဒရိုင်ဘာက မောင်းထွက်သွားတာကိုးဗျ။ ဒီအဖြစ်ကို ကျုပ် တွေးမိလို့ အူထဲက ယားပြီး ရယ်ပြီးယင်း ရယ်ချင်ယင်း ဖြစ်နေတော့တာကိုး"

ကျွန်ုပ်။ ။"ဖြစ်လဲ ဖြစ်တတ်ပါပေ့ဗျာ။ ဒီ့နောက်ကောဗျာ"

ထို့နောက် ဦးစံရှားလည်း ထိုညနေအတွက် အလုပ်ရှိသေးသဖြင့် ထမင်းစားရန် အချိန်မရှိသေးဟု ပြောပြီးလျှင် ကော်ဖီတခွက်နှင့် ပေါင်မုန့်နှစ်ချပ်ကို ခပ်သုတ်သုတ် စားသောက်ယင်း–

ရှား။ ။"ကိုင်း ကိုသိန်းမောင်၊ ခင်ဗျား လိုက်ခဲ့ရလိမ့်မယ်ဗျို့"

ကျွန်ုပ်။ ။"အဆင်သင့်ပါပဲဗျာ"

ရှား။ ။"ပုလိပ် အဖမ်းခံရမှာများ ခင်ဗျား ကြောက်သလား"

ကျွန်ုပ်။ ။"ခင်ဗျားနဲ့ အတူတူဆိုယင် ဘာမှ မကြောက်ပါဘူးဗျာ"

ရှား။ ။"ကိုင်း ဒါဖြင့် နေရာကျပြီ"

ကျွန်ုပ်။ ။"အလုပ်က ဘယ်လိုလဲဗျ"

ရှား။ ။"တော်တော်ကြာယင် မင်တို မင်ရှင် ဟိုတယ်ကို ကျုပ်တို့ သွားရမယ်။ ဟိုရောက်တော့ ကျုပ်ပြောတဲ့အတိုင်းသာ လုပ်ဗေတော့။ ခင်ဗျား ဘာမှ ဝင်မစွက်နဲ့၊ နားလည်လား"

ကျွန်ုပ်။ ။"ကောင်းလှပါပြီဗျာ"

ရှား။ ။"ဟိုရောက်တော့ ဗရုတ်ဗရက် နည်းနည်းပါးပါး ဖြစ်လိမ့်မယ်။ အဲဒီအထဲမှာ ခင်ဗျား ဝင်မပါလေနဲ့။ နောက်ဆုံးမှာ ကျုပ်ကို ဟိုတယ်ထဲ ခေါ်သွင်းသွားကြလိမ့်မယ်။ နောက် မျှားမကြာမီ အတွင်းမှာ ကျုပ်ထားတဲ့ နေရာက ခင်ဗျား စောင့်ကြည့်နေယင် ပြတင်းပေါက်တခု ဖွင့်ထားရာကနေပြီး ပိတ်သွားတာကို ခင်ဗျား မြင်လိမ့်မယ်"

ကျွန်ုပ်။ ။"ကောင်းပါပြီ"

ရှား။ ။"ဒီအခါမှာ ခင်ဗျားက ဘာမှ မလုပ်နဲ့အုံး။ ကျုပ်ကိုသာ ကြည့်နေ။ ခင်ဗျားမြင်နိုင်တဲ့ နေရာက ကျုပ်နေမယ်"

ကျွန်ုပ်။ ။"ကောင်းပါပြီ"

ရှား။ ။"ကျုပ်က လက်ကို ဟောဒီလို မြှောက်ပြီး အချက်ပေးလိုက်တဲ့အခါမှာ ခင်ဗျားက ဟောဒီဟာကလေးကို ပြတင်းပေါက်က ပစ်သွင်းလိုက်ပြီး 'မီး မီး' လို့ အော်ရမယ်၊ ကြားလား"

ကျွန်ုပ်။ ။"ကောင်းပါပြီ"

ရှား။ ။"ဒီဟာက တခြား မဟုတ်ပါဘူး။ ဝပ်ဆင်တိုက်က ကျုပ် ဝယ်လာခဲ့တဲ့ မီးခိုးထွက်တဲ့ ကစားစရာလေးပါ။ အခန်းထဲကို ပစ်သွင်းလိုက်ယင် ဟောဒီဘက်က အပိတ်ကလေးက ပွင့်ထွက်သွားပြီး ဖိုးခိုးတွေ ထွက်လာလိမ့်မယ်။ ခင်ဗျားက 'မီး မီး' လို့ အော်လိုက်တဲ့အခါမှာ ဒီ့ပြင်လူတွေကလဲ လိုက်ပြီး အော်လိမ့်မယ်။ ပြီးတော့မှ ခင်ဗျားက လမ်းထောင့်က သွားပြီး စောင့်နေ။ မကြာခင် ကျုပ် လိုက်လာခဲ့မယ်။ ကောင်းကောင်း မှတ်မိရဲ့လား ကိုသိန်းမောင်"

ကျွန်ုပ်။ ။"မှတ်မိပါတယ်ဗျာ၊ ကျွန်တော့်အလုပ်က ခင်ဗျား ဘာဖြစ်ဖြစ် ဝင်မစွက်ရဘူး၊ ပြတင်းပေါက်နားက ရပ်ပြီး ခင်ဗျားကို ကြည့်နေရမယ်၊ အချက်ပေးလိုက်တဲ့အခါမှာ ဒီဟာကလေးကို ပစ်သွင်း၊ 'မီး မီး' လို့ အော်၊ နောက်ပြီးတော့ လမ်းထောင့်က စောင့်နေ၊ ဒါပဲမဟုတ်လား ကျွန်တော့် အလုပ်"

---

တတိယအကြိမ်

www.burmeseclassic.com



ရှား။ ။"ဒါပါပဲဗျာ။ ကိုင်း ဒါဖြင့် ကျုပ်တို့ သွားဖို့ ပြင်လိုက်အုံးမယ်"

ဦးစံရှားသည် အခန်းတွင်းသို့ ဝင်သွား၍ ငါးမိနစ်ခန့် ကြာသောအခါတွင် လွယ်အိတ်၊ ရှမ်းခမောက်၊ ရှမ်းဘောင်းဘီ အစရှိသည်တို့ဖြင့် ရှမ်းတောသားကြီး တယောက်အသွင် ဝတ်ဆင်လာခဲ့ရာ ကွမ်းစားပုံနှင့်တကွ ရှမ်းနှင့်တူလှသောကြောင့် ကျွန်ုပ် ကိုယ်တိုင်ပင် ရယ်၍မဆုံးနိုင်အောင် ရှိလေတော့၏။

ကျွန်ုပ်တို့သည် မင်တိုမင်ရှင် ဟိုတယ်သို့ ဆိုက်ရောက်ကြသောအခါ မှောင်စပြုသဖြင့် ဓာတ်မီးများ ထွန်းကြပြီဖြစ်ရာ ကျွန်ုပ်တို့သည် လမ်းပေါ်၌ တဖြည်းဖြည်း လျှောက်လာကြစဉ် ဟိုတယ် ပတ်ဝန်းကျင် တစိုက်၌ လူများသည် လေးယောက်တဝိုင်း ငါးယောက်တဝိုင်း စသည်ဖြင့် ဤနေရာ ထိုနေရာတို့တွင် စုရုံးကာ ရှိကြလေ၏။

ကျွန်ုပ်တို့သည် ဟိုတယ် အနီးအပါး တစိုက်၌ စကြံလျှောက်လျက် ရှိကြစဉ်—

ရှား။ ။"ဒီလို ကိုသိန်းမောင်ရဲ့၊ ကျုပ်တို့ မဟာရာဇာတ သူ့ဓာတ်ပုံကို သူနဲ့ယူမယ့် ကုလားမင်းသမီး မမြင်စေချင်သလို လူစီဝိုက်ကလဲ သူ့ယောကျ်ား နော်တင် မြင်မှာကို စိုးရိမ်မှာ ဧကန်ပါပဲ။ သို့သော် ဒါက ကိစ္စမရှိဘူး။ ဒီဓာတ်ပုံကို ဘယ်မှာထားသလဲ သိဖို့က အရေးကြီးတယ်"

ကျွန်ုပ်။ ။"ဒါက ခင်ဗျား အလုပ်ပဲလေ"

ရှား။ ။"သူ့ ဓာတ်ပုံက ပုံကြီးဆိုတော့ သူ့ကိုယ်ထဲမှာ ဝှက်ထားလို့တော့ မဖြစ်ဘူး။ တနေရာရာမှာ သိမ်းထားရမှာပဲ"

ကျွန်ုပ်။ ။"ဆိုစမ်းပါအုံးဗျာ"

ရှား။ ။"စော်ဘွားဆီကို ခြိမ်းခြောက်ဖူးတဲ့ လက္ခဏာ ထောက်ကြည့်တော့ ဒီဓာတ်ပုံကို သွားလေရာ အရပ် ယူသွားတဲ့ လက္ခဏာရှိတယ်"

ကျွန်ုပ်။ ။"ဒါကတော့ ဟုတ်ပါပြီ။ ထားတဲ့နေရာကို ခင်ဗျား ဘယ်လိုလုပ်ပြီး ရှာမလဲ"

ရှား။ ။"ကျုပ်ကိုယ်တိုင် မရှာပါဘူးဗျာ။ သူ့ကို ပြခိုင်းမယ်"

ကျွန်ုပ်။ ။"ဘယ်သူ့ လဲဗျာ"

ရှား။ ။"လူစီဝိုက်လေ"

ကျွန်ုပ်။ ။"ကြံကြံစည်စည်ဗျာ။ ခင်ဗျားခိုင်းလို့ သူက ပြမတဲ့လား"

ရှား။ ။"ကြည့်သေးတာပေါ့လေ၊ ဟော ပြောယင်းဆိုယင်း ဟောဟိုကလာတာ လူစီဝိုက် ကားနဲ့ တူသဗျို့။ ကျုပ် မှာထားတာတွေ မေ့မနေနဲ့နော် ကိုသိန်းမောင်"

မော်တော်ကားသည် ဟိုတယ်ပေါက်ဝ၌ ဆိုက်ကပ်သည်နှင့် တပြိုင်နက် ခပ်စုတ်စုတ် ဝတ်ထားသော ကုလားတယောက်သည် မျက်နှာလုပ်လိုသည့် လက္ခဏာနှင့် မော်တော်ကားတံခါးကို ပြေး၍ ဖွင့်ပေးမည်ပြုရာ အခြားတယောက်ကလည်း ထိုနည်းအတူ ပြုလုပ်မည်ဟု လုယက်နေကြသဖြင့် တယောက်နှင့် တယောက် စကားများနေကြလေ၏။

ထိုအခါ သုံးလေးယောက်တဝိုင်း စသည်ဖြင့် ဝိုင်းဖွဲ့ကာ စကားပြောနေကြသော အခြားကုလားများသည် အနီးသို့ ပြေးလာကြ၍ ဤဘက် ထိုဘက် ထောက်ခံ ပြောဆိုကြရာမှ အားလုံး ရန်ဖြစ်ကုန်ကြလေတော့၏။

သို့ဖြစ်၍ ကားပေါ်မှ ဆင်းလာသော လူစီဝိုက်မှာ အရက်မူးသမားများနှင့်တူသော ကုလားတစု၏ အလယ်သို့ရောက်နေ၍ ထိုးကြ ရိုက်ကြသည့် လက်သီးချက် တုတ်ချက်များဖြင့် ခိုက်မိလုမတတ်ရှိနေသည်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းတောသားကြီးကဲ့သို့ ဝတ်ဆင်ထားသော ဦးစံရှားသည် လူစီဝိုက်ကို အရက်မူးတစု၏ အလယ်မှ ကယ်ဆယ်ရန် ပြေးဝင်လာလေ၏။

သို့ရာတွင် ဦးစံရှားသည် လူစီဝိုက်ရှေ့သို့ ရောက်သည်နှင့်တပြိုင်နက် အုတ်ကနဲမြည်ကာ လဲကျသွားပြီးလျှင် မျက်နှာမှ သွေးများ စီးကျလာလေ၏။

ထိုအခါမှ အရက်မူးသောကုလားများသည် ထွက်ပြေးကြ၍ ကောင်းစွာဝတ်စားထားသော မြန်မာသုံးလေးယောက်တို့သာလျှင် ကျန်နေရစ်ကာ လူစီဝိုက် ဟိုတယ်ထဲသို့ တယောက်က လိုက်ပို့၍ ကျန်လူများက ဒဏ်ရာရသော ဦးစံရှားကို ပွေ့ထူကြလေ၏။

လူစီဝိုက်သည် မိမိအား ကယ်ဆယ်မည်ပြုသော ရှမ်းတောသားကြီး၌ ထိခိုက်နာကျင်သွားသည်ကို ကရုဏာ ဖြစ်မိဟန်နှင့် လှေကားထစ်ပေါ်မှ ရပ်ကြည့်လျက် "အင်မတန် နာသွားသလား" ဟု မေးရာ အချို့က "သေရှာပြီ"ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောကြ၏။

အချို့ကမူ "မသေသေးပါဘူး။နို့ပေမယ့် ဆေးရုံရောက်အောင် မခံပါဘူး"ဟု အင်္ဂလိပ်လို လှမ်း၍ ပြောကြ၏။

တခြားတယောက်ကလည်း လူစီဝိုက်အား "ခင်ဗျားကို လုမလို့ ဟိုကောင်တွေညာဏ်ဆင်ပြီး ရန်ဖြစ်တာ၊ ယောဒီက ရှမ်းကြီးကယ်လို့ ခင်ဗျားကံကောင်းသွားတယ်"ဟု လှမ်း၍ ပြောသေး၏။

နောက်တယောက်ကလည်း "မြန်မြန်လုပ်ကြပါ။ ကြာကြာထားယင် သေသွားလိမ့်မယ်၊ အထဲခေါ်ခဲ့ယင် မကောင်းဘူးလား"ဟု လူစီဝိုက်အား လှမ်းမေး၏။

ထိုခဏ၌ ဟိုတယ်မှ အစေခံများလည်း ထွက်လာကြလေရာ လူစီဝိုက်သည် ကြင်နာသော မျက်နှာထားနှင့် ရှမ်းတောသားကြီးကို အတွင်းသို့ သွင်းခဲ့ရန် ပြောလေ၏။

လူများသည် ဦးစံရှားကို ဟိုတယ်တွင်းသို့ သွင်းသွားလေရာ ကျွန်ုပ်မှာ ပြတင်းပေါက်အနီးမှ ဦးစံရှားမှာထားသည့်အတိုင်း ယင်းအား မျှော်ကြည့်နေရလေ၏။

အစေခံများသည် ဦးစံရှားကို ဆိုဖာကြီးတခုပေါ်၌ တင်ထားကြလေရာ ဦးစံရှားက ချမ်းအေးဟန်နှင့် လက်ပြလိုက်သဖြင့် ပြတင်းပေါက်တခုကို ပိတ်ထားလိုက်လေ၏။

ဤသည်ကား ကျွန်ုပ်အား အချက်ပေးခြင်းဖြစ်သည်ကို ရိပ်မိသည်နှင့် ကျွန်ုပ်သည် ကောက်ညှင်းထုပ် ပမာရှိ မီးခိုးထွက်သော ကိရိယာကလေးကို ပြတင်းပေါက်မှ ပစ်သွင်း၍ 'မီး မီး'ဟု အော်လိုက်သည်တွင် အနီးအပါးရှိ လမ်းပေါ်မှ တရုတ်၊ ကုလား၊ မြန်မာ ပရိသတ်များသည် ကျွက်ကျွက်ဆူမျှ ကုန်း၍ ဟစ်ကြလေတော့၏။

အခန်းတွင်း၌မူကား မီးခိုးများသည် အလိပ်အလိပ် တက်၍ တခန်းလုံး မှောင်မည်းလျက်ရှိရာ ဟိုတယ်အစေခံများသည် ထိုမှ ဤမှ ပြေးလွှားကာဖြင့် ရှုပ်ရှက်ခတ်သွားလေတော့၏။

ထိုအခါ ကျွန်ုပ်အဖို့မှာ အလုပ်ဝတ္တရားပြီးပြီဖြစ်၍ ဦးစံရှား မှာထားသည့်အတိုင်း လမ်းထောင့်သို့ သွား၍ စောင့်နေလေရာ မျှားမကြာမီအတွင်း ဦးစံရှား ရောက်လာ၍ ကျွန်ုပ်တို့သည် မြို့ဘက်သို့ ခပ်သုတ်သုတ် လျှောက်လာကြလေ၏။

ကျွန်ုပ်။ ။"ဘယ့်နှယ်လဲဗျ၊ ဓာတ်ပုံရခဲ့ရဲ့လား"

ရှား။ ။"ထားတဲ့နေရာ ကျုပ် သိခဲ့ပြီ"

ကျွန်ုပ်။ ။"ဘယ့်နှယ်လုပ်ပြီး သိခဲ့သလဲ"

ရှား။ ။"ကျုပ်ပြောတဲ့အတိုင်းပါပဲဗျ။ သူပြလို့ သိတာပါ"

---

တတိယ အကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

ကျွန်ုပ်။ ။"ကျွန်တော်ဖြင့် နားမလည်သေးပေါင်ဗျာ"

ရှား။ ။"သိပ်မနက်နဲလှပါဘူးဗျာ၊ ခပ်ရှင်းရှင်းပါပဲ။ လမ်းပေါ်မှာ ခင်ဗျားမြင်တဲ့ ကုလားတွေ၊ တရုတ်တွေ၊ ဗမာတွေ အားလုံးဟာ ကျုပ် စီစဉ်ပြီး ချထားတယ်ဆိုတာ ခင်ဗျား ရိပ်မိတယ်မဟုတ်လား"

ကျွန်ုပ်။ ။"ဒီလမ်းမှာ ဒီကနေ့မှ လူစည်ကားလွန်းအားကြီးလို့ တွေးတောမိပါရဲ့"

ရှား။ ။"ဗရုတ် ဗရက် ဖြစ်ကြတော့ ကျုပ်မျက်နှာက သွေးတွေ ကျလာတယ်ဆိုတာ တကယ့်သွေး မဟုတ်ဘူးလို့ ရိပ်မိဘယ် မဟုတ်လား"

ကျွန်ုပ်။ ။"ဒါလဲ တွေးမိပါရဲ့"

ရှား။ ။"ကျုပ်ကို သူ့အခန်းထဲ မသွင်း သွင်းအောင် ဝိုင်းပြီး တိုက်တွန်းကြလို့ အခန်းထဲ ကျုပ်ရောက်သွားတော့ ခင်ဗျားအကူအညီနဲ့ သူထားတဲ့နေရာကို ကျုပ် သိခဲ့ရတာပေါ့"

ကျွန်ုပ်။ ။"ကျွန်တော်ဖြင့် မရိပ်မိသေးပေါင်ဗျာ"

ရှား။ ။"ဒီလိုလေဗျာ၊ အိမ်ကို မီးလောင်တယ်ဆိုယင် မိန်းမတို့ဝါသနာက ဘယ်လိုလဲဆိုတော့ နို့စို့ကလေး ရှိယင်လဲ ကလေးဆီကို လက်ဦးပြေးတာပဲ။ ကလေးမရှိတဲ့ မိန်းမကတော့ သူ့ လက်ဝတ်လက်စားထည့်တဲ့ သေတ္တာဆီကို ပြေးတာပဲ။ ကျုပ်တို့ လူစိုက်မှာတော့ သူ့စိတ်ထဲမှာ ဒီဓာတ်ပုံကို အမြတ်နိုးဆုံး ဖြစ်လေတော့ အရေးဆိုယင် ဒီဟာထားတဲ့ နေရာဆီကို ပြေးကြည့်လိမ့်မယ်ဆိုတာ ကျုပ်သိတယ်။ ခင်ဗျားတို့က 'မီး မီး'လို့ အော်လိုက်တော့ မီးခိုးတွေ လုံးထွက်နေတုန်းမှာ သူ့နောက်က ကျုပ်လိုက်ပြီး ကြည့်လို့မို့ သူဝှက်ထားတဲ့ နေရာကို ကျုပ် သိခဲ့ရပြီ။ နေရာကိုသိယင် အစေခံတွေကို လာဘ်ထိုးပြီး ခိုးယူတဲ့ အလုပ်ဟာ အလွယ်ကလေး ရှိတော့တာပဲ။ ဒါ့ကြောင့် ကျုပ် စိတ်ချလက်ချ ပြန်လာခဲ့တယ်"

ကျွန်ုပ်တို့သည် ဂျင်မခါနာ ဘုတာရုံသို့ ရောက်လာကြ၍ လော်ကယ်ရထားဖြင့် ကွမ်းခြံ ဘုတာရုံသို့ လိုက်လာကြပြီးလျှင် ထိုမှတဖန် ခြေကျင်လျှောက်ကြ၍ နေအိမ်သို့ရောက်သဖြင့် လှေကားမှ တက်မည်ပြုကြသည်တွင် ကျွန်ုပ်တို့၏ နောက်မှ "ဂွဒ်နိုက် မစ္စတာစံရှား"ဟု ပြောလိုက်သံကို ကြားကြရလေ၏။

ဦးစံရှားလည်း "ဘယ်သူပါလိမ့်၊ ဒီအသံ ကြားဖူးပါတယ်"ဟုဆိုကာ ကျွန်ုပ်တို့သည် လမ်းပေါ်သို့ လှမ်းမျှော်ကြည့်လိုက်သည်တွင် အရပ်အမောင်း သေးသွယ်သော ဗိုလ်ကလေးတယောက် လျှောက်သွားသည်ကိုသာ တွေ့မြင်လိုက်ရလေ၏။

× × ×

နောက်တနေ့၌ ဦးစံရှားနှင့် ကျွန်ုပ်တို့သည် မဟာရာဇာ တည်းခိုလျက်ရှိသော ရွိုင်ရယ် ဟိုတယ်သို့ သွား၍ ဦးစံရှားက စော်ဘွားအား ဓာတ်ပုံဝှက်ထားသော နေရာကို သိခဲ့ပြီဖြစ်၍ အစေခံများနှင့် ပူးပေါင်းကာ ခိုးယူဖို့ အလုပ်မှာ အလွန်လွယ်ကူကြောင်းနှင့် ပြောပြရာတွင် စော်ဘွားကြီးသည် ဝမ်းမြောက် ဝမ်းသာနှင့် လက်ဖဝါး နှစ်ဘက်ကို ပွတ်ကာ အူရွင်စွာ ရှိနေရစ်လေ၏။

ကျွန်ုပ်တို့သည် ဟိုတယ်မှ ဆင်းလာ၍ နေအိမ်ဘက်သို့ လျှောက်လာကြသဖြင့် ကျွန်ုပ်တို့၏ တိုက်ရှေ့သို့ ရောက်သည်နှင့် တပြိုင်နက် ကုလားတယောက်သည် "စံရှား ဆပ်"ဆို၍ စာတစောင်ကို ပေးပြီးလျှင် ထွက်သွားလေ၏။

ဦးစံရှားသည် စာကို ဖတ်ကြည့်ရာ အင်္ဂလိပ်ဘာသာဖြင့် အောက်ပါအဓိပ္ပာယ်အတိုင်း တွေ့ရှိရလေ၏။



www.burmeseclassic.com

စုံထောက်ကြီး ဦးစံရှားရှင့်

ဦးစံရှား ကြံ့ည်ပုံတွေ ပီရိပါပေ၏ ကျွန်မကိုယ်တိုင်ပင် ပထမတော့ မရိပ်မိခဲ့ပါ၊ မီးခိုးဗုံးကလေးမြင်ခါမှ ဦးစံရှား၏ အကြံကို ရိပ်မိပါတော့သည်။ မြန်မာပြည် ရောက်ကတည်းက ဦးစံရှား၏အကြောင်းကို ကြားရဖူး၍ သူ၏ခေတ်ပုံကို ရလိုသောသူက ဦးစံရှားကို အသုံးပြုယ်မိမည်ဟု မိတ်ဆွေများက ကျွန်မကို သတိပေးပြီး ဖြစ်ပါသည်။ သို့ပါလျက် ဦးစံရှား သိလိုသော အရာကို သိသွားခြင်းအတွက် ချီးကျူးမိပါသည်။

သို့ဖြင့်၍ ဦးစံရှားသည် နာမည်ကြီးသလောက် အစွမ်းရှိသူ ဖြစ်သဖြင့် နှုတ်ဆက်ခဲ့လိုသောကြောင့် ယောကျ်ားလိုဝတ်ပြီးလျှင် ဦးစံရှားတို့ နောက်မှ တမင်လိုက် နှုတ်ဆက်ခဲ့ပါသေးသည် သို့သော် ဦးစံရှား လူကို ပြောလိုက်ပါတီ။ သူ့ထက်သာသော ယောကျ်ားကောင်း ယောကျ်ားမြတ်ကိုရပြီဖြစ်၍ သူ့ကို ကျွန်မ ဘယ်အခါမှ အနှောင့်အယှက်ပေးမည်မဟုတ်ကြောင်း စိတ်ချပါတော့။

လူစီပိုက်
ယခု လူစီနေဘ်တင်

ဦးစံရှားသည် သိုစာကို ဖတ်ရသောအခါ မိမိအပေါ်တွင် အညွန့်တင်၍ သွားနိုင်သော အာဂမိန်းမပေတကားဟု အံ့သြချီးကျူးသည့် လက္ခဏာနှင့် ပခုံးနှစ်ဘက်ကို တွန့်ကာ မျက်ခုံးများ ပင့်ချီလိုက်သည်ကို တွေ့ရပေ၏။

ထိုစာကို မဟာရာဇာဇေဝ်ဘွားအား ပြသရာတွင် မဟာရာဇာသည် ဓာတ်ပုံအတွက် စိတ်ချရပြီဖြစ်၍ ကျေနပ်သော်လည်း ဦးစံရှားကမူ—

“ဒီမှာဗျို့ ကိုသိန်းမောင်၊ ကျုပ်အပေါ်ခင်ဗျားတို့ အတင်ကြီးစိတ်ကလေးများ ရှိယင် တထစ်လောက်တော့ လျှော့လိုက်ကြပေတော့ဗျာ” ဟု ပြောလိုက်လေသတည်း။

www.burmeseclassic.com

## ၅။ ထူးဆန်းသော အိမ်ငှားမှု*

တနေ့သ၌ ကျွန်တော်တို့နှင့် သိဟောင်းကျွမ်းဟောင်း ဖြစ်သော ဒေါ်စိန်ညွန့် အမည်ရှိ အဒေါ်ကြီးသည် ကျွန်တော်နှင့် ဦးစံရှားတို့ စကားပြောဆိုနေကြသည့် အခိုက်တွင် တိုက်ပေါ်သို့ ပျာရီးပျာရာ တက်လာ၍ "ထူးဆန်းလိုက်တာ ဦးစံရှားရယ်၊ ဦးစံရှားကို မတိုင်ပင်ပါဘူးလို့ စောင့်ပြီး ကိုယ့်ဘာသာကိုယ် အကဲခတ်ပြီး နေခဲ့၊ အကဲခတ်လို့ လုံးလုံး မရနိုင်အောင် ဖြစ်နေလို့ တဆိတ်လောက် ကူညီပြီး စုံစမ်းပေးပါအုံးရှင်"ဟု ပြောသဖြင့်—

"ဘယ့်နှယ်များ ပျာရီးပျာရာ လုပ်လာတာလဲ ဒေါ်စိန်ညွန့်ရဲ့၊ ထိုင်စမ်းပါအုံးခင်ဗျ။ အကျိုးအကြောင်း ပြောပြစမ်းပါအုံး၊ ဦးဖိုးထင်က သားငယ် မယားငယ်များ ယူပြန်လို့လား။ ထိုင်ပါအုံးခင်ဗျာ"ဟု ပြော၍ ကုလားထိုင်တခုကို ပေးလေ၏။

ဒေါ်စိန်ညွန့် ဆိုသူမှာ သူ၏ ခင်ပွန်း ဖြစ်သူ ဦးဖိုးထင်နှင့် ၃၂ လမ်းတွင် နေထိုင်လျက်ရှိရာ ဦးဖိုးထင်မှာ တိုက်စာရေးအလုပ်နှင့် လုပ်ကိုင်ပါသော်လည်း သားသမီးပေါများသည် ဖြစ်၍ မိမိ၏ လခနှင့် မလုံလောက်သည် ဖြစ်သောကြောင့် မယားဖြစ်သူ ဒေါ်စိန်ညွန့်က တိုက်တလုံးကို တတိုက်လုံးငှားပြီးလျှင် အချို့သော အခန်းတို့ကို ကျောင်းသားများအားလည်းကောင်း၊ အချို့သော အခန်းများကို စာရေးစာချီ စသည်တို့အားလည်းကောင်း အဖိုးအခနှင့် ချထား၍ ထမင်းလခနှင့် ကျွေးမွေး ပြုစုလေ့ ရှိခဲ့လေ၏။ ကျွန်တော်နှင့် ဦးစံရှားတို့လည်း ပျင်းရိသည့်အခါ ရံဖန်ရံခါ သူတို့၏ နေအိမ်သို့ သွားရောက်လည်ပတ်ပြီးလျှင် ဇနီးခင်ပွန်း နှစ်ယောက်တို့နှင့် ပြက်ရယ်စကား ပြောကြားလေ့ရှိသဖြင့် အလွန်တရာ အကျွမ်းဝင်ခဲ့ကြဖူးသူများ ဖြစ်လေသည်။

ဒေါ်စိန်ညွန့်လည်း မိမိ ခြုံလာသော ပဝါကို ကုလားထိုင် တခုပေါ်သို့ တင်ထားပြီးနောက် အခြားကုလားထိုင်၌ ထိုင်ပြီးလျှင်—

ညွန့်။ ။"အဒေါ်ဖြင့် အိမ်လခချပြီး စားလာခဲ့တာ ဒီအသက် ဒီအရွယ်ရှိပြီ၊ ဒီလိုလူမျိုးတခါမှ မကြုံဖူးပါရှင်။ တိုက်အပေါ်ထပ်မှာနေပြီး နေ့လဲ ဒေါက်ဒေါက် ဒေါက်ဒေါက်၊ ညလဲ ဒေါက်ဒေါက် ဒေါက်ဒေါက်၊ တဒေါက်ဒေါက်နဲ့ တလျှောက်တည်းလျှောက်ပြီး နေတော့တာပါပဲ ဦးစံရှားရယ်"

---

* ဤဝတ္ထုကို ဗြိတိသျှဘားမားမဂ္ဂဇင်း။ ၁၉၂၇ မတ်၊ နံပါတ် ၃ တွင် ဦးစွာ ပုံနှိပ်ဖော်ပြခဲ့သည်။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၅၊ နှလုံးလှစာအုပ်တိုက်မှ အတွဲ ၃ တို့တွင် ထပ်မံ ဖော်ပြပါရှိသည်။ မူရင်းမှာ The Adventure of the Red Cirele ကို မှီငြမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ဘာက တဒေါက်ဒေါက် လျှောက်တာလဲ အဒေါ်ရဲ့"

ညွန့်။ ။"အပေါ်ထပ် ငှားထားတဲ့လူပေါ့ ဦးစံရှားရဲ့။ အပေါ်ထပ်က အခန်းနှစ်ခန်း ရှိတဲ့အနက် တခန်းက ကျောင်းသားတွေ နေတယ်။ တခန်းကတော့ စာရေးတွေ ပြောင်းသွားကြလို့ အားနေတာကိုး ဦးစံရှားရဲ့။ ကျောင်းသားတွေကလဲ ကျောင်းပိတ်လို့ ခဏပြန်သွားလို့ တလောကတော့ အခန်း နှစ်ခန်း စလုံး အားနေတာကိုး ဦးစံရှားရဲ့။ လွန်ခဲ့တဲ့ တနင်္ဂနွေနေ့က မနက်စောစော လူတယောက် လာပြီး စာရေးတွေ နေသွားတဲ့ အခန်းကို ငှားလာတယ်"

ရှား။ ။"ငွေတော့ အလျှင်ပေးတယ် မဟုတ်လား"

ညွန့်။ ။"အလျှင်ပေးရုံ မကပါဘူး၊ တောင်းသမျှ အဖိုးကိုလဲ မဆစ်ပဲ တခါတည်း ပုံပြီး ပေးတာပါပဲ"

ရှား။ ။"ဘယ်လောက်ရပါသလဲ အဒေါ်"

ညွန့်။ ။"အခန်းတခန်းလုံးလဲ ပေးရမယ်၊ လူတယောက်စာအတွက် ထမင်းဟင်းလဲ ပေးရမယ်၊ တလကို တရာနဲ့ ဈေးတည့်ကြပါတယ်"

ရှား။ ။"ဆိုပါအုံးဗျာ"

ညွန့်။ ။"ဒီလူက ငွေပေးစဉ်အခါကတည်းက သူ့အခန်းတွင်းကို ဘယ်သူ တစုံတယောက်မှ လာပြီး နှောင့်ယှက်ခြင်း၊ ခေါင်ခြင်း မပြုရဘူးတဲ့ ဦးစံရှားရဲ့"

ရှား။ ။"ဒါလဲ မထူးဆန်းလှပါဘူးဗျာ"

ညွန့်။ ။"ဒါကတော့ မဆန်းလှသေးဘူး ဦးစံရှားရဲ့၊ ထူးဆန်းတာကတော့ အခု အဒေါ်တို့အိမ် ရောက်တာ ခုနစ်ရက်တိတိ ရှိသွားပြီ။ ဒီလူ့မျက်နှာကို အဒေါ်တို့ တခါမှမြင်ရတယ်လို့ မရှိဘူး။ အခန်း ငှားပြီးနေတဲ့နေ့ကစပြီး မနက်ရော၊ နေ့လယ်ရော၊ ညနေရော၊ ညရော ဒေါက်ဒေါက် ဒေါက်ဒေါက်နဲ့ တလျှောက်တည်း လျှောက်နေတော့တာပဲ ဦးစံရှားရေ့။ ဘယ်မှလဲ သွားတယ်လို့ မရှိဘူး။ တိုက်ပေါ်က တိုက်အောက်လဲ ဘယ်တော့မှ ဆင်းတယ်လို့ မရှိဘူး။ အိမ်ငှားတဲ့ညက တခါတည်းပဲ အပြင်ထွက်သွား တာ မြင်လိုက်ရဖူးတယ်"

ရှား။ ။"ဩော် အခန်းငှားနေတဲ့နေ့ကတော့ အပြင်ကို တခေါက်သွားတယ်လား"

ညွန့်။ ။"ဟုတ်ကဲ့၊ အဲဒီညကတော့ အပြင်ကို တခေါက်သွားပြီး အဒေါ်တို့ တအိမ်လုံး အိပ်ကုန် ကြတော့မှ ပြန်ပြီးလာတယ်။ အခန်းငှားကတည်းက သွားစရာကိစ္စတခု ရှိတယ်ဆိုပြီး သော့ယူပြီး ထွက်သွား လိုက်တာ သန်းခေါင်ကျော်ကျော်လောက်ရှိမှ ပြန်ပြီးလာတယ်"

ရှား။ ။"ပြန်လာတော့ အဒေါ်တို့ မြင်လိုက်ကြသေးသလား"

ညွန့်။ ။"မမြင်လိုက်ရပါဘူး။ ခြေသံကြားလိုက်ရတာပါပဲ။ သူ့လှေကားနဲ့၊ သူ့အခန်းနဲ့ သူ မို့လို့ အဒေါ်တို့လဲ ထပြီး မကြည့်လိုက်ပါဘူး"

ရှား။ ။"နို့ နေပါအုံးခင်ဗျာ။ ထမင်းစားတော့ကောဗျာ"

ညွန့်။ ။"ထမင်းကိုတော့ သူ့အခန်းကို ပို့ရတယ် ဦးစံရှားရဲ့။ ပို့ရပုံက ဒီလို၊ ထမင်းစားချိန် ကျယင် သူက အိမ်ပေါ်က ကြမ်းကိုခေါက်တယ်၊ ခေါက်တဲ့အခါကျတော့ ဒီက ထမင်းပွဲယူသွားပြီး အခန်း တံခါးပြင်က ခုံရှည်တခုပေါ်မှာ တင်ပြီးထားခဲ့ရတယ်။ ထမင်းပွဲပို့တဲ့လူ ဆင်းသွားပြီဆိုမှ သူက တံခါးကို ဖွင့်ပြီ ယူ၊ ယူပြီး ထမင်းစား၊ စားပြီးသူ့နေရာ ခုံရှည်ပေါ်ပြန်ထား။ ထားပြီ ပြီဆိုမှဖြင့် ခုနင်ကလို ကြမ်းကို ခေါက်လိုက်တော့မှ ဒီက သွားပြီး ထမင်းပွဲကို ယူရတာကိုး ဦးစံရှားရဲ့။ တခုခု လိုချင်တာရှိယင်လဲ စာရွက်

www.burmeseclassic.com



ကလေးပေါ်မှာ ပုံနှိပ်ပြီး ခုနင်က ခုံရှည်ပေါ်မှာ ချထားပြီး ကြမ်းကို ခေါက်ပြန်တာပါပဲ။ ဒီကလဲ ခုနင်က ထမင်းပို့သလို သွားပြီး ပို့ရပြန်တာပဲ ဦးစံရှားရဲ့''

ရှား။ ။''ဘယ့်နှယ်ပုံနှိပ်တာလဲ အဒေါ်ရဲ့၊ ပုံနှိပ်စာလုံးလို လက်ရေးဝိုင်းဝိုင်းရေးတာလားခင်ဗျ''

ညွန့်။ ။''မဟုတ်ဘူး ဦးစံရှားရဲ့။ ပုံနှိပ်မှ တကယ့်စက်နဲ့ပုံနှိပ်တဲ့ စာရွက်ကလေးတွေပဲ ဦးစံရှားရဲ့။ ဟောဒီမှာ ကြည့်ချင်ကြည့်ရအောင် အဒေါ်ယူခဲ့သေးတယ်။ ကြည့်၊ ဟော ဒါက ဆပ်ပြာတဲ့။ ဟောဒါက မီးခြစ်တဲ့။ ဟောဒါက သူရိယသတင်းစာတဲ့။ သတင်းစာကတော့ နေ့တိုင်းပို့ရတယ် ဦးစံရှားရဲ့''

ရှား။ ။''ပြစမ်းခင်ဗျာ ကြည့်စမ်းရအောင်''ဟု ပြော၍ စာရွက်ငယ်များကို သေချာစွာ ကြည့်ရှုပြီးနောက်—

ရှား။ ။''ဆပ်ပြာဆိုတာက စာတလုံးပဲ။ မီးခြစ်ဆိုတာကလဲ စာတလုံးပဲ။ သူရိယသတင်းစာဆိုတာတော့လဲ စာတလုံးပဲ။ 'သူ'က တလုံး၊ 'ရိ'က တလုံး၊ 'ယ'က တလုံး၊ 'သတင်းစာ'က တလုံး။ အားလုံး ကတ်ကြေးနဲ့ညှပ်ပြီး စာတရွက်ပေါ်မှာ ကပ်ထားတဲ့လက္ခဏာပဲ။ ဘာနဲ့ကပ်သလဲတဲ့။ ခပ်ထူထူရှိတယ်။ ကော်တယ်ပြီး မကောင်းဘူး။ ကေန္တ ထမင်းလုံးနဲ့ ကပ်တဲ့လက္ခဏာပဲ။ တော်တော် ထူးဆန်းတဲ့ အချက်ကလေးပဲဗျို့ ကိုသိန်းမောင်။ လူမသိအောင် ပုန်းပြီးနေတယ်ဆိုတာတော့ ရှိပါစေအုံးတော့။ ဘယ့်နှယ်ကြောင့် ပုံနှိပ်စာနဲ့ ကတ်ကတ်သတ်သတ်ညှပ်ပြီး ကပ်ရတယ်ဆိုတာ တော်တော် အတွေးရ ကျပ်တဲ့ အချက်ဗျ။ ခင်ဗျား ဘယ့်နှယ်ထင်သလဲ ကိုသိန်းမောင်''

ကျွန်တော်။ ။''သူ့လက်ရေးကို သူမမြင်အောင်လို့ ပေါ့ဗျာ''

ရှား။ ။''သူ့လက်ရေးကို အိမ်ရှင်အဒေါ်ကြီး မြင်သွားယင်ကော ဘာဖြစ်အုံးမှာလဲဗျ။ သို့သော် ခင်ဗျားပြောသလို ဟုတ်ချင် ဟုတ်မပေါ့လေ။ ဒါထက် သူလိုချင်တဲ့ အရာဝတ္ထုကို ပုံနှိပ်စာ အခန့်သင့် ဘယ့်နှယ်ရသလဲ ကိုသိန်းမောင်ရဲ့။ ခင်ဗျား ရိပ်မိရဲ့လား''

ကျွန်တော်။ ။''မရိပ်မိဘူးဗျာ''

ရှား။ ။''ဒီလောက်မှ မတွေးတတ်ဘူးလားဗျ။ အဘိဓာန်စာအုပ်တအုပ်ထဲက ထုတ်ယူပြီး ကတ်ကြေးနဲ့ ညှပ်ပေးတာပေါ့ဗျ။ ကြည့်၊ ဟောဒီမှာ 'ဆပ်ပြာ'ဆိုတဲ့စကားဟာ အဘိဓာန်ထဲမှာ ပါတယ်။ 'မီးခြစ်'ဆိုတဲ့စကားလဲ ပါတယ်။ ဒီတော့ စာအုပ်ထဲက အသာ ညှပ်ယူပြီး ပေးလိုက်တဲ့ လက္ခဏာပဲ။ 'သူရိယ'ဆိုတဲ့စကား အဘိဓာန်ထဲမှာ မပါဘူး။ ဒီတော့ 'သူ'ရယ်၊ 'ရိ'ရယ်၊ 'ယ'ရယ် တလုံးစီ ညှပ်ယူ၊ သတင်းစာဆိုတဲ့စကား အဘိဓာန်မှာပါလို့ တခါညှပ်ယူပြီး ထမင်းလုံးနဲ့ စက္ကူတရွက်ပေါ်မှာ အစဉ်လိုက် ကပ်ထားတယ်။ မဟုတ်ဘူးလားဗျ''

ကျွန်တော်။ ။''ဟုတ်တယ်ဗျို့၊ ဒီလောက်မှ မတွေးမိဘူးဗျာ''

ရှား။ ။''ဒါထက် အခန်းကို လာပြီးငှားတုန်းက ဘယ်လိုလူပုံပန်းလဲဗျ''

ညွန့်။ ။''အသက် သုံးဆယ်ကျော်လောက်၊ နှုတ်ခမ်းမွေးထူထူနဲ့၊ လုံးတော် ရုပ်တော်ပါပဲ''

ရှား။ ။''ဒီ့ပြင်ကောခင်ဗျာ''

ညွန့်။ ။''စကားပြောတော့လဲ ခပ်ဝဲဝဲလိုလို စိတ်ကထင်မိတယ် ဦးစံရှားရဲ့''

ရှား။ ။''နာမည်ကော မေးသလား''

ညွန့်။ ။''မမေးမိဘူး''

ရှား။ ။''ဒီ ခုနစ်ရက် အတောအတွင်းမှာ စာများကော သူ့ဖို့ စာတိုက်က ရောက်သလား''

ညွန့်။ ။''မရောက်ဘူး''

www.burmeseclassic.com



ရှား။ ။"တခါတခါ အခန်းကို ရှင်းဖို့လင်းဖို့ အဒေါ်ဖြစ်စေ၊ အဒေါ့်သမီးဖြစ်စေ ဝင်ရသေးတယ် မဟုတ်ဘူးလား"

ညွန့်။ ။"မဝင်ရဘူး ဦးစံရှားရဲ့။ သူ့ဘာသာသူ တံမြက်လှဲတာပဲ"

ရှား။ ။"တယ်လဲ လျှို့ဝှက်လိုက်သကိုးဗျ။ နို့ နေပါအုံး၊ ဘာပစ္စည်းများ ပါသေးသလဲ"

ညွန့်။ ။"အခန်းလာငှားတုန်းက သားရေအိတ်တလုံး ပါလာတာမြင်ရဲ့။ အိပ်ရာနေရာ အလုံးစုံ အဒေါ်တို့က ပေးရပါတယ်"

ရှား။ ။"သဲလွန်စရဖို့ တော်တော် အကျပ်သားကပဲ။ သို့သော် သူ့ အခန်းထဲက ဘာပစ္စည်းမှ မထွက်လာဘူးလားဗျာ။ ဒီစက္ကူရွက်ကလေးတွေအပြင် ဘာပစ္စည်း အတိုအစ တစုံတရာမှ မထွက်လာဘူးလားဗျ" ဟု မေးလေလျှင် ဒေါ်စိန်ညွန့်လည်း စာအိတ်ငယ်တခုကို ထုတ်ယူလျက် "ဦးစံရှားခေတ်တော့ သိနေလို့ တတ်နိုင်သမျှ စုံလင်အောင် ယူခဲ့ရပါတယ် ဦးစံရှားရယ်" ဟု ပြောပြီးလျှင် စာအိတ်ငယ်မှ မီးခြစ်ဆံတို ငါးချောင်းနှင့် စီးကရက်တို နှစ်ခုကို ထုတ်ပြလေ၏။

ရှား။ ။"ဒီဟာတွေ ဘယ်နှယ်ရသလဲ"

ညွန့်။ ။"ဒီကနေ့မနက် ထမင်းပွဲပြင်တဲ့ လင်ဗန်းထဲမှာ ပါလာတယ်"

ထိုအခါ ဦးစံရှားသည် မီးခြစ်ဆံတိုများနှင့် စီးကရက်တိုများကို ကောက်ယူကြည့်ရှုပြီးနောက်—

ရှား။ ။"မီးခြစ်ဆံတိုများကတော့ဖြင့် စီးကရက်ညှိတဲ့ မီးခြစ်ဆံပဲ။ ဘာကြောင့်လဲဆိုတော့...."

ကျွန်တော်။ ။"စီးကရက်တိုတွေ တွေ့လို့လားဗျာ"

ရှား။ ။"ဒါကြောင့် ဘာဟုတ်မလဲဗျာ။ ဆေးပေါ့လိပ်ဖြစ်စေ၊ ဆေးပြင်းလိပ်ဖြစ်စေ ညှိခဲ့လို့ရှိယင် မီးခြစ်ဆံဟာ ဒီလောက်ရှည်ရှည် မကျန်နိုင်ဘူးဗျ။ တော်တော်ကျွမ်းအောင် လောင်ပြီးမှဆေးလိပ်မှာ မီးကောင်းကောင်း ညိတာကိုးဗျ။ ဆေးတံကို ညှိလို့ရှိယင် သာပြီးတော့ တိုတိုကျန်သေးတယ်။ အခုတော့ စီးကရက်ညှိလို့မို့ ဒီလောက်ရှည်ရှည် ကျန်တာပေါ့ဗျ။ အလို၊ ဒါထက် ဒီစီးကရက်တိုတွေက တိုလွန်းလှချေတာလားဗျ"

ကျွန်တော်။ ။"ကပ်စေးနဲတဲ့ လူမို့ ဒီလောက်တောင် တိုအောင် သောက်တယ်လို့ ခင်ဗျားက ဆိုချင်သလား"

ရှား။ ။"ကိုသိန်းမောင် ဒီကနေ့ တယ်ပြီး ဉာဏ်တိုးနေပါကလား။ ကိုင်း ဒါဖြင့် ရော့၊ ခင်ဗျား သောက်ကြည့်စမ်း။ ဖြစ်ကဲ့လား"

ကျွန်တော်။ ။"နှုတ်ခမ်းမွေး မီးလောင်ကုန်ပါ့မယ်ဗျာ၊ မလုပ်ပါနဲ့"

ရှား။ ။"အဲဒါကြောင့် ကျုပ်ပြောတယ် မဟုတ်လား။ အခန်း လာပြီးငှားတဲ့လူက နှုတ်ခမ်းမွေး ထူထူဆို ဒေါ်စိန်ညွန့်ရဲ့"

ညွန့်။ ။"ဟုတ်ပါတယ်"

ကျွန်တော်။ ။"ဆေးစုပ်နဲ့ သောက်မယ်တဲ့ဗျာ"

ရှား။ ။"ဆေးလိပ်ဖင်ကြည့်၊ ဖွာနေတယ်။ တွေ့လား။ ကေန္တ ဆေးစုပ်နဲ့သောက်တာ မဟုတ်ဖူး။ ဒီအတိုင်း သောက်တာပဲ။ အခန်းထဲမှာ လူနှစ်ယောက်များ ဖြစ်လေရော့လားဗျာ ဒေါ်စိန်ညွန့်"

ညွန့်။ ။"မဖြစ်နိုင်ပါဘူး။ စားတာကမှ ကြောင်စာလောက်ကလေး စားတာကပဲ။ အဒေါ်ဖြင့် လူတယောက်တောင် ဝမှ ဝပါ့မလားလို့ အံ့တောင် အံ့သြမိသေးတယ်"

---



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။“ကိုင်း ကိုင်း၊ စောင့်ပြီးကြည့်ကြသေးတာပေါ့လေ။ စိတ်မကျေနပ်စရာလဲ ဘာရှိပေလို့လဲ။ ငွေကိုလဲ အလျှင်တင်ကူးပြီး ပေးထားပေတယ် မဟုတ်ဘူးလား။ ထူးတော့ဖြင့် ထူးဆန်းတာပဲ။ သို့သော် အဒေါ်ကို ဘာမှ ဒုက္ခပေးတာမှ မဟုတ်ပဲ။ လူတွေ မခံချင်တာ သူ့သဘောအတိုင်းပေပေါ့။ ကျွန်တော်တို့ကလဲ ရာဇဝတ်ပြစ်မှုနဲ့ သက်ဆိုင်ကြောင်း မထင်ရှားသမျှ ကာလပတ်လုံး သူ့အထဲ ဝင်ပြီး စွက်ဖို့ မသင့်ပေဘူး ဒေါ်စိန်ညွန့်။ သို့သော် ကျွန်တော်လဲ ဂရုပြုလိုက်ပါ့မယ်။ နောက် ထပ်ပြီး အကြောင်းများ ထူးလို့ရှိယင်လဲ ကျွန်တော့်ကို အကြောင်းကြားလိုက်သေးတာပေါ့။ တကယ် ကူညီဖို့ လိုတဲ့အခါကျယင် ကူညီဖို့ကိုတော့ ကျွန်တော့်ကို ဘယ်အခါမဆို စိတ်ချပါ အဒေါ်”ဟု ပြောလိုက်သဖြင့် ဒေါ်စိန်ညွန့်လည်း ဆင်းသွားလေ၏။

ဒေါ်စိန်ညွန့် ပြန်သွားလျှင် ဦးစံရှားလည်း ဆေးတံကို ဆေးထည့်၍ သောက်ယင်း—

ရှား။ ။“ဒီကိစ္စမှာ တော်တော်ထူးတဲ့ အချက်ကလေးတွေပါတယ် ကိုသိန်းမောင်ရဲ့။ သို့သော် လူ့စိတ်သဘောဆိုတာ အမျိုးမျိုး ရှိပေတာကိုးဗျ။ သူ့နှုတ်ကို ဝါသနာကိုက ဒီလိုပဲ နေတတ်လို့လေလား၊ သို့တည်းမဟုတ် နက်နက်နဲနဲ အကြံအစည်ပဲ ရှိလေရော့သလား မပြောတတ်ပေသေးဘူး ပလေ။ သို့သော် ကျုပ် ထင်မြင်ချက်ဏတော့ဖြင့် ပထမ အခန်းကိုငှားတဲ့လူနဲ့ အခုနေတဲ့လူဟာ တယောက်စီထင်တယ်”

ကျွန်တော်။ ။“တယောက်ဏငှားပြီး တယောက်က နေတယ်လား”

ရှား။ ။“ဟုတ်တယ်”

ကျွန်တော်။ ။“ဘာကြောင့်လဲဗျာ”

ရှား။ ။“ဒီက စီးကရက်တိုအကြောင်းကို အပထားပြီး ဒီလူဟာ အခန်းကို ငှားပြီးတဲ့နောက် ပြီးပြီးချင်း အပြင်ကို ထွက်သွားတယ်။ ပြီးတော့လဲ တကြိမ်တည်းပဲ ထွက်တယ်ဆိုတာ စဉ်းစားဖို့အချက်တခု မဟုတ်ပါလားဗျာ။ ပြီးတော့ပြန်လာတော့လဲအားလုံးအိပ်ကုန်လောက်တဲ့အချိန်လောက်ကျမှပြန်လာတယ်။ ထွက်သွားတဲ့လူနဲ့ ပြန်လာတဲ့လူနဲ့ဟာ ဒီတယောက်တည်း ဖြစ်တယ်လို့ ဘယ်ပြောနိုင်မလဲဗျာ။ ပြီးတော့ ဒီ့ပြင် တချက် တွေ့စရာက ဘာလဲဆိုတော့ ခုနက မီးခြစ်တို့၊ ဆပ်ပြာတို့ ဆိုတာတွေကို လက်ရေးနဲ့ မရေးပဲနဲ့ ကတ်ကတ်သတ်သတ် အတိုခေါက်ထဲက ဆုတ်ပြီး ပေးတယ်ဆိုတာ တချက်ကလဲ အများကြီး တွေးစရာရှိတယ်”

ကျွန်တော်။ ။“ကျွန်တော်ပြောတဲ့အတိုင်း လက်ရေးကို အဒေါ်ကြီးများ မမြင်ရအောင် လျှို့ဝှက်လိုတဲ့ သဘောပေါ့ဗျ”

ရှား။ ။“သို့သော် လျှို့ဝှက်တဲ့အကြောင်း ရှိရမယ်ဗျ”

ကျွန်တော်။ ။“ဒါတော့ ကျွန်တော် မရိပ်မိဘူးဗျာ”

ရှား။ ။“ဒီလိုဗျ။ ဟိုလူ မှန်ခဲ့လို့ရှိယင် သူ့လက်ရေးကို အဒေါ်ကြီး မြင်သွားလို့ ဘာဖြစ်ရအုံးမှာလဲဗျ။ ကျုပ်အထင်တော့ ကေန္တ အခန်းထဲကဟာ မိန်းမထင်တယ်”

ကျွန်တော်။ ။“ဩော် ဟုတ်ပြီဗျို၊ မိန်းမလက်ရေးဆိုယင် လူပြောင်းထားတာကို အဒေါ်ကြီးများ ရိပ်မိမှာစိုးလို့ ပုံနှိပ်စာထဲက ညှပ်ပြီး ပေးတာကိုးဗျ။ ဟုတ်ပြီဗျို၊ ဟုတ်ပြီ။ နို့ နေပါအုံးဗျာ။ တိုက်ပေါ်က ဒေါက်ဒေါက် ဒေါက်ဒေါက်နဲ့ ဘွတ်ဖိနပ်သံ ကြားရတယ် ဆိုပါကလားဗျ”

ရှား။ ။“ဒါကတော့ ယောကျ်ားထင်အောင်လို့ မိန်းမက ဘွတ်ဖိနပ်စီးထားယင် ဖြစ်နိုင်တာကိုးဗျ။ တော်တော်စေ့အောင် ဆင်ထားတဲ့ ဉာဏ်ပဲဗျို။ ပြီးတော့ ဒီ့ပြင်တချက်ဏတော့ တကယ်လို့ ကျုပ်တို့ တွေးတဲ့အတိုင်း အခန်းတွင်းမှာ မိန်းမဖြစ်ခဲ့လို့ရှိယင် အခုလို ပုန်းအောင်းပြီး နေတဲ့အတွင်း

www.burmeseclassic.com

အပြင်က ယောကျ်ားဖြစ်သူနဲ့ စာပေးစာယူဖြစ်စေ၊ လူလွတ်ပြီး ဖြစ်စေ အပြင်ကသတင်းကို အခန်းတွင်းက မိန်းမ သိရအောင် ပို့ဖို့ရှိတယ် မဟုတ်ဘူးလားဗျာ''

ကျွန်တော်။ ။''ဟုတ်ကဲ့ဗျာ။ အကျိုးအကြောင်းကို တနည်းနည်းနဲ့ သတင်းပေးဖို့တော့ ကောင်းတာပဲ။ အခုတော့ စာလဲ မရောက်ဘူးတဲ့ဗျ''

ရှား။ ။''စာမရောက်ယင်ကော ဒီ့ပြင်နည်းနဲ့ မပေးနိုင်ဘူးလားဗျာ''

ကျွန်တော်။ ။''ဒီ့ပြင်နည်းနဲ့ဆိုယင် သတင်းစာထဲမှာ ထည့်ဖို့ပဲ ရှိတာပဲဗျ။ ဩော် သူရိယသတင်းစာတော့ နေ့တိုင်း ဝယ်ပေးရတယ်လို့ ဆိုမဟုတ်လား''

ရှား။ ။''ဟုတ်တယ်။ ဒီတော့ကာ သတင်းစာမှာ ထည့်ပြီးပေးရမှာပဲ မဟုတ်ဘူးလား။ ကိုင်း ဒီတော့ သတင်းစာမှာ သတင်းတစုံတခု ပါစေချင်ယင် ဘယ်နည်းနဲ့ ထည့်မလဲတဲ့။ ကျုပ်တို့ မြန်မာပြည်က သတင်းစာတွေမှာ အင်္ဂလန်ပြည်က သတင်းစာတွေမှာလို တယောက်နဲ့တယောက် သတင်းပို့နိုင်တဲ့ ကော်လံ မပါဘူးဗျ။ ဒီတော့ ဘယ်နှယ်လုပ်မလဲ''

ကျွန်တော်။ ။''သတင်းအဖြစ်နဲ့ တခုခု ညာရေးပြီး သတင်းစာတိုက် ပို့မှာပေါ့ဗျ''

ရှား။ ။''ဒီတော့ခင်ဗျာ အယ်ဒီတာက ထည့်ရောတဲ့လားဗျာ''

ကျွန်တော်။ ။''ဒါတော့ သူထည့်ချင်မှ ထည့်မှာပေါ့ဗျာ''

ရှား။ ။''အမှန်ထည့်ရအောင် ဘယ့်နှယ်ကြံမလဲ''

ကျွန်တော်။ ။''ဩော် သိပြီဗျို့၊ တခါထည့်ယင် ငွေနှစ်ကျပ်ပေးပြီး သာရေး နာရေး ကြော်ငြာ ပိုင်းကနေ ထည့်ယင်တော့ ထည့်မှာပဲဗျို့''

ရှား။ ။''အစစ်ပဲ ကိုသိန်းမောင်၊ အပြင်လူနဲ့ အခန်းထဲက မိန်းမနဲ့ သတင်းပေးပို့ခဲ့လို့ရှိယင် လွန်ခဲ့တဲ့ သူရိယသတင်းစာ သာရေးနာရေး ကြော်ငြာပိုင်းမှာသာ ကြည့်ပေတော့။ ကိုင်း ကိုင်း၊ ဟော ဟိုက သူရိယသတင်းစာဖိုင်တွဲ လှမ်းလိုက်စမ်းဗျာ''

ဦးစံရှားသည် သူရိယသတင်းစာဖိုင်တွဲကို လှန်လှောကြည့်ရှုယင်း ''ဒီဟာက ဟိုအခန်းကို သူတို့ မရောက်ခင်က သတင်းစာတွေပဲ။ မဟုတ်သေးဘူးဗျ။ ဒီကမှ စတယ်။ လွန်ခဲ့တဲ့ တနင်္ဂနွေနေ့က စပြီး အခန်းကို ငှားတယ်ဆို မဟုတ်လား။ ဟုတ်ပြီ။ ဟောဒါက အင်္ဂါနေ့က သတင်းစာ။ ကိုင်း၊ သာရေးနာရေး ပိုင်းက ဘာများပါသလဲ ကြည့်ကြစမ်းစို့။ ဒါက ဘာလဲ။ ဝန်ထောက်မင်း ဦးဖိုးထွန်း၏သား မြို့အုပ် မောင်ဘလပ်နှင့် ပွဲစားကြီး ဦးဖော့၊ ပွဲကတော်ကြီး ဒေါ်သန့်၏သမီး မခင်ကျော့။ ဒါလဲ မဟုတ်နိုင်ဘူး။ ဟောဒါက နာရေးဗျို့။ ကဲ ကြည့်စမ်း၊ ဘာတဲ့လဲ။ ဦးသည်းခံ၏သား မောင်စောင့်ပါသည် လွန်ခဲ့သည့် တနင်္ဂနွေနေ့က....။ တော်ပါပြီ။ ဒီ့ပြင်ဟာတော့ အရေးမကြီးပါဘူး။ ကိုင်း၊ ဘာတဲ့လဲ ကိုသိန်းမောင်''

ကျွန်တော်။ ။''သည်းခံစောင့်ပါ ဆိုလိုတာပေါ့ဗျာ''

ရှား။ ။''အစစ်ပေါ့ဗျာ။ ကိုင်း ဟောဒါက ဗုဒ္ဓဟူးနေ့ထွက် သတင်းစာဗျ။ ကိုင်း ကြည့်စမ်း။ ''ရန်ကုန်မြို့ တာမွေရပ်နေ စစ်ကဲကြီး ဦးဘညိန်းသည်.... တန်၊ မဟုတ်သေးဘူး။ ကိုင်း ဒါက ဘာတဲ့လဲ။ သစ်ကုန်သည်ကြီး ဦးနီး ဇနီး ဒေါ်လှတို့၏သား မောင်ပါကို ပွဲစားကြီး ဦးပြို ပွဲကတော်ကြီး ဒေါ်အေး သမီး၊ ဝတ်လုံတော်ရ ဦးတော့၏ နှမ မမယ်နှင့် ထိမ်းမြားလက်ထပ်....။ တော်လောက်ပြီ။ ဘာတဲ့လဲ ကိုသိန်းမောင်''

ကျွန်တော်။ ။''ဒါကတော့ တကယ့်ဖိတ်စာ ထင်ပါရဲ့ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ဘာဟုတ်မလဲဗျ။ နာမည်တွေ လျှောက်ကြည့်ပါလား။ ဦးနီး ရယ်လို့ ရှိပါ့မလားဗျ။ ဦးနီလို့သာ ဖြစ်ရမယ်။ ဒီတော့ နာမည်တွေသာ အကုန်လျှောက်ပြီး ကောက်ကြည့်လိုက်တော့ ဘယ်လို အဓိပ္ပာယ် ထွက်သလဲ။ 'နီးလှပါပြီ အေးတော့မယ်'တဲ့ ဆို မဟုတ်ဘူးလား"

ကျွန်တော်။ ။"ဟုတ်တယ်ဗျို၊ ကေန္တ သူတို့လက်ချက်ပဲ"

ရှား။ ။"ကိုင်း ကြာသပတေးနေ့က သတင်းစာကော ဘာတဲ့တုံး။ အလို သာရေး နာရေး သတင်းကို မပါဘူးဗျို။ ကိုင်း ရှိစေ၊ သောကြာနေ့ကဟာ ကြည့်ကြစို့။ စပါးပွဲစားကြီး ဦးမီး ပွဲကတော် ဒေါ်ရတို့၏သား မောင်ထားကို အမိန့်တော်ရ ဦးမိး အမိန့်တော်ရကတော် ဒေါ်အတို့၏သမီး မတိုင်းနှင့် အောက်တိုဘာလ....။ တော်ပြီ၊ ကိုင်း ဘာတဲ့လဲ။ 'မီးရထား မီးအတိုင်း'တဲ့၊ ဘယ့်နှယ်အဓိပ္ပာယ်လဲဗျ"

ကျွန်တော်။ ။"ဒီတခါတော့ အတွေးရကျပ်သဗျို။ လက်ရာကတော့ သူတို့လက်ရာပဲ။ ဦးမီး ရယ်လို့ နှစ်ယောက်တောင် မရှိနိုင်ဘူး။ မုချ သူတို့ အချိန်းအချက်ပဲ"

ရှား။ ။"ကိုင်း ရှိပါစေဗျာ။ မဖော်နိုင်ယင် ထားလိုက်သေးတာပေါ့။ နောက်နေ့တွေ ကြည့်စမ်းဗျာ" ဟု ပြောပြီးနောက် ကျွန်တော်တို့လည်း သတင်းစာများကို လှန်လှော၍ ကြည့်ရှုရာ သာရေး နာရေး သတင်း ဘာမျှ မတွေ့ရပဲ ရှိလေ၏။

ထိုအခါ ဦးစံရှားက "ရက်တွေ ရှိပါသေးတယ်ဗျာ၊ ဒီကနေ့ တနင်္ဂနွေ ဟုတ်စ။ သူရိယသတင်းစာ မရဘူး။ နက်ဖြန်ခါ တနင်္လာနေ့ကျတော့ ကြည့်ကြသေးတာပေါ့"

တနင်္လာနေ့တွင် သတင်းစာကုလား ပို့လာသည်နှင့် တပြိုင်နက် ဦးစံရှားသည် လှန်လှောကြည့်ရှုရာ ဝမ်းသာသည့်လက္ခဏာနှင့် ရှင်ရှင်ပျပျ ရှိနေသည်ကို မြင်ရသဖြင့်—

ကျွန်တော်။ ။"ဘယ့်နှယ်လဲဗျို၊ ဘာများ အထူးပါသလဲ"

ရှား။ ။"ထူးလှချည့်ပေါ့ဗျာ။ ဟောဒီမှာ ကြည့်စမ်း။ နေအုံး၊ ကျုပ် ဖတ်ပြမယ်။ အင်စပိတ်တော် ဦးဆယ် ဇနီး ဒေါ်နာတို့၏သား မောင်ရီကို မြို့အုပ်မင်း ဦးတိုက် မြို့အုပ်ကတော် ဒေါ်သစ်တို့၏ သမီး မယ်ကြည့်နှင့်....။ ကိုင်း ဘာတဲ့လဲ၊ 'ဆယ်နာရီ တိုက်သစ်ကြည့်'တဲ့၊ ကိုင်း ဒီကနေ့ ၃၂ လမ်းကိုတော့ လျှောက်ပြီး ကြည့်အုံးမှပဲ။ ခြော် သတိရပြီဗျို။ ဒေါ်စိန်ညွန့်တို့တိုက်နဲ့ မျက်နှာချင်းဆိုင်က ၅ တိုက် ခြားလောက်မှာ တည်ပြီးစ တိုက်သစ်တခုရှိတယ် ဟုတ်လား။ အခန်းတွေတောင် လူစေ့အောင် မရသေးဘူး။ ဒီကနေ့ည ဆယ်နာရီလောက် စောင့်ပြီး ကြည့်ကြရယင် တခုခုတော့ တွေ့ရတော့မှာပဲ၊ ဟော၊ ပြောယင်း ဆိုယင်း ဒေါ်စိန်ညွန့် ရောက်လာပြီ၊ ဘယ့်နှယ်လဲ အဒေါ်။ ဘာများ ထူးပြန်ပါသလဲ"

ညွန့်။ ။"တန်ပြီ ဦးစံရှားရေ့၊ ဒီကနေ့မောင်းထုတ်မှ ဖြစ်မယ်။ ကြာကြာထားယင် ခက်ကုန် ကြလိမ့်မယ်။ ဒီကနေ့မနက် အိမ်က အဘိုးကြီး ကံကောင်းလို့ အသက်ချမ်းသာရပါကလား ဦးစံရှားရဲ့"

ရှား။ ။"ပြောပြစမ်းပါအုံးဗျာ"

ညွန့်။ ။"ဒီကနေ့ မနက်စောစောကြီး အိမ်က အဘိုးကြီးက အပြင်သွားဖို့ ကိစ္စတခု အရေးကြီး လေတော့ တိုက်ပေါ်က ဆင်းသွားပြီးတော့ လမ်းထောင့်နားရောက်ရောက်ချင်း လူနှစ်ယောက် နောက်က နေပြီး မျက်နှာပေါ် အဝတ်တခု ပစ်ဖုံးတဲ့ပြီး မော်တော်ကားပေါ် အတင်းတင်သွား ဆိုပါကလား။ အဘိုးကြီးကလဲ ကြောက်လွန်းလို့ ကြက်သေသေပြီး မအော်ဝံ့ရှာလို့ တိတ်တိတ်ကလေး လိုက်သွားရရှာ သတဲ့။ နာရီဝက်လောက် ကြာတော့မှ မျက်နှာဖွင့်ကြည့်ပြီး မော်တော်ကားပေါ်က ထိုးချခဲ့သတဲ့။ အဘိုးကြီးကလဲ ဖုတ်ဖက်ခါပြီး ထကြည့်လိုက်တော့ အင်းလျားကန်နား ရောက်နေပါရောတဲ့ ဦးစံရှားရဲ့။

www.burmeseclassic.com


ဒါနဲ့ သွားမယ့်ကိစ္စ မသွားတော့ပဲ ကားတစီးငှားပြီး ပြန်လာခဲ့ပြီး အခု အိမ်မှာ နေရစ်လေရဲ့။ ကြောက်လွန်းလို့မှ ဆတ်ဆတ်များတုန်လို့။ ဒါနဲ့ အဒေါ်လဲ ဦးစံရှားဆီ ချက်ချင်း ပြေးလာတာပဲ"

ရှား။ ။"ဟုတ်ပါပေ့ဗျာ။ ဒါထက် သူ့ကိုဖမ်းပြီးသွားတဲ့ လူတွေရဲ့မျက်နှာကို သူမြင်လိုက်မိရဲ့လား။ ဘယ်လိုပုံပန်းတဲ့လဲ"

ညွန့်။ ။"ကြောက်လွန်းအားကြီးလို့ ဘာမှ မကြည့်ဝံ့ဘူးတဲ့ ဦးစံရှားရဲ့။ ကားပေါ်မှာလဲ လူနှစ်ရောက်လိုလို သုံးယောက်လိုလိုတော့ မြင်မိသတဲ့"

ရှား။ ။"အခုလို ဖြစ်ရခြင်းဟာ အဒေါ့်အခန်းက လူကြောင့်လို့ ထင်တယ်ပေါ့လေ"

ညွန့်။ ။"အဒေါ်တို့ နေလာခဲ့တာ အနှစ် နှစ်ဆယ်ကျော်လောက်ရှိပြီ။ တခါမှ ဒီလိုမဖြစ်ဖူးပါဘူး။ ဒီလူကြောင့် ဖြစ်ရတာပါပဲ။ တော်ပြီ တော်ပြီ။ ငွေဘယ်လောက်ရတော့ အဒေါ် မထားတော့ဘူး။ ဒီကနေ့ မောင်းပြီ ထုတ်လိုက်တော့မယ်"

ရှား။ ။"နေအုံး အဒေါ်ကြီး၊ အလျင်တလို မလုပ်နဲ့အုံးခင်ဗျ။ ဒီအမှုမှာ ကျွန်တော်တို့ အစက ထင်သလောက် မကဘူး။ တော်တော်အရေးကြီးတဲ့ အမှုနဲ့ တူတယ်။ လက္ခဏာတော့ ခင်ဗျားအတိုးကြီးကို ဟိုအခန်းကလူမှတ်လို့ ဖမ်းသွားပြီး မဟုတ်မှန်းသိတော့ လွှတ်လိုက်တာနဲ့တူရဲ့။ တကယ်လို့ ဟိုအခန်းကလူ ဖြစ်ခဲ့လို့ရှိယင် ဘယ်လိုလုပ်မယ် ဆိုတာတော့ ကျွန်တော်တို့ တွေးရုံ တွေးနိုင်တာပဲ"

ညွန့်။ ။"ဘယ့်နှယ် လုပ်ရပါ့မလဲ ဦးစံရှားရယ်"

ရှား။ ။"ခင်ဗျား အခန်းက လူကို ကျွန်တော် ကြည့်စမ်းချင်သဗျာ"

ညွန့်။ ။"ဘယ့်နှယ်လုပ်ပြီး ကြည့်မလဲ။ အခန်းကို ပေါက်ဆိန်နဲ့ပေါက်ပြီး အတင်းဝင်ကြည့်မှပဲ"

ရှား။ ။"ဟာ၊ ဒီလိုလုပ်လို့ ဘယ့်နှယ်တော်မလဲဗျ။ နေအုံး၊ ထမင်းပွဲကို ခုံရှည်ပေါ်က ယူတဲ့ အခါမှာ ကျွန်တော်တို့က ချောင်းပြီး ကြည့်ယင်ကော မဖြစ်ပေဘူးလား"

ညွန့်။ ။"ဩော် နေအုံး၊ ဒီလိုလုပ်ပေတော့။ အဒေါ်က လှေကားတက်ဝမှာ မှန်တချပ် ထောင်ပြီး ထားမယ်။ ဦးစံရှားက လှေကားပေါ် လူမမြင်အောင်ကွယ်ပြီး မှန်ထဲမှာ ကြည့်ပေတော့။ မှန်ထဲမှာ အခန်းဝက လူရိပ်ပေါ်အောင်တော့ အဒေါ် ဆင်ပြီး ထားလိုက်မယ်"

ရှား။ ။"ဟုတ်ပြီ အဒေါ်ရေ့၊ ထမင်းပွဲ ဘယ်အချိန်လောက် ပို့ရသလဲ"

ညွန့်။ ။"၁၀ နာရီလောက် ပို့ရတယ်"

ရှား။ ။"အခု ၇ နာရီခွဲသွားပြီ။ ပြန်ပြီး မှန်ထောင်နှင့်ပေတော့။ ကျွန်တော် ၉ နာရီခွဲလောက်ကို လာခဲ့မယ်"

အချိန်ကျရောက်သောအခါ ကျွန်တော်နှင့် ဦးစံရှားတို့သည် ၃၂ လမ်းသို့ သွားရောက်ကြလေရာ ဦးစံရှားလည်း တိုက်သစ်တလုံးကို လက်ညှိုးညွှန်ပြလျက်—

ရှား။ ။"ဟောဟို တိုက်သစ်ပဲဗျ"

ကျွန်တော်။ ။"၁၀ နာရီလောက်မှ ကြည့်ရမယ် ဆိုပါကလား။ ဘယ့်နှယ်လုပ်မလဲ။ ဟိုရောက် ဒီရောက် ဘယ့်နှယ်လုပ်မလဲ"

ရှား။ ။"မဟုတ်ပါဘူးဗျာ။ ဟို အချိန်းအချက်က ည ၁၀ နာရီမှ ကြည့်ရမှာပါ"

ဒေါ်စိန်ညွန့် တိုက်သို့ ရောက်လျှင် ကျွန်တော်တို့သည် ဒေါ်စိန်ညွန့် စီစဉ်ထားသည့် အတိုင်း လှေကားပေါ်မှ ချပ်လျက် လှေကား အထက်ခန်း၌ ထောင်မျှထားသော မှန်ကို ကြည့်လျက်ရှိကြရာ



www.burmeseclassic.com

www.burmeseclassic.com

မှန်တွင်း၌ ထိုအခန်းတံခါး၏ အရိပ်သည် ကောင်းစွာ ထင်ရှားလျက်ရှိသည်ကို တွေ့ရသဖြင့် ဦးစံရှားလည်း ခေါင်းညိတ်လျက် ရှိလေ၏။

အတန်ငယ် ကြာလျှင် ဒေါ်စိန်ညွန့်သည် ထမင်းပွဲကို မယူလျက် တိုက်ပေါ်သို့ တက်ပြီးလျှင် အခန်းတံခါးရှိ ခုံရှည်ပေါ်တွင် တင်ထားခဲ့ပြီးနောက် တိုက်အောက်သို့ ဆင်းသွားလေ၏။ တခဏမျှ ကြာလေလျှင် အခန်းတွင်းရှိ မင်းတုပ်ကို ဖွင့်သံကြားရပြီးနောက် အခန်းတံခါးသည် တဖြည်းဖြည်း ပွင့်လာ၍ ဖြူဆွတ်သေးသွယ်သော လက်နှစ်ဖက်သည် ရှေးဦးစွာ ပေါ်၍ လာလေ၏။ ထို့နောက် အလွန်တရာ ချောမောလှပသော မိန်းမတယောက်၏ မျက်နှာသည် ပေါ်လာ၍ ထမင်းပွဲကို လှမ်းယူမည် ပြုပြီးမှ လှေကားပေါ်တွင် ထောင်၍ ထားသော မှန်ကို မြင်သည်နှင့်တပြိုင်နက် ထမင်းပွဲကို လျှင်မြန်စွာ လွှတ်ချပြီးလျှင် တံခါးကို ပြင်းထန်စွာ ပိတ်လိုက်လေ၏။

ကျွန်တော်။ ။"တယ်ချောတဲ့ မိန်းမဗျို၊ ကျုပ်တို့ကို မြင်သွားပြီ ထင်တယ်"

ရှား။ ။"မြင်လား မမြင်လားတော့ မဆိုနိုင်ဘူး။ လန့်တော့ဖြင့် လန့်သွားတဲ့ လက္ခဏာပဲ"

တိုက်အောက်သို့ ရောက်လျှင် မျှော်လင့် စောင့်ဆိုင်းလျက်ရှိသော ဒေါ်စိန်ညွန့်အား "စိတ်မပူပါနဲ့ အဒေါ်ရယ်။ ကျွန်တော်တို့ ညနေလောက်ကို တခေါက်လောက် လာခဲ့ပါအုံးမယ်။ မစိုးရိမ်ပါနဲ့ခင်ဗျ။ အဒေါ်တို့ကိုတော့ ဘာမှ မဖြစ်နိုင်ပါဘူး"ဟု ပြောပြီးလျှင် ကျွန်တော်တို့သည် ပြန်လာခဲ့ကြလေ၏။

အိမ်သို့ ရောက်ကြလျှင် ဦးစံရှားလည်း ဆေးတံကို မီးညှိပြီးနောက်—

ရှား။ ။"ကျုပ်ထင်တဲ့အတိုင်း မိန်းမပဲ ဖြစ်နေတယ်မဟုတ်ဘူးလားဗျ။ ကျုပ်တို့ အခု အထင် အရှား သိရတာက ဘာလဲဆိုတော့ ယောကျ်ားတယောက်နဲ့ မိန်းမတယောက်ဟာ တစုံတခုသော ဘေးရန်ကို ကြောက်တဲ့အတွက် ရန်ကုန်ကိုလာပြီး ပုန်းနေရတယ်။ အစစအရာရာ လုံခြုံအောင် ဂရုစိုက်ပုံ လက္ခဏာကို ထောက်လိုက်ပြန်တော့ သူတို့ ဘေးရန်ဟာ တော်တော်ကြီးတဲ့ လက္ခဏာနဲ့ တူတယ်။ ယောကျ်ားဖြစ်သူက ဆောင်ရွက်ရန် ဝတ္တရားရှိလာတော့ မိန်းမကို ဝှက်ထားပြီး သူက ကိစ္စ မပြီးမချင်း ဆောင်ရွက်နေဟန် တူတယ်။ သူတို့ချင်း တွေ့ဖို့တောင် ရန်သူများက ခြေရာခံမိမှာ စိုးလို့ လူလဲ မလာ၊ စာလဲ မရေးပဲ သတင်းစာဏ နေပြီး ကြော်ငြာထည့်နေတဲ့ လက္ခဏာပဲ။ ဒီလောက်ထိတော့ ထင်ရှားရဲ့ မဟုတ်လားဗျာ"

ကျွန်တော်။ ။"ဒါတော့ ဟုတ်ပါပြီ။ သို့သော် အရင်းမူလက ဘယ်လို အမှုမျိုး ဖြစ်လို့ ဘယ်လို ရန်သူမျိုးလက်က လွတ်အောင် ပုန်းအောင်းပြီး နေရတာလဲဗျာ"

ရှား။ ။"ဘယ်လို အမှုမျိုးလဲဆိုတာ တွေးကြည့်ပြန်တော့ သာမည သမီးရည်းစား လင်မယား ခိုးမှု ဟုတ်ဟန်မတူဘူး။ မှန်ရိပ်ကို မြင်လိုက်တဲ့အခါမှာ အခန်းထဲက မိန်းမဟာ ဘယ်လောက် ကြောက်ပြီး သွားသလဲ။ ခင်ဗျားသတိထားလိုက်မိရဲ့လား။ သေရမယ့်ဘေးလောက် ကြောက်သွားတဲ့ မျက်နှာထားမျိုး ပဲဗျ။ ဒေါ်စိန်ညွန့်ယောကျ်ားကို ဖမ်းသွားပုံ၊ အစစအရာရာ သိပ်ပြီး ဂရုစိုက်ပုံ၊ မျက်နှာထား သိပ်ပြီး ပျက်သွားပုံ အားလုံးစုပြီး ကြည့်လိုက်တော့ တော်တော်အငြိုးကြီးတဲ့ ရန်သူများလက်က လွတ်အောင် ပုန်းအောင်းပြီး နေကြရရှာတဲ့ လက္ခဏာပဲ။ ရန်သူများကလဲပဲ အခန်းမှာ လူလဲပြီး ထားတာကို သိသေးတဲ့ လက္ခဏာ မရှိဘူး။ ကိုင်း၊ ကိုင်း၊ ဒီကနေ့ ၁၀ နာရီမှာ ဘာများ မြင်ကြရမယ် ဆိုတာ စောင့်ပြီး ကြည့်ကြသေးတာပေါ့လေ"

ထိုည ၈ နာရီကျော် အချိန်ခန့်တွင် ကျွန်တော်တို့သည် ဒေါ်စိန်ညွန့်၏အိမ်သို့ သွားရောက်ကြ၍ အဒေါ်ကြီးအား စိုးရိမ်ရန် မရှိသည့် အကြောင်းများကို အားပေး ပြောဆိုပြီးနောက် ကျွန်တော်နှင့်


www.burmeseclassic.com

ဦးစံရှားတို့သည် တိုက်သစ်ကြီးကို ရံဖန်ရံခါ စောင်းမြောင်းကြည့်ရှုလျက် မနီးမဝေးတွင် လမ်းလျှောက်ကာ ရှိနေကြလေ၏။

၁၀ နာရီ ထိုးသည်နှင့် တပြိုင်နက် ကျွန်တော်တို့သည် လမ်းလျှောက်ရာမှ တန့်ရပ်လျက် တိုက်သစ်ကြီးကို စိုက်၍ ကြည့်နေကြရာ—

ရှား။ ။"ကိုသိန်းမောင် ဘယ်အခန်းကို ကြည့်သလဲ"

ကျွန်တော်။ ။"တတိုက်လုံး ကြည့်တာပဗျာ"

ရှား။ ။"မဟုတ်ဘူးဗျ။ လေးထပ်က ထောင့်ခန်းမှာ လူမရှိဘူး မဟုတ်လား။ အဲဒီအခန်းကိုသာ ကြည့်ဗျ။ ဟော ပြောယင်းဆိုယင်း မြင်လိုက်ရလား"

ကျွန်တော်။ ။"မြင်တယ်"

ထိုခဏ၌ ဦးစံရှားညွှန်ပြရာ အခန်းပြတင်းပေါက်မှ ရဲရဲနီသော မီးတခုသည် လင်းချည် မှိန်ချည်နှင့် သုံးကြိမ်တိုင်တိုင် ပေါ်လာသည်ကို မြင်လိုက်ကြရလေ၏။ တခဏမျှ ကြာလျှင် မီးနီသည် ရှေ့ကနည်းအတိုင်း သုံးကြိမ်တိုင်တိုင် ပေါ်လာပြန်လေ၏။ ထို့နောက် ယင်းမီးသည် တကြိမ် နှစ်ကြိမ်မျှသာ လင်းချည် မှိန်ချည် ပြုပြီးနောက် ပျောက်ခြင်းမလှ ပျောက်ကွယ်၍ သွားလေ၏။

ကျွန်တော်တို့လည်း အတန်ငယ်ကြာအောင် စောင့်ဆိုင်းနေပြီးနောက် ထပ်မံ၍ မီးကိုမမြင်ရတော့ သည်ဖြစ်၍ တိုက်ရှေ့သို့ ခပ်ဖြည်းဖြည်း လျှောက်လာကြရာ မနီးမဝေးတွင် မှောင်ခိုကာ ရပ်နေသော လူသုံးယောက်ကို တွေ့သည်နှင့် တပြိုင်နက် တယောက်သောလူက "အလို ဆရာပါကလား"

ရှား။ ။"ကိုအုန်းဖေလား"

ဖေ။ ။"ဟုတ်တယ်ဆရာ၊ ဘာကိစ္စလဲ ဆရာ"

ရှား။ ။"ခင်ဗျားနဲ့ ကိစ္စချင်း တူနေပြီထင်တယ်"

ဖေ။ ။"ဒီကိစ္စအကြောင်း ဆရာ ဘယ်က သတင်းရသလဲ ဆရာ"

ရှား။ ။"ဒီလိုပေါ့ဗျာ၊ ကျုပ်လဲ မီးနဲ့ အချိန်းအချက်ပေးတာကို ကြည့်နေတာပေါ့"

ဖေ။ ။"ဘာ အချိန်းအချက်လဲ ဆရာ၊ ဘာမီးလဲ"

ရှား။ ။"လေးထပ်က မီးပေါ့ဗျ။ ကိုင်း သို့သော် ခင်ဗျားတယောက်လုံး ရှိနေ-ကျုပ်တို့ အပိုပါပဲဗျာ။ ပြန်ပါတော့မယ်"

ဖေ။ ။"နေပါအုံးဆရာရဲ့၊ ကြည့်သေးတာပေါ့။ သို့သော် ဆရာ့အကောင် ဒီ့ပြင် လှေကား ကတော့ ဆင်းစရာ မရှိပါဘူး။ ဒီလမ်းက လာရမှာပဲ ဆရာ"

ရှား။ ။"ဘယ်က အကောင်လဲ ကိုအုန်းဖေရဲ့"

ဖေ။ ။"ဝရမ်းပြေး ဓားမြှောင်မင်းခေါင်ပေါ့ ဆရာ"

ရှား။ ။"ကောလင်း ဝန် သိုက မင်းခေါင်လား"

ဖေ။ ။"ဟုတ်တယ်ပေါ့ဗျာ။ လွန်ခဲ့တဲ့ ငါးရက်လောက်ကတည်းက ဒီအကောင် ရန်ကုန် ရောက်နေ တယ် သတင်းရလို့ ခြေရာခံလိုက်နေတာ၊ ဒီကနေ့ညမှ တွေ့တော့တာပဲ။ ဒမြတိုက်မှုရော၊ လူသတ်မှုရော ပြစ်ချက်တွေက စုံနေတဲ့ အကောင်ပေါ့ ဆရာ"

ရှား။ ။"ခင်ဗျားတို့ ဒီလှေကားက စောင့်ပြီး ဖမ်းမယ်လား"

ဖေ။ ။"ဆရာ့အကောင် ပြေးပေါက်မရှိဘူးဆရာ၊ ဒီလမ်းက ပြန်ဆင်းရမှာပါပဲ"

ရှား။ ။"ကြာတယ်ဗျာ ကိုအုန်းဖေ၊ လေးထပ်ကို တက်ကြည့်ကြစို့"

တတိယအကြိမ်

www.burmeseclassic.com

ဖေ။ ။"တက်တာပ ဆရာ၊ ဆရာ့ ဘာပါသေးလဲ"

ရှား။ ။"ငါးယောက်နဲ့ တယောက်ပဲဗျာ။ ခင်ဗျား့ခြောက်လုံးပြူး ပါတယ် မဟုတ်လား"

ဖေ။ ။"ပါပါတယ် ဆရာ၊ ကျွန်တော် ရှေ့က တက်ပါ့မယ်"

ထို့နောက် ကျွန်တော်တို့ ငါးယောက်လည်း တိုက်ပေါ်သို့ စီတန်းလျက် တက်ကြလေရာ အောက်ထပ်၌ရှိသူတို့လည်း ကိုအုန်းဖေ၏ လက်၌ ခြောက်လုံးပြူးကို မြင်သဖြင့်အံ့သြသော မျက်နှာထားနှင့် ကြည့်လျက် ရှိနေရစ်ကြလေ၏။

လေးထပ်သို့ရောက်လျှင် ကိုအုန်းဖေလည်း တံခါးကို လက်ဖြင့် တွန်း၍ ဖွင့်လိုက်ရာ တံခါးလည်း အလွယ်တကူ ပွင့်သွားလေ၏။ ထို့နောက် ကျွန်တော်တို့သည် ကိုအုန်းဖေ၏ နောက်မှ အခန်းတွင်းသို့ ဝင်သွားကြရာ အခန်းမှာ မှောင်နှင့်မည်းမည်း ရှိနေ၏။ သည်တွင် ပုလိပ်တယောက်သည် လက်နှိပ်ဓာတ်မီးနှင့် ထိုးလျက် တခန်းလုံးစေ့အောင် မီးရောင်ကို တဖြည်းဖြည်း ရွေ့၍ကြည့်သဖြင့် တခုသော ထောင့်သို့ မီးရောင် ကျရောက်သည်နှင့်တပြိုင်နက် ကိုအုန်းဖေလည်း ရပ်တန့်လျက် ရှိလေ၏။ မီးရောင်လည်း မရွေ့ပဲ ရှိလေရာ အလွန်တရာ ထွားကျိုင်း ကြီးမားလှသော လူတယောက်သည် အခန်း၏ထောင့်တွင် အလျားမှောက်လျက် လက်ထဲ၌ ဆင်စွယ်ဓားမြှောင်ကြီးကို မြဲစွာကိုင်ပြီးလျှင် ခေါင်း၌ ဒဏ်ရာများနှင့် မှူးမေ့ပြီး လဲနေသည်ကို တွေ့မြင်ကြရလေ၏။

ထိုအခါ ပုလိပ်တို့လည်း ထိုသူကို လှန်လှော ကြည့်ရှုကြရာတွင် အသက် လေးဆယ်ကျော်ခန့် ရှိ၍ နှုတ်ခမ်းမွေးလည်း မပါ၊ အသားမည်းမည်း ဝဝတုတ်တုတ်ရှိသော လူတယောက်ဖြစ်သည်ကို တွေ့ရှိကြရလေ၏။

ဖေ။ ။"ဟာ ဓားမြှောင်မင်းခေါင်းပဲ ဆရာရေ့၊ ဘယ်သူကများ လက်ချက်ဦးသွားတယ် မပြောတတ်ဘူး။ ဆရာက ဘာလုပ်နေတာလဲ ဆရာရဲ့"

ဦးစံရှားမှာ ထိုခဏ၌ ပုလိပ်၏လက်မှ ဓာတ်မီးကိုယူပြီးလျှင် ပြတင်းပေါက် အနီးတွင် ရပ်လျက် မီးကို အပြင်သို့ ယမ်းကာ ယမ်းကာ ပြလျက် ရှိနေလေ၏။ ထို့နောက် လက်နှိပ်ဓာတ်မီးကို ပုလိပ်ကို ပြန်ပေး၍—

ရှား။ ။"ခုနင်က ဒီတိုက်ပေါ်က လူများဆင်းသွားတာ ခင်ဗျားတို့ မမြင်လိုက်ဘူးလား"

ဖေ။ ။"လူသုံးယောက် ဆင်းသွားတာ မြင်လိုက်တာပဲ ဆရာရဲ့"

ရှား။ ။"တယောက်လူဟာက အသက် သုံးဆယ်အရွယ်လောက် နှုတ်ခမ်းမွေးကောင်းကောင်းနဲ့ မဟုတ်ဘူးလား"

ဖေ။ ။"ဟုတ်တယ် ဆရာရဲ့"

ရှား။ ။"အဲဒီလူဟာ လက်သည်ပဲဗျ"

ဖေ။ ။"ဒီလောက်ပြောရုံနဲ့ ဘယ့်နှယ်လုပ်ပြီး မိအောင် ဖမ်းနိုင်မလဲ ဆရာ"

ရှား။ ။"ကိုင်း ကိုင်း၊ ဒီလောက်နဲ့ မလုံလောက်ယင် ဟောဟိုကမိန်းမ ပြောပြပါလိမ့်မယ်ဗျာ" ဟု ပြောသဖြင့် ကျွန်တော်တို့မှာ အံ့သြလျက် ရှိကြခိုက် မိန်းမတယောက်သည် လှေကား လေးဆင့်ကို ပြေး၍ တက်လာသည့် အမူအရာနှင့် မောဟိုက်လျက် အခန်းတွင်းသို့ ဝင်လာသည်ကို မြင်ကြရလေ၏။

ထိုအခါ ဦးစံရှားလည်း ပုလိပ်တို့၏ ကျားမျက်လုံးများကို ထွန်းညှိစေလျက် "လာပါ၊ လာပါ"ဟု မိန်းမအား ခေါ်လေ၏။ ထိုမိန်းမမှာ အခြားမဟုတ်၊ ဒေါ်စိန်ညွန့်၏အခန်းမှ မိန်းမပင် ဖြစ်လေ၏။

---

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ထိုမိန်းမသည် ကျွန်တော်တို့အားလုံးကို မြင်လေလျှင် အံ့ဩသောအမူအရာနှင့် ကြက်သေသေလျက် ရှိရာမှ တဆောင့်၌ အလျှားမှောက်လျက် လဲနေသော မင်းခေါင်ကို မြင်သည်နှင့်ဘပြိုင်နက် "ကောင်းပါလေရဲ့ကွယ်၊ ကောင်းပါလေ့၊ ကောင်းပါလေ့။ နှောင့်ယှက်တဲ့ အကောင်ကြီး ဒီလိုလုပ်မှ ကောင်းတယ်။ ရှင်တို့ ရိုက်လိုက်ကြတာလား"

ဖေ။ ။"ကျွန်တော်တို့က ပုလိပ်အရာရှိတွေပါ"

မိန်းမ။ ။"ဒါဖြင့် ကိုထွန်းအောင်ကော"

ဖေ။ ။"ဘယ်က ကိုထွန်းအောင်လဲဗျာ"

မိန်းမ။ ။"ကိုထွန်းအောင်ခေါ်လို့ ကျွန်မ လာတာရှင့်၊ ကိုထွန်းအောင် ဘယ်မှာလဲ"

ရှား။ ။"ခေါ်တာက ကျွန်တော် ခေါ်တာပါ"

မိန်းမ။ ။"ရှင်ခေါ်တယ်။ ရှင်က ဘယ့်နှယ်လုပ် ခေါ်သလဲ"

ရှား။ ။"မီးရထားမီးအတိုင်းပေါ့ဗျ။ မီးနီပြယင် ဘေးဥပဒ်ရှိသေးတယ်၊ မထွက်နဲ့အုံး။ မီးစိမ်းပြယင် ဘေးမရှိဘူး၊ ထွက်တော့။ ဒီလို မဟုတ်လား"

မိန်းမ။ ။(အံ့ဩသော မျက်နှာထားဖြင့်) "ကျွန်မတို့နည်းကို ရှင် ဘယ်က သိသလဲ"

ရှား။ ။"ဒီလိုပေါ့ခင်ဗျာ၊ ကျွန်တော်တို့ စုံထောက်ဆိုတာမျိုးဟာ ကတ်ကတ်သတ်သတ်လိုက်ပြီး သိရတာပေါ့"

မိန်းမ။ ။"ရန်ကုန်မြို့၊ လမ်း ၄၀ က စုံထောက်ကြီး ဦးစံရှားဆိုတာ ရှင်လား"

ရှား။ ။"မှန်ပါတယ်"

မိန်းမ။ ။"သြော် ကျွန်မက စာရေးဆရာက သူ့ဉာဏ်နဲ့ဆင်ပြီး ဝတ္ထုရေးတာမှတ်တယ်၊ တကယ့် ဦးစံရှားပါကလား"

ဖေ။ ။"ကိုင်း ကိုင်း၊ ဒီက လူသတ်မှုအတွက်နဲ့ ပတ်သက်ပြီး စစ်ဆေးစရာရှိတယ်။ ခင်ဗျား ဌာနာကို လိုက်ခဲ့ရမယ်"

ရှား။ ။"နေပါအုံးဗျ ကိုအုန်းဖေရဲ့၊ လိုက်တာတော့ လိုက်လိမ့်မပေါ့။ ပြောချင်တာရှိယင် ပြောစမ်းပါစေအုံးဗျာ။ ကိုင်း ကျွန်တော်တို့ သိကြရအောင် ခင်ဗျားသိသလောက် ပြောပြစမ်းပါ"

မိန်းမ။ ။"အင်မတန်မှ မိုက်ရိုင်းစော်ကားတဲ့ မင်းခေါင်ကြီးရှင့်။ ငွေပေးလို့လဲ မရ။ တကာတ်တည်း ကတ်ပြီး လိုက်နှိပ်စက်နေတာပဲ။ အစက ဒီလိုပါရှင်။ ကျွန်မတို့ လင်မယား မိုးကုတ်မြို့မှာ ငွေရှင်းကလေး အနည်းငယ်နဲ့ ကျောက်တွင်းတူးတဲ့ အလုပ် လုပ်ပြီးနေကြရာက တနေ့တော့ အဖိုးတန် ပတ္တမြားတလုံးကို တူးလို့ ရကြပါရောရှင်။ ရောင်းလိုက်တဲ့ အခါကျတော့ ငွေသုံးသောင်း ရပါတယ်ရှင်။ ဒီလိုနဲ့ ကျွန်မတို့မှာ ဆင်းရဲရာက ချမ်းသာလာလို့ လင်နဲ့မယား ပျော်ပျော်ပါးပါး နေကြ ထိုင်ကြတုန်းမှာ တနေ့သ၌ခတော့ နေဝင်ရီးရီလောက်မှာ ဟောဒီက မင်းခေါင်ဆိုတဲ့ အကောင်ကြီး ပေါက်လာပါရောရှင်။ ကျွန်မဖြင့် ဒီအကောင်ကြီးကိုမြင်ကတည်းက မေတ္တာခန်းတာပါပဲ။ လူကိုကြည့်လိုက်ယင် စားတော့မလို ဝါးတော့မလို၊ မျက်လုံးကြီးက ပြူးပြူးနဲ့၊ ကျွန်မဖြင့် နည်းနည်းမှ ကြည့်လို့မရဘူး။ ဒါနဲ့ ကျွန်မက ဒီအကောင်ကြီး အိမ်ကို မလာပါစေနဲ့လို့ ကိုထွန်းအောင်ကို ပြောတော့ ကိုထွန်းအောင်က ကိစ္စမရှိပါဘူး ကွယ်လို့ ရယ်ရယ်မောမော ပြောပေမယ့် ကျွန်မစိတ်ကတော့ ဒီအကောင်ကြီးကို ကိုထွန်းအောင်က ကြောက်ရတဲ့လက္ခဏာရှိတယ်။ ကျွန်မက ဒါနဲ့ အကျိုးအကြောင်းမေးကြည့်တော့ သူတို့ ရှေးက သိဟောင်း ကျွမ်းဟောင်းပါပဲတဲ့။ လူပုံက အရုပ်ဆိုးပေမယ့် သဘောကတော့ ကောင်းပါတယ်တဲ့ ပြောပေမယ့်


www.burmeseclassic.com

ကျွန်မစိတ်ကတော့ လားလားမှ မယုံဘူးရှင့်။ သို့သော် သူတို့ ရှေးက ဘယ်လို အဆက်အသွယ်များ ရှိချေမလဲလို့ ကျွန်မလဲ အောင့်အည်းပြီး သည်းခံခဲ့တယ်။ တနေ့သော်လဲ ငွေလာတောင်းယင်း ပေးလိုက်ရယင်း၊ တနေ့သော်လဲ့ လာတောင်းယင်း ပေးလိုက်ရယင်း။ လာပြန်ပြီဆိုမှဖြင့်လဲ ဘယ်တော့မှ အကောင်းလာတယ် မရှိဘူး၊ မူးလျက်ချည်းပဲရှင့်။ သို့သော်လဲ ကိုထွန်းအောင်ကတော့ သူလာတိုင်း မျက်နှာပျက်ပြီး တောင်းသမျှ ငွေကိုသာ ကြောက်ကြောက်နဲ့ပေးနေရရှာတာပါပဲရှင်။ တနေ့ည ၃၀တော့ ည ၉ နာရီလောက်မှာ သူ ပေါက်လာပါရောရှင့်။ ကိုထွန်းအောင်ကလဲ ကိစ္စကလေးတခုနဲ့ အပြင်ထွက်သွားခိုက်ဖြစ်နေလို့ ကိုထွန်းအောင်ရှိမှ လာပါလို့ ပြောယင်ပဲ သူက သွားကြီးဖြဲတဲ့ပြီး ဖြုန်းဆို ကျွန်မလက်ကို လှမ်းဆွဲပါရောရှင်။ ကျွန်မလဲ အနားမှာရှိတဲ့ ဖန်ခွက်နဲ့ ထုမယ်လုပ်တုန်း ကျွန်မလက်ကို အတင်းလိမ်ပြီး ဖန်ခွက်ကို လုယူပြီး ပွေ့လား ဖက်လားနဲ့ပြုလို့ အော်မယ်လို့လုပ်တော့ ကျွန်မပါးစပ်ကို သူ့လက်ကြီးနဲ့ အတင်း ပိတ်ထားတယ်ရှင့်။ ကျွန်မလဲ ကြံရာမရလို့ သူ့မျက်နှာကို ကုတ်လား ဖဲ့လားနဲ့ တတ်အားသမျှ ခုခံပြီးနေတုန်း ဖြုန်းဆို ကိုထွန်းအောင် တက်လာပါရောရှင်။ ကိုထွန်းအောင်လဲ မြင်မြင်ချင်း ဒေါသထွက်လွန်းလို့ ကြောက်စိတ်တွေပျောက်ပြီး လက်ကတုတ်နဲ့ ခေါင်းကို ချပါရောရှင်။ ချပေမယ့် ကျွဲခေါင်း ရိုက်ရတာကမှ နာလိမ့်အုံးမယ်။ သူကဖြင့် နည်းနည်းမှ နာဟန်မတူဘူး။ တချက် နှစ်ချက်ချတော့ ထိုင်ရာက ထတဲ့ပြီး ကိုထွန်းအောင့်ခေါင်းကို လက်သီးနဲ့တချက်သာ ထိုးလိုက်ရ၊ တုံးကနဲဆို ကိုထွန်းအောင်လဲ မူးလဲသွားပါရောရှင့်။ ဒီတွင်မှ ကျွန်မက ငယ်သံပါအောင်အော်လေတော့ အိမ်ပေါ်က ပျာယီးပျာယာ ဆင်းပြေးတာကိုးရှင့်။ နောက်တနေ့တော့ ဘာပြုလို့ ဒီအကောင်ကြီးကို ကြောက်နေရပါသလဲလို့ ကိုထွန်းအောင်ကို မေးတော့ ကိုထွန်းအောင်က မပြောချင့် ပြောချင်နဲ့ ခပ်ငယ်ငယ် မန္တလေးမှာနေတုန်းက ဒေါသအလျောက် လူရိုက်မှုနဲ့ ထောင် ၃ လ ကျဖူးပါတယ်တဲ့။ ဒီအကြောင်းကို လူများသိအောင် ဖွင့်ပြောမယ် ဆိုပြီး ခြောက်ခြောက်ပြီး ပိုက်ဆံတောင်းလို့ ပေးပေးပြီး နေရပါတယ်တဲ့။ ကျွန်မတို့မှာ မိုးကုတ်မြို့ပေါ်မှာတော့ မျိုးရိုးနဲ့တကွ လူကြီးလူကောင်း အနွယ်အဆက်ဖြစ်လေတော့ လူသိယင် အရှက်ကွဲချေရဲ့။ ဒီအကောင်ကြီးကလဲ ဒေါသအလျောက် ပြောချင်ယင် ပြောမှာ ကြောက်ရတယ်။ ဒီမိုးကုတ်မြို့မှာဖြင့် မနေဘူးဆိုပြီး နောက်တနေ့ ညတွင်းချင်း မော်တော်ကားနဲ့ ပြေးလာခဲ့ကြတာကိုးရှင့်။ ပြေးလာကြပြီး ရွှေဘိုနယ်က ရွာတရွာမှာ သွားပြီးနေ၊ တလလောက်ကြာတော့ မောင်မင်းကြီးသား ပေါ်လာပြီး ငွေတောင်း၊ ငွေတောင်းတော့ ကျွန်မတို့က မပေးဘူးရှင့်။ ဒီတော့ နင်တို့ သေကြပေတော့တဲ့။ နင်တို့ပိုက်ဆံကို အရှင်လတ်လတ် မရယင် အသေသတ်ပြီးမှ ယူမယ်တဲ့။ ကြိမ်းဝါးပြီး ထွက်သွားပါရောရှင်။ ဒါနဲ့ ကျွန်မတို့လဲ ညတွင်းချင်းပဲ ထွက်ပြေးလာခဲ့ကြပြီး ရန်ကုန်ကိုလာခဲ့ကြ။ မျှားမကြာဘူး၊ သူပေါက်လာရောရှင်။ ဒီတော့မှ ကျွန်မတို့ တိတ်တိတ်ပုန်း အိမ်ငှားပြီး ကိုထွန်းအောင်က သူလဲ အကြံနဲ့၊ ငါလဲ အကြံနဲ့၊ အကြံသာသူက နိုင်ကြရောပေါ့ကွယ်တဲ့။ ကြိမ်းဝါးပြီး ကျွန်မနဲ့အတူမနေပဲ တယောက်တည်း အကြံအစည် ပြုနေတာကိုးရှင့်။ သူ့အကြံ အထမြောက် မမြောက်တော့ ရှင်တို့ပဲ စုံစမ်းကြပေတော့။ ကိုင်း ဒါပါပဲရှင်”

ထို့နောက် ကျွန်တော်တို့သည် မင်းခေါင်ကို ဆေးရုံသို့ ပို့လိုက်ကြလေ၏။

မင်းခေါင်သည် အသက်မသေပဲ ချမ်းသာရာ ရလေရာ တရားခံမှာ မိမိကိုယ်ကို မိမိ ကာကွယ်ရာ၌ ရိုက်နှက်ခြင်းဖြစ်သောကြောင့် အပြစ်ပေးခြင်း မခံရပဲ လင်နှင့်မယား ချမ်းမြေ့စွာ ပေါင်းသင်း နေထိုင်ကြလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၆။ စာမေးပွဲ မေးခွန်းစာရွက်များ ပျောက်ဆုံးမှု*

တနေ့သ၌ ကျွန်တော်သည် တိုက်ရှေ့ ပြတင်းပေါက်အနီးတွင် သတင်းစာဖတ်လျက်ရှိစဉ် မိတ်ဆွေကြီး ဦးစံရှားမှာ ဝါနုသော စုံထောက်ကလေးများ ဖတ်ရှုလေ့လာ မှတ်သားရန်အတွက် ဆေးပြာ အမျိုးမျိုး အကြောင်းကို စာတန်းကလေးတအုပ် ရေးထုတ်ရန် စီစဉ်ခြင်းအားဖြင့် အလွန် အလုပ်များလျက် ရှိ၏။ ဦးစံရှားမှာ သတင်းစာ၌ အဆန်းအပြား သတင်းများကို ကျွန်တော်က ပြန်ပြောင်း ပြောပြသည်ကိုပင် နားမထောင်အားပဲ "နေစမ်းဗျာ ကိုသိန်းမောင်"ဟု မငြင်းစဖူး ငြင်းဆန်လိုက်သေး၏။ ယင်းသို့ ရှိစဉ် အသက် ၄၀ ကျော် အရွယ်ခန့်ရှိ၍ မျက်မှန်ဝိုင်းကြီး တပ်ထားသော အင်္ဂလိပ်လူမျိုးတယောက် တက်လာရာ ဦးစံရှားက "ဟလို၊ ပရော်ဖက်ဆာ ဆမစ်"ဟု နှုတ်ဆက်လိုက်သဖြင့် သိဟောင်း ကျွမ်းဟောင်းတယောက် ဖြစ်ကြောင်း သိရှိရ၏။

ပရော်ဖက်ဆာ ဆမစ်ဆိုသူသည် ပျာယီးပျာယာရှိသော အမူအရာဖြင့် ကုလားထိုင်တွင် ထိုင်ပြီးနောက် "ကိစ္စကလေးတခု အရေးကြီးနေလို့ တနာရီလောက် အားလပ်လို့ရှိယင် ကျုပ်ကို ကူညီစမ်းပါ မိတ်ဆွေ"ဟု ပြောရာတွင်—

"သည်းခံပါ ပရော်ဖက်ဆာ၊ အင်မတန် အလုပ်ရှုပ်နေလွန်းလို့ ပုလိပ်တတ်နိုင်တဲ့ ကိစ္စမျိုးဖြစ်ယင် ပုလိပ်ဆီကို သွားဖို့ ကျွန်တော် တောင်းပန်ပါတယ်"

"ပုလိပ်ကို တိုင်တန်းရယင် ယူနီဗာစီတီ တခုလုံး နာမည်ပျက်ကုန်တော့မယ် မိတ်ဆွေ။ တောင်းပန်ပါရစေဗျာ၊ ခင်ဗျားကိုယ်တိုင် တဆိတ်လောက် လိုက်ပြီး ကူညီစမ်းပါအုံး။ ခင်ဗျားကလွဲလို့ ဘယ်သူမှ တတ်နိုင်မယ့် ကိစ္စမျိုး မဟုတ်လို့ပါ။ မကြာပါဘူးဗျာ ခဏလေးပါ"

ဦးစံရှားမှာ ငြင်းပယ်၍ ရတော့မည် မဟုတ်ကြောင်းကို သိမြင်လေရကား စာရွက်များကို ချထားခဲ့၍ နားထောင်ရန် ပြင်ဆင်လေ၏။

"ကိုင်း ဒါလောက်တောင်ရှိမှ ဆိုစမ်းဗျာ ပရော်ဖက်ဆာ"

"ဒီလို ဦးစံရှားရဲ့၊ မနက်ဖြန်ခါ ပါဠိဘာသာ ပညာတော်သင်လွှတ်ဖို့ ကိစ္စအတွက် စာမေးပွဲလုပ်ဖို့ ရက်ချိန်းထားတယ်။ တနှစ်ကို ရွှေဒင်္ဂါး သုံးရာနဲ့ ဘိလပ်မှာ နှစ်နှစ် ပညာသင်ရမယ့်ကိစ္စ ဖြစ်လေတော့

* ဤဝတ္ထုကို 'စာမေးပွဲ မေးခွန်းစာရွက်များ ပျောက်ဆုံးမှု၌ မောင်စံရှား စုံထောက်ပုံ' အမည်ဖြင့် သူရိယမဂ္ဂဇင်း၊ ၁၉၁၉၊ နိုဝင်ဘာ၊ အတွဲ ၃၊ အမှတ် ၁ တွင် ပထမဆုံး ပုံနှိပ်ဖော်ပြသည်။ ဤဝတ္ထုကိုပင် 'မေးခွန်းပုစ္ဆာ' အမည်ဖြင့် ပြောင်း၍ မြန်မာပြည် စာအုပ်တိုက်မှ ဒုတိယတွဲတွင် လည်းကောင်း၊ နှလုံးလှစာအုပ်တိုက်မှ ပထမတွဲတွင် လည်းကောင်း ပုံနှိပ်ဖော်ပြသည်။ မူရင်းဝတ္ထုကို ဤနိုင်ငံခြား၏ ဝတ္ထုတိုများတွင် မတွေ့ရ။

www.burmeseclassic.com


ဘီအေတွေ၊ ဘီအက်စ်စီတွေ တပုံကြီး ဝင်ဖြေကြလိမ့်မယ်။ မေးခွန်းပုစ္ဆာထဲမှာ ပါဠိဘာသာက မြန်မာလို ပြန်ဖို့ စာပိုဒ်ကြီးတပိုဒ် ပါတယ်။ ဒီမေးခွန်းကို ကြိုတင်ပြီး သိထားနှင့်လို့ရှိယင် ဖြေဆိုသူအဖို့ အပုံကြီး အကျိုးများမယ်ပေါ့ဗျာ။ ဒါကြောင့် မေးခွန်းပုစ္ဆာကို လူမမြင်စေရအောင် ကျုပ်တို့ အထူး ဂရုစိုက်ဖို့ အရေးကြီးတာကိုးဗျ''

''ခင်ဗျားက ပါဠိဘာသာ ကိုင်ရတယ် မဟုတ်လား''

''မှန်ပါတယ်။ ဒီကနေ့ ညနေ ၃ နာရီ အချိန်လောက်မှာ အစိုးရ စာပုံနှိပ်တိုက်က မေးခွန်းပုစ္ဆာ 'ပရွတ်' စာရွက်သုံးရွက်ကို ကျုပ်ဆီပို့လိုက်တယ်။ ဒီမေးခွန်းဟာ တလုံးမှ အမှားအယွင်း မပါစေရအောင် ဂရုစိုက်ဖို့လိုတဲ့အတွက် 'ပရွတ်'ကို ပုံနှိပ်တိုက်က မမြင်စေပဲ ကျုပ်ကိုယ်တိုင် ပြင်ပေးဖို့ ပို့လိုက်ခြင်းဖြစ်တယ်။ ၃ နာရီခွဲသော်လဲ စာပြင်လို့က မပြီးသေး၊ မိတ်ဆွေပရော်ဖက်ဆာတယောက်ကလဲ ဒီအချိန်မှာ လက်ဖက်ရည်သောက် ဖိတ်ထား၊ ဒီတော့ ကျုပ်က 'ပရွတ်' စာရွက်တွေကို စားပွဲပေါ်မှာ ထားခဲ့ပြီး အခန်းတံခါးကို သော့ခတ်ထားခဲ့တာကိုးဗျ။ နာရီဝက်ကျော်ကျော်ကြာတော့ လက်ဖက်ရည်သောက်ပြီးလို့ ပြန်လာတော့ အခန်းတံခါးမှာ သော့တန်းလန်းကြီး တွေ့ချေတော့တာကိုး။ ဒါနဲ့ ကျုပ်က ကျုပ်မေ့ပြီး သော့တန်းလန်းထားခဲ့လေရော့သလားလို့ အိပ်ထဲမှာ သော့စမ်းကြည့်တော့ ကျုပ်သော့လဲ ရှိတယ်ဗျ။ သို့သော် သော့တူတချောင်း ဘယ်သူ့မှာရှိသလဲဆိုတော့ ကျုပ်အစေခံ မှတူးဆာမိဆိုတဲ့ ကုလားအဘိုးကြီးဆီမှာ ရှိတယ်။ ဒီအဘိုးကြီးဟာ ကျုပ်ဆီမှာ အလုပ်လုပ်တာ ၁၀ နှစ်လောက်ရှိပြီ ရိုးသားလိုက်တာတော့ မပြောနဲ့တော့။ ကျုပ်ကိုယ်ကို ကျုပ်ယုံကြည်သလောက် ဒီအဘိုးကြီးကို ကျုပ် ယုံကြည်နိုင်ပါရဲ့။ ဒီလောက်ပဲ ရိုးသားဖြောင့်မတ်တဲ့ ကုလားကြီးပါ။ ဒါနဲ့ သူ့ကို ခေါ်မေးကြည့်တော့ တံခါကသော့ဟာ သူ့သော့ပါတဲ့။ ကျုပ်ကို လက်ဖက်ရည်သောက်အုံးမလားလို့ အခန်းထဲ ဝင်မေးရာမှာ ကျုပ်ကို မတွေ့တာနဲ့ ပြန်ထွက်လာတော့ သော့ကို မေ့ထားခဲ့မိပါတယ်တဲ့။ ကျုပ်ထွက်သွားပြီးတဲ့နောက် မကြာမီ အတွင်းမှာပဲ အခန်းထဲ သူဝင်တဲ့လက္ခဏာနဲ့တူရဲ့။ သော့မေ့ကျန်ရစ်တာက ဒီ့ပြင်အခါမှာ ကိစ္စမရှိလှဘူး။ ဒီနေ့ ဒီရက်မှာတော့ သိပ်ဂွကျကုန်တာပဲ ဦးစံရှားရယ်''

''ဆိုပါအုံးဗျ''

''အခန်းထဲ ကျုပ်ဝင် ဝင်ချင်း စာရွက်တွေ ခြေရာ လက်ရာ ပျက်နေတာ တွေ့ရတော့တာကိုးဗျ။ ကျုပ်ထားခဲ့တုန်းက 'ပရွတ်'စာရွက် သုံးရွက်လုံးကို အခန်းလယ်က စားပွဲကြီးပေါ်မှာ တင်ထားခဲ့တယ်ဗျ။ ပြန်လာလို့တွေ့တော့ တရွက်က ကြမ်းပေါ်မှာ၊ တရွက်က ပြတင်းပေါက်နားက စားပွဲကလေးပေါ်မှာ၊ စားပွဲကြီးပေါ်မှာတော့ တရွက်တည်းသာ ကျန်တော့တယ်ဗျ''

''ပထမစာရွက်ဟာက ကြမ်းပေါ်မှာ၊ ဒုတိယစာရွက်က ပြတင်းပေါက်နားမှာ၊ တတိယစာရွက်က စားပွဲကြီးပေါ်မှာ ဟုတ်စ''

''မှန်တယ်၊ ဒီအတိုင်းပဲ။ ဒါထက် ခင်ဗျား ဘယ့်နှယ်လုပ်ပြီး ပထမ၊ ဒုတိယ ခွဲခြား သိနိုင်သလဲ''

''ပြောသာ ပြောပါ၊ နောက်တော့ ရှင်းသေးတာပေါ့''

''ပထမတော့ စာရွက်တွေကို မှတူးဆာမိ ယူကြည့်လေရော့သလားလို့ ထင်မိတယ်။ သို့သော် သူ့စစ်ကြည့်တော့ မဟုတ်ရပါဘူးတဲ့၊ ပြောရှာတယ်။ သူပြောတာ အမှန်ပဲလို့လဲ ကျုပ်ယုံကြည်တယ်၊ ဒီတော့ကာ သူမဟုတ်ယင် ဘယ်သူ ဖြစ်နိုင်မလဲတဲ့။ စဉ်းစားလိုက်တော့ တယောက်ယောက်ဟာ တံခါးအနီးက ဖြတ်သွားရာမှာ သော့တန်းလန်းနဲ့မြင်လေတော့ ကျုပ်မရှိမှန်းကိုလဲ သိတာနဲ့ အခန်းထဲဝင်၊ စက္ကူတွေကို

www.burmeseclassic.com


မွေကြည့်ဟန်ရှိတယ်။ ပညာတော်သင်ကိစ္စဟာ ငွေ လေး ငါး ရစ်ထောင် တန်တဲ့အပြင် တသက်လုံး အလုပ်အကိုင်ရဖို့ အရေးပါ ထည့်ကြည့်ယင် အများကြီး အဖိုးတန်တဲ့ အလုပ်ဖြစ်လေတော့ မရိုးဖြောင့်တဲ့ လူတယောက်ဟာ ဒီမေးခွန်းပုစ္ဆာကို မြင်ရဖို့အတွက် အတော် ကြိုးကြိုးပမ်းပမ်း စွန့်စားလိမ့်မယ်လို့ ယူဆထိုက်ပါတယ်''

''အမှန်ပေါ့ ပရော်ဖက်ဆာ''

''ကျုပ်အစေခံ ကုလားကြီး မူတူးဆာမိဟာလဲ မေးခွန်းစာရွက်တွေကို လူဝင်မွှေသွားကြောင်း သိရတော့ ဘယ်လောက်များ တုန်လှုပ်ရှာသလဲဆို ကုလားထိုင်ပေါ်မှာ ယိုင်ပြီး လဲသွားရှာတယ်။ ဒါနဲ့ မူတူး လဲနေတုန်း ကျုပ်က အခန်းကို သေသေချာချာ ကြည့်ပြန်တော့ လူဝင်တဲ့ အထိမ်းအမှတ်များကို ထပ်ပြီး တွေ့ရပြန်တယ်။ ပြတင်းနောက်နားက စားပွဲဝိုင်းကလေးပေါ်မှာ ခဲတံချွန်ထားတဲ့ အစအနကလေးတွေရယ်၊ ခဲတန်က ကျိုးခဲ့တဲ့ ခဲကျိုးကလေးတခုရယ် တွေ့ရတယ်ဗျ။ လက္ခဏာကတော့ ကတိုက်ကရိုက် ကူးရတာနဲ့ ခဲတံကျိုးပြီး ထပ်ချွန်ရပြန်တယ် ထင်ပါရဲ့''

''မှန်တယ်။ ဒီတချက်တွေးပုံ တော်ပါပေတယ်ဗျ။ ဆိုပါအုံး''

''ဒါတင် မကသေးဘူးဗျ။ ရှိသေးတယ်။ ကျုပ်စားပွဲကလေးဟာ သားရေခင်းဗျ။ ဝယ်ထားတာ မကြာသေးဘူး။ အခုတော့ သားရေမှာ သုံးလက်မလောက် ပြတ်နေတာ တွေ့ရတယ်။ ပြီးတော့လဲ စားပွဲအစွန်းနားမှာ လက်မလောက်ရှိတဲ့ ရွှံ့လုံးကလေး တလုံးလဲ တွေ့ရတယ်။ ရွှံ့လုံးကို သေသေချာချာ ကိုင်ကြည့်တော့ လွှစာနဲ့ ရောနေတာ တွေ့ရတယ်''

''ဒီ့ပြင်ကော ဘာများ တွေ့ရသေးသလဲ''

''ဒီ့ပြင်တော့ မရှိဘူး။ ဒီဟာတွေ့တော့ ဘယ့်နှယ်လုပ်ရပါ့မလဲလို့ အခက်ကြုံနေတုန်း ဖြုန်းဆို ခင်ဗျား သတိရလေတော့ ပြေးလာခဲ့တာပဲ။ ဒီလူကို တွေ့အောင်ရှာယင်လဲ ရှာရမယ်။ မရှာနိုင်ခဲ့လို့ရှိယင်လဲ စာမေးပွဲကို ရက်ရွှေ့ရလိမ့်မယ်။ ဒီအတိုင်း ကျင်းပယင်တော့ ကျုပ် ခွေးဖြစ်ဖို့ ရှိတော့တယ်။ တဆိတ် လုပ်ပါအုံးဗျ။ အဖြစ်အပျက်ကို ကျောင်းအုပ်ကြီး ဖွင့်ပြောနေရယင် အနည်းဆုံး ပေါ့လျော့မှုနဲ့ ကျုပ် နာမည်ပျက်တော့မှာပဲ။ ဒီတော့ တိုးတိုးတိတ်တိတ်ကြိတ်ပြီး ကူညီစမ်းပါအုံး ဦးစံရှားရယ်''

ဦးစံရှားသည် ထိုင်ရာမှထ၍ အဝတ်များ လဲလှယ်ယင်း ''ပရွှတ်စာရွက်တွေ ရောက်လာပြီးတဲ့နောက် အခန်းထဲကို ဘယ်သူ လာသေးသလဲ''ဟု မေးခွန်းထုတ်လေ၏။

''မိုဟန်လားဆိုတဲ့ ကုလားကျောင်းသားတယောက်လာပြီး စာမေးပွဲအကြောင်းကို မေးတယ်''

''ဒီစာမေးပွဲမှာ သူလဲ ဝင်သလား''

''ဝင်ပါတယ်''

''သူဝင်လာတုန်းက စာရွက်တွေ ဘယ်မှာရှိသလဲ''

''စားပွဲပေါ်မှာ လိပ်လျက်ရှိပါတယ်''

''ပရွှတ်စာရွက်ပဲလို့ သိနိုင်လောက်သလား''

''သိနိုင်လောက်ပါတယ်''

''ဒီ့ပြင် ဘယ်သူမှ မလာဘူးလား''

''မလာပါ''

''စာရွက်တွေ အခန်းထဲမှာ ရှိလိမ့်မယ်လို့ သိတဲ့လူ ရှိသလား''

''မရှိပါ။ ပုံနှိပ်တိုက်ကသာ သိပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"မူတူးဆာမိကော သိသလား"

"မသိပါ"

"မူတူးဆာမိ ဘယ်မှာနေရစ်သလဲ"

"ခင်ဗျားဆီလာဖို့ အရေးကြီးနေတာနဲ့ သူ့ကို အခန်းထဲမှာ ထားပစ်ခဲ့ရပါတယ်"

"စာရွက်တွေကော ဘယ်မှာ ထားပစ်ခဲ့သလဲ"

"ဗီရိုထဲမှာ သော့ခတ်ထားခဲ့ပါတယ်"

"ဒါဖြင့် ဒီလို စဉ်းစားဖို့ရှိတယ်။ စာရွက်ကို မွှေတဲ့လူဟာ မိုဟန်လား မဟုတ်ခဲ့လို့ ရှိယင် စာရွက်ရှိမှန်းကို သိလို့မဟုတ်ပဲ မတော်တဆ ဝင်လာယင်းနဲ့ စာရွက်တွေကို မြင်းသွားလို့ ယူကြည့်မိဟန် တူတယ်။ မဟုတ်လား"

"ဒီလိုပဲ ထင်စရာရှိပါတယ်"

"ကိုင်း ဒါဖြင့် လာ၊ ကျုပ်လိုက်ကြည့်အုံးမှ ဖြစ်မှာပါပဲ။ လာဗျို ကိုသိန်းမောင်၊ လိုက်ခဲ့အုံးလေ"

× × ×

ပရော်ဖက်ဆာ ဆမစ်၏အိမ်မှာ ကျောင်းသားများနေသော ကျောင်းဆောင်နှင့် ပေ ၅၀ ခန့်သာ ကွာခြားလေ၏။

ကျောင်းသားများမှာ စာကျက်လျက် ရှိကြရာ ကျွန်တော်တို့သည် နေဝင်ရီတရောအချိန်တွင် ရောက်သွားကြ၏။ ဦးစံရှားသည် ပရော်ဖက်ဆာ၏ အခန်းတွင်းသို့ မဝင်သေးမီ ပြတင်းပေါက်မှ ခြေဖျားထောက်ကာ အခန်းတွင်းသို့ လှမ်းကြည့်လိုက်သေး၏။

ဆမစ်။ ။"ပြတင်းပေါက်က ဝင်တာ မဟုတ်ပါဘူးဗျ။ တံခါးပေါက်က ဝင်မှာပဲ" ဟု ပြောလိုက်သောအခါ ဦးစံရှားသည် မျက်နှာထားတမျိုးနှင့် ပြုံးလိုက်၏။

ယင်းနောက် ဆမစ်သည် အခန်းတံခါးကို သော့နှင့်ဖွင့်၍ အခန်းတွင်းသို့ အားလုံး ဝင်လာကြသောအခါ ဦးစံရှားက "မူတူးဆာမိကို ကုလားထိုင်ပေါ်မှာ ထားပစ်ခဲ့ရတယ်ဆို၊ ဘယ်ကုလားထိုင်လဲ" ဟု မေးသဖြင့် "ပြတင်းပေါက်နားက ဟောဟို ကုလားထိုင်ပဲ"ဟု ပရော်ဖက်ဆာက လက်ညှိုးညွှန်လျက် ပြောပြလေ၏။

"ဩော် ဩော် ဒီစားပွဲကလေးနားမှာ ဟုတ်စ။ ကိုင်း စားပွဲကလေးကို အလျင်ကြည့်ကြစို့။ ဖြစ်ပျက်ပုံကတော့ တော်တော် ထင်ရှားသားပဲဗျ။ သူခိုးက အခန်းထဲဝင်လာ၊ စားပွဲကြီးပေါ်က စာရွက်တွေကို တရွက်ပြီးတရွက် ယူကြည့်၊ ကြည့်တော့ ဘယ်နေရာမှာ ကြည့်သလဲတဲ့။ ဟောဒီ ပြတင်းပေါက်နားမှာ ကြည့်တယ်၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားပြန်လာလို့ရှိယင် မြင်လဲ မြင်နိုင်အောင်၊ ပြေးလဲ ပြေးသာအောင်။ ဟုတ်ဘူးလားဗျ"

"ဟုတ်တော့ ဟုတ်ပါလိမ့်မယ်။ နို့ပေမယ့် ကျုပ်က တံခါးမကြီးက မဝင်ဘူး။ နံဘေးတံခါးကလေးက ဝင်ခဲ့တယ်"

"ဩော် ဟုတ်လား။ နို့ပေမယ့် သူ့ကြံရွယ်ချက်က ကျုပ်ပြောသလိုပဲ။ ဘယ်မှာလဲ ပရွတ်စာရွက်တွေ၊ ပြစမ်းပါအုံး။ လက်ရာများ မကျန်ရစ်ခဲ့ဘူးလား"ဟု ပြော၍ ဦးစံရှားသည် မှန်ဘီလူးဖြင့် စာရွက်များကို ကြည့်ပြီးနောက် ဘာမျှမတွေ့ဟန်နှင့် ဦးခေါင်းယမ်းလေ၏။ ထို့နောက်—



www.burmeseclassic.com

www.burmeseclassic.com

"ရှေးဦးစွာ ၁ နံပါတ်စာရွက်ကိုယူ၊ ဒီနေရာမှာ ကူးတာ ဘယ်လောက်ကြာမလဲ။ လက်ရေးမြန်မြန်နဲ့ ကူးယင် ၁၅ မိနစ်လောက်ကြာမယ်၊ ဟုတ်စ။ ၁ နံပါတ် ကူးပြီးတော့ ကြမ်းပေါ် ပစ်ချပြီး ၂ နံပါတ်စာရွက်ကို ကူးယူနေတုန်းမှာ ခင်ဗျားပြန်လာလို့ ကတိုက် ကရိုက် ထွက်ပြေး၊ ဘယ်လောက်များ ကတိုက် ကရိုက် ပြေးရသလဲဆို စာရွက်တွေကို နေရာတကျ ပြန်မထားနိုင်တာကို ကြည့်တော့။ ဒါထက် နံဘေးတံခါးက ခင်ဗျားဝင်လာတော့ လှေကားပေါ် တက်ပြေးတဲ့ ခြေသံများ မကြားလိုက်မိဘူးလား"

"မကြားမိပေါင်ဗျာ"

"ခင်ဗျားပြောတဲ့အတိုင်း ကတိုက်ကရိုက် ကူးရတဲ့အတွက်ကြောင့် ခဲတံကျိုးလို့ ဓားနဲ့ချွန်၊ ခဲတံက ခဲပျော့ဗျ။ အပေါ်ကဆေးရောင်က ခရမ်းရောင်။ ကုမ္ပဏီနာမည်ကို နှိပ်ထားတာက ငွေမင်နဲ့။ ခဲတံအလျားဟာ တလက်မခွဲဘက် မရှည်နိုင်ခြင်းကို ထောက်ခြင်းအားဖြင့် အစွပ်နဲ့ တပ်ရေးရတဲ့ ခဲတံနဲ့တူရဲ့။ အဲဒီခဲတံမျိုးနဲ့ ဓမောင်းချွဓား ကြီးကြီးတုံးတုံး ကိုင်တဲ့လူကို တွေ့အောင်ရှာနိုင်ယင်တော့ ကျုပ်တို့လူ မိပြီပဲဗျ"

- (အံ့ဩဟန် မျက်နှာထားဖြင့်) "ဒီ့ပြင် အချက်တွေတော့ ကျုပ် နားလည်နိုင်ပါရဲ့ဗျာ၊ ခဲတံတိုတိုဆိုတာ ခင်ဗျား ဘယ့်နှယ် သိနိုင်သလဲ"

(ခဲတံချွန်ထားသည့် သစ်သားစကလေးများပြလျက်) "ဟောဒီမှာ ကြည့်စမ်း၊ ( N.N ) ဆိုတဲ့ စာလုံး တွေ့တယ်ဟုတ်စ။ ဒီဟာ ဘာလဲ။ 'ဂျွန်ဖေးဘာ'ဆိုတဲ့ ကုမ္ပဏီနာမည် မဟုတ်လား။ ဒီစာလုံးဟာ ခဲတံအစွန်းနားမှာ ရိုက်နှိပ်မြဲ ထုံးစံရှိတဲ့အတွက် ခဲတံတိုတိုလို့ ကျုပ်ဆိုတယ်"

"ဒီဘက်က အလျင်စပြီး ချွန်ယင်ကောဗျ"

"မှန်တယ်၊ သို့သော် ဒီဘက်က စချွန်ယင် ဓားစာဟာ ဒီလိုမနေဘူး။ ပြောင်းပြန် ဖြစ်ရမယ်ဗျ။ ဟုတ်ဘူးလား"

"ဟုတ်ပါပေ့ဗျာ။ ဆိုပါအုံး"

"သူကူးရေးတာ စက္ကူဖြစ်ခဲ့ယင် သားရေခင်းထားတဲ့ စားပွဲပေါ်မှာ အရာထင်ရစ်ရမယ်။ အခုတော့ ကျုပ်ကြည့်လို့ သာမှုမတွေ့ဘူး။ ကိုင်း စားပွဲကြီးပေါ် ကြည့်ကြစမ်းအုံးစို့။ ရွှံလုံးကလေး တွေ့တယ်ဆိုတာ ဘယ်မှာလဲ။ မှန်းစမ်း၊ အလယ်မှာ အပေါက်ကလေးနဲ့ပါလား။ ဟုတ်တယ်ဗျို၊ လွှစာမှုန့်ကလေးတွေပဲ။ စားပွဲကလေးမှာ သားရေစုတ်သွားတကဆိုတာ ဒီဟာလား။ ခြောင် စုတ်တဲ့အရာယ် တဘက်မှာ ခပ်ကျဉ်းကျဉ်း၊ တဘက်မှာတော့ ကျယ်ပြီး အပေါက်ကလေးတောင် ဖြစ်နေပါသေးလား။ ကျေးဇူးတင်တယ် ဖခေါ်ဖက်ဆာ။ ဒီအမှုကလေးဟာ ကျုပ်ထင်သလောက် မကပေဘူး။ အပုံကြီး စိတ်ဝင်စားစရာကောင်းပေတာပဲ။ ဟိုတံခါးက ဘယ်ဆီသွားတဲ့ တံခါးလဲ"

"ကျုပ်အိပ်ခန်းသွားတဲ့ တံခါးပဲ"

"ဒီလိုဖြစ်ပြီးမှ အခန်းထဲ ရောက်ပြီးပြီလား"

"မရောက်သေးဘူး။ ခင်ဗျားဆီ တန်းလာခဲ့တာပဲ"

"ကျုပ် ဝင်ကြည့်ချင်တယ်ဗျာ၊ ပြစမ်းပါ။ အောင်မယ် တယ်ကျယ်တဲ့ အိပ်ခန်းကြီးပါကလား။ ခင်ဗျားတို့က ဒီအနားက စောင့်နေကြစမ်း။ ကျုပ်ဝင်ကြည့်စမ်းမယ်။ ကြမ်းပေါ်မှာတော့ ဘာမှ မတွေ့ဘူးဗျို။ ဒီကန့်လန့်ကာ နောက်မှာ ဘာတွေရှိသလဲ၊ အဝတ်တွေ ချိတ်ထားတာလား။ ဒီအခန်းထဲမှာ တယောက်ယောက် ဝင်ပုန်းလို့ရှိယင် ဒီနေရာမှာ ပုန်းရမှာပဲ။ မှန်းစမ်း"

ဦးစံရှားသည် ကန့်လန့်ကာကို လက်ဖြင့် ဖယ်ရှားသောအခါ၌ ယင်း၏ မျက်နှာထားမှာ တစုံတခု တွေ့ရလိမ့်မည်ဟု မျှော်လင့်ဟန်ရှိ၏။ သို့ရာတွင် ကန့်လန့်ကာနောက်တွင် ကုတ်အင်္ကျီ နှစ်ထည်မှတပါး

www.burmeseclassic.com

ဘာကိုမျှ မတွေ့ရချေ။ ယင်းနောက် ဦးစံရှားသည် ကန့်လန့်ကာကို ပြန်ချ၍ ကျွန်တော်တို့ဘက်သို့ လှည့်လိုက်ရာတွင် ကြမ်းပေါ်၌ တစုံတခုမြင်သည်နှင့် ကုန်း၍ကောက်ပြီးနောက် လက်ဝါးပေါ်တွင် တင်ကာ မာတ်မီးရောင်တွင် ဖြန့်ပြလေ၏။

ထိုအရာသည်ကား စားပွဲပေါ်တွင် တွေ့ရသည်ဆိုသော ရွှံ့လုံးကလေးနှင့် တပုံစံတည်း ဖြစ်သည့် အပြင် လွှစာမှုန့်များလည်း အလားတူစွာ ကပ်ပါလျက် ရှိလေ၏။

"ဘယ့်နှယ်လဲ ပရော်ဖက်ဆာ၊ ခင်ဗျားလူက ရှေ့ခန်းထဲမှာသာမကာ အိပ်ခန်းထဲမှာတောင် ခြေရာ လက်ရာ ထားခဲ့ပါကောလား"

"ဒီအထဲမှာ သူ ဘာဝင်လုပ်ပါလိမ့်"

"ဘာဝင်လုပ်ရမှာလဲဗျ၊ ခင်ဗျားက မထင်တဲ့တံခါးပေါက်က ဝင်လာတော့ ခင်ဗျားလူ ပြေးဖို့ အချိန်မရအောင် ဖြစ်နေတာနဲ့ သူ့ပစ္စည်းသူ ကောက်မိကောက်ရာ ကောက်ယူခဲ့ပြီး ခင်ဗျားအခန်းထဲ ဝင်ပုန်းနေတာပေါ့"

"အလိုလေးဗျာ၊ ကျုပ်က မူတူးဆာမိနဲ့ ရှေ့ခန်းမှာ စကားပြောနေတုန်း ဒီအကောင်က ကျုပ် အိပ်ခန်းထဲမှာ ရှိနေတယ်ပေါ့လေ။ သိမှ မသိလိုက်ရလေဗျာ"

"အစစ်ပေါ့ဗျ"

"ဟုတ်တယ်ဗျို့၊ အိပ်ခန်းပြူတင်းပေါက်ကတော့ ဘယ်နည်းနဲ့မှ သူ ခုန်မထွက်ဝံ့ဘူး။ ထွက်ခဲ့လို့ ရှိယင် ဟိုဘက်ကျောင်းဆောင်က လူတွေမြင်ပြီး ကေန်မုချ မသင်္ကာစရာ ဖြစ်တော့မှာကိုး။ ဟုတ် ပြီဗျို့။ ဒီအခန်းထဲမှာ သူပုန်းနေတာ အမှန်ပဲ ဖြစ်ရမယ်"

"ဒါထက် ဟိုကျောင်းဆောင်အပေါ်ထပ်မှာ ဒီစာမေးပွဲဝင်ဖြေမယ့် ကျောင်းသားဘယ်နှစ်ယောက် ရှိသလဲ"

"သုံးယောက် ရှိပါတယ်"

"ခင်ဗျားပြောတဲ့ မိုဟန်လားဆိုတဲ့ ကုလားကျောင်းသားရောလား"

"ဟုတ်ပါတယ်"

"သူတို့ သုံးယောက်ထဲမှာ ဘယ်သူ့ကို ခင်ဗျား ပိုပြီး မသင်္ကာသလဲ"

(ဆိုင်းလင့်နေပြီးနောက်) "တယ်သိမ်မွေ့တဲ့ အလုပ်ဗျ။ သက်သေခံ မခိုင်လုံပဲ မသင်္ကာရုံနဲ့ ဖွင့် ပြောဖို့ တယ်ခက်တာပဲ"

"မသင်္ကာတာကိုသာ ပြောပါလေ၊ သက်သေခံရဖို့တော့ ကျုပ်တာဝန် ထားလိုက်ပါ"

"ဒီလိုဗျ။ ဒီကျောင်းသားသုံးယောက်ရဲ့ အကျင့်စာရိတ္တကို ကျုပ်သိသလောက် အကျဉ်းချုပ် ပြောပြမယ်။ ၁ နံပါတ် ကျောင်းသားက မောင်ဘအုန်းတဲ့ဗျ။ တောလုံးသမားလဲ ဟုတ်တယ်။ ယူနီဗာစီတီ ဘုတ်ကလပ်မှာလဲ ပါတယ်။ အပြေးအခုန်မှာ ကစားမျိုးစုံမှာ ပထမဆုတွေချည်းရတဲ့ သူငယ်ပဲဗျ။ လူပုံ်နန်းကလဲ ထောင်ထောင် မောင်းမောင်း ခန့်ခန့်ညားညား ယောကျ်ားပီပီပါဘိသနဲ့။ သူ့အဖေ ကတော့ ဆန်စက် သုံးလေးလုံး ပိုင်ရှင်ဖြစ်ပြီးမှ မြင်းကန်တာနဲ့ လိမ့်သွားတဲ့လူပေါ့လေ။ သို့သော်လဲ ဆင်ပိန်တော့ ကျွဲလောက် ဆိုတာလို သူ့သားကိုတော့ ကောလိပ်ပို့နိုင်ရှာပေသေးသပေါ့။ သူငယ်က စာလဲ ကြိုးစားပါဘိသနဲ့။ ကြီးပွားမယ့် သူငယ်နဲ့ တူပါတယ်"

"တော်လောက်ပါပြီ၊ နံပါတ် ၂ ဆိုပါအုံး"

---

ဒုတိယအကြိမ်

www.burmeseclassic.com


"နံပါတ် ၂ က မိုဟန်လားပေါ့၊ ကုလားကလေးဗျ။ ထုံးစံအတိုင်း ကုပ်ကုပ်နေတတ်လို့ လူကဲခတ်တော်တော်ခက်တဲ့ သူငယ်ဗျ။ စာဘက်ကတော့ ကြိုးစားပါတယ်။ နို့ပေမယ့် ပါဠိဘက်မှာတော့ ခပ်ညံ့ညံ့ပဲ။ တည်တည်ကြည်ကြည်နဲ့ စည်းစနစ်သေဝပ်တဲ့ သူငယ်တယောက်လို့ ဆိုရပေမယ်"

"နံပါတ် ၃ ကကောဗျာ"

"နံပါတ် ၃ က မောင်ကျော်စိန်တဲ့ဗျ။ ဉာဏ်တော့ တယ်ကောင်းတယ်။ နို့ပေမယ့် စာ တယ်မကျက်ချင်ဘူး။ တကယ် ကြိုးစားယင် တကယ် တော်မယ့် သူငယ်တယောက်ဗျ။ သို့သော်လဲ အပျော်အပါး တော်တော် ဝါသနာပါပုံရတဲ့ သူငယ်ပဲ။ ဖိုးစိန်ပွဲတို့ ဘာတို့ တိတ်တိတ် ခိုးထွက်ကြည့်ကြယင် သူ့နာမည် ထိပ်ဆုံးကပဲ။ တခါက အခန်းထဲမှာ ကိုးမီးဖဲကစားမှုနဲ့ ကံကောင်းလို့ ကျောင်းထုတ် မခံရတယ်။ ကိုင်း ဒါပါပဲဗျာ"

"ဒါဖြင့် ခင်ဗျားက နံပါတ် ၃ ကို ထင်သပေါ့"

"ဒီလောက်လဲ မဆိုလိုသေးဘူးလေ။ နို့ပေမယ့် ဒီသုံးယောက်ထဲမှာ ထင်ချင်းထင်ယင် သူ့ကို ထင်ဖို့ နည်းလမ်းများတယ်ပေါ့လေ"

"ဒီလိုပဲ ထားလိုက်ပါတော့။ ကိုင်း ဒါထက်၊ မူတူးဆာမိ ကြည့်စမ်းရအောင်ဗျာ"

မူတူးဆာမိမှာ ဝဝတုတ်တုတ် ဗိုက်ရွဲကြီးနှင့် အသက် ၅၀ ရွယ် ကုလား လူမျိုးတယောက် ဖြစ်ရာ အခန်းထဲသို့ ဝင်လာသောအခါ ဤကိစ္စအတွက် တုန်လှုပ်ခြင်း ပြေပျောက်သေးသည့် လက္ခဏာ မရှိချေ။

"ကျုပ်တို့ စာရွက်ကိစ္စကို စုံစမ်းဖို့ လာခဲ့တယ်" ဟု ဦးစံရှားက ဟိန္ဒူစတန်နီဘာသာဖြင့် ပြောလိုက်ရာ "အချား ဆပ်"ဟု ပြန်ပြောရှာလေ၏။

"တံခါးမှာ သော့ မေ့ထားခဲ့တယ်ဆို"

"မှန်တယ် ဆပ်"

"အခန်းထဲမှာ အရေးကြီးတဲ့ စာရွက်တွေ ရှိတဲ့နေ့မှာမှ ဒီလိုဖြစ်ရတာ မထူးဆန်းဘူးလား"

"တခါတခါ ကျွန်တော် ဒီလိုပဲ မေ့တတ်ပါတယ် ဆပ်"

"အခန်းထဲကို ဘယ်အချိန်လောက် ဝင်သလဲ"

"ဆပ် လက်ဖက်ရည်သောက်တဲ့အချိန် ၃ နာရီလောက် မှာပါ"

"ဘယ်လောက်ကြာကြာ နေသလဲ"

"ဆပ် မရှိတာ တွေ့ တွေ့ချင်း ပြန်ထွက်လာပါတယ်"

"စားပွဲပေါ်က စာရွက်တွေ ကြည့်မိသလား"

"မကြည့်မိပါဘူး ဆပ်"

"သော့ကို ဘယ့်နှယ်ကြောင့် တန်းလန်း မေ့ထားခဲ့ရသလဲ"

"လက်တဘက်မှာ လက်ဖက်ရည်ဗန်းကိုင်ထားလို့ တခေါက်ပြန်ပြီး ယူမယ်လို့ ထားပစ်ခဲ့တာ။ နောက်တော့ လုံးလုံး သတိမေ့သွားလို့ပါ"

"တံခါးဖွင့်လျက် ထားခဲ့သလား"

"မှန်ပါတယ် ဆပ်"

"ဒါဖြင့် အခန်းထဲက လူတယောက်ယောက် ထွက်မယ်ဆို ထွက်နိုင်တာပေါ့"

"မှန်ပါတယ် ဆပ်"


www.burmeseclassic.com

www.burmeseclassic.com


"ဆပ် ပြန်လာလို့ မင်းကိုခေါ်တော့ တုန်လှုပ်နေတယ်ဆို"

"ဒီလို တခါမှ မဖြစ်ဖူးတော့ တုန်လှုပ်ပြီး မူးသွားသလိုလို ဖြစ်သွားမိပါတယ်"

"မူးသွားစတုန်းက ဘယ်နေရာမှာ ရပ်နေသလဲ"

"ဒီတံခါးနားမှာပါ"

"ဘယ့်နှယ်လဲ၊ တယ်ထူးဆန်းပါကလား။ မင်းမူးသွားတော့ ဟောဟိုအစွန်ဆုံးက ကုလားထိုင်ပေါ်မှာ ထိုင်ချလိုက်တယ်ဆို၊ ဘယ့်နှယ်ကြောင့် ဒီကုလားထိုင် သုံးလေးလုံးကိုကျော်ပြီး အဝေးကြီးက ကုလားထိုင်ပေါ် သွားထိုင်ရတာလဲ"

"မပြောတတ်ဖူး ဆပ်၊ ထိုင်မိထိုင်ရာ ကျွန်တော် ထိုင်ချလိုက်တာပဲ"

"မင့်ဆပ် ထွက်သွားတော့ ဒီအခန်းထဲမှာ မင်း ကျန်နေရစ်တယ်ဆို"

"ခဏကလေးပါပဲ။ အမူးပြေ ပြေချင်း တံခါးပိတ်ပြီး ကျွန်တော် ထွက်သွားပါတယ်"

"ဘယ်သူ့ကို မင်း ထင်မိသလဲ"

"ကျွန်တော် ဘယ်သူ့မှ မထင်တတ်ပါဘူး ဆပ်၊ ဒီကျောင်းကြီးထဲမှာ ဒီလိုလုပ်မယ့်လူ တယောက်မှ ရှိမယ် မထင်ပါဘူးဆပ်"

"ဒီအကြောင်းကို မင်း ဘယ်သူ့မှ မပြောသေးဘူး ဟုတ်လား"

"မပြောပါဘူး ဆပ်"

"ဘယ်သူမှ မင်းမတွေ့ရသေးဘူးလား"

"မတွေ့ရပါဘူး ဆပ်"

"ကိုင်း တော်ပါပြီ၊ နေပါတော့။ လာပါအုံး ပရော်ဖက်ဆာ။ အပြင်ထွက်ပြီး လမ်းလျှောက်ကြပါအုံးစို့"

ကျွန်တော်တို့မှာ အခန်းပြင်သို့ ထွက်လာကြ၍ ကျောင်းဆောင်အပေါ်ထပ်သို့ လှမ်းကြည့်လိုက်ကြသောအခါ စာမေးပွဲဝင်ကြမည့် ကျောင်းသား ၃ ယောက်သည် အခန်း သုံးခန်းတွင် စာကျက်နေကြသည့် မီးရောင်များကို ပြတင်းပေါက်မှ မြင်နိုင်ပေ၏။

"ကြည့်စမ်းဗျို့၊ တယောက်လူက အငြိမ်မနေနိုင်ပါပဲကလား။ ဘယ်သူလဲ ဒီဟာ"

"မိုဟန်လားလေ"

မိုဟန်လားမှာ အခန်းတွင်း၌ လူးလာတုံ့ပြန် စင်္ကြံလျှောက်လျက် ရှိသည်ကို ပြတင်းပေါက်မှ မြင်ကြရလေ၏။

"သူတို့ကို တယောက်စီ ဝင်ကြည့်စမ်းချင်တယ်ဗျ၊ ဖြစ်နိုင်ပါ့မလား"

"အလွယ်ကလေးပဲ။ လာလေ၊ ကျွန်တော် လိုက်ပို့ပေးမယ်"

"ကျုပ်နာမည်ကို မပြောနဲ့နော်၊ ကြားလား"

ကျွန်တော်တို့မှာ ပရော်ဖက်ဆာ့အိမ်ပေါ်မှ ဆင်းခဲ့ကြ၍ အနီးရှိ ကျောင်းဆောင်သို့ သွားပြီးလျှင် ရှေးဦးစွာ မောင်ဘအုန်း၏အခန်းသို့ ဝင်ကြလေ၏။ အရပ်မြင့်မားသော မောင်ဘအုန်းသည် ပြုံးရွှင်သော မျက်နှာထားဖြင့် ကျွန်တော်တို့အား ဧည့်ခံလေ၏။ အခန်းတွင်း၌ အရုပ်ကားတကားတွင် အိမ်ပုံစံတခုကို မြင်သည်နှင့် ဦးစံရှားသည် အလွန် စိတ်ပါဝင်စားသော အမူအရာဖြင့် ကြည့်နေပြီးနောက် ကူးယူရန် အခွင့်တောင်း၍ မောင်ဘအုန်းထံမှ ခဲတံကို ငှားလေ၏။ ကူးနေယင်း ခဲတံကျိုးသွားသည်နှင့် မောင်းချွေးရှိပါသလောဟု မေး၍ ငှားယူကာ ခဲတံချွန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကုလား ကျောင်းသား မိုဟန်လာ၏ အခန်းသို့ ဝင်လာကြရာ မိုဟန်လာသည် မနှစ်သက်သော မျက်နှာထားဖြင့် ကျွန်တော်တို့အား ကြည့်နေ၍ ကျွန်တော်တို့ ပြန်ထွက်သွားကြသည်ကို ဝမ်းသာဟန်နှင့် ကြည့်ကျန်ရစ်ခဲ့၏။ ယင်း အခန်းတွင်လည်း ဦးရှားသည် ဥပါယ်တံမျဉ်ဖြင့် ခဲတံနှင့် မောင်းချခြေးကို ငှားသေး၏။

တတိယအခန်းသို့ ရောက်ကြသောအခါ ကျွန်တော်တို့မှာ အံ့သြဖွယ် အခြင်းအရာနှင့် တွေ့ကြုံရ၏။ အကြောင်းကား ခမောင်ကျော်စိန် ဆိုသော ကျောင်းသားသည် တံခါးခေါက်သော်လည်း ဖွင့်မပေးပဲ—

"ဘယ်သူခေါ် ဘယ်ခေါ်သော နားမလည်ဘူး။ သွားကြ။ လာမရှုပ်ကြနဲ့။ နက်ဖြန်စာမေးပွဲမို့လို့ စာကျက်နေတဲ့ အထဲမှာ သူတို့က လာပြီး တာမဟုတ် ညာမဟုတ် လာရှုပ်နေကြတယ်။ သွားကြ၊ မလိုချင်ဘူး။ တိုင်ချင်တဲ့လူ တိုင်ချေ။ ဖွင့်မပေးဘူး။ သွား သွား၊ မြန်မြန်သွားကြ" ထိုသို့ အော်ဟစ်ကာ မောင်းနှင်ထုတ်နေသောကြောင့်ပေတည်း။

"ထယ်ရိုင်းတဲ့ သူငယ် တစ်ယောက်ပဲ။ ကျုပ်မှန်း မသိလို့နဲ့ တူပါတယ်။ နို့ပေမယ့် ဒီလိုအချက်ထဲမှာတော့ မသက်သာစရာသော ဖြစ်နေတာပေါ့။ ဟုတ်ဘူးလားဗျ" ဟု ပရော်ဖက်ဆာက စိတ်ဆိုးသော အမူအရာနှင့် ပြောခဉ်တွင် "နေစမ်းပါအုံးဗျ။ ဒီသူငယ့် အရပ်က ဘယ်လောက် မြင့်သလဲ" ဟု မဆီမဆိုင် မေးလိုက်လေ၏။

"အမှန်တော့ မပြောနိုင်ဘူးဗျ။ မိုဟန်လာထက်တော့ မြင့်တယ်။ မောင်ဘအုန်းလောက်တော့ မမြင့်တတ်ဘူး။ ငါးပေ ခြောက်လက်မလောက် ရှိလိမ့်မယ် ထင်ပါရဲ့"

"ဒါ အရေးကြီးတယ်ဗျ။ ကိုင်း ပရော်ဖက်ဆာ၊ ကျုပ်တို့ ပြန်လိုက်အုံးမယ်"

ထိုအခါ ပရော်ဖက်ဆာ ဆမစ်မှာ အလွန် အံ့သြလှသော မျက်နှာထားနှင့် ကြောင်တောင်ငေးလျက် ကြည့်နေလေ၏။

"ဘယ့်နှယ်လုပ်တာလဲ ဆရာကြီးရယ်၊ နက်ဖြန်ခါ စာမေးပွဲဗျ။ ဒီလို တန်းလန်းကြီး ပစ်ထားခဲ့လို့ ကျုပ် ဘယ့်နှယ် လုပ်ရမှာလဲဗျ"

"အေးအေးသာ နေပါ။ နက်ဖြန်တော့ ကျုပ် လာပြီး ရှင်းလင်းပေးပါ့မယ်။ ဒီအတောအတွင်းမှာ စိမ့်မြဲတိုင်း စိမ်သွားပါ။ ဘာမှ ပြောင်းလဲ လဲလား မလုပ်ပါနဲ့"

"ကောင်းလှပါပြီဗျာ။ ဒီလိုဖြင့်...."

"တခုတော့ ခင်ဗျား စိတ်ချပါ။ ဒီအကျဉ်း အကျပ်က လွတ်အောင် ကျုပ် စီမံပေးပါ့မယ်။ ဒီရွှံ့လုံးနဲ့ ခဲတံစကလေးတွေ ကျုပ်ယူသွားမယ်နော်။ ကိုင်း သွားလိုက်အုံးမယ်။ ဂွတ်နိုက်"

ကျွန်တော်သည် ကျောင်းဝင်းမှ ထွက်လာမည် အပြုတွင် အပေါ်ထပ်သို့ လှမ်းကြည့်လိုက်ရာ ကုလားကျောင်းသား မိုဟန်လာမှာ စကြံလျှောက်လျက်ပင် ရှိသေးသည်ကို တွေ့မြင်ရ၏။

လမ်းခရီး၌ ဦးစံရှားက "ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ဖဲသုံးချပ် မျက်လှည့်ပြတာလို နေပါပြီကောဗျ။ လူသုံးယောက်ရှိတဲ့အနက် ဘယ်သူ့ကို ခင်ဗျားထင်သလဲ၊ ဆိုစမ်းဗျ" ဟု မေးလေ၏။

"၃ နံပါတ်အခန်းက ပါးစပ်သရမ်းတဲ့ အကောင်ကို ထင်မိတာပဲဗျ။ နို့ပေမယ့် ကုလားကောင်ကလေးကလဲ မသင်္ကာစရာပဲဗျ။ ဘာကြောင့် ဒီလောက် ဂနာမငြိမ်အောင် လမ်းတလျှောက်တည်း လျှောက်နေရတာတဲ့လဲဗျ"

"ဒါ ဘာဆိုင်လဲဗျ။ စာကျက်တဲ့အခါမှာ စကြံလျှောက်ယင်း ကျက်တဲ့လူတွေ အပုံပေါ့"

"သူကြည့်ပုံ မျက်နှာထားကိုလဲ မကြိုက်လှဘူးဗျ"

www.burmeseclassic.com


"စာမေးပွဲနီးလို့ အချိန် အရေးကြီးနေတဲ့ အထဲမှာ လူတွေ တပုံကြီး ဝင်လာပြီး ရှုပ်နေယင် ခင်ဗျားကော ဘယ့်နှယ်နေမလဲ။ ဒါက ဒီလောက် အရေးမကြီးပါဘူး။ ပြီးတော့ ခဲတံတို့၊ ဓားတို့ကလဲ ဘာမှ ပြောစရာ မရှိပေဘူး။ ကျုပ်က ဟိုငနဲကြီးကို မကျေနပ်လှဘူး။ သိပ် အစဉ်းစားရကျုပ်တယ်"

"ဘယ်ငနဲလဲ"

"မူတူးဆာမိကြီးလေ။ သူ့အကြံက ဘာလဲ မဆိုနိုင်ဘူးဗျ"

"ကျွန်တော့် စိတ်ထင်တော့ လူရိုးကြီး ထင်တာပဲဗျ"

"ကျုပ်လဲ ဒီလို ထင်တာပါပဲ။ ဒါကြောင့် သာခက်နေတာပေါ့။ သို့သော် ကြည့်စမ်းအုံးမယ်လေ။ အချိန် ရှိပါသေးတယ်"

နောက်တနေ့ နံနက်၌ ကျွန်တော်သည် အိပ်ရာမှ ထ၍ မျက်နှာသစ်လျက်ရှိစဉ် ဦးစံရှားသည် လမ်းလျှောက်ရာမှ ပြန်လာသောအနေဖြင့် တိုက်ပေါ်သို့ တက်လာပြီးလျှင်—

"ကိုင်း လုပ်ဗျာ ကိုသိန်းမောင်၊ ပရော်ဖက်ဆာ ဆမစ်တော့ စိတ်ပူလှရော့မယ်။ မနက်စာတော့ တွေ့ရာ ကြိတ်ကြတာပေါ့"ဟု ပြောဆိုသဖြင့် နှစ်ယောက်အတူ ကျောင်းသို့ ထွက်ခဲ့ကြပြန်လေ၏။

"ဘယ့်နှယ်လဲ ဆရာကြီး။ သတင်းကောင်းပြောဖို့များ ပါသလား"ဟု လမ်းတွင် မေးကြည့်ရာ "ပါကောင်းပါလိမ့်မဗျ"ဟု မစို့မပို့ ပြန်ပြောလေ၏။

"ဒီကနေ့မနက် ဘာများ တွေ့ခဲ့ရသလဲ"

"ကျုပ် သိချင်တာ အကုန် တွေ့တာပဲ"

"နေရာ ကျလိုက်လေဗျာ။ ဆိုစမ်းပါအုံး"

"ကြည့်စမ်း။ ဒီဟာတွေ ဘာတွေလဲ။ မနက်စောစောထပြီး နှစ်နာရီလောက် လှည့်ပတ်ပြီး စုံစမ်းခဲ့ရတဲ့ အကျိုးပဲ"ဟု ပြော၍ ဦးစံရှားသည် ရွှံ့လုံးကလေး သုံးလုံးကို လက်ဖဝါးပေါ်တွင်တင်ကာပြလေ၏။

"ဘယ့်နှယ်လဲ။ မနေ့တုန်းက နှစ်လုံးတည်းပါလား"

"ဟုတ်တယ်လေ။ ဒီကနေ့မနက် တလုံးတိုးလာတယ်။ ၃ နံပါတ် ရွှံ့လုံးတွေ့တဲ့နေရာက ၁ နံပါတ်နဲ့ ၂ နံပါတ် ရွှံ့သုံး လာခဲ့မယ်ဆိုယင် လွဲနိုင်ပါ့မလား။ သို့သော် သည်းခံအုံးလေ။ ဟိုကျမှ ရေရေလည်လည် နားတောင်ပေတော့"

ပရော်ဖက်ဆာ ဆမစ်မှာ နေမထိ ထိုင်မထိ ဖြစ်လျက် လည်းပင်းတတောင် ပြည့်အောင် မျှော်လင့် စောင့်ဆိုင်းနေလေ၏။ ဦးစံရှားကို မြင်သည်နှင့် တပြိုင်နက် ဆမစ်သည် အူယားဖားယားနှင့် ပြေးဆင်း လာ၍ "အောင်မယ်လေး မျှော်လိုက်ရတာဗျ။ ဘယ့်နှယ်လဲ။ စာမေးပွဲ လုပ်မြဲတိုင်း လုပ်ရမှာလားဗျ"ဟု အသက်ပင် မရှူအားပဲ မေးရှာလေ၏။

"လုပ်သာ လုပ်ပါ"

"နို့ ခိုးကြည့်တဲ့အကောင် ဘယ့်နှယ်လုပ်ပဗျာ"

"သူ ဝင်မဖြေစေရပါဘူး"

"ဘယ်သူလဲ ဆိုတာ ခင်ဗျား သိပြီလား"

"သိဘန်ကောင်းပါရဲ့ဗျာ။ ဒီကိစ္စကို လူသိမခံချင်ယင် ကျုပ်တို့ကိုယ် ကျုပ်တို့ ရုံးမင်းလုပ်ပြီး ဆုံးဖြတ်ရလိမ့်မယ်။ ကိုင်း ခင်ဗျားက ဟိုက ထိုင်၊ ကိုသိန်းမောင်က ဒီကထိုင်၊ ကျုပ်က ဒီအလယ်က ထိုင်မယ်။ ရုံးထိုင် တရားသူကြီးတွေနဲ့ တော်တော် တူတန်ကောင်းပါရဲ့ဗျာ။ ကိုင်း ခင်ဗျား မူတူးဆာမိ ခေါ်စမ်းဗျ"



www.burmeseclassic.com

www.burmeseclassic.com



မူတူးဆာမိသည် အခန်းတွင်းသို့ ဝင်လာသည်နှင့် တပြိုင်နက် ရှုံးမင်းဟန်နှင့် ထိုင်နေကြသော ကျွန်တော်တို့ လူတစုကို မြင်သည်နှင့် အံ့အားသင့်လျက် ငေးနေလေ၏။

"တံခါးပိတ်လိုက်ကွယ်။ အဲ၊ ကိုင်း မူတူးဆာမိ၊ မနေ့ကအကြောင်းကို မှန်တဲ့အတိုင်း ပြောပြစမ်း"

ထိုအခါ မူတူးဆာမိမျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားလေ၏။

"ကျွန်တော် အားလုံးပြောပြီးပြီ ဆပ်"

"ဘာမှ နောက်ထပ် ပြောစရာ မရှိဘူးလား"

"မရှိဘူး ဆပ်"

"ကိုင်း ဒါဖြင့် ငါကစပြီး လမ်းခင်းပေးရမှာပဲ။ မနေ့က ဟိုကုလားထိုင်ပေါ်မှ မင်းထိုင်တုန်းက ဖစ္စည်းတခုခုကို ဖုံးဖိလိုတဲ့ကြံရွယ်ချက်နဲ့ ထိုင်တယ်မဟုတ်လား။ ဒီပစ္စည်းကို ပရော်ဖက်ဆာ မြင်သွားယင် ဥစ္စာရှင်ကို ပရော်ဖက်ဆာ သိသွားမှာစိုးလို့ မင်းက ဖုံးဖို့ပေးတယ်လို့ ငါဆိုတယ်။ ဘယ့်နှယ်လဲ"

မူတူးဆာမိမှာ ပါးစပ်ကြီးဟလျက် ဘာမျှ ပြန်မပြောနိုင်ပဲ ဖြစ်နေလေ၏။ ထို့နောက်မှ—

"မဟုတ်ဘူး ဆပ်"

"ဒအားသေ၊ ငါက လမ်းခင်းပေးရုံ ပေးတာပဲ၊ မဟုတ်ယင်လဲ ပြီးရောပေါ့။ ငါကလဲ ထင်ရှား အောင် ဘာက်သေသာဓက မပြနိုင်ပေဘူးပေါ့။ သို့သော်လဲ ပရော်ဖက်ဆာ ထွက်သွား သွားချင်း အိပ်ခန်းထဲ ပုန်းနေတဲ့လူကို မင်း ထုတ်လွှတ်လိုက်တယ်လို့ ငါ ထင်တာပဲ"

နှုတ်ခမ်းများကို လျှာဖြင့် လျက်၍ "ဘယ်သူမှ မရှိဘူး ဆပ်"

"ဟာ ဒါကတော့ မင်းလိမ်ပြီ။ ဒီဟာ သေသေချာချာ ငါသိတယ်။ မင်းလိမ်တာပဲ"

"ဘယ်သူမှ မရှိဘူး ဆပ်"

"မလုပ်ပါနဲ့ကွယ် မူတူးဆာမိ။ မှန်မှန်ပြောပါကွယ်"

"မှန်မှန်ပါပဲ ဆပ်။ ဘယ်သူမှ မရှိပါဘူး"

"ကိုင်း ဒါဖြင့် မင်းမေးလို့ အပိုပဲ၊ ဟိုနားက ရပ်နေစမ်း။ ကိုင်း ပရော်ဖက်ဆာ၊ ကျေးဇူးပြုပြီး မောင်ဘအုန်းကို ခေါ်ပေးစမ်းပါ"

နောက်တခဏ၌ ဆာမစ်သည် မောင်ဘအုန်းကိုခေါ်၍ အခန်းတွင်းသို့ ဝင်လာလေ၏။ မောင်ဘအုန်းမှာ ပွင့်လင်းကြည်လင်သော မျက်နှာရှိ၍ ချစ်ခင်ဖွယ်ကောင်းလှသော သူငယ်တယောက် ဖြစ်လေရာ လူကြီးစွာနှင့် ထိုင်နေသော ကျွန်တော်တို့လူစုကို ငေးကြည့်ရာမှ အိပ်ခန်းတံခါးဝတွင် ရပ်လျက်ရှိသော မူတူးဆာမိကို မြင်သည်နှင့် တပြိုင်နက် မျက်နှာ ဖြူဆွတ်သွားလေ၏။

"တံခါး တဆိတ် ပိတ်လိုက်ပါ။ အဲ၊ ကိုင်း မောင်ဘအုန်း၊ ဒီအခန်းထဲမှာ ကျုပ်တို့လူစုချည်းပဲ။ ပြောစရာရှိတဲ့စကားကို ဘွင်းဘွင်းကြီးသာ ပြောပေတော့။ ဒီ့ပြင်လူ ပေါက်ကြားမှာ ဘာမှစိုးရိမ်ဖို့ မရှိဘူး။ ကျုပ်ဘာခု မေးပါရစေ မောင်ရယ်။ မောင့်လို စိတ်နေသဘောထား ကြီးမြင့်တဲ့ လူတယောက်ဟာ မနေ့တုန်းက အပြုအမူမျိုးကို ဘယ်အကြောင်းကြောင့် ပြုကျင့်မိပါသလဲမောင်"

ထိုအခါ မောင်ဘအုန်းသည် နောက်သို့ ခြေတလှမ်းမျှ ယိမ်းယိုင်သွားပြီးလျှင် မူတူးဆာမိအား အပြစ်တင်လိုသော မျက်နှာထားမျိုးဖြင့် လှမ်းကြည့်လိုက်ရာ—

"မဟုတ်ဘူး ချွတ်တားဆပ်။ ကျွန်တော် တခွန်းမှ မပြောဘူး ချွတ်တားဆပ်"ဟု မူတူးဆာမိက တဆောင်ဏတမ်း ပြောရှာလေ၏။

---

တတိယအကြိမ်

www.burmeseclassic.com


"အေး ဟုတ်တယ်၊ ခုနင်က မပြောဘူး၊ အခု မင်းပြောလိုက်ပြီးပြီ။ ကိုင်း မောင်ဘအုန်း၊ မှူတူးဆာမိ ပြောလိုက်ပြီးတဲ့နောက် ဖုံးကွယ်နေလို့ အလကားပါပဲ။ ဒီတော့ ဟုတ်တိုင်းမှန်ရာ ဖွင့်ဟပြောခြင်းဟာ အားလုံးအတွက် အကောင်းဆုံး ဖြစ်ပါလိမ့်မယ်"

ထိုအခါ မောင်ဘအုန်းသည် လည်မျိုအစ်သည့် အနေဖြင့် လည်ပင်းကို တချက် ကိုင်လိုက်ပြီးနောက် လက်ဝါးနှစ်ဘက်ဖြင့် မျက်နှာကို အုပ်ကာ တရှိုက်နှစ်ရှိုက် ရှိုက်လျက် ရှိလေ၏။

"တော်ပါလေ၊ မမှားသောရှေ့နေ မသေသေဆေးသမား မရှိဘူးတဲ့။ ကိုင်း ဒါဖြင့် မောင့်ကိုယ်တိုင် ဖွင့်ပြောရမှာခက်ယင် ကျုပ်က ပရော်ဖက်ဆာကို ပြောပြမယ်။ မှားတဲ့နေရာမှာ မောင်ထောက်ပေးတာပေါ့၊ ဟုတ်စ။ ကိုင်း နားထောင်။ ဒီလိုဗျ ပရော်ဖက်ဆာ ဆမစ်၊ ဒီအခန်းထဲမှာ မေးခွန်း စာရွက်တွေ ရှိကြောင်း ဘယ်သူမှ မသိနိုင်ဘူးလို့ ခင်ဗျားပြောကတည်းက ကျုပ် စဉ်းစားမိတယ်။ ပုံနှိပ်တိုက်က လူတော့ မဟုတ်နိုင်ဘူး။ သူတို့ကြည့်ချင် သူတို့တိုက်ထဲမှာ ကြည့်နိုင်တာပေါ့။ မိုဟန်လားကိုလဲ ကျုပ် ဖယ်ထားလိုက်တယ်။ မေးခွန်းစာရွက်တွေဟာ အလိပ်လိုက် တင်ထားလို့ရှိယင် ဘယ်နည်းနဲ့မှ သူ သိနိုင်စရာ မရှိဘူး။ ဒို့ပြင် တချက်ကလဲ မေးခွန်းစာရွက်တွေရှိတဲ့ နေ့မှာမှ ခင်ဗျားအခန်းထဲကို လူတယောက်ယောက် အမှတ်မဲ့ ဝင်လာတယ်လို့ မဖြစ်နိုင်ဘူး။ အခန်းထဲဝင်လာတဲ့လူဟာ စာရွက်တွေရှိကြောင်းကို မဝင်မီကတည်းက သိထားနှင့်ရမယ်။ သို့သော် ဘယ်နည်းနဲ့ သိသလဲတဲ့"

"ဟုတ်ကဲ့။ ဘယ်နည်းနဲ့ သိသလဲဗျ"

"ဒီအခန်းကို ကျုပ် ရောက်ရောက်ချင်း အထဲမဝင်မီ ပြတင်းပေါက်က ရှေးဦးစွာ ကြည့်လိုက်တယ်။ ဘာကြောင့် ကြည့်သလဲဆိုတော့ ပြတင်းပေါက်ကနေပြီး အခန်းတွင်းကို မြင်နိုင်ဖို့ဟာ ဘယ်လောက် အရပ်မြင့်ဖို့ လိုသလဲလို့ ကျုပ် သိလိုလို့ ကြည့်ခြင်း ဖြစ်တယ်။ ကျုပ်အရပ်ဟာ ၅ ပေ ၉ လက်မခွဲရှိတယ်။ ဒါတောင် ခြေဖျားထောက်ကြည့်မှ မြင်ရတယ်။ ဒီတော့ ဒီလူဟာ အနည်းဆုံး ၅ ပေ ၉ လက်မ ရှိရမယ်။ မြန်မာထဲမှာ ဒီအရပ်ဟာ တော်တော်မြင့်တဲ့ အရပ်ဗျ။ ဒီတော့ ခင်ဗျား ကျောင်းသားထဲက ဒီလို အရပ်မြင့်မြင့်လူကို တွေ့ယင်...."

"ဟုတ်ပါပေ့ဗျာ။ သူ့ကို စောင့်ကြည့်ဖို့လိုတယ် ဟုတ်စ"

"ဒို့နောက် အခန်းထဲရောက်တော့ စားပွဲကလေးမှာ တွေ့တဲ့အခြင်းအရာအကြောင်း ကျုပ် ပြောပြတယ် ဟုတ်လား။ အလယ်က စားပွဲကြီးအကြောင်း ကျုပ် စုံစမ်းနေတုန်း ခင်ဗျားက မောင်ဘအုန်းဟာ အခုန် အလွှား ကျင်လည်တယ် ပြောလို့ ဖြုန်းဆို ကျုပ် အကြံတခု ပေးပြီးရတယ်။ ဒီအကြံအတိုင်း ဆက်လက်ပြီး ကျုပ် စုံစမ်းတော့တာပဲ"

"ဆိုပါအုံးဗျ"

"ဒီသူငယ်က တညနေလုံး အခုန်အလွှား ကျင့်ပြီးနေဟန်တူတယ်။ ခုန်တဲ့အခါမှာ စီးတဲ့ဖိနပ်ဟာ ခွာအောက်မှာ သံချွန်ကလေးတွေပါတယ် ဟုတ်လား။ ဒါနဲ့ ဖိနပ်ချွတ်ပြီး ကိုင်ပြန်လာတော့ ပြတင်းပေါက်ကနေပြီး အခန်းထဲ လှမ်းကြည့်လိုက်ရာမှာ စားပွဲပေါ် စာရွက်တွေ ဖြန့်ခင်းထားတာ မြင်ရော။ မြင်တော့ မေးခွန်း စာရွက်တွေပဲလို့ တွေးမိဟန် ရှိတယ်။ ဒီလို တွေးမိတဲ့အခါမှာ အခန်းတံခါး သော့တန်းလန်းနဲ့ မြင်ပြန်တော့ စိတ်ကူးပေါက်သွားဟန် ရှိပါရဲ့။ တကယ်လို့ မိသွားလို့ ရှိယင်လဲ မေးစရာတခုရှိလို့ ဝင်လာတယ်လို့ ဆင်ခြေပေးနိုင်စရာ နည်းလမ်းကလဲ ရှိထာကိုး။ ဒါနဲ့ အခန်းထဲ ဝင်ကြည့်တော့ သူ ထင်တဲ့ အတိုင်းပဲ မေးခွန်းစာရွက်တွေ ဖြစ်နေပါရော။ ဒီတော့ ဘာမှ မပြောနဲ့။ ဖိနပ်ကို စားပွဲပေါ်တင်ပြီး ကူးဖို့


www.burmeseclassic.com

www.burmeseclassic.com

ပြင်ဆင်တော့တာပဲကိုး။ ဒါထက် ဟိုဘက်က ကုလားထိုင်ပေါ်မှာ တင်ထားလိုက်တာက ဘာလဲ မောင်ဘအုန်း''

''ကက်ဦးထုပ်ကလေးခင်ဗျ''

ထိုအခါ ဦးစံရှားသည် 'ဘယ့်နှယ်ရှိစ' ဟူသော မျက်နှာထားမျိုးနှင့် မူတူးဆာမိအား လှမ်း၍ ကြည့်လိုက်သေး၏။ ထို့နောက်မှ—

''ဦးထုပ်ကို ကုလားထိုင်ပေါ် ပစ်တင်လိုက်ပြီး မေးခွန်းစာရွက်တွေကို တရွက်စီယူပြီး စားပွဲကလေး ပေါ် တင်ကူးနေတော့တာကိုး။ စားပွဲကလေးမှာ ထိုင်ကူးတာက လင်းလဲ လင်းလို့၊ မတော်တဆ ပရော်ဖက်ဆာ ပြန်လာယင်လဲ ဒီနေရာက မြင်နိုင်လို့ဟာကိုး။ နို့ပေမယ့် ပရော်ဖက်ဆာက သူထင်တဲ့လမ်းက မပြန် ပဲ နံဘေးတံခါးဘက်က ပြန်လာတော့ သူ့ခမျာမှာ ပြေးဖို့ အချိန်မရအောင် ဖြစ်သွားတော့တာကိုး။ တရွက်ကူးပြီးလို့ ကြမ်းပေါ်ပစ်ချပြီး ၂ နံပါတ် စာရွက်ကို ကူးနေတုန်း....''

ထိုစကား မဆုံးမီ ကျွန်တော်က ''ခဲတံ ကျိုးပါသေးကော ဗျ''ဟု ဝင်ထောက်လိုက်ရာ ''ဪ ဟုတ်ပေသား၊ တော်တယ်ဗျို့ ကိုသိန်းမောင်။ ခဲတံကျိုးလို့ မောင်းချွန်ရသေးကောကပဲ။ ဒါနဲ့ ပရော်ဖက်ဆာက မထင်တဲ့လမ်းကပြန်လာလို့ စာရွက်တွေကိုလဲ ပြန်ထားဖို့ အချိန်မရ၊ ဦးထုပ်ကိုလဲ သတိမရနိုင်တော့ပဲ စားပွဲပေါ်က ဖိနပ်ကိုဆွဲယူပြီး အိပ်ခန်းဆီ ပြေးရရှာတော့တာကိုး။ သားရေမှာ သံချွန်ခြစ်မိလို့ ထင်နေရစ်တဲ့ အစင်းရာကြီးကို ကြည့်တာနဲ့ အိပ်ခန်းဘက် ဆွဲယူပြေးတယ်ဆိုတာ သိနိုင် လောက်ပါရဲ့။ သံချွန်မှာ ကပ်ပါတဲ့ ရွှံလုံးက စာပွဲပေါ်မှာတလုံး၊ အိပ်ခန်းထဲမှာတလုံး ကျွတ်ကျ ကျန် ရစ်တယ်။ ဒီကနေ့ မနက် စောစော ထပြီး ကျောင်းသားတွေ အခုန်ကျင့်တဲ့နေရာကို လမ်းလျှောက်ယင်း လာကြည့်တော့ ဒီရွှံလုံးကလေးမျိုးတွေ ကျွတ်ကျနေတာနဲ့ ဟောဒီမှာ နမူနာတလုံးတောင် ကောက်ယူ လာခဲ့သေးတယ်။ ကိုင်း ဘယ့်နှယ်လဲ မောင်ဘအုန်း၊ ကျုပ် ပြောတဲ့အတိုင်း ဟုတ်ပါစ''

''ဟုတ်ပါတယ် ခင်ဗျ''

''ဒါဖြင့် ဒါပဲလား မောင်ရယ်။ ဘာမှ ဖြည့်စွက်စရာ မရှိတော့ဘူးလား''

''ရှိပါတယ်ခင်ဗျ၊ ကျွန်တော် ဒီကနေ့မနက် စောစောကြီး ရေးထားတဲ့ စာတစောင် ယူလာခဲ့ပါ တယ်။ ဒီစာကို ဖတ်ကြည့်ပါတော့။ ဆပ်ကျောင်းမှာ ဆင်စပိတ်တော် အလုပ်ကို ကျွန်တော် လျှောက် ထားတာ ရကြောင်း ပြန်စာရလို့မို့ စာမေးပွဲ မဝင်တော့ဘူးလို့ ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ။ သူခိုးမိလို့ မဟုတ်ပါဘူး။ မပေါ်ခင်ကတည်းက ကျွန်တော်ရေးထားတဲ့ စာပါခင်ဗျ။ ဖတ်ကြည့်ပါတော့''

ပရော်ဖက်ဆာလည်း မောင်ဘအုန်း၏ လက်ကို ကိုင်ဆွဲယမ်းခါလျက်''ကောင်းပါလေ့ မောင်ရယ်၊ ဝမ်းသာလိုက်တာ''ဟု အလုံးကျသောလေသံဖြင့် ပြောလေ၏။

''သို့သော် ကျွန်တော့်ကို ကောင်းရာ ကောင်းကြောင်း နည်းလမ်းညွှန်ကြားပေးတာက ဟောဟိုက မူတူးဆာမိပါပဲ ခင်ဗျ''

''ဟုတ်လား၊ ကျုပ်လဲ ထင်သားပဲ။ ကိုင်း မူတူးဆာမိ၊ မောင်ဘအုန်းကို အိပ်ခန်းထဲက ဖွင့်ထုတ် ပေးလိုက်တာ မင်းတဲ့။ ဒီတော့ ဘယ်လိုအချိတ်အဆက်ရှိလို့ သူ့အတွက် မင်း ဆောင်ရွက်ပေးတယ်ဆိုတာ ငါတို့ကို ပြောပြစမ်း''

''ဒီလိုပါ ဆပ်။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ဘအုန်းဆပ်ရဲ့ အဖေ ဘဌေးကြီး ဦးဘကျော် ဆီမှာ ကျွန်တော် အစေခံ လုပ်ခဲ့ဖူးပါတယ်။ ကျွန်တော့်ကို တအိမ်လုံးက အားကြီးချစ်ပါတယ်၊ ကျွန်တော် ကလဲ တအိမ်လုံးကို အားကြီးချစ်ပါတယ်။ ကျွန်တော် ဘင်္ဂလားက ရောက်တော့ ဗမာပြည်မှာ မိတ်ဆွေ



www.burmeseclassic.com

တစ်ယောက်မှ မရှိဘူး။ ဦးဘကျော်ဆပ်က ကျွန်တော့်ကို အားကြီးသနားလို့ အားကြီး ကူညီပါတယ်။ ဘအုန်းဆပ်ရယ်၊ သူ့နှမ ခင်ခင်ကြီးရယ်၊ ကျွန်တော့်လက်ပေါ်မှာ ကြီးပါတယ်။ ဒီနောက် ဦးဘကျော်ဆပ် စက်တွေ ဘာတွေ ရောင်းကုန်လို့ ဆင်းရဲသွားတော့မှ ကျွန်တော် သူတို့အိမ်က ထွက်လာပြီး ဒီက ဆမစ်သခင်ဆီမှာ ကျွန်တော် အလုပ်လုပ်ရပါတယ်။ ဟိုနေ့က ဆမစ်သခင်ခေါ်လို့ အခန်းထဲကို ကျွန်တော် ဝင်လာတော့ ကာကီဦးထုပ်ကို ကျွန်တော် မြင်ပါတယ်။ ဒီဦးထုပ်ကို ဆမစ်သခင်မြင်ယင် ဘအုန်းဆပ် ဦးထုပ်ပဲလို့ သိသွားပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော် မူးချင်ယောင်ဆောင်ပြီး ကုလားထိုင်ပေါ် ထိုင်ချလိုက်ရပါတယ်။ ကျွန်တော့်သားလိုချစ်တဲ့ ဘအုန်းဆပ် ကယ်ဆယ်တဲ့အတွက် ကျွန်တော့်ကို အပြစ်ပေးယင် ကျွန်တော်ခံဖို့ အသင့်ရှိပါတယ်"

"ဘယ့်နှယ်လဲ ပရော်ဖက်ဆာ"

"ဟာ အပြစ်မပေးထိုက်ပါပေဘူး။ ကျေးဇူးရှင် ဆိုပေတာကိုး"

"ကိုင်း ဒါဖြင့် လာဗျာ ကိုသိန်းမောင်၊ ကျုပ်တို့အလုပ် ပြီးပြီ။ ထမင်းလဲ ဆာလှပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com

# ၇။ ကပ်စေးနှဲသော ရဟူဒီအမှု*

ကျွန်တော်သည် ကိစ္စတခုနှင့် အပြင်သို့ ထွက်သွားရာမှ အိမ်သို့ ပြန်ရောက်သောအခါ ဦးရှေ၊မ်းမှာ ပက်လက်ကုလားထိုင်ပေါ်၌ ပက်လက်လှန်ကာ ဆေးတံကိုဖွာယင်း စဉ်းစားစိတ်ကူးလျက် ရှိသည်ကို တွေ့ရ၏။

"ဘယ်နှယ်လဲ။ တွေ့လိုက်ကဲ့ မဟုတ်လားဗျို"

"ဘယ်သူလဲ။ လှေကားမှာ ဆင်းသွားတဲ့ လူဟာလား"

"ဟုတ်ပါတယ်။ သူ့ကို ခင်ဗျားက ဘယ်လိုထင်သလဲ"

"ဝတ်ပုံ စားပုံကတော့ ရဟူဒီလို့ ဆိုရမှာပဲ။ မျက်နှာကတော့ အတော် စိတ်ရှုပ်နေပုံ မျက်နှာထားပဲ"

"အစစ်ပဲ။ လောကကြီးတခုလုံးဟာ ဒီလိုချည်းပါပဲဗျာ။ အရိပ်ကို အကောင်ထင်လို့ လိုက်ဖမ်းနေကြ၊ နောက်ဆုံး လက်ထဲရောက်တော့ ဘာတွေ့သလဲ။ အမြှုပ်လို ပျက်ပြယ်သွားတာ တွေ့ရတယ် မဟုတ်ဘူးလား"

"ခုနင်ကလူက အမှုသည်လားဗျာ"

"ဟုတ်ကဲ့ ဆိုပါတော့။ အရပ်ထဲမှာ ကုလို့မရတော့မှ ဆေးရုံပို့တဲ့ လူနာလို ပုလိပ်က အကြံကုန်လို့ ကျုပ်ဆီ လမ်းညွှန်လိုက်တဲ့ အမှုသည်တယောက်ပေါ့"

"ဖြစ်ပုံက ဘယ်လိုလဲဗျာ"

"ဒေးဗစ်နှင့် ရှောလမုန်ကုမ္ပဏီမှာ ဒုတိယ ပါတနာအဖြစ်နဲ့ အလုပ်လုပ်ခဲ့တဲ့ ရှောလမုန်ပေါ့။ လင်မနစ်တို့၊ ဆိုဒါတို့၊ ရေခဲတို့ လုပ်ရောင်းတဲ့ ကုမ္ပဏီပဲ။ အခုတော့ မရှိပါဘူး၊ ပျက်ပြီးပါပြီ။ အဘိုးကြီးက ငွေ သုံးလေးသိန်း လက်ကိုင်ရပြီး ကြို့ကုန်းဘက်မှာ အိမ်တလုံးဝယ်။ သစ်ပင်ကလေး ဘာလေးစိုက်။ အေးအေးဆေးဆေး နေတော့တယ် ဆိုတာပဲ"

"သူ့ပုံပန်းကြည့်ရတာက သူပြောသလို အနေအထိုင်မျိုးနဲ့ မကိုက်ပါလားခင်ဗျာ"

"အဲလေ၊ အေးအေးဆေးဆေး နေတယ်ဆိုပေမယ့် ခုတလောတော့ အခက်အခဲ တွေ့နေလို့ဟာ ပေါ့ဗျ"

---

* ဤဝတ္ထုကို ရှုမဝမဂ္ဂဇင်း၊ ၁၉၅၀၊ ဒီဇင်ဘာ၊ အတွဲ ၄၊ အမှတ် ၄၃ တွင် 'ကပ်စေးနှဲသော ရဟူဒီအမှု' အမည်ဖြင့် ပုံနှိပ်ဖော်ပြသည်။ ဤဝတ္ထုကိုပင် 'ကြာသမားစုံတွဲ သတ်မှု' အမည်ပြောင်းဖြင့် မြန်မာပြည် စာအုပ်တိုက်မှ အတွဲ ၁၁ နှင့် နှလုံးလှစာအုပ်တိုက်မှ အတွဲ ၅ တို့တွင် တွေ့ရသည်။ ယခု ဤစာအုပ်တွင် အမည်ရင်းကို ပြန်လည် အသုံးပြုထားပါသည်။ မူရင်းမှာ The Retired Colourman ဖြစ်သည်။

ဒုတိယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ပြောဆိုယင်း ဦးစံရွှေးသည် စာအိတ်တအိတ်ပေါ်တွင် တဘက်၌ ရေးခြစ် မှတ်ယူထားသည်များကို လှမ်းကြည့်၍ ဆက်လက်ပြောကြားသည်မှာ–

"ကုမ္ပဏီဖျက်သိမ်းလိုက်တာ ၁၀ နှစ်လောက် ရှိသွားပြီတဲ့။ ဒီအခါမှာ သူက အသက် ၄၀ ကျော် ရှိနေပြီး ပထမအိမ်ထောင်ပျက်လို့ မုဆိုးဖိုကြီးအဖြစ်နဲ့ နေလာခဲ့ပြီးမှ ရှောလမုန်က အသက် ၄၀ ကျော် အရွယ်မှာ နောက်အိမ်ထောင်ပြုပြီး လင်မယားနှစ်ယောက် အငြိမ်းစားအဖြစ်နဲ့ နေထိုင်ခဲ့ကြသတဲ့။ မိန်းမက သူ့ထက် ၁၅ နှစ်လောက် ငယ်တယ်။ ဟောဒီဓာတ်ပုံပဲ။ မိန်းမချော မိန်းမလှတယောက်ပါ။ ပစ္စည်းလဲ ရှိ၊ မိန်းမချောတယောက်နဲ့လဲ ရ၊ ရွှေအိုမှာ အေးအေးထိုင်စားပြီး တသက်လုံး ငြိမ်းချမ်းစွာ နေကြဖို့ပဲ မဟုတ်လားဗျာ။ ဒါပေမယ့် မဟုတ်ရသေးဘူးဗျ။ ဒုက္ခတွေ့ရသေးတာပဲ"

"ဘယ်လိုဖြစ်လို့လဲဗျာ"

"စာအုပ်ကြီးထဲက အတိုင်းပဗျာ။ သစ္စာမရှိတဲ့မိတ်ဆွေနဲ့ ပေါင်းမိလို့ မယားကို ကြာခိုပြီး ပစ္စည်းတွေယူ ထွက်ပြေးကြတဲ့ ကိန်းပ။ ရှောလမုန်က အလုပ်မရှိတဲ့လူများရဲ့ သဘာဝအတိုင်း ပျင်းတယ်ဆိုပြီး စစ်တုရင်ထိုးတတ်တဲ့ ဝါသနာရှိသတဲ့။ စစ်တုရင်ကတော့ ဗမာစစ်တုရင် မဟုတ်ဘူး။ အနောက်တိုင်းတကစားနည်းမျိုးပဲ။ သို့သော် ရှင်ဘုရင်နဲ့ မြင်းနဲ့ ရထားဆိုတော့ ခပ်ဆင်ဆင်တူသားပဲ။ ဒါနဲ့ ကြို့ကုန်းမှာ သူတို့ ရဟူဒီလူမျိုးထဲက ဒေါက်တာ အီဇရာဆိုတဲ့ ဆရာဝန်ကလဲ စစ်တုရင် ဝါသနာပါလို့ ရှောလမုန်တို့အိမ်ကို နေ့တိုင်းလိုလို လာပြီး ရှောလမုန်နဲ့ စစ်တုရင်ထိုးကြသတဲ့။

"စစ်တုရင်ထိုးယင်း တွေ့ပါမြင်ပါများတော့ ရှောလမုန့်မယား ရေဘက္ကနဲ့ အီဇရာနဲ့ ကြိုးချင်းထားကြိုးချင်းငြိကြရော ဆိုပါတော့ဗျာ။ ငြိတယ်ဆိုတာက အဆန်းမဟုတ်ပေဘူး။ ရှောလမုန်ကြီးက ခင်ဗျားမြင်လိုက်တဲ့အတိုင်း အသက်ကလဲ ကြီး၊ လူပုံကလဲ အဆင်တန်ပေသကိုး။ ဒါနဲ့ လွန်ခဲ့တဲ့ တနင်္ဂနွေပတ်က အီဇရာက ရေဘက္ကကို သုတ်ပြေးရော ဆိုပါတော့ဗျာ။ အဘိုးကြီးကတော့ ရဟူဒီလူမျိုးတို့ ဝါသနာအတိုင်း မယား ပါသွားတာထက် ပစ္စည်းတွေ ပါသွားတဲ့အတွက် သူ့စိတ်မှာ သာပြီး ထိခိုက်နေတယ်"

"ပစ္စည်း ဘယ်လောက် ပါသွားသတဲ့လဲ"

"သူ့လက်ဝတ်လက်စားရော၊ ငွေရော၊ ရှယ်ယာလက်မှတ်တွေရော ဆိုတော့ လေးငါးရှစ်သောင်းထက် မနည်းပေဘူး ထင်တယ်"

"ဒီတော့ ခင်ဗျားက ဘယ့်နှယ်လုပ်ပမယ်"

"ခုချက်ချင်းတော့ ကျုပ်ကိုယ်တိုင် ဘာမှ မလုပ်နိုင်သေးဘူးဗျ။ နေ့ရှင်နယ်ဘဏ်တိုက်က အမှုရော၊ အစိုးရဘက်က ခိုင်းထားတဲ့ ရာဇဝတ်မှု လျှော့ပေါ့ရေးကိစ္စကလေးရော အရေးကြီးနေသေးတယ်။ ကျုပ်နဲ့ ခင်ဗျား တွဲလိုက်နေတာ အမှုပေါင်း အတော်များသွားပြီး မဟုတ်လား။ ဒီတော့ကာ ကြို့ကုန်းကို ကျုပ်မလိုက်နိုင်သေးတဲ့ အတောအတွင်း ခင်ဗျားလိုက်သွားပြီး စုံစမ်းချေစမ်းလေဗျာ။ ဒီ့အလျှင်လဲ အမှုနှစ်ခု သုံးခု ခင်ဗျား ကူညီခဲ့ဖူးပြီ မဟုတ်လား"

"ကူညီတာဘာ ကိစ္စမရှိပါဘူး ဆရာကြီး၊ တော်တော်ကြာတော့ ကျွန်တော် မျက်နှာကောင်းရတယ်လို့ ဘယ်တော့မှ မရှိဘူး။ ဟိုဟာဖြင့် လိုနေတာနဲ့၊ ဒီဟာဖြင့် ညံ့နေတာနဲ့ အပြစ်တင်ခံရတာချည်းပဲ ကြုံရတယ်"

"ဒီလိုလဲ မဟုတ်ပါဘူးလေ။ ကျုပ်ဝါသနာလဲ ခင်ဗျားသိသားပဲ။ ကျုပ်ကို မမီတတ်လို့ အားမရမိတာပါ။ သူတပါးထက်တော့ ခင်ဗျား အပုံကြီး သာပါတယ်ဗျ"

"မသာယင်လဲ မကောင်းနိုင်ဘူးဗျာ။ ခင်ဗျားနဲ့ တွဲလိုက်ခဲ့တာ အတော်ကြာနေမှုပဲ"

ဆက်တိုက်ယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှားမှာ အထင်ကြီးသောလူများကို နှိမ်ချင်တတ်သော ဝါသနာအတိုင်း ကျွန်တော့်အား နှိမ်လုံးကလေး ပြောအုံးမည်ပြုပြီးမှ သူ့စိတ်ကို သူချုပ်တီး၍ ပြုံးရုံမျှသာ ပြုံးလိုက်လေသည်။

"ကောင်းလေဗျာ၊ ကြို့ကုန်းကို လော်ကယ်ရထားနဲ့ လိုက်သွား၊ ဟိုရောက်တော့ မြင်းလှည်းကလေး စီးပြီး ရှောလမုန်အိမ် လိုက်ပို့ပါဆိုယင် ရောက်နိုင်ပါသတဲ့၊ သူ့အိမ်ကို မြင်းလှည်းသမားတိုင်း သိပါတယ် တဲ့။ ကျုပ်ကိုယ်ဘိုင် မလာနိုင်ကြောင်းကိုလဲ ရှောလမုန်ကို ကျုပ် ပြောပြလိုက်ပြီးသားကပဲ။ ခင်ဗျားကို ကျုပ်ကိုယ်စားလှယ်အဖြစ်နဲ့ လက်ခံပြီး မေးသမျှကို ဖြေပါလိမ့်မယ်"

ကျွန်တော်သည် ကွမ်းခြံဘူတာရုံသို့သွား၍ နာရီဝက်လျှင် တစီးမျှထွက်တတ်သော လော်ကယ် မီးရထားနှင့် လိုက်ပါသွားစဉ် မကြာမီအတွင်း ရန်ကုန်မြို့ ကုလား၊ အင်္ဂလိပ်၊ မြန်မာ သတင်းစာများက စာလုံးကြီးများနှင့် ထည့်သွင်း ဖော်ပြကြမည့် အမှုကြီးတခု ဖြစ်လာလိမ့်မည်ဟူ၍ ယိုအခါက မတွေးထင် မိခဲ့ပေ။

× × ×

ကျွန်တော်သည် ကြို့ကုန်းမှ ပြန်လာ၍ ဦးစံရှားအား အမှုအကြောင်းနှင့် ပတ်သက်၍ အစီရင်ခံရန် တိုက် ပေါ်သို့ တက်လာသောအခါ မှောင်မိုက်စ ပြုနေလေပြီ။ ဦးစံရှားမှာ နံနက်ခင်းအချိန်တွင် ကျွန်တော် ထွက်လာစဉ်ကအတိုင်း ပက်လက်ကုလားထိုင်ပေါ်၌ ဆေးတံဖွာလျက်ရှိသည်ကို တွေ့ရသဖြင့် တနေ့လုံး အိမ်က ထွက်မှ ထွက်သွားပါလေစဟု မှတ်ထင်လောက်ပေသည်။

ဦးစံရှားသည် ကျွန်တော်ပြောပြသော အကြောင်းအရာများကို မှိန်းလျက် နားထောင်နေရာမှ မရှင်းလင်း၊ သို့မဟုတ် မကျေနပ်သော အချက်တွေ့ခါမှ သူ၏ ထက်မြက်ကြည်လင်စူးရှသော မျက်လုံးကြီး များကို တချက်တချက်ဖွင့်ကာ ကျွန်တော့်အား လှမ်းကြည့်လိုက်လေတော့သည်။

"ရှောလမုန်နေတာက ဟိုအစွန်အဖျားမှာ နှစ်ထပ်တိုက်အိုကြီးဗျ။ လက်ခွဏာတော့ ဈေးချောင် ရလို့ ဝယ်လိုက်တာနဲ့ တူတယ်။ ဝင်းနဲ့ ခြံနဲ့ ပန်းပင်ကလေးတွေနဲ့ ရှိပါရဲ့။ ဒါပေမယ့် ကုက္ကိုပင်ကြီးတွေ အုပ်ပြီး အစွန်အဖျားလဲဖြစ်ပြန်...."

"အိမ်အကြောင်းကို ဒါလောက်ပြောရယင်တော်လောက်ပါပြီဗျာ။ လမ်းနဲ့တော်တော်ဝေးတယ်ဆို မဟုတ်လား"

"ဟုတ်ကဲ့၊ လမ်းပေါ်မှာဆိုပေမယ့် ဝင်းကြီးကကျယ်တော့ လမ်းနဲ့ တော်တော်လှမ်းတာပေါ့ဗျာ။ ကျွန်တော်က မြင်းလှည်းတောင် မစီးတော့ပါဘူး။ လက်ဖက်ရည်ဆိုင်ဝင်မေးပြီး ခြေကျင်လျှောက်သွား လို့ ဝင်းကြီးရှေ့ရောက်တော့ ကာကီဘောင်းဘီတိုနဲ့ နှုတ်ခမ်းမွေးကောင်းကောင်း ဘင်္ဂါလီကုလားကြီး တယောက်က အိမ်ရှေ့ကသစ်ပင်ကြီးကိုမှီပြီး ဆေးပြင်းလိပ်ကြီးသောက်နေတာ တွေ့လေတော့ ကျွန်တော် က ရှောလမုန်အိမ် မဟုတ်လား မေးတော့ ခေါင်းညိတ်ပြပြီး ကျွန်တော့်ကို မသင်္ကာတဲ့ မျက်နှာထားမျိုးနဲ့ စိုက်ကြည့်လိုက်သေးဗျ။ ဒါနဲ့ ကျွန်တော်က ဘယ်လိုလုပ်ပါလိမ့်လို့ တွေးယင်း ဝင်းကြီးထဲ ဝင်သွားမလို့ ဝင်းတံခါးကို ဖွင့်လိုက်ခါရှိသေး၊ ရှောလမုန်က တိုက်ထဲက ထွက်လာပြီး ကျွန်တော့်ဆီ လျှောက်လာ တော့တယ်။ ကျွန်တော် လှေကားပေါ်မှာ မနက်တုန်းက မြင်လိုက်ရလို့ ရှောလမုန်ပဲလို့ ချက်ချင်း သိတာ ပေါ့လေ။ သူ့မျက်နှာထားက တမျိုးကြီးပဲဗျ"

"ဘယ်လို တမျိုးလဲဗျ"

 www.burmeseclassic.com 

"တကယ်ဆိုယင် ပစ္စည်းနဲ့ မယားဆုံးတဲ့အတွက် စိတ်ညစ်တယ်ဆိုတာတော့ ကျွန်တော် နားလည်ပါတယ်။ သူ့ဟာက စိတ်ညစ်ရုံ၊ နှမြောရုံ၊ ဝမ်းနည်းရုံ မကသေးဘူး။ စိုးရိမ်တုန်လှုပ်တဲ့ အမူအရာမျိုးလဲ ကျွန်တော်တွေ့ရတယ်ထင်တယ်"

"ခုတော်ပေ့ဗျာ ကိုသိန်းမောင်၊ ခင်ဗျား စုံစမ်းတဲ့အထဲမှာ ဒီအချက်ဟာ ကျုပ်အကျေနပ်ဆုံးပဲဗျို့။ ဘယ်ပုံ စိုးရိမ်တုန်လှုပ်တာလဲဗျ"

"တောင်ကြည့် မြောက်ကြည့်နဲ့ခင်ဗျ။ သူ့ကို ဘယ်သူက ချောင်းဖမ်းတော့မယ့် အတိုင်းပဲ"

"ရွှေ့ ဟုတ်လှပြီ၊ ပြီးတော့ကောဗျ"

"မနက်တုန်းက ကျွန်တော်မြင်လိုက်တော့ လူကြီးက ချည့်ချည့်နဲ့နဲ့ မှတ်တယ်။ သေသေချာချာ ကြည့်တော့ ရင်ပြင်ကျယ်ကြီးနဲ့ အားခွန်ဗလ တော်တော်ကောင်းမယ့် လူကြီးဗျ။ သို့သော် ခြေထောက်တော့ သိပ်မသန်ဘူး ထင်တယ်"

"ညာဘက်ဖိနပ်က ပြောင်လို့၊ ဗယ်ဘက်ဖိနပ်က တွန့်လို့ မဟုတ်လား"

"ဒါတော့ ကျွန်တော် သတိမထားမိဘူး"

"ဟုတ်မှာပေါ့၊ ဗယ်ဘက်ခြေထောက်က အငှားတပ်ထားတဲ့ ခြေထောက်ဗျ၊ ကျုပ်မြင်လိုက်တယ်။ သို့သော် ဂျာမနီက မှာယူတဲ့ ခြေထောက်မို့ သိပ်အံကျပြီး တော်တော့လူ သိတောင် မသိနိုင်ဘူး"

"ဟုတ်ကဲ့လားဗျ။ ကျွန်တော်က ခြေထောက်ထက် မျက်နှာကို ပိုပြီး ဂရုစိုက်ကြည့်မိလို့ ထင်ပါရဲ့။ ဆံပင်တွေက တပိုင်းဖြူ တပိုင်းနက်မို့လို့ ဖောင်းဝတ်သွေး ဖြစ်နေပြီ။ သူ့မျက်နှာလေလဲ တော်တော် ခက်ထန်တဲ့ စိတ်သဘော ရှိဟန်တူတယ်။ လန့်နေပုံရတဲ့ အထဲတောင် တင်းလိုက်တာ လွန်ရော"

"ကောင်းပေ့ဗျာ၊ ကိုသိန်းမောင် တော်ပါပေတယ်။ နို့ သူက ဘာများပြောသလဲ"

"သူနဲ့အတူတူ အိမ်ပေါ်တက်သွားကြယင်း သူ့ဒုက္ခတွေ ပြောပြလိုက်တာ စုံလို့ပဲ။ လမ်းလျှောက် သွားကြယင်း ဝင်းခြံအခြေအနေကို ကျွန်တော်က လှမ်းကြည့်လိုက်တော့ ပန်းပင်တွေ သစ်ပင်တွေကို ပစ်စလက်ခတ်ထားလို့ တောကြီးမျက်မည်း ဖြစ်နေတော့တာကိုး ခင်ဗျ။ အိမ်ပေါ်မှာလဲ အိမ်ထောင်မှုတွေ ဖရိုဖရဲပါပဲ။ ဘယ်လို အိမ်ရှင်မမျိုး ပါလိမ့်မလဲလို့တောင် ကျွန်တော် အံ့သြမိတယ်။ အဘိုးကြီးကတော့ အခုမှ ဘာများစိတ်ကူးရတယ် မဆိုနိုင်ဘူး။ သူ့အခန်းကိုသူ သဘောဆေးတွေ ဘာတွေသုတ်လို့။ ရှေ့ဟူဒီ ဆိုတဲ့ အလိုက် ပိုက်ဆံနှမြောလိုက်တာ ဆေးသုတ်တာတောင် လူမငှားဘူး၊ သူ့ဟာသူ သုတ်နေလေရဲ့။ ကျွန်တော့်ကို လာကြိုတာတောင် သူ့လက်ထဲမှာ စုတ်တံကြီးတန်းလန်းနဲ့ခင်ဗျ"

"ခင်ဗျားနဲ့ စကားပြောကြတော့ ဘယ်အခန်းမှာ ပြောကြသလဲ"

"ဧည့်ခန်းဆို ထင်ပါရဲ့ခင်ဗျာ၊ အလင်းရောင်လဲ ကောင်းကောင်း မရပါဘူး။ အဆောက်အအုံကလဲ ဟောင်းပြန်၊ တော်သလို နေထိုင်ပြန်ဆိုတော့ ကျွန်တော်ဖြင့် ကြာကြာတောင် မထိုင်ချင်ဘူး။ စိတ်ထဲမှာ ခြောက်တောက်တောက်ကြီးပဲ။ ဦးစံရှားကိုယ်တိုင် မလာကောင်းလားလို့ ညည်းလိုက်တာလဲ လွန်ပါရော။ မလာနိုင်ဘူးလို့ ပြောတော့ပြောလိုက်ပါတယ်တဲ့။ ဒါပေမယ့် လာဖို့ ကောင်းတဲ့အကြောင်း တဖျစ်တောက်တောက်နဲ့ ညည်းနေသေးတယ်။ သူ့ပစ္စည်းတွေကို ယူထွက်ပြေးကြတယ်ဆိုလို့ ပိုက်ဆံမပေးနိုင်ဘူးထင်ပြီး ဦးစံရှားကိုယ်တိုင် မလာလေရော့သလားလို့တောင် တွေးနေသေးတယ်။ ကျွန်တော်က ဦးစံရှားဟာ ငွေမမက်မောတတ်တဲ့အကြောင်း ပြောပြတော့မှ တော်တော်ကျေနပ်ပုံရသွားတယ်"

"သူ့မယားကိုသူ နေရာတကာအလိုလိုက်ခဲ့တဲ့အကြောင်း၊ သူလိုချင်တယ်ဆိုယင် ဘာမဆို ဝယ်ပေးတဲ့ အကြောင်း၊ အိဇရာကိုလဲ တူကလေးတယောက်လို သဘောထားခဲ့တဲ့အကြောင်း၊ ဒီအထဲကနေပြီး သူ့

www.burmeseclassic.com


အခေါ်မှာ ရက်ရက်စက်စက် ကျင့်ကြံကြခြင်းဟာ အလွန်တရာ ကျေးဇူးကန်းရာ ရောက်တဲ့ အကြောင်း ညည်းညည်းပြီး ပြောလိုက်တာ စုံပါလေရော ခင်ဗျာ”

“ဟိုနေ့က ဖြစ်ပုံ အကြောင်းကို သူက ဘယ်လိုပြောပြသလဲ”

“ဒီလိုဘဲ ခင်ဗျ သူတို့အိမ်မှာ အစေခံ မိန်းမတယောက်တော့ ရှိတယ်။ သို့သော် အစေခံမိန်းမက အိမ်ထောင်သည်မို့လို့ ကြို့ကုန်းထဲမှာ သူ့လင်နဲ့သူ ပြန်အိပ်နေကျတဲ့။ ဟိုနေ့ကတော့ ရှောလမုန်က ဂလုပ်ရုံမှာ ဘာစီးဘတ်ဘား ပွဲရှိသေးတော့ လင်ရော မယားရော တာဝန်ကြိုက်ချည်းမို့ သူတို့လင်မယား နှစ်ယောက်အတွက် ချေးဆားကယ် အတူတန်းက လက်မှတ်နှစ်စောင် ဝယ်ခဲ့သတဲ့။ နောက်ဆုံး သွားခါနီး အချိန်ကျတော့မှ ရှောလမှက ခေါင်းကိုက်တယ် ဆိုပြီး မလိုက်နိုင်ဘူး ပြောသတဲ့။ ဒါနဲ့ ရှောလမုန် တယောက်တည်း သွားတယ်လို့ ပြောတယ်။ သူပြောတာတော့ အမှန်ပဲ ခင်ဗျ။ သူ့မယားအတွက် ဝယ်ထားတဲ့ လက်မှတ်ကိုတောင် ထုတ်ပြသေးတယ်”

ထိုအခါမှ ဦးစံရှားသည် စိတ်ဝင်စားလာသော အမူအရာနှင့်—

“အင်း၊ ဒီ ချက်ကလေး တော်တော် ဆန်းတယ်ဗျို။ ဆိုပါအုံးဗျာ၊ ဒီ့ပြင်ကော။ မသုံးတဲ့ လက်မှတ်ဘိုကာ ခင်ဗျား ကြည့်ခဲ့မိသေးလား။ နံပါတ် ဘယ်လောက်တဲ့လဲ”

“ကြည့်ခဲ့မိပါတယ်၊ တခါတုန်းက ဘိုင်စကယ်တစင်း ခေါင်ဘာလေဖွင့်လို့ ကျွန်တော် ပေါက်ဖူးတဲ့ နံပါတ်မို့ ကောင်းကောင်းကြီး မှတ်မိပါတယ်။ ‘စီ ၁၃’ တဲ့”

“ကောင်းပေ့ဗျာ ကိုသိန်းမောင်။ တော်တယ်ဗျို ခင်ဗျား။ ဒါဖြင့် ရှောလမုန်ကြည့်တာ ထိုင်ခုံ နံပါတ် စီ ၁၂ သော် လည်းကောင်း၊ စီ ၁၄ သော်လည်းကောင်း ဖြစ်ရမှာပေါ့”

“ဟုတ်မှာပေါ့ဗျာ”

“ဒီ့ပြင်ကော ဗျာ။ ဘာများ ပြောလိုက်သေးသလဲ”

“အဘိုးကြီးက ဘဏ်တိုက်ကို စိတ်မချလို့လား၊ သူ့ငွေသူ ထုတ်ပြီး ရေတွက်ကြည့်ရတာ အရသာ ရှိလို့ပေလား မသိနိုင်ဘူး။ သူ့ငွေကို ဘဏ်တိုက်မှာ မအပ်ဘူး။ သူခိုး အာမခံဆိုတဲ့ သံခန်းကြီးထဲမှာ ထားတယ်ဗျ။ သူခိုး ထားလို့ သေတောင် မဝင်နိုင်ဘူး။ ကျွန်တော် မြင်ခဲ့ရတယ်”

“နို့ဗျာ ရောဘာ့တို့က ဘယ်လိုလုပ်ပြီး ခိုးသွားသတဲ့လဲ”

“သူခိုး မခံဖောက်နိုင်အောင် လုပ်ထားပေမယ့် သော့ကူနဲ့ ဖွင့်တော့ ရတာပေါ့ခင်ဗျာ။ လင်နဲ့မယား ဖြစ်လေတော့ သော့ကို ဖခယောင်းပုံနှိပ်ပြီး သော့သမားကို အလုပ်ခိုင်းယင် ဖြစ်တော့တာပေါ့”

“ငွေကူနဲ့ ရွှေဒင်္ဂါးအပြင် ရှယ်ယာ စာချုပ်တွေ ပါသွားသေးတယ် ဆိုယင် သူတို့ ရောင်းဖို့ အခဲယဉ်းသားပဲ”

“သူ့မှာ ရှယ်ယာလက်မှတ် နံပါတ်တွေ မှတ်ယူထားတာရှိလို့ ပုလိပ်လက်ကို နံပါတ်တွေတော့ အပ်ထားတယ်တဲ့။ ဒါနဲ့ ဟိုညက တာဝံ ဇာတ်ကားပြီးလို့ အိမ်ပြန်လာတော့ သူ့ အလုံခန်းကြီးလဲ ပွင့်လို့၊ ပစ္စည်းတွေလဲ ပါသွားရော၊ ရောဘာ့လဲ မရှိတော့ဘူးတဲ့ ခင်ဗျ။ ဒေါက်တာ အီဇရာလဲ ပျောက်သွားရောတဲ့၊ ဒီတော့မှ ပုလိပ်ကို တိုင်ချက်ပေးရ ဆိုကာပဲ”

ဦးစံရှားသည် အတန်ကြာ စဉ်းစားနေပြီးနောက်—

“နေပါအုံးဗျ။ သတော်ဆေး သုတ်တယ်ဆိုတာ ဘာကို သုတ်တာလဲ”

“ခုနင်က ကျွန်တော်ပြောတဲ့ လေလုံခန်းကို ဆေးသုတ်ထားတယ်။ ကျွန်တော် ရောက်သွားတော့ ဒုဒီ အခန်းကို သုတ်ပြီးလို့ ဆောင်ကူးလမ်းကြားကို သုတ်နေတုန်းပဲ”

www.burmeseclassic.com


"ဒီလိုအခါမှာ အခန်းကို အေးသုပ်တယ်ဆိုတာ ဘယ်လို အန္တရာယ် မပြင်သွားပေမယ့်ဗျ"

"လူကြီးက စိတ်ညစ်ညစ်နဲ့ လုပ်ချင်လုပ်ရာ လုပ်နေတော့တာ ထင်ပါရဲ့ခင်ဗျာ။ လူက နဂိုက ခပ်ဆန်းဆန်းရှိတဲ့အထဲ ပစ္စည်းတွေရော မယားရော ပျောက်သွားလေတော့ ကယောင်ချောက်ချားဖြစ်ပြီး ခြေဦးတည့်ရာ လုပ်မိတော့တာ ထင်ပါရဲ့။ သူ့မယား ရေဘက္ကရဲ့ ဓာတ်ပုံတခုတော င် ကျွန်တော့် ရှေ့မှာ ဒေါသတကြီးနဲ့ ဆုတ်ပစ်လိုက်သေးတယ်"

"ဒီ့ပြင်ကော ဗျ။ ဘာများ ထူးသေးသလဲ"

"ထူးတာတခုတော့ ကျွန်တော် ပြောပြရအုံးမယ်။ ကျွန်တော်က ဘူတာရုံကို ခြေကျင်လျှောက် ပြန်လာပြီး ဒုတိယတန်း လက်မှတ်တစောင်ဝယ်၊ ရထားထွက်ခါနီးမို့ ကတိုက်ကရိုက်ခုန်တက်လိုက်တော့ လူတယောက်ကလဲ ဘူတာထဲက ပြေးထွက်လာပြီး ကျွန်တော့်နောက်က တွဲပေါ်ပြေးတက်လိုက်တာ မြင်လိုက်ရတယ်။ အဲဒါလဲ အခြားလူ မဟုတ်ဘူးခင်ဗျ။ ရှောလမုန်မြို့ရှေ့မှာ တွေ့ခဲ့တဲ့ ကောက်ကီအောင်းတီ တို့နဲ့ ကုလားပဲ၊ ကွမ်းခြံဘူတာရောက်လို့ ကျွန်တော် ရထားပေါ်က ဆင်းတော့ သူ့ကိုလှည့်ကြည့်လိုက် ရာမှာ မယောင်မလည်လုပ်ပြီး လူတွေထဲ ရောလိုက်သွားလေရောခင်ဗျ။ ကျွန်တော့် အထင်တော့ ကျွန်တော့်နောက် ခြေရာခံ လိုက်နေတဲ့လူနဲ့ တူတယ်"

"ဟုတ်မှာပေါ့လေ။ လူ ခပ်ကုပ်ကုပ် မီးခိုးရောင် မျက်မှန်ကြီးတပ်လို့ ဟုတ်လား"

"အလို ခင်ဗျား ဘယ့်နှယ်လုပ်ပြီး သိသလဲဗျ"

"လမ်းလျှောက်တော့ ခပ်ကိုင်းကိုင်း လျှောက်တတ်တယ်လေ"

"လွန်လှချေလား ဆရာကြီး။ ခင်ဗျားနောက်က လိုက်ကြည့်လို့ ဟုတ်လား"

"ဒါကတော့ သိပ် မဆန်းပါဘူး ကိုသိန်းမောင်။ ဒါထက် ကျုပ်တို့ အမှုကလေးက ခပ်ရှုပ်ရှုပ်လိုလိုနဲ့ တော်တော်ဆန်းလာတယ်ဗျို့။ ခင်ဗျားဟာ အရေးကြီးတာတွေ ချန်ထားခဲ့ပြီး မဖြစ်စလောက် အတင်းတွေ ယူလာခဲ့ပေမယ့် ခင်ဗျားဆီက ကြားရသလောက် သတင်းအသေးအနုကို ကြည့်ရခြင်းအားဖြင့် တော်တော် နက်နဲတဲ့ အမှုကလေးတခု ဖြစ်နေကြောင်း ထင်ရှားတယ်"

"ကျွန်တော်က ဘာတွေ ချန်ထားခဲ့လို့လဲဗျာ"

"ကျွဲမြီး မတိုပါနဲ့လေ ကိုသိန်းမောင်၊ ကျုပ်က အပြစ်တင်တာ မဟုတ်ပါဘူး။ ခင်ဗျားထက် သာအောင် ဆောင်ရွက်နိုင်တဲ့လူတော့ ခပ်ရှားရှားပဲလို့ ကျုပ်ဝန်ခံပါတယ်။ သို့သော် ခင်ဗျားက အရေး ကြီးတာတွေ အများကြီး ချန်ထားခဲ့တယ်ဗျ၊ ဥပမာ အိမ်နီးပါးချင်းများက ရှောလမုန် လင်မယား အပေါ်မှာ ဘယ်လို ထင်မြင်ယူဆချက် ရှိကြတယ်၊ ဒေါက်တာအီဇရာဆိုတဲ့လူဟာ ဘယ်လိုလူ ဖြစ်တယ်၊ ရှောလမုန်ပြောတဲ့အတိုင်း ကြာသမား တယောက်ပဲလား၊ အဲဒီအချက်တွေကို ခင်ဗျား ထောက်လှမ်းခဲ့လို့ ရှိယင် ကျုပ် အဖို့ အများကြီး အသုံးဝင်နိုင်တာပေါ့ဗျ"

"ဒါဖြင့် ကျွန်တော် တခေါက် ပြန်သွားပြီး စုံစမ်းချေအုံးမယ်လေ"

"မလိုပါဘူးဗျာ။ တယ်လီဖုန်းနဲ့ ဌာနကို စုံစမ်းကြည့်တာနဲ့ ကျုပ်သိလိုတဲ့ အချက်ကလေးတွေ သိရှိပြီးပါပြီ။ ကျုပ် သိရသလောက်ကတော့ ရှောလမုန်ပြောတာနဲ့ ကိုက်နေတာတွေ့ရတယ်။ ဒီလူကြီးက ငွေနှမြောလိုက်တာကလဲ တုန်လို့။ မယားကို နိုင်ချင်လိုက်တာလဲ လွန်ရောဆိုပါကလား။ သူ့မှာငွေကြေး အမြောက်အမြားရှိတယ် ဆိုတာကတော့ အမှန်ပဲ။ ဒေါက်တာအီဇရာဆိုတဲ့လူက သားမယား မရှိ၊ ရှောလမုန်နဲ့ နေ့တိုင်း စစ်တုရင် ထိုးပြီး ရေဘက္ကကို ကြာခိုတယ်ဆိုတာလဲ အမှန်ပဲ၊ သို့သော် တခု မကျေနပ်တာက ဘာလဲဆိုတော့...."

ဆက်ရန်အကြိမ်

www.burmeseclassic.com



"ဘာမျှား မကျေနပ်တာလဲဗျာ"

"ဒါပေမယ့် ကျုပ်မသိတဲ့ မကျေနပ်တာ ထင်ပါရဲ့ဗျာ။ ကိုင်းလေ ဒီအမှု အသာလားပြီး ဂရမ်မိုဖုန်းကလေးနဲ့ ဓမ္မာဂြဖုံခဲ့အောင် သီချင်းကြီး သီချင်းခန့် ဓာတ်ပြားတွေ ရွေးပြီး ဖွင့်စမ်းလေဗျာ ကိုသိန်းမောင်"

× × ×

ကျွန်တော်သည် နောက်တနေ့တွင် စောစောထသော်လည်း ဦးစံရှားမှာ ကျွန်တော့်ထက် စောစောထသည် ဖြစ်၍ စားပွဲပေါ်၌ စာတစောင် ခြစ်ထားသည်ကို တွေ့ရှိရလေ၏။

ရွှေလမုန်အမှုနှင့် ပတ်သက်၍ ထောက်လှမ်းလိုသော အချက်ကလေး တခု နှစ်ခု ရှိသေးသည်၊ ထောက်လှမ်းပြီးသောအခါ ယင်းအမှုကို လက်လွှတ်လျှင်လည်း လွှတ်၊ ဆက်၍ ဆောင်ရွက်ရင့်လည်း ဆောင်ရွက်မည်။ ညနေ ၃ နာရီလောက်တွင် ခင်ဗျားကို လိုကောင်း လိုမည်ဖြစ်၍ အိမ်ပေါ်၌ ရှိနေဖို့ စီမံစေလိုပါသည်။

ဦးစံရှားမှာ တနေ့လုံး ပေါ်မလာပဲ ညနေ ၃ နာရီခန့်တွင်မှ အိမ်ပေါ်သို့ တက်လာရာ မျက်နှာထားမှာ ခပ်သုန်သုန် ရှိနေ၏။

ထိုသို့သော အခြေအနေမျိုး၌ စကားပြောခြင်းကို မကြိုက်တတ်မှန်း သိသည်နှင့် ကျွန်တော်က အရိပ်အကဲကို ကြည့်နေ၏။

"ရွှေလမုန်တယောက် မပေါ်လာဘူးလားဗျို့"

"လာဘူးဗျ"

"သာ လိမ့်မယ် ထင်တယ်"

နာရီသံ ၁ ချက်ခန့် ကြာသော် ရွှေလမုန်တက်လာရာ သူ၏ တင်းမာခက်သန်သော မျက်နှာတွင် တွေ့ဝေသော အမူအရာ ဖြစ်ပေါ်လျက် ရှိ၏။

"ကြေးနန်းတစောင် ရတယ်ဗျာ ဦးစံရှား။ ဘယ်လိုသဘောလဲ နားမလည်ဘူး ခင်ဗျာ" ဟု ပြောလျက် ရွှေလမုန်သည် ကြေးနန်းကို ထုတ်ပြရာ ဦးစံရှားလည်း အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

ချက်ချင်း သားဖြစ်အောင် လာခဲ့ပါ။ ပျောက်ဆုံးသော ပစ္စည်းများအတွက် သတင်းပေးနိုင်ပါသည်။

ဦးတရှင်
ဟိုက်စကူးကျောင်း ဆရာကြီး၊ ပဲခူးမြို့။

"နေ့ ယခု ၂ နာရီ အချိန်မှာ ရိုက်လိုက်တဲ့ ကြေးနန်းပဲ၊ အခု ၃ နာရီ ခွဲသွားပြီ။ မန္တလေး စသို့ရထားကြီး ရ ၁ ချိန်မှာ ထွက်တော့ ကောင်းကောင်းကြီး မီနိုင်တာပေါ့။ ကိုင်း လိုက်သွားပေတော့ မစ္စတာ ရွှေလမုန် ကိုသိန်းမောင် လဲ လိုက်သွားချေဗျာ။ တိုင်ပင်ဖော် တိုင်ပင်ဖက် ရတာပေါ့ဗျာ"

မစ္စတာ ရွှေလမုန် သူ လိုချင်သောသဘော ရှိဟန်တူချေ။

"သူ့ဆီဖို့ လိုမယ် ထင်ပါဘူး ဦးစံရှား၊ ပဲခူးက ကျောင်းဆရာကြီးတယောက်က ဒီအမှုအကြောင်း ဘယ်လိုသုပ် သိနိုင်မှာလဲ ခင်ဗျ။ အလကား အချိန်ကုန် လူပန်း၊ အလဟဿ ပိုက်ဆံဖြုန်းရာ ရောက်မှာပါဗျာ"

"သူ သိလို့သာ ကြေးနန်းရိုက်တာပေါ့ဗျ"

---

ဒုတိယအကြိမ်

www.burmeseclassic.com


"သွားလို့ အလကားပါပဲ ဦးစံရွှား။ ထူးမှာ မဟုတ်ပါဘူး"

ဤတွင် ဦးစံရွှားသည် မျက်နှာထား တင်းစွာနှင့်—

"ဒီလောက်အရေးကြီးတဲ့သဲလွန်စ ပေါ်လာလျက်နဲ့ ခင်ဗျားက မသွားချင်ဘူးဆိုယင် ပုလိပ်ကရော ကျွန်တော်ကပါ ခင်ဗျားကို မသင်္ကာစရာကြီး ဖြစ်နေလိမ့်မယ် မစ္စတာ ရှောလမုန်။ ဒီလိုဆိုယင် ခင်ဗျားက ကျွန်တော်တို့ကို အလကားလေ ပြီး တပတ်ရိုက်နေတယ်လို့ တွေးကြလိမ့်မယ်"

ရှောလမုန်မှာ ဦးစံရွှား၏စကားကို ကြားရသောအခါတွင် တုန်လှုပ်သွားသည့် လက္ခဏာရှိ၏။

"ဒီလိုဆိုယင်လဲ သွားပါ့မယ်ဗျာ။ ပဲခူးမှာနေတဲ့ လူတယောက်က..."

"ဘာပဲဖြစ်ဖြစ် ခင်ဗျားသွားမှ ကျွန်တော်တို့ ကျေနပ်နိုင်မယ်ဗျာ"

ကျွန်တော်နှင့် ရှောလမုန်တို့သည် ပဲခူးသို့လိုက်ရန် ပြင်ဆင်ကြ၍ တိုက်ပေါ်မှ ဆင်းလာကြရာတွင် ဦးစံရွှားသည် ကျွန်တော့်ကို တိုက်ပေါ်သို့ ပြန်ခေါ်၍—

"ဒီမှာဗျို့ ကိုသိန်းမောင်၊ ဒီလူကြီး ယီးတီးယားတား မလုပ်စေနဲ့နော်။ ပဲခူးကို သွားဖြစ်အောင် သွားပေ။ ခင်ဗျားက မသွား သွားအောင် အတင်းတိုက်တွန်းဗျနော်၊ ကြားလား။ မတော်တဆ သူက လမ်းမှာ ရှောင်တွက်ပြေးလား ဘာသားလုပ်လို့ရှိယင် ကျုပ်ဆီကို ချက်ချင်း ကြေးနန်းရိုက်လိုက်ပါ။ အိမ်မှာ ကျုပ်မရှိတောင် ကျုပ်ဆီရောက်နိုင်အောင် ကျုပ် စီမံထားခဲ့မယ်၊ နားလည်လား"

"စိတ်ချပါဗျာ"

ကျွန်တော်နှင့် ရှောလမုန်တို့ ပဲခူးသို့ သွားကြရသောခရီးမှာ ကျွန်တော် မှတ်မိသမျှသောခရီးများ အနက်တွင် ပျင်းရိဖွယ် အကောင်းဆုံး ဖြစ်ပေ၏။

ဒုတိယတန်း လက်မှတ်ယူရလျှင် ပိုက်ဆံအပိုကုန်မည်ဆို၍ အလွန်လူကျပ်သော တတိယတန်း ရထားတွဲပေါ်တွင် တမှိုင်မှိုင်တတွေတွေနှင့် လိုက်ပါလာသော ရှောလမုန်နှင့် ခရီးသွားခြင်းကဲ့သို့ ခြောက်သွေ့ ငြီးငွေ့ဖွယ်ကောင်းသော အလုပ်တခုကို စဉ်းစား၍ မရနိုင်အောင် ရှိလေတော့သည်။

ရှောလမုန်သည် သူတပါးပိုက်ဆံကို နှမြောဖို့ နားမလည်ပဲ ကိုယ်ချင်းစာတရား နည်းပါးသော စုံထောက်များဟူ၍လည်း တဖျစ်တောက်တောက် ညည်းညူလေသေး၏။

ကျွန်တော်တို့သည် ပဲခူးဘူတာသို့ရောက်၍ ဒုတိယတန်း စားပွဲခန်းတွင် ညစာစားကြပြီးနောက် ဦးဘရှင်၏ နေအိမ်ကို စုံစမ်းသော ဗိုင်းဂန္နိုင်းချပ်ကွက်တွင် နေထိုင်ကြောင်း သိရ၍ လန်ချားတစီးနှင့် သွားကြ၏။

ကျောင်းဆရာကြီး ဦးဘရှင်မှာ နှုတ်ခမ်းမွေး ကောင်းလှ၍ ကျောင်းသား လန့်လောက်သော မျက်နှာမျိုး ရှိရာ ကျွန်တော်တို့ကို မြင်သောအခါ၌ အံ့ဩသော အမူအရာနှင့်—

"ထိုင်ကြပါ" ဟု ဆိုသဖြင့် ကျွန်တော်တို့လည်း ဧည့်ခန်းတွင် ဝင်ထိုင်ကြ၏။

"ဘယ်လို ကိစ္စပါလိမ့်ခင်ဗျာ"

"ခင်ဗျားက ကြေးနန်းရိုက်လိုက်လို့ လိုက်ခဲ့ကြတာပါပဲ"

"ဘယ်တုန်းက ကျွန်တော် ကြေးနန်းရိုက်လို့လဲ"

ရှောလမုန်က ကြေးနန်းကို ထုတ်ပြ၍ ဦးဘရှင်လဲ ဖတ်ကြည့်ပြီးနောက် ဦးခေါင်းကို ကုတ်နေ၏။

"ခက်လှပါကလားကရို့"

"ဘာခက်တာလဲ ခင်ဗျ"

"နာမည်ကတော့ ကျွန်တော့်နာမည် မှန်ပါတယ်"

"နို့ ခင်ဗျားကြေးနန်း မဟုတ်ဘူးလား"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


"ဘယ်က ဟုတ်ရမှာလဲ၊ ခင်ဗျားထိ ကြေးနန်းရိုက်ရအောင် ဘယ်တုန်းက ခင်ဗျားကို ကျွန်တော် သိလို့လဲ"

"ပစ္စည်းပျောက်တဲ့ အကြောင်းကော"

"ဘယ်သူက ဘာပစ္စည်းပျောက်မှန်း ဘယ်ကလာ ကျုပ် သိရမှာလဲ"

ဤတွင် ကျွန်တော်က ပဲခူးမြို့တွင် ဦးဘရှင် အမည်ခံ အခြား ကျောင်းဆရာတယောက် ရှိပါသေးသလောဟု မေးရာ ဦးဘရှင်က ယင်းအမည်နှင့် အခြားကျောင်းဆရာတယောက် ရှိသော်လည်း ဟိုက်စကူးကျောင်းဆရာကြီး ဦးဘရှင်ဆို၍ မိမိတယောက်တည်းရှိကြောင်း ပြောပြလေ၏။

ကြေးနန်းကား တနေရာရာ၌ မှားနေကြောင်း သေချာ၏။ အခြား သေချာသော အချက်တခုမှာလည်း ဦးဘရှင် လောကဝတ်နည်းပုံကို ထောက်ခြင်းအားဖြင့် ကျွန်တော်တို့မှာ သူ၏နေအိမ်၌ အိပ်ခွင့်မရပဲ တည်းခိုရန် အခန်းတခုခု ရှာကြရပေတော့မည်။

ရှောလမုန်က ပဲခူးမြို့ပေါ်တွင် အသိမိတ်ဆွေ မရှိသောကြောင့် တည်းခိုစရာမရှိကြောင်း ညည်းတွားသော်လည်း ဦးဘရှင်က သူ၏အိမ်၌ အိပ်ကြဖို့ အကြံပေးပဲ ဈေးအနီးအနားတွင် တရုတ်ဟိုတယ်တခုရှိ၍ ပိုက်ဆံပေးလျှင် အိပ်ခွင့်ပြုလိမ့်မည်ထင်ကြောင်း ပြောသည်နှင့် ကျွန်တော်နှင့် ရှောလမုန်တို့မှာ စိတ်ပျက်စွာနှင့် ဆင်းလာခဲ့ကြရလေသည်။

တရုတ်ဟိုတယ်ကို တွေ့၍ အိပ်ကြဖို့ စီစဉ်ပြီးနောက် ကျွန်တော်သည် ဦးစံရှားထံ တယ်လီဖုန်းဆက်၍ အဖြစ်အပျက်ကို ပြောရာ ဦးစံရှားက—

"ဆန်းလှချေလားဗျာ၊ ဘယ်လိုလူကများ နောက်လိုက်ပါလိမ့်။ သို့သော် မတတ်နိုင်ဘူးလေ ကိုသိန်းမောင်၊ တညတလေတော့ တော်သလိုကြည့်ပြီး လုပ်ခဲ့ကြပေတော့။ ရှောလမုန်နဲ့အတူ အိပ်ရတာ ရဟန္တာဒီသတာဝကို လေ့လာဖို့အခွင့်ရမယ် မဟုတ်ဘူးလားဗျ၊ ဟား ဟား ဟား ဟား"

ရှောလမုန်မှာ ကပ်စေးနှဲတယောက်ဖြစ်သည်ဟု နာမည်ကြီးသည့်အလျောက် ထိုညဉ့် ပိုက်ဆံအတွက် ညည်းတွားလိုက်ပုံများကို ကြားရသည့်အခါ ကြို့ကုန်းသားများ ကဲ့ရဲ့ကြခြင်းသည် နည်းသေးသည်ဟု အောက်မေ့မိလေတော့သည်။

နောက်တနေ့ နံနက်စောစောရထားနှင့် ပြန်လိုက်ခဲ့ကြ၍ ကွမ်းခြံဘူတာရုံသို့ ရောက်လာကြရာတွင် ကျွန်တော်နှင့် ရှောလမုန် နှစ်ယောက်အနက် မည်သူက ပို၍ စိတ်တိုလျက်ရှိသည်ဟု ဆုံးဖြတ်ရန် အတော်ပင် ခဲယဉ်းပေလိမ့်မည်။

ရှောလမုန်က ပိုက်ဆံကုန်သည့်အတွက် ကျွဲမြီးတိုလျက် ညည်းညူရာ ကျွန်တော်ကလည်း သူ ညည်းညူခြင်းအတွက် စိတ်တိုမိလေတော့သည်။

"ကိုင်း ဆရာကြီး၊ ညည်းမနေနဲ့တော့။ ဘယ်သူကမှ ခင်ဗျားပိုက်ဆံ ပြန်ပေးတော့မှာ မဟုတ်ဘူး။ ကြို့ကုန်းမပြန်ခင် ဦးစံရှားနဲ့တွေ့အောင် လိုက်ခဲ့အုံးမယ် မဟုတ်လား။ အကြံဉာဏ်ပေးစရာ ရှိကောင်း ရှိလိမ့်မယ်ထင်တယ်"

"တော်စမ်းပါဗျာ။ ခင်ဗျားလူပေးတဲ့ အကြံကြောင့် ကျုပ်မှာ ငွေနှစ်ဆယ်လောက် ကုန်သွားပြီကောဗျ"

သို့သော်လည်း ရှောလမုန်သည် ဦးစံရှားထံသို့ ကျွန်တော်နှင့်အတူ လိုက်လာ၏။

အိမ်သို့ရောက်သောအခါ ဦးစံရှားကိုမတွေ့ပဲ စာတစောင်ကိုသာ တွေ့ရ၏။

ထိုစာတွင် ကြို့ကုန်းသို့ ကျွန်တော်တို့ လိုက်ခဲ့ရန် မှာထားသည်ကို တွေ့ရလေသည်။

ဒုတိယအကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

ကြို့ကုန်းသို့ ချက်ချင်းလိုက်ကြ၍ ရှောလမုန်နှင့် ကျွန်တော်တို့သည် ရှောလမုန်၏တိုက်ထဲသို့ ဝင်သွားကြသောအခါ ဦးစံရှားသည် မီးခိုးရောင် မျက်မှန်တပ်ထားသော ဘင်္ဂါလီကုလား တယောက်နှင့်အတူ ဧည့်ခန်းတွင် ထိုင်လျက်ရှိသည်ကို တွေ့ရ၍ ကျွန်တော်တို့နှစ်ယောက် အံ့အားသင့်သွား၏။

ထိုလူမှာ ရှောလမုန်၏ အိမ်ရှေ့တွင် ကျွန်တော် တွေ့ရဖူးသော လူပင် ဖြစ်လေသည်။

ဘင်္ဂါလီကုလားသည် ပြုံးရယ်ခြင်း မရှိပဲ အလွန်တင်းသော မျက်နှာထားနှင့် ရှောလမုန်ကို ကြည့်လျက် ရှိ၏။

ဦးစံရှားက "ဟောဒါက ကျုပ်မိတ်ဆွေကြီး မစ္စတာ ချက်တာဂျီပဲ။ သူကလဲ ခင်ဗျာ့အမှုမှာ စုံထောက်နေတဲ့လူဗျ။ သို့သော် သူနဲ့ ကျုပ်နဲ့က ကိုယ့်နည်းနဲ့ ကိုယ် အလုပ်လုပ်ခဲ့တာပဲ။ သူကရော ကျုပ်ကရော ခင်ဗျားကို မေးစရာ တခုရှိတယ် မစ္စတာ ရှောလမုန်"

ရှောလမုန်သည် ထိတ်လန့်သော အမူအရာနှင့် ကုလားထိုင်ပေါ်တွင် တုန်ယင်စွာ ထိုင်ချလိုက်၏။

"ဘာများမေးချင်လို့လဲ ခင်ဗျားတို့က"

ရှောလမုန်သည် ပြူးတူး ပြဲတဲရှိသော မျက်လုံးများဖြင့် ဦးစံရှားနှင့် ချက်တာဂျီတို့ကို ကြည့်လိုက်ပြီးနောက် ကုလားထိုင်ပေါ်တွင် နောက်သို့မှီကာ ထိုင်ယင်း ပါးစပ်ကို လက်ဝါးနှင့် ဖုံးသလို ပြုလုပ်လိုက်ရာ ဦးစံရှားက ယင်း၏လက်ကို ဆတ်ကနဲ ကိုင်ဖမ်းကာ တပတ်လိမ်လိုက်သဖြင့် ဖြူဖြူအဝိုင်းကလေးတခုသည် ရှောလမုန်၏ လက်ထဲမှ လွတ်ကျသွားလေ၏။

"မလုပ်နဲ့လေ၊ ဖြတ်လမ်းကကြိတ်လို့ ဘယ်ရမလဲ။ လမ်းစဉ်အတိုင်း လိုက်မှပေါ့။ ကိုင်း ဘယ့်နှယ်လဲ မစ္စတာ ချက်တာဂျီ။ ဘယ်လို စီစဉ်မလဲ"

"မြင်းလှည်းတစီး ကျွန်တော် စောင့်ခိုင်းထားပါတယ်။ ဌာနာ ပို့လိုက်ရုံပေါ့"

"ဌာနာက မဝေးပါဘူး၊ ကျုပ်တို့ သွားပို့ကြတာပေါ့။ ကိုသိန်းမောင်တော့ ဒီက စောင့်ရစ်အုံးဗျာ။ ကျုပ် ချက်ချင်း ပြန်လာခဲ့ပါ့မယ်"

ရှောလမုန်မှာ အရွယ်နှင့်မလိုက်အောင် ခွန်အားကြီး ဗလကောင်းသည်ဖြစ်၍ မြင်းလှည်းပေါ်သို့ တက်ခိုင်းရာတွင် ကလန်ကဆန် ရုန်းကန်နေသဖြင့် ဦးစံရှားနှင့် ချက်တာဂျီတို့မှာ အတော်ကလေး အလုပ်များသွားသေး၏။

သို့ရာတွင် ချက်ကောင်းကို မိအောင်ကိုင်တတ်သူများ ဖြစ်သည့်အလျောက် ရှောလမုန်၏ လက်တဘက်စီနှင့် လည်ကုပ်ကို တယောက်စီ ကိုင်ကြပြီးလျှင် တွန်းတွန်း ထိုးထိုးနှင့်ပင် မြင်းလှည်းပေါ်သို့ တင်လိုက်ကြလေတော့သည်။

ကျွန်တော်မှာ ဦးစံရှား၏ အမိန့်အတိုင်း ထိုအိမ်မှ စောင့်နေရစ်၍ မျှားမကြာမီအတွင်း ဦးစံရှားသည် ဌာနာအုပ်တယောက်နှင့်အတူ အိမ်ထဲသို့ ဝင်လာကြလေ၏။

"တရားခံအပ်တဲ့ ကိစ္စတော့ ချက်တာဂျီနဲ့ လွှဲထားခဲ့တယ်ဗျို့။ ဒါထက် ချက်တာဂျီကို ခင်ဗျား မတွေ့ဖူးသေးဘူးမှတ်တယ် ကိုသိန်းမောင်။ ဒီဘင်္ဂါလီက အိန္ဒိယပြည်က ရောက်လာတာ သိပ်မကြာသေးဘူးဗျ။ သူကလဲ ကျုပ်လို အခပ်သားစုံထောက် တယောက်ပဲ၊ တပြည်လုံးမှာ အရပ်သားစုံထောက်ဆိုလို့ သူနဲ့ ကျုပ်နဲ့ နှစ်ယောက်တည်းပဲ ရှိသေးတယ်"

"တော်ပါ့ဗျာ။ သူလဲ တော်တော် ကြံရည် ဖန်ရည်ရှိတဲ့ လူတယောက်ပေပဲ။ ဒီအမှုမှာ သူ့ကို ဒေါက်တာ အီဇရာရဲ့ အစ်ကိုက ငှားသတဲ့ဗျ။ ဘင်္ဂါလီကုလား ခပ်ကုပ်ကုပ် နှုတ်ခမ်းမွှေးကောင်းကောင်းလို့

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ခင်ဗျားပြောကတည်းက ကျုပ်က ချက်တာဂျီ ဖြစ်မှာပဲလို့ တွေးမိသားပဲ။ သူစုံထောက်လို့ ပေါ်ပေါက်တဲ့ အမှုလဲ သုံးလေးခု ရှိသွားပြီ။ ဟုတ်လားဗျ ကိုသန်းတင်"

"ဟုတ်ကဲ့ ကျွန်တော်တို့ အလုပ်ထဲ သူဝင်ရှုပ်တာ သုံးလေးခါရှိပြီ"

"ဝင်ရှုပ်တယ်လို့လဲ မအောက်မေ့နဲ့လေ။ အကူအညီ ရတယ် မဟုတ်ဘူးလားဗျ"

"ဆရာကတော့ ဟုတ်ပါရဲ့။ ကိုယ်တိုင် အသားမယူပဲ ကျွန်တော်တို့ကို လွှဲလိုက်တာပဲ။ သူကတော့ ဒီလို မဟုတ်ဘူးဆရာ့ရဲ့။ ဗမာပုလိပ်တွေ ညံ့သလေး ဘာလေးနဲ့ တော်တော် ပုတ်ခတ်ချင်တဲ့ကုလားပဲ"

"လူမျိုးရေးစိတ်ဓာတ်ကတော့ ရှိတတ်တာမျိုးပေါ့လေဗျာ"

"ဒါက ကိစ္စမရှိဘူး ဆရာရဲ့။ ဒီအမှုမှာ ကျွန်တော်တို့က ရှောလမုန်ကို မသင်္ကာလို့ ကွင်းထောင်ပြီး ဖမ်းမယ်လို့ စီစဉ်ထားတုန်း ဆရာတို့လူစုက ဖြတ်လမ်းက ကြိုက်ပြီး အလုပ်လုပ်သွားကြတော့ ကျွန်တော်တို့ ခွကျကုန်တာပေါ့ ဆရာ။ ကျွန်တော်တို့က အစိုးရအမှုထမ်းဆိုတော့ ဥပဒေအတိုင်း လုပ်ရတယ်။ ဆရာတို့က တော့ ပေါ်ပေါက်ယင်ပြီးရော လုပ်ချင်တဲ့နည်းနဲ့ လုပ်နိုင်တာကိုး ဆရာရဲ့"

"ကိုင်းလေ ဒီအမှုအတွက်တော့ မစိုးရိမ်ပါနဲ့။ ခင်ဗျားတို့ပုလိပ်ကို အားလုံးအသားပေးပြီး ကျုပ်က ရှောင်ပေးပါ့မယ်။ ချက်တာဂျီဆိုတာလဲ ဒီအမှုမှာတော့ ကျုပ်ခိုင်းတာလောက် လုပ်တဲ့လူပါဗျ။ ကျုပ်ကို မလွန်ဆန်ပါဘူး မှတ်ကယ်"

ဌာနာအုပ် ကိုသန်းတင်မှာ အတော်ကျေနပ်ဟန်နှင့် ပြုံးနေ၏။

"ဆရာ့အဖို့တော့ ပရိသတ်က ကဲ့ရဲ့တာ ချီးကျူးတာ ဒီလောက် အရေးမကြီးပါဘူးဆရာ။ တပည့်များမှာတော့ တချက်တလေ လစ်သွားတယ်ဆိုယင် သတင်းစာတွေက ဝိုင်းဆော်ကြပါတယ်"

"ဒါလဲ မှန်ပါတယ်။ သို့သော် ဒီအမှုမှာ ရှောလမုန်ကို ဘယ်အချက်ကစပြီး မသင်္ကာပါသလဲလို့ သတင်းထောက်တွေက မေးကြလို့ရှိယင် ခင်ဗျား ဘယ့်နှယ်ဖြေမလဲ။ နောက်ဆုံးမှာ ဘယ်လိုအချက်ကြောင့် တပ်အပ်သေချာ စွပ်စွဲနိုင်ပါသလဲလို့ မေးကြယင်ကော ဘယ်လိုဖြေမလဲ"

ကိုသန်းတင်လည်း ကျေနပ်အောင် မပြောတတ်ဟန်နှင့် မျက်မှောင်ကုပ်နေပြီးမှ—

"ဒါတော့ ဆရာ။ ဆရာ့တပည့်များကို သင်ပေးခဲ့အုံးမှပေါ့။ တရားခံဟာ သက်သေ သုံးယောက် ရှေ့မှာ ကိုယ့်ကိုယ်ကိုများ အဆုံးစီရင်ဖို့ ကြိုးစားခြင်းအားဖြင့် သူ့အပြစ်ကို သူဝန်ခံရာရောက်တယ်လို့ ဆရာပြောတာပဲ။ ဒီ့ပြင်ကော ဆရာ"

"ခင်ဗျားတို့ သူ့အိမ်ကို သေသေချာချာ ရှာပြီးကြပလား"

"ပုလိပ်သားသုံးယောက် နောက်ကလိုက်လာကြပ ပြီဆရာ။ ရှာကြရုံ ရှိတာပါပဲ"

"ဟုတ်ပြီ။ ရှာကြည့်တော့ တွေ့ကြလိမ့်မပေါ့။ အလောင်းကို သိပ်ဝေးဝေးကြီး သူဝှက်ထားနိုင်ပုံ မရပါဘူး။ အနီးအပါးမှာ ရှိပါလိမ့်မယ်။ ဝင်းထဲမှာလဲ လျှောက်တူးကြည့်ပေါ့။ ရေတွင်းပျက်များထဲလဲ ရှိတတ်ပါတယ်"

"နို့ နေပါအုံးဆရာ၊ ဆရာကတော့ ဘယ်လိုလုပ်ပြီး သိနိုင်ပါသလဲ။ ဘယ်ပုံ သင်္ကာတာတဲ့လဲ ဆရာ"

"ကိုင်း လာခဲ့၊ လာခဲ့။ ဘယ်ပုံသင်္ကာတယ်ဆိုတာကို ရှေးဦးစွာပြုပြီး ခင်ဗျားရော ဟောဒီက ကိုသိန်းမောင်ရော ကျေနပ်အောင် ကျုပ် ရှင်းပြရမှာပေါ့။ သို့သော် သက်ဦးဆုံးအလုပ်က ရှောလမုန်ရဲ့ စိတ်နေသဘောထားကစပြီး ရှင်းလင်းပြမှ နားလည်ကြလိမ့်မယ်။

"ဒီလိုဗျ၊ ရှောလမုန်ဆိုတဲ့လူက ရှိတ်စပီးယားရေးတဲ့ ဇာတ်ထုပ်ထဲက ရှိုင်းလော့ဆိုတဲ့ဟူဒီလို ငွေကို အင်မတန် ခင်မင်တတ်တဲ့ လူတယောက်ပဲ။ ပိုက်ဆံတွေ များသည်ထက်များအောင် ရှာပြီး သူ့ပိုက်ဆံ သူ

www.burmeseclassic.com


ထုတ်ထုတ်ပြီး ရေတွက်ရတာကို အရသာခံတဲ့ လူစားထဲကပဲ။ သူတို့မှာ ပိုက်ဆံဟာ သုံးရလို့ အရသာ မပေါ်ဘူး၊ စုထားရမှ ပျော်ဘတ်တဲ့လူမျိုးဗျ။ သူ့မယားအပေါ်မှာ အင်မတန် စစ်ကုပ်ပြီး နေရာ တကာမှာ ချွေတာရေးလုပ်ချင်တဲ့ လူပေါ့ဗျာ။ ဒီတော့ကာ မိန်းမက ဘယ်မှာ ပျော်နိုင်တော့မလဲဗျ။

"စိတ်ညစ်တော့တာပေါ့။ အဲဒီလို စိတ်ညစ်နေရတဲ့အထဲမှာ ဘယ်သူရောက်လာသလဲ။ ဒေါက်တာ အိဇရာ ရောက်လာတယ်။ အဘိုးကြီးထက်လဲ ငယ်ပြန်၊ ရုပ်ရည်သနားကမားလဲ ရှိပြန်၊ စစ်တုရင်ထိုးဖို့ ခဏ ခဏလဲ လာပြန်ဆိုတော့ စိတ်ညစ်ပြီး မကျေမနပ်ဖြစ်နေတဲ့ အိမ်ရှင်မနဲ့ မတွေ့ကြပဲ နေနိုင်တော့မလားဗျ။ ကြိုးချင်းတား ကြိုးချင်းငြိဆိုတဲ့ စကားပုံကလဲ ရှိသေးတာကိုး။ ဒီအတောအတွင်းမှာ ရှောလမုန်ကလဲ နဂိုက မသင်္ကာတတ်တဲ့သဘော ရှိလေတော့ သူတို့အဖြစ်အပျက်ကို ရိပ်မိသွားပြီး စိတ်ခက်ထန်တဲ့လူများ သဘာဝ အတိုင်း လက်တုံ့ပြန်ဖို့ အကြံပြုရော ဆိုပါတော့ဗျာ။ သူကြံပုံကလဲ တော်တော်နေရာကျတယ်။ လာ လာ၊ ကြည့်လှည့်ကြစမ်း"

ဦးစံရှားသည် ယင်းနေအိမ်ကို မွေနှောက် ရှာဖွေပြီးဖြစ်သော လူတယောက်၏ အမူအရာမျိုးနှင့် ကျွန်တော်တို့ကို ခေါ်သွားရာ ငွေထားသော လေလုံသံခန်းကြီး၏ တံခါးဝသို့ ရောက်ကြလေ၏။

ကိုသန်းတင်လည်း နှာခေါင်း တရှုပ်ရှုပ်လုပ်လျက် "သင်္ဘောဆေးစော် နံလိုက်တာဆရာ" ဟု ပြောရာတွင် ဦးစံရှားက—

"ကျုပ်လဲ အဲဒီအနံ့ကြောင့် ပထမသဲလွန်စ ရတာပဲဗျ။ ဟောဒီကမိတ်ဆွေ ကိုသိန်းမောင်လဲ ဒီအနံ့ ကိုတော့ သတိထားမိရဲ့။ သို့သော် ကျုပ်လို သဲလွန်စ ပေါ်အောင်တော့ မစဉ်းစားတတ်ရှာဘူး။ ကျုပ် စဉ်းစားတာက ရှောလမုန်ဟာ ဘယ်အတွက်ကြောင့် ဒီလိုအခါမှာ သင်္ဘောဆေး သုတ်ချင်ရသလဲတဲ့။ ပစ္စည်းရော လူရော ပျောက်သွားရတဲ့အထဲမှာ အခန်းကို သင်္ဘောဆေး သုတ်တယ်ဆိုတာဟာ ယုတ္တိမရှိ လှဘူး။ အကြောင်းတခု ရှိလို့သာ ဖြစ်ရမယ်။ အကြောင်းက ဘာတဲ့လဲ။ သင်္ဘောဆေးဟာ အနံ့ပြင်း တယ်။ ဒီအထဲက လူမသိစေလိုတဲ့အနံ့တခုကို သင်္ဘောဆေးနံ့နဲ့ လွှမ်းသွားစေချင်တဲ့အတွက် သုတ်ခြင်း ဖြစ်ရမယ်လို့ ကျုပ် စဉ်းစားမိတယ်"

"ဟုတ်လောက်ပါ့ ခင်ဗျာ"

"ပြီးတော့ ဒီမှာကြည့်လိုက်စမ်း။ လေလုံတဲ့ သံခန်းကြီး မဟုတ်လား"

"ဟုတ်ပါတယ်"

"လေလုံတဲ့ အခန်းရယ်၊ အနံ့ရယ် ဆက်သွယ်ခြင်း မရှိဘူးလား"

"နည်းနည်းတော့ ရှိပါတယ်"

"ကျုပ်စိတ်ထဲမှာတော့ များများကြီးရှိလို့ ဒီအခန်းကို ကျုပ်ကိုယ်တိုင် သေသေချာချာ စုံစမ်း ချင်တဲ့စိတ် ဖြစ်ပေါ်လာတယ်။ ပြီးတော့ တချက်ကလဲ ဟိုညက ရှောလမုန်ဟာ ဂလုပ်ရုံမှာ တခုခု ဇာတ်ကားကြည့်ရအောင် သွားတယ်ဆို မဟုတ်လား။ အဲဒီညက ထိုင်ခုံနံပါတ် စီ ၁၂ ရော၊ ၁၄ ရော မရောင်းရလို့ ကွက်လပ်ကျန်နေတာကို ထိုင်ခုံဇယားကွက် တောင်းကြည့်လို့ ကျုပ်တွေ့ရတယ်။ ဒီတော့ကာ ရှောလမုန်သာ ထိုင်ခုံနံပါတ် စီ ၁၃ လက်မှတ်ကို ဝယ်ရိုးမှန်ယင်လဲ ဟိုညက ဂလုပ်ရုံကို သွားမကြည့် ကြောင်း ထင်ရှားတယ် မဟုတ်လား"

"သိပ် မရှင်းသေးပေါင် ခင်ဗျာ"

"ဒီလိုဗျ။ သူတို့လင်မယား နှစ်ယောက်ကြည့်ဖို့အတွက် လက်မှတ်နှစ်စောင် ဝယ်ထားပြီး သူ့မယား မလိုက်ဖြစ်လို့ သူတယောက်တည်း သွားကြည့်ရပါတယ်တဲ့။ သူ့မယားလက်မှတ်နံပါတ် စီ ၁၃ ကို ကိုသိန်း

www.burmeseclassic.com



မောင် မြင်ခဲ့ရတယ်ဆိုတော့ သူကြည့်ယင် ထိုင်ခုံနံပါတ် စီ ၁၂ ဖြစ်စေ၊ စီ ၁၄ ဖြစ်စေကြည့်ရမယ် မဟုတ်လား။ အခုတော့ ဟိုညက စီ ၁၂ ရော ၁၄ ရော မရောင်းရပါဘူးဆိုတော့ သူ သွားကြည့်တယ် ဆိုတာ ညာပြောတာပေါ့ဗျ"

"ထိုင်ခုံ ဇယားကွက်တွေ သိမ်းထားလို့လားခင်ဗျာ"

"ရုပ်ရှင်က ဘယ်နေ့ ဘယ်အချိန်မှာ ဘယ်ထိုင်ခုံနံပါတ် ရောင်းရလို့ ဘယ်ခုံနံပါတ် မရောင်းရဘူး ဆိုတာ ဇယားကွက်မှာ ကြက်ခြေခတ်ပြထားတယ်ဗျ။ ဇယားတွေကို သူတို့ တော်တော်နဲ့ လွှင့်မပစ်ဘူး။ တောင်းကြည့်ယင် ရနိုင်တယ်။ ပုလိပ် လုပ်နေပြီး ခင်ဗျားက ဒါလောက်မှ အသုံးမချဖူးပဲကိုး"

"အန္တေဝါသိက တပည့်ကြီးတယောက်လို့ မှတ်ထားလိုက်ပါ ဆရာခင်ဗျား"

"ကောင်းပြီ။ ဒီတော့ သူ့အိမ်ကို ကျုပ်ကြည့်ချင်တယ်။ သို့သော် သူ မသိအောင် တယောက်တည်း ကြည့်နိုင်အောင် ဘယ်လို လုပ်မလဲတဲ့။ မတတ်နိုင်ဘူး ကိုသိန်းမောင်ရေ့၊ ခင်ဗျားကို သူနဲ့အတူ ပဲခူးသွားဖို့ လွှတ်ရတော့တာပဲ၊ သူ့တယောက်တည်း လွှတ်လိုက်ယင် မတော်တဆ လှည့်ပြန်လာချင်လာမှာစိုးလို့ ခင်ဗျားပါ ထည့်လိုက်ရတော့တာပဲ။ ဦးဘာရှင် လိပ်ကိုတော့ ဒါရက်တိုရီထဲမှာကြည့်ပြီးဖန်တီးလိုက်ရတယ်"

"ကြေးနန်းကို ဘယ်သူ ရိုက်လိုက်တာလဲဗျ"

"ဒါကတော့ မခက်ပါဘူး။ ဌာနက ကျုပ်တပည့် မောင်ဘသောင်းကို ကြေးနန်းရိုက်ပြီး သင်ပေး လိုက်တော့ ဦးဘာရှင် နာမည်နဲ့ ရိုက်လိုက်နိုင်တာပေါ့"

"ဆက်စမ်းပါအုံးဆရာ"

"ဒါနဲ့ သူတို့နှစ်ယောက်ကို ပဲခူးလွှတ်လိုက်ပြီး ကျုပ် တယောက်တည်း ညတွင်းချင်း ဒီအိမ်လာကြည့် တာပေါ့။ ပိတ်ထားတဲ့ တံခါးတွေကို ဖွင့်တာလောက်တော့ ကျုပ်အဖို့ အပျော့ပေါ့။ သူခိုးလုပ်စားရယင် ပထမတန်းတောက်ပြောင် ဖြစ်နိုင်မှာပေါ့ဗျာ"

"ယုံကြည်ပါတယ်ဆရာ"

"သူ့လေလုံခန်းကို သေသေချာချာဝင်ကြည့်တော့ ဟောဟိုက တိုလီမိုလီပစ္စည်းခန်းနဲ့ ပိုက်လုံးတခု ဆက်ထားတာကို တွေ့ရတယ်။ ဒီအိမ်ဟာ နှယ်နှယ့်အိမ် မဟုတ်ဘူးဗျ။ မူလတုန်းက ဒင်္ဂါးအတုတွေ ညှပ်ပုံ သွင်းဖို့အတွက် တမင်တကာ ရည်ရွယ်ပြီး ဆောက်ထားတဲ့ အိမ်နဲ့ တူတယ်။ လာ လာ၊ ကြည့်လှည့်ကြစမ်း"

ကျွန်ုပ်တော်တို့သည် ဦးစံရှားနောက်သို့ လိုက်သွား၍ တိုလီမိုလီ အခန်းသို့ ရောက်ကြသောအခါ နံရံတွင် ဖားဖိုဘလုံးရှိ၍ ဖားဖိုရှေ့မှ ပိုက်လုံးသွယ်ပြီးလျှင် လေလုံခန်းထဲသို့ ပိုက်လုံး ဝင်သွားသည်ကို တွေ့ကြရ၏။

စီမံထားပုံမှာ ဖားဖိုရှေ့၌ ရှိသော မီးသွေးဖိုထဲသို့ ဓာတ်သတ္တု တစုံတရာထည့်၍ ဖားဖိုနှင့် လေပေး လိုက်လျှင် ဓာတ်ငွေ့များသည် လေလုံခန်းထဲသို့ ဝင်သွားမည် ဖြစ်လေသည်။

"ကိုင်း ခင်ဗျားတို့ ဘယ်လို စိတ်ကူးပေါ်ကြသလဲ"

"မတွေးတတ်သေးပေါင် ဆရာ"

"ဒီလိုဗျ၊ လူတယောက် နှစ်ယောက်ကို လေလုံခန်းထဲသွင်းပြီး ဖားဖိုနဲ့ မှိုင်းတိုက်ပေးလိုက်ယင် နာရီဝက်လောက်ကြာအောင် အသက်ရှင် နေနိုင်တဲ့လူ မရှားပေဘူးလား"

ထိုအခါမှ ကျွန်ုပ်တော်တို့မှာ ဦးစံရှား၏ တွေးလုံးကိုရိပ်မိ၍ ကြက်သီးမွေးညင်းထမိကြတော့သည်။

"ဒါနဲ့ မနေ့ညက ဒီအခန်းကို သေသေချာချာ ဝင်ကြည့်ပြီး ကိုယ့်ဟာကိုယ် ကျေနပ်လို့ ပြန်ထွက် လာရာမှာ ကျုပ်လည်ကုပ်ကို ကိုင်ဖမ်းတဲ့ပြီး 'မိပြီကွ၊ ဘာသာလုပ်တာလဲ၊ ပြောစမ်း'တဲ့။ အင်္ဂလိပ်လို



www.burmeseclassic.com

www.burmeseclassic.com



ဝေါက်ပြီး မေးလိုက်ပါရောကိုးဗျ။ ကျုပ်က သူ့အသံကိုသိလို့ 'အကြံတူချင်း တွေ့နေကြမင့်ကိုး ချက်တာဂျီ' လို့ ပြောလိုက်တော့မှ လည်ပင်းကို လွှတ်လိုက်ပြီး နှစ်ယောက်သား အားရပါးရ ရယ်ကြရသေးတာကိုး။

"ချက်တာဂျီကလဲ ဒေါက်တာအီဇရာရဲ့ အစ်ကိုက ရှောလမုန်ကို မသင်္ကာတဲ့အတွက် သူ့ငှားပြီး စုံစမ်းခိုင်းလို့ ကျုပ်လိုပဲ တိတ်တိတ်လာပြီး စုံစမ်းတာ ဖြစ်နေတာကိုး။ သူကလဲ ကိုသိန်းမောင်ကို ဟိုနေ့က တွေ့လိုက်ရလို့ မသင်္ကာဘူးတဲ့ဗျ။ ကျုပ်ကို ပြောပြလို့ ရယ်ကြရသေးတယ်"

ကျွန်တော်နှင့် ကိုသန်းတင်တို့လည်း ရယ်ကြရသေး၏။

"ရှောလမုန်က သူ့မယားနဲ့ အီဇရာကို မသင်္ကာလေတော့ လက်တုံ့ပြန်ဖို့ ကြိတ်ကြံနေဟန်တူတယ်။ ကြာခိုတဲ့လူနဲ့ မယားလုပ်တဲ့ မိန်းမကတောင် လင်ကြီး ရိပ်မိတယ်ဆိုတာကို သိကြဟန် လက္ခဏာမရှိဘူး။ သူတို့ဟာသူတို့ လုံလှပြီ အောက်မေ့နေကြ ထင်ပါရဲ့။ ဒါနဲ့ ရေဘက္ကနဲ့ အီဇရာကို ဘယ်လိုရယ်ယာယ်နဲ့ ပစ္စည်းထားတဲ့ အလုံခန်းကြီးထဲရောက်အောင်သွေးဆောင်တယ်လို့ မပြောတတ်ပါဘူး။ သူတို့နှစ်ယောက်လဲ အထဲရောက်ကရော ရှောလမုန်ကလဲ သံတံခါးကို ပိတ်လိုက်ကရော ဖြစ်မှာပေါ့"

"တမြန်နေ့က ဒီအိမ်ကို ကျွန်တော်တို့ လာပြီး စစ်ဆေးကြတုန်းက ကျွန်တော့်တပည့် တယောက်ကတော့ သင်္ဘောဆေးစော် နံတဲ့အကြောင်းကို ပြောတော့ ပြောသေးတယ်။ ကျွန်တော်တို့က မတွေးမိကြလို့သာ ဆရာရဲ့။ အဲဒီနေ့ကတည်းက ရှောလမုန်က သင်္ဘောဆေးတွေ စသုတ်နေပြီခင်ဗျ။ ကိုင်း ပြောပါအုံး ဆရာ"

"ကျုပ် အတွေးအဆကို ထောက်ခံထားတဲ့ အချက်ကလေးတခုတော့ ကျုပ်ပြနိုင်တယ်။ ဒီလိုဗျ ကိုသန်းတင်၊ တခါတလေ လူတယောက်အကြောင်းကို စဉ်းစားတဲ့အခါ သူ့နေရာမှာ ကိုယ်တိုင်ဝင်နေပြီး ကိုယ်ဖြစ်ယင် ဘယ်လို လုပ်မလဲလို့ စိတ်ကူးကြည့်တတ်ယင် သိပ်အဖိုးတန်တယ်ဗျ။ ကောင်းပြီ ကိုသန်းတင်၊ ခင်ဗျားကို အလုံခန်းထဲမှာ သွင်းထားပြီ၊ အော်လို့ဟစ်လို့လဲ လူမကြားနိုင်ဘူးဆိုယင် ခင်ဗျား ဘယ့်နှယ် လုပ်မလဲ၊ စိတ်ကူးကြည့်စမ်း"

"ထရုံမှာ ဖြစ်စေ၊ စာရေးပင်ခဲ့မိမလား မဆိုနိုင်ဘူး ဆရာ"

"အစစ်ပဲဗျို့ ကိုသန်းတင်။ ကိုင်း လာကြ။ ဟောဒီမှာ ကြည့်လှည့်ကြစမ်း"

ကျွန်တော်နှင့် ကိုသန်းတင်တို့သည် အလုံခန်းအတွင်းရှိ ကြွက်လျှောက်၌ ဦးစီးရှားထောက်ပြသော နေရာကို ကြည့်လိုက်ကြသောအခါ အင်္ဂလိပ်ဘာသာဖြင့်—

'ရှောလမုန်က ကျွန်ုပ်တို့ကို ပိတ်လှောင်၍ သတ်ပါသည်' ဟူ၍ ဖောင်တိန်နှင့် ရေးခြစ်ထားသော စာလုံးများကို တွေ့ကြရလေ၏။

လက်ရေးမှာမူ မှန်နေသဖြင့် မေ့လုခါနီးတွင်မှ ရေးသားထားသည့် လက္ခဏာနှင့် ကိုးရိုးကားရား ရှိနေလေ၏။

ထို့နောက် ကိုသန်းတင်က "သူ့မှာ ရှယ်ယာလက်မှတ်တွေ ရှိတာတော့ အမှန်ပဲဆရာ။ ကျွန်တော်တို့ ထောက်လှမ်းကြည့်ပြီးပြီး"

"အဲလေ၊ ရှိခပမယ့် ပျောက်တယ်ဆိုပြီး သူ့ဟာသူ ဝှက်ထားမှာပေါ့ဗျ။ ဒီ အမှုအကြောင်းကို လူတွေက မေ့လောက်ပြီဆိုတော့မှ ကြာသမားစုံတွဲက နောင်တရပြီး စာချုပ်တွေကို စာတိုက်က ပြန်ပို့လိုက်ပါတယ်ဆိုပြီး ကြေငြာနိုင်တာပေါ့"

"ဟုတ်ပါပြေ့ဆရာ။ ဆရာကဖြင့် စေ့စေ့နှနှအောင် ရှင်းလင်းနိုင်တာချည်းပဲကိုး။ သို့သော် ကျွန်တော် တခု နားမလည်တာက ဆရာ့ဆီ သူက တမင်သွားပြီး ငှားသလေး ဘာလေးလုပ်တာ အံ့သြတယ်ဆရာရယ်"

www.burmeseclassic.com



“ဒါကတော့ သူ့ဟာသူ လုံလုံပြီတင်ပြီး ဟိုလူ ဒီလူတွေက စိတ်မသိုးမသန့် ဖြစ်ကြတဲ့အခါမှာ နိုင်ငံကျော် စုံထောက်ကြီး ဦးစံရှားကိုတောင် သူ ငှားပြီး ထောက်လှမ်းခိုင်းမိပါသေးတယ်လို့ ပြောချင်လို့ ဖြစ်မှာပေါ့ဗျ”

“ဟုတ်ပါပေ့ဆရာ၊ နေရာကျပါပေ့ခင်ဗျာ”ဆို၍ ရယ်မောလေ၏။

× × +

ထို့နောက် သုံးရက်မြောက်သောနေ့၌ ဦးစံရှားသည် မြန်မာ့အလင်းသတင်းစာ တစောင်ကို ကျွန်တော့် လက်သို့ ပစ်ပေးလိုက်သဖြင့် ကြည့်လိုက်ရာတွင် ‘ဉာဏ်များသော ရဟူဒီ တရားခံ’၊ ‘သူ့ထက်သူ လူစွမ်း ကောင်းသော ဌာနာအုပ် ဦးသန်းတင်’ အစရှိသော ခေါင်းစဉ်ဖြင့် ကြိုကုန်း လူသတ်မှုအကြောင်း ရေးသား ဖော်ပြထားသည်ကို တွေ့ရလေ၏။

နောက်ဆုံး အပိုဒ်ကလေး၌ကား—

‘ဌာနာအုပ် ဦးသန်းတင်သည် သင်္ဘောဆေး အနံ့ကို ခံစားရခြင်း အားဖြင့် သဲလွန်စရရှိပြီးလျှင် လေလုံခန်း အတွင်း၌ ဒေါက်တာ အီဇရာနှင့် ရဟူဒီမ ရေဘက္ကတို့ကို မှိုင်းတိုက်သတ်ဖြတ်ခြင်းဖြစ်လိမ့်မည်ဟူ၍ တွေးခေါ်နိုင်ခြင်းမှာ ပုလိပ်ရာဇဝင်တွင်မှတ်တမ်း တင်လောက်အောင် ဉာဏ်သွားခြင်းဖြစ်ပေကြောင်း။ အီဇရာနှင့် ရေဘက္ကတို့၏ အလောင်း များကိုလည်း ခိုအိမ်ကြီး ဖုံးထားသည့် ရေတွင်းပျက်ကြီးထဲ၌ တွေ့ရ၍ ရင်ခွဲရုံသို့ တင်ပို့ လိုက်ပြီ ဖြစ်ကြောင်း’

စသဖြင့် ဖော်ပြ ပါရှိလေသည်။

ဦးစံရှားလည်း ကျွန်တော် ဖတ်ပြသည်ကို နားထောင်၍ စာပိုဒ်ဆုံးသောအခါ၌—

“ဦးသန်းတင်ပဲ ရှိပါစေတော့ဗျာ။ သို့သော် သတင်းစာ ဖြတ်ပိုင်းကလေးတော့ သိမ်းထားဗျို့ ကိုသိန်းမောင်၊ တနေ့သ၌တော့ အမှုမှန် အတိုင်း ရေးခွင့် ပေါ်လာချင် ပေါ်လာလိမ့်အုံးမယ်” ဟု ပြုံးရယ်ကာ ပြောလိုက်လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ၈။ ကာလဏာရိုင်အသင်း*

တနေ့သ၌ ကျွန်ုပ်တော်သည် သတင်းစာတိုက်တွင် 'ကော်ပီ'များ ပေးအပ်ခဲ့ပြီးနောက် အိမ်သို့ ပြန်လာသော အခါ ဦးစံရှားမှာ ညှော်ခန်းထဲတွင် ဝဝတုတ်တုတ် နှုတ်ခမ်းမွေးကောင်းကောင်း လူတယောက်နှင့် စကား လက်ဆုံကျလျက်ရှိသည်ကို တွေ့ရသဖြင့် လူမသိစေလိုသော စကားမျိုးဖြစ်မည်စိုးရိမ်သည်နှင့် တိုက်ပေါ်မှ တဖန် ပြန်ဆင်းမည်ကဲ့သို့ ပြုလေ၏။ ထိုအခါ ဦးစံရှားက—

"ဘယ်လဲဗျ ကိုသိန်းမောင်၊ လာစမ်းပါအုံး။ ခင်ဗျားကြားစေချင်လွန်းလို့ မျှော်နေတုန်း အခန့်သင့် ရောက်လာတာ ဟန်ကျလိုက်တာ။ ဒီဟာက ကျွန်ုပ်တော်နဲ့လုပ်ဘော်ကိုင်ဘက် ကိုသိန်းမောင်ပါပဲ၊ ကျွန်ုပ်တော့် ကို စိတ်ချရသလို သူ့ကိုလဲ စိတ်ချနိုင်ပါတယ်။ ကိုင်း ကိုသိန်းမောင်၊ လာဗျို့။ နားထောင်လှည့်စမ်း၊ သိပ်ဆန်းတဲ့ အမှုပဲ။ စိတ်မရှိပါနဲ့ ဦးဖိုးတုတ်ရယ်၊ ကျွန်ုပ်တော့်မိတ်ဆွေ ကြားရအောင် တဆိတ်လောက် အစက ပြန်ပြောပြစမ်းပါအုံးဗျာ။ ကျွန်ုပ်တော့် အဖို့လဲ နားရှင်းလေ ကောင်းလေပါ။ အချည်းနှီးမဖြစ်ပါ ဘူး"ဟုပြောသဖြင့် ကျွန်ုပ်တော်သည် အားလပ်နေသောကုလားထိုင်တလုံးတွင် ဝင်၍ထိုင်ရလေ၏၊ ဦးဖိုးတုတ် ဆိုသူလည်း ကျွန်ုပ်တော့်အား လှမ်းကြည့်လိုက်ရာ မျက်စိတဘက်လပ်တယောက် ဖြစ်ကြောင်း တွေ့မြင်ရ လေ၏။

"ဘယ်မှာလဲ ဦးဖိုးတုတ်ရဲ့၊ ခင်ဗျားပြောတဲ့ ကြော်ငြာကို ပြစမ်းပါအုံး။ ပါခဲ့တယ်မဟုတ်လား"

"ပါခဲ့ပါတယ်ခင်ဗျာ။ ဟောဒီကြော်ငြာကစပြီး ဒီကိစ္စ ဖြစ်ပေါ်လာတာပဲ။ ခင်ဗျားတို့ကိုယ်တိုင် ဖတ်ကြည့်ကြပါတော့"

ဦးဖိုးတုတ်သည် အင်္ကျီအိတ်ထဲတွင် ခေါက်၍ထည့်လာသော သတင်းစာဖြတ်ပိုင်းတရွက်ကို ထုတ်၍ ကျွန်ုပ်တော့်အား လှမ်းပေးလေရာ ကျွန်ုပ်တော်လည်း အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

---

* ဤဝတ္ထုကို သူရိယမဂ္ဂဇင်း၊ ၁၉၁၇၊ ဇွန်၊ အတွဲ ၁၊ အမှတ်၄ တွင် 'မျက်စိတဘက်လပ်အသင်းအမှု၌ မောင်စံရှား စုံထောက်ပုံ'ဟု အမည်ပေးကာ ဦးစွာရေးသားသည်။ ဤဇာတ်လမ်းကိုပင် 'ခါးကုန်းအသင်း အမှု၌ စုံထောက်ပုံ' အမည်ဖြင့် ရှုမဝမဂ္ဂဇင်း၊ ၁၉၅၃၊ စက်တင်ဘာ၊ အတွဲ ၇၊ အမှတ် ၇၆ တွင် ဒုတိယမှု ထပ်မံရေးသားသည်။ ရှုမဝမှုကို မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၉၊ နှလုံးလှစာအုပ်တိုက်မှ အတွဲ ၅ တို့တွင် 'ခါးကုန်းဦးသဲလှိုင့်အမှု' အမည်ဖြင့် တွေ့ရသလို သူရိယမှုကိုလည်း မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၅ နှင့် နှလုံးလှစာအုပ်တိုက်မှ အတွဲ ၂ တို့တွင် 'ကာလဏာရိုင်အသင်း' ဟူသော အမည်ဖြင့် ထပ်မံ တွေ့ရသည်။ ဤစာအုပ်တွင် နောက်ရေးမှု ဖြစ်သော 'ခါးကုန်းအသင်း အမှု၌ စုံထောက်ပုံ' မှုကို ချန်လှပ်ထားခဲ့ပြီး ပထမ ရေးသောမှုကိုသာ ဖော်ပြလိုက်ပါသည်။ မူရင်းမှာ The Red Headed League ဖြစ်သည်။ မှတ်ချက်။ ။ကာလဏာရိုင် (ပါဠိ)=မျက်စိတဘက်လပ်)



www.burmeseclassic.com

www.burmeseclassic.com



## ကာဏာရိန္ဒ အသင်းကြီး

ယိုးဒယားပြည် မန်ကောက်မြို့၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည့် သဋ္ဌေးကြီး ဦးပေါက်စီ တည်ထောင်ဖွဲ့စည်းခဲ့သော ကာဏာရိန္ဒအသင်းကြီးတွင် အသင်းသား မင်္ဂလာတယောက် လစ်လပ်လျက်ရှိရာ မျက်စိဘာဘက်လပ်သော မည်သည့်ယောကျ်ားမဆို ၎င်းလစ်လပ်သောနေရာတွင် လျှောက်ထားနိုင်ကြောင်း၊ လခမှာ တလ ၂၅၀ ကျပ်ဖြစ်၍ အလုပ်ဝတ္တရားများမှာ လွန်စွာ ချောင်ချိသက်သာလှကြောင်း။ ကိုယ်လက်အင်္ဂါ ပြည့်စုံ၍ အသက် ၂၁ နှစ် ကျော်လွန်သည့် မည်သည့် မျက်စိတဘက်လပ်ယောကျ်ားမဆို လျှောက်ထားနိုင်ကြောင်း။ လျှောက်ထားလိုသူများသည် ရှေ့တနင်္လာနေ့၊ နံနက် ၁၁ နာရီအချိန်တွင် ကုန်သည်လမ်း၊ တိုက်နံပါတ် ၃၇၆ နေ ဦးသန်းမွေဖထံ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါကြောင်း။

"ဘယ့်နှာလဲဗျ၊ ထူးဆန်းလှချေကလား"

ထိုသို့ အံ့သြစွာဖြင့် မေးမြန်းသောအခါ ဦးစံရှားမှာ ကျွန်တော်၏ အံ့သြခြင်းကို အရသာခံစားနေသည့် အနေမျိုးဖြင့် တခိခိ ရယ်လျက်ရှိလေ၏။

"ခင်ဗျားက အမှုဆန်းကြိုက်တဲ့လူမို့ ကျုပ်က သာပြချင်တယ်။ ဘယ့်နှယ်လဲ၊ ချီကတည်းက ဆန်းလိုက်ကဲ့ မဟုတ်လားဗျ"

"ဆန်းလိုက်ရုံ မကဘူး၊ ကာတော်လစ်တောင် ဖြစ်နေပြီလို့ ပြောချင်တော့တာပဲဗျာ။ ကာဏာရိန္ဒအသင်းတဲ့။ လခကလဲ ၂၅၀ တဲ့။ ဆန်းပါပေ့ဗျာ"

"ကိုင်း ဦးဖိုးတုတ်၊ ဒီကြော်ငြာနဲ့ ပတ်သက်ပြီး ခင်ဗျားကိုယ်တွေ့ အဖြစ်အပျက်ကလေးများကို တဆိတ် ဆက်ပြောပြလိုက်ပါအုံးဗျ။ ရက်စွဲကို မှတ်ထားနော် ကိုသိန်းမောင်"

"ဧပြီလ ၂၇ ရက်နေ့ထုတ် သူရိယသတင်းစာမှာ ပါတယ်ဆိုတော့ နှစ်လလောက် ရှိသွားပြီ"

"ဟုတ်ပြီ၊ ကိုင်း ဦးဖိုးတုတ်၊ ဆိုစမ်းပါအုံးဗျ"

"ကျွန်တော် ခုနင်က ပြောခဲ့တဲ့အတိုင်း ကျွန်တော်ဟာ ပုဂံ၊ ညောင်ဦးမြို့များက ယွန်းထည်များ ချပြီး ရောင်းချ စားသောက်ခဲ့တဲ့ လူတယောက်ပါ။ နေတော့ကာ ၂၂ လမ်းမှာ အိမ်ပိုင်နဲ့နေပါတယ်။

"ယွန်းထည်များဟာ မြေတိုက်ထဲမှာ သိုလှောင်ထားမှ အရောင်အဆင်း ကောင်းမွန်တဲ့အတွက် ကျွန်တော့်အိမ်အောက်မှာ မြေတိုက် တူးထားပါတယ်။ ရှေးတုန်းက ခေတ်ကောင်းစဉ်မှာတော့ နှစ်တပတ်လည်ယင် လေးငါးခြောက်ထောင် မြတ်စွန်းဖူးပါတယ်။ အခုတော့ သားမယားလဲဆုံး၊ ယွန်းထည်ခေတ်ကလဲ ခပ်ကုန်ကုန်ဖြစ်လေတော့ အလုပ်အကိုင်ကို တယ်ပြီး အကြီးအကျယ် မချဲ့တော့ပဲ ပုဂံ၊ ညောင်ဦးက မိတ်ဆွေများ တင်ပို့လိုက်တဲ့ ကုန်ကလေးများလောက် မလိုလဲ လိုလဲ ရောင်းချနေပါတော့တယ်။

"ကျွန်တော့်အိမ်မှာ လက်ထောက် တပည့်ကလေးတယောက်၊ ထမင်းချက်တဲ့ မိန်းမကြီးတယောက် ဒါလောက်ပဲ အိမ်သူအိမ်သား ရှိပါတယ်။ တယ်ကြီးလဲ တွန်းတွန်း ထိုးထိုး ရှေးကလို အရောင်းအဝယ် မလုပ်တော့ပဲ သိမ်ကြီးဈေးနဲ့ စကော့ဈေးထဲက ဖောက်သည်ဆာလေး လေးငါးဆိုင်လောက်နဲ့ပဲ ဆက်သွယ်ထားပြီး အေးအေး ရောင်း၊ အေးအေး ဝယ်၊ အေးအေး စားသောက်ပြီး နေတာပါပဲ။

"ရှိတဲ့ တပည့်ကလေးတောင်မှ ယွန်းထည်လုပ်ငန်းကို နားလည်အောင် သင်ချင်လှပါတယ်ဆိုလို့ ထမင်းစား အဝတ်ဆင်လောက်နဲ့ အိမ်မှာ ထားရပါတော့တယ်။

ဓာတ်ဝိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ကလေးက လူသွက်ကလေးပဲ၊ ပါးရည် နပ်ရည်က ရှိပါတိသနဲ့။ လခစားလုပ်ယင် အနည်းဆုံး လေးငါးခြောက်ဆယ် ရနိုင်လောက်လျက်နဲ့ ဘယ်လိုစိတ်ကူးမျိုးကြောင့် ထမင်းစားရုံလောက်နဲ့ ယွန်းထည်လုပ်ငန်း လာသင်တယ်လို့ ပြောပဲ မပြောတတ်ပါဘူးခင်ဗျာ။

"သို့သော်လဲ ကျွန်တော့်မှာတော့ နေရာတကာမှာ အသုံးကျတဲ့လူတယောက်ကို ထမင်းကျွေး အဝတ်ဆင်ရုံလောက်နဲ့ ရထားတော့ ကျေနပ်နေတာပေါ့ ခင်ဗျ"

"ဒီသူငယ့်နာမည် ဘယ့်နှယ်ခေါ်သလဲ"

"မောင်ထူးရွှေတဲ့ ခင်ဗျ။ အသက်ကတော့ ၃၀ ပြည့်သေးဟန် မတူဘူး။ နုရည်ဖပ်ရည် ရှိပါတိသနဲ့။ တကယ့် ဖော့ရုပ်ကလေးလိုပဲ။ အပြောအဆိုမှာလဲ သိပ်ပြီး ခြေခံတာပဲ"

"ခင်ဗျား ပြောပုံဖြင့် ဒီလောက် အရည်အချင်းနဲ့ ဝတ်ရစားရုံ ရတဲ့ အလုပ်မှာ ဝင်လုပ်နေတာ အံ့သြစရာပဗျာ။ အပြစ်ဆိုလို့ ဘာမှ ဆိုစရာ မရှိဘူးလား"

"တခုတော့ ပြောစရာရှိတယ်ခင်ဗျာ။ ဓာတ်ပုံရိုက်ဖို့ ဝါသနာပါလိုက်တာက လွန်ရော၊ မှန်ချပ်ရေ တဆုနဲ့ ဓာတ်ပုံကိရိယာ တစုံ လက်ဆောင်ရထားဆို ထင်ပါရဲ့။ တချောက်ချောက်နဲ့ တွေ့ကရာ ဓာတ်ပုံ ရိုက်ပြီး မြေတိုက်ထဲမှာ မှန်ဆေးရအောင် တဆင်းတည်း ဆင်းနေတော့တာပဲ။ အားအားရှိယင် မောင်ထူးရွှေ ဘယ်မှာလဲ မြေတိုက်ထဲမှာချည်းပဲ။ ဒီ့ပြင်တော့ ဘာအပြစ်မှ ဆိုစရာ မရှိပေဘူး"

"သူ အခု ခင်ဗျားနဲ့ အတူတူပဲလား"

"မှန်ပါတယ်။ ထမင်းချက်တဲ့ မိန်းမကြီး တယောက်ရယ်၊ သူရယ်၊ ကျွန်တော်ရယ်၊ သုံးယောက်တည်း နေကြတာပါပဲ"

"ကိုင်း၊ ဒါထက် ကြော်ငြာအကြောင်း ပြောစမ်းပါအုံးဗျာ"

"လွန်ခဲ့တဲ့ နှစ်လလောက်က မောင်ထူးရွှေဟာ သူရိယသတင်းစာတစောင်ကို ကိုင်ပြီး ကျွန်တော့်ဆီ ပြေးလာတဲ့ပြီး ဒီကြော်ငြာကို ပြတာကိုးခင်ဗျ။ 'ကျွန်တော်ဖြင့် မျက်စိတလုံးကိုတောင် ဖောက်ပစ်လိုက်ချင်သလို ဖြစ်နေပြီ ဦးရယ်'တဲ့။

"ကျွန်တော်က ဘာကြောင့်လဲ မေးတော့ ကာဏာရိုင်္ဂ အသင်းကြီးအကြောင်းကို ဦးမကြားဖူးဘူးလားတဲ့။ ဒီအသင်းမှာ နေရာတခု လစ်လပ်နေတယ်လို့ ကြော်ငြာထားတယ်လို့ ပြောတဲ့ပြီး ဒီကြော်ငြာကို ဖတ်ပြပါရော ခင်ဗျာ။

"ကျွန်တော်လဲ အစတော့ နားမလည်ဘူး။ မောင်ထူးရွှေ ရှင်းပြတော့မှ ကျွန်တော် နားလည်တယ်။

"ဒီလိုတဲ့ခင်ဗျ။ ဦးပေါက်စီဆိုတဲ့ ဗမာတယောက်ဟာ ယိုးဒယားပြည်သွားပြီး စီးပွားရှာလို့ သဌေးဖြစ်ပြီးတဲ့နောက် အမွေခံ အမွေစား မကျန်ပဲနဲ့ သေသွားပါရောတဲ့ ခင်ဗျာ။

"သူကိုယ်တိုင်က မျက်စိတဘက်လပ် ဖြစ်လေတော့ မျက်စိတဘက်လပ်များကို ကူညီချင်တဲ့စိတ် ဖြစ်မေါ်ပြီး သူ့ပစ္စည်းရှိသမျှကို လူကြီးတစုရဲ့ လက်ထဲမှာ အပ်ထားခဲ့သတဲ့။

"စီမံပုံက ဘယ်လိုလဲဆိုတော့ သူ့ငွေတွေကို ဘဏ်တိုက်မှာ အပ်ထားပြီး ရတဲ့ အတိုးငွေကို ကာဏာရိုင်္ဂ အသင်းသားများကို ဖြန့်ဖြူးဝေငှပေးရစ်ဖို့ မှာထားခဲ့သတဲ့။

"ငွေတိုးချည်းပဲ တလ သုံးထောင်လောက် ရလေတော့ အသင်းသား တယောက်ကို တလ နှစ်ရာ ငါးဆယ်နှုန်းနဲ့ အသင်းသားပေါင်း ဆယ့်နှစ်ယောက်ကို ချီးမြှင့်ထောက်ပံ့ထားခဲ့တယ်တဲ့။

"ဆယ့်နှစ်ယောက်ထဲက တယောက်ယောက် သေဆုံးတဲ့အခါမှာ နောက်ထပ်တယောက် ရွေးကောက်ဖို့ ကြော်ငြာပြီး ရှာယူရတယ်တဲ့။

www.burmeseclassic.com



"အခုကြော်ငြာဟာ ကာဏာရိဋ္ဌအသင်းသားတယောက်သေဆုံးတဲ့အတွက် လူသစ်ရှာရတဲ့လက္ခဏာ ရှိတယ်တဲ့။

"ရည်ရွယ်ချက်က ဘာလဲဆိုတော့ ဦးပေါက်စီကိုယ်တိုင် မျက်စိတဘက်လပ် ဖြစ်လေတော့ မြန်မာ လူမျိုးထဲက မျက်စိဘဘက်လပ်သူမျှားကို ကူညီထောက်ပံ့ချင်တဲ့ သဘောတဲ့ဗျာ။

"ကျွန်တော်က သတင်းစာလဲ့မဖတ်၊ ဘယ်သူနဲ့မှလဲ့ အပေါင်းအသင်းမလုပ်လေတော့ ဗဟုသုတက ခပ်နည်းနည်း၊ သူပြောပြမှပဲ သိရတော့တာကိုး ခင်ဗျ"

"ဒါနဲ့ သွားလျှောက်ရောလား"

"ကျွန်တော့်သဘောလိုဆော့ မယုံတဝက် ယုံတဝက်ဖြစ်နေလို့မို့ လျှောက်ကောင်းမှ လျှောက်ဖြစ် မယ်။ မောင်ထူးရွှေက မုတ်ဆိတ်ပျားစွဲ ဆိုတာလို ဒီလောက်တောင် အခွင့်ကောင်းဘာခု ကြုံနေပါလျက်နဲ့ လက်လွှတ်လို့ တော်နိုင်ရိုးလား၊ ဘာလား ညာလားနဲ့ အတင်း တိုက်တွန်းလေတော့ သွားလျှောက်ကြ ပါလေရော ခင်ဗျာ"

"မောင်ထူးရွှေလဲ လိုက်သလား"

"သူမပါပဲ ကျွန်တော် ဘယ်သွားလိမ့်မှာလဲခင်ဗျာ။ ဒါနဲ့ တနင်္လာနေ့မှာ ကျွန်တော်တို့နှစ်ယောက် ရလိုရငြား ကံစမ်းတဲ့သဘောမျိုးနဲ့ ကုန်သည်လမ်းဘက် သွားကြပါလေရော ခင်ဗျာ။

"ကျွန်တော်တို့ရောက်သွားတော့ ၁၀ နာရီခွဲလောက် ရှိသွားပြီ။ လားလား ခင်ဗျာ၊ ရောက်နေနှင့် လိုက်ကြတဲ့ မျက်စိတဘက်လပ်သမားတွေ မပြောပါနဲ့တော့။ အရှေ့ကလာတဲ့လူနဲ့၊ အနောက်ကလာတဲ့လူနဲ့၊ တောင်ဘက်က မြောက်ဘက်က လာလိုက်ကြတဲ့ မျက်စိတဘက်လပ်တွေ တရကြမ်း ဖြစ်နေတော့တာပါပဲ။

"လမ်းပေါ်မှာတချို့၊ လမ်းဘေးမှာတချို့၊ တိုက်ရှေ့မှာတချို့၊ တိုက်နံဘေးမှာတချို့၊ ကွက်လပ် မှာ တစု၊ အနီးအပါး လက်ဖက်ရည်ဆိုင်ထဲတစု၊ ထမင်းဆိုင်မှာတစု၊ စောင့်လိုက်ကြတဲ့ဖြစ်ခြင်း ဘာပြော စရာ ရှိမလဲ။ ကျွန်တော်ဖြင့် ရန်ကုန်မြို့မှာ မျက်စိတဘက်လပ်သမား ဒီလောက်များမှန်း ဒီကနေ့မှသိရတယ်။

"ဗယ်ဘက်ကန်းရော၊ ညာဘက်ကမ်းရော၊ ကြောင်တောင်ကန်းရော၊ ဟောက်တောက်ကန်းရော ကြက်ဆူးကန်းရော၊ တိမ်သလာကန်းရော စုံသွားတာပါပဲ"

ထိုအခါ ကျွန်တော့်မှာ မရယ်ပဲမနေနိုင်အောင် အူယားလာသည်နှင့် ပြုံးရယ်မိလေရာ ဦးဖိုးတုတ်က—

"ရယ်စရာမဟုတ်ပါဘူးဗျာ၊ လူတဘက်သားက စိတ်ပျက်နေရတဲ့အထဲမှာ ခင်ဗျားက ရယ်မနေစမ်း ပါနဲ့"ဟု ရှုတည်တည်ကြီး ပြောလိုက်သဖြင့် ကျွန်တော့်မှာ တောင်းပန်ရသေး၏။

ထို့နောက် ဆက်လက်ပြီး "ဒီလောက်တောင် ပရိသတ်က များနေလေတော့ ကျွန်တော်က စိတ်ပျက် လာပြီး 'ပြန်ကြပါစို့ကွယ်'ပြောတော့ မောင်ထူးရွှေက 'ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်တဲ့ဦးရယ်။ ဘာ လက်လျှော့ရမှာလဲ။ လာပါ၊ ကျွန်တော်တိုးပေးပါ့မယ်'တဲ့၊ ပြောတဲ့ပြီး တွန်းသင့်တဲ့လူကိုတွန်း၊ ဖယ်သင့်တဲ့ လူကိုဖယ်၊ တံတောင်နဲ့ တွက်သင့်တဲ့လူကို တွက်တဲ့ပြီး သူက ရှေ့ကတိုး၊ ကျွန်တော်က နောက်က သူ့အင်္ကျီစ ဆွဲပြီး လိုက်လိုက်တာ နောက်ဆုံးကျတော့ လှေကားရင်း ရောက်ပါလေရော ခင်ဗျာ။

"လှေကားမှာလဲ မျှော်လင့်ခြင်းနဲ့ ရွှင်ရွှင်ပျပျ တက်တဲ့လူတွေက တက်၊ ရှုံ့ရှုံ့မဲ့မဲ့ ပြန်ဆင်းလာတဲ့ လူတွေက တလမ်း၊ ဝဲလမ်း ယာလမ်း ဖြစ်နေတော့တာကိုး ခင်ဗျ။

"ဒါနဲ့ ကျွန်တော်က မောင်ထူးရွှေနောက်က ကပ်တက်သွားလို့ လှေကားထိပ်ဆီကို မောကြီး ပန်းကြီးနဲ့ ရောက်သွားကြရောကိုးခင်ဗျ။

"အခန်းဝ ရောက်တော့တောင် အထဲဝင်ဖို့အရေးဟာ မလွယ်သေးဘူး ခင်ဗျ။

 www.burmeseclassic.com 

"ဝင်ပြီး တချက်တိုးလိုက်၊ ရှေ့ရောက်သွားလိုက်၊ ရှေ့ကလူတွေက တံတောင်နဲ့ တွက်ဖယ်လိုက်လို့ နောက်လန်ကျလာလိုက်။ တိုးချည် ဆုတ်ချည်၊ နိုးချည် ဝေးချည်နဲ့ တဝဲလည်လည် ဖြစ်နေလိုက်တာခင်ဗျာ၊ ကျွန်တော်ဖြင့် ရှက်တာနဲ့ တံခါးဝရောက်မှတောင် လှည့်ပြန်မယ် ကြံမိသေးတယ်။

"နို့ ပေမယ့် ဇွဲကောင်းလိုက်တဲ့ မောင်ထူးရွှေခင်ဗျာ၊ ကျွန်တော့်အရေးကို သူ့အရေးကျနေတာပဲ။ သိပ်ဂရုစိုက်ပြီး သိပ်ကြိုးစားပါပေတယ်။

"ဒါနဲ့ နောက်ဆုံးကျအော့ တံခါးပေါက်က အသက်ထွက်ရမတတ် တချက်တိုးပြီး အတင်းအဝင် လိုက်မှာမှ အခန်းထဲ ရောက်သွားတာကိုး ခင်ဗျ"

"တယ် နားတောင်ကောင်းဗျာ။ ဆိုပါအုံး"

"အခန်းထဲမှာတော့ ကုလားထိုင် နှစ်လုံးနဲ့ စားပွဲတခုပဲ ရှိတယ်ခင်ဗျ။ မျက်စိ တဘက်လပ်နဲ့ လူတယောက်ဟာက ကုလားထိုင်တလုံးမှာ ထိုင်ပြီး လျှောက်လာတဲ့လူတွေကို လက်ခံနေတာကိုး။ ဒီတော့ မောင်ထူးရွှေက ကျွန်တော့်လက်ကို ဆွဲတဲ့ပြီး စားပွဲနား ကပ်လိုက်ယင်ပဲ ကုလားထိုင်မှာ ထိုင်နေတဲ့လူက ဒီ့ပြင်မျက်စိတဘက်လပ်တွေကို အဖယ်ခိုင်းတော့တာကိုး။

"ကျွန်တော့်ကံပဲ ထင်ပါရဲ့။ ကျွန်တော့်ကိုမြင်မြင်ချင်း တဘက်လပ် မန်နေဂျာက သဘောကျသွားဟန်တူတယ်။ မျက်နှာထားကလဲ ပြုံးလို့။ ဒီတော့ မောင်ထူးရွှေက 'ဒီဟာ ဦးဖိုးတုတ်ပါတဲ့၊ လစ်လပ်တဲ့နေရာအတွက် လျှောက်ထားသူဖြစ်ပါတယ်'လို့ ပြောလိုက်ယင်ပဲ မန်နေဂျာက 'ဟာ နေရာကျပြီ။ ကျုပ် လိုချင်တဲ့ အချက်တွေနဲ့ အကုန်ကိုက်နေတာပဲ။ လပ်တဲ့မျက်စိကလဲ လက်ယာဘက်၊ ဇန်းပုံကလဲ ဟောက်တောက်ကန်း။ မှန်းစမ်း၊ ကျုပ်ကြည့်စမ်းမယ်တဲ့။

"ပြောပြောဆိုဆိုနဲ့ ထိုင်ရာက ထလာပြီး ကျွန်တော့် အနားလာရပ်တဲ့ပြီး ဦးခေါင်းကိုကိုင်၊ မေးကို မော့၊ မျက်စိကို လက်နဲ့ နှိုက်တဲ့ပြီး မွှေလိုက် နှောက်လိုက်၊ ထိုးလိုက် ဆွလိုက်၊ ဖျစ်လိုက် ညှစ်လိုက်တဲ့ ဖြစ်ခြင်း၊ မပြောပါနဲ့တော့ ခင်ဗျာ။ ကျွန်တဲ့ မျက်စိကလေး တလုံးထဲက မျက်ရည်တွေကို တောက်ကန်နဲ့ တောက်ကန်ကျလာတော့တာပါပဲ။

"တလ ၂၅ဝိ အရေးမို့လို့သာ ကြိတ်ပြီးခံနေရ၊ ကျွန်တော်ဖြင့် အသည်းထဲမျှားတောင် ခိုက်သွားအောင် နာလွန်းလို့ ဒီနေရာတွင်ထိုင်တဲ့ပြီး အော်ကြီးဟစ်ကျယ်နဲ့သာ ငိုလိုက်ချင်တော့တာပါပဲ။ အော်လဲ အော်မိပါသေးတယ်။ မောင်ထူးရွှေက 'ဒီလောက် အသည်းမငယ်ပါနဲ့ဦးရယ်၊ တအောင့်ကလေး အတွက်ကပဲ။ ကြိတ်ခံလိုက်ပါ'ဆိုလို့သာ အနိုင်နိုင်အောင့်ပြီး ခံနေရပါတော့တယ်ခင်ဗျာ"

ထိုအခါ ကျွန်တော့်မှာ ရယ်မောရန် ပါးစပ်ကို ဟတော့မည်ကဲ့သို့ ပြုမိရာ ဦးစံရှားက စားပွဲအောက်မှ ခြေထောက်နှင့် တို့လိုက်ဆဖြင့် အနိုင်နိုင် ချုပ်တီးထားရလေတော့၏။

"အဲဒီလို အနည်းနည်း စုံစမ်းပြီးတဲ့နောက်မှ မန်နေဂျာက 'စိတ်မရှိနဲ့နော် ဆရာကြီး၊ ကာလဇာ အင်မတန် ညာဏ်များတယ်ဗျ။ သေချာအောင် စမ်းနိုင်မှ တော်ကာကျတယ်ဗျ။ ဒါတောင် တခါတုန်းက မျက်စိအကောင်းကို အကန်းလုပ်ပြီး အသင်းထဲလိမ်ဝင်လို့။ ဒီကတည်းကပြီး ကြက်ဆူးတို့ တိမ်သလာ တို့ကို လက်မခံတော့ပဲ ဟောက်တောက်ကန်း တမျိုးတည်း လက်ခံဖို့ စည်းမျဉ်းဥပဒေကို ပြင်ဆင်လိုက်ရတယ်ဗျ။ ခင်ဗျားတော့ ကျေနပ်ပါပြီဗျာ။ ကိုင်း ဒီကနေ့ကစပြီး ဦးဖိုးတုတ်သည် ကာလဇာရှိ၌အသင်းသား တယောက်ဖြစ်ပြီ'။ ဒီလို ပြောပြောဆိုဆိုနဲ့ ပြတင်းပေါက်နားသွားပြီး 'လစ်လပ်တဲ့နေရာ မရှိတော့ဘူး၊ လူရပြီ'လို့ အော်ပြောလိုက်တာကိုး ခင်ဗျ။

ဆာ့တိယအကြိမ်

www.burmeseclassic.com



''ဒီလို ပြောလိုက်ခါရှိသေး၊ လမ်းပေါ်မှာ စောင့်နေတဲ့ လူတွေက စိတ်အပျက်ကြီး ပျက်သွားကြတဲ့ လက္ခဏာနဲ့ ညည်းတဲ့လူက ညည်း၊ အော်တဲ့လူက အော်၊ ဆူတဲ့လူက ဆူ၊ တလမ်းလုံး ပွက်ပွက်ရိုက်သွားတော့တာပါ။

''နောက်ဆုံးကျတော့မှ လေကုန် မောဟိုက်ပြီး လန်ချားနဲ့ ပြန်တဲ့လူက ပြန်၊ ဘတ်စကားပေါ်တက်တဲ့လူက တက်၊ ခြေကျင်လျှောက်တဲ့လူက လျှောက်၊ တောင်တယောက် မြောက်တယောက်နဲ့ ကြက်ပျောက် ငှက်ပျောက် ပျောက်သွား ကြပါလေရောခင်ဗျ၊ ဒီတော့မှ မန်နေဂျာလုပ်တဲ့လူက ကုလားထိုင် ပြန်ထိုင်ပြီး—

'' 'ကျွန်တော့်နာမည် မောင်သန်းဖေ' တဲ့။ ကျွန်တော်လဲ ကျေးဇူးရှင် ဦးပေါက်စီရဲ့ လခ စားရတဲ့ လူတယောက်ပေပဗျာ။ ကြာပေပြီ။ ၄ နှစ်နဲ့ ၆ လ ရှိသွားပါပြီ။ ဒါထက် ဦးဖိုးတုတ်မှာ သားမယား ရှိရဲ့နော်' တဲ့ မေးလေတော့ ကျွန်တော်က မရှိကြောင်းပြောရာမှာ မန်နေဂျာက 'ဟာ ခွကျတာပဲဗျို၊ သူ့စည်းကမ်းချက် တချက်က သားမယားနဲ့လူ ဖြစ်ရမယ်တဲ့ဗျ။ လူပျိုကြီး အလိုမရှိဘူးလို့ ဆိုထားတယ်' လို့ ပြောတော့ ကျွန်တော်က လူပျိုကြီး မဟုတ်ကြောင်း၊ မုဆိုးဖိုတယောက်ဖြစ်ကြောင်း ပြောပြရတာကိုး ခင်ဗျ။

''ဒီတော့မှ မန်နေဂျာက 'ဟာ ဒါဖြင့် တော်သေးရဲ့ဗျို၊ လွတ်ရုံကလေး ရှိသေးရဲ့တဲ့။ ဘယ်နည်းနဲ့ မဆို ခင်ဗျားကိုတော့ ကျုပ်က မြင်မြင်ချင်း သဘောကျပြီးသားမို့ ဖေးဖေးမမ လုပ်ပေးမှာပဲ' တဲ့။ ပြောပြီးတဲ့နောက် အလုပ်ဝတ္တရားအတွက် စီမံကြပါလေရောခင်ဗျာ။

''အလုပ်က ဒီလိုတဲ့ခင်ဗျ။ နံနက် ၁၀ နာရီကစပြီး နေ့လယ် ၂ နာရီအထိ နေ့စဉ် ဒီတိုက်ကိုလာပြီး ဇိနတ္ထပကာသနီ စာအုပ်ကို ကူးရမှာတဲ့ ခင်ဗျ။

''နေပူမရှောင်၊ မိုးရွာမရှောင်၊ ဖျားသော နာသော၊ ဒီ့ပြင်ကိစ္စရှိသော နားမလည်ဘူးတဲ့။ တနေ့ မလာယင် ချက်ချင်း အလုပ်ပြုတ်ကရောတဲ့ ခင်ဗျ။ တနေ့လုံး မလာဖို့ မဆိုထားနဲ့ ၁၀ နာရီနဲ့ ၂ နာရီ အတွင်းမှာ သူလာကြည့်လို့ ကျွန်တော့်ကို တခဏကလေး မတွေ့ရယင် အလုပ်ပြုတ်ကရောတဲ့ ခင်ဗျ။ ကျပ်တော့ ကျပ်ကျပ်ပဲ။

''နို့ပေမယ့် ဒီအလုပ်မျိုး ရခဲလေတော့ ကျွန်တော်က ဘယ်နည်းနဲ့မဆို ကိုယ့်ဘက်က တာဝန် မပျက်ရအောင်ဟာ ကြိုးစားပါ့မယ်လို့ ပြောရတာပေါ့လေ ခင်ဗျ။

''ဒါနဲ့ ကျွန်တော်က သေချာအောင် လခတောင် မေးသေးတယ်။ ဒီတော့ သူက 'ဒီအတွက်တော့ မစိုးရိမ်နဲ့။ တလ ၂၅ဝိ မှန်မှန်ကြီးရစေ့မယ်။ ကိုင်း၊ ခင်ဗျားစိတ်ထဲမှာ ဇဝေဇဝါ မဖြစ်ရအောင် စရန် တလတွက် ယူသွားပေတော့' တဲ့။ ပြောပြောဆိုဆိုနဲ့ ၁ဝိ တန် စက္ကူ ၂၅ ချပ် ထုတ်ပေးပါရော ခင်ဗျာ။

''ဒီတော့ဖြင့် ကျွန်တော့် စိတ်ထဲမှာ သံသယ တော်တော် ကင်းသွားပြီ။ ဒါတောင်မှ သူ့ငွေစက္ကူတွေက မှန်မှ မှန်ပါ့မလားလို့ ယီးတီးယားတား ဖြစ်နေသေးတယ်။ ဒီတော့တာ မောင်ထူးရွှေက ကျွန်တော့် မျက်နှာထားကို ရိပ်မိလို့ထင်ပါရဲ့။ ငွေစက္ကူကို လှမ်းယူပြီး နေရောင် ထောင်ကြည့်တော့ ရေစာနဲ့တကွ တကယ့် ငွေစက္ကူတွေဖြစ်ကြောင်း စိတ်ချလက်ချ တွေ့မြင်ရပေတာကိုး ခင်ဗျ။

''ဒီတော့ဖြင့် ကျွန်တော့်ရင်ထဲမှာ အလုံးကျသွားပေပြီ။ နောက်ဆုံးကျတော့ မန်နေဂျာက နက်ဖြန် တစပြီး အလုပ်ဝင်ဖို့ မှာလိုက်ပြီး ကျွန်တော်တို့ နှစ်ယောက်လဲ တိုက်ပေါ်က ဆင်းလာခဲ့ကြပါရော ခင်ဗျာ''

''ငွေစက္ကူတွေ ချက်ချင်း သုံးစမ်းကြည့်သေးတယ် ဟုတ်စ''

---

တတိယအကြိမ်

 www.burmeseclassic.com 

"ကျွန်တော့်တပည့်က သိပ်လူကောင်းပါးတဲ့ ဘူယယ်ခင်ဗျ။ တိုက်ပေါ်က ဆင်းလာလာချင်း 'ကာရင်ဆီ' ငွေလဲတိုက် ခေါ်သွားပြီး ငွေစက္ကူတွေကို ငွေသားနဲ့ချည်း လဲလိုက်ဟာ ဒင်္ဂါး ၂၅၀ တိတိ ရခဲ့ပါရောခင်ဗျာ။ ဒီတော့ ကျွန်တော့် စိတ်ထဲမှာ အေးသည်ထက် အေး၊ ကြည်သည်ထက် ကြည် ကျသွားတာပေါ့ ခင်ဗျာ။

"သူ့ကိုလဲ ကောင်းကောင်းကျွေး၊ အဝတ်တစုံဝယ်ပေး။ တညလုံး ကျွန်တော် စိတ်ကူးယဉ်နေတာ ဘာပြောကောင်းမလဲ ခင်ဗျာ။ တလ ၂၅ဝိ ဆိုတော့ တနှစ် သုံးထောင်ကျပ်။ ဆယ်နှစ်ဆိုယင်သုံးသောင်း"

"နက်ဖြန်တော့ အလုပ်ဝင်ရော ဆိုပါတော့"

"ဟုတ်ကဲ့။ မင်အိုးတလုံး၊ ကလောင်တံ တချောင်း၊ ဖူးစကာက်စက္ကူတထုပ် ဝယ်ယူပြီး အလုပ်တိုက် သွားပါရော ခင်ဗျာ။

"ဟိုရောက်တော့ ကိုသန်းဖေ ရောက်နှင့်ပြီး ဇိနတ္တပကာသနီ စာအုပ်၊ စားပွဲနဲ့၊ ကုလားထိုင်နဲ့ အားလုံး ကျကျနန ပြင်လို့ ဆင်လို့ခင်ဗျာ။ ဒါနဲ့ ကိုသန်းဖေက နိဒါန်းကား ပြီး ကူးဖို့ ညွှန်ပြပြီး သူထွက် သွားပါရော ခင်ဗျာ။

"မွန်းတဲ့လောက်တော့ သူ တခါလာကြည့်သေးတယ်။ နောက်ပြီး ပြန်ထွက်သွားရော။ နှစ်ချက် ထိုးတာနဲ့ တပြိုင်နက် သူတခေါက် ရောက်လာပြီး ရေးပြီးစာရွက်တွေသိမ်း၊ တိုက်တံခါးကို သော့ခတ်၊ ကျွန်တော်လဲ အိမ်ပြန်၊ သူလဲ သွားချင်ရာ သွားရော ခင်ဗျ။

"ဒီလိုနဲ့ တနေ့ပြီးတနေ့ လုပ်လာခဲ့ကြတာ တခါတလေ သူလာတောင် မကြည့်တော့ဘူး ခင်ဗျ။ တိုက်တံခါးဖွင့်ပေးသွားပြီး တိုက်ပိတ်ချိန်မှပဲ ပြန်လာတော့တာပဲ။ ကျွန်တော့်ကို ယုံကြည်လာလို့ ထင်ပါရဲ့။ ကျွန်တော်ကလဲ မှန်တာပြောရမှာဖြင့် ဒီလို ငွေရချောင်တဲ့ အလုပ်မျိုး ရခဲလေတော့ အချိန် မှန်မှန်ကြီးသွားပြီး နေ့လယ်လဲ ဘယ်မှမထွက်ဘူး။ သစ္စာရှိရှိနဲ့ ကြိုးစားပြီး အလုပ်လုပ်တာပေါ့ခင်ဗျာ"

"တလစေ့တော့ လခရပြန်ရောလား"

"ဟုတ်ကဲ့။ တလစေ့တာနဲ့ တပြိုင်နက် ကိုသန်းဖေက ငွေ ၂၅ဝိ ယူလာပြီး ကျွန်တော့်လက်ထဲ ထည့်ပြန်ပါလေရောခင်ဗျာ။ ကူးလိုက်တဲ့ ဖူးစကာက်တွေလဲ တောင်ပုံရာပုံ ဖြစ်နေတော့တာပါပဲ။

"တောထွက်ခန်းကျော်လို့ ဒုက္ကရစရိယာတောင် ကျင့်နေပြီ။ ဒါနဲ့ နှစ်လစေ့ပြန်လို့ ဒီကနေ့ လခရ ပြန်တော့မယ်လို့ ဆိုပြီး ပျော်ပျော်ကြီး တိုက်ကိုလာခဲ့ရာမှာ ဝမ်းနည်းစရာတခု တွေ့ရပြန်လေရော ခင်ဗျာ။

"ခါတိုင်းတော့ ၁၀ နာရီ ကျွန်တော်ရောက်ယင် ကိုသန်းဖေက ရောက်နေနှင့်တာချည်းပဲ။ ဒီကနေ့တော့ ကျွန်တော် ရောက်သွားရာမှာ တိုက်တံခါးကြီး ပိတ်လို့ခင်ဗျာ။ ဒါနဲ့ ကိုယ့်လူ ဒီကနေ့ နောက်ကျသကိုးလို့ အောက်မေ့ပြီး လှေကားထိပ်မှာ စောင့်ယင်း တံခါးကို လှမ်းကြည့်လိုက်တော့ ဟောဒီ စာရွက် ကပ်ထားတာ တွေ့ရပါလေရောခင်ဗျာ"

ထိုအခါ ကျွန်တော်သည် ဦးဖိုးတုတ်လက်မှ စာရွက်ကို လှမ်းယူဖတ်ရှုရာ အောက်ပါအတိုင်း တွေ့ရှိ ရလေ၏။

ကာတာရိုင်းအသင်းကြီး ပျက်သွားပြီ။
ဇူလိုင်လ ၁ ရက်နေ့။

ကျွန်တော်နှင့် ဦးစံရှားတို့သည် စာရွက်ကိုကြည့်ရာမှ အလုပ်ပြုတ်သွားသည့်အတွက် အကြီးအကျယ် စိတ်ပျက်ဟန်လက္ခဏာဖြင့် မဲ့ရွဲ့မှိုင်ငေးကာ ထိုင်နေသော ဦးဖိုးတုတ်၏ မျက်နှာကို လှမ်းကြည့်လိုက်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com


နှစ်ယောက်လုံး အူထဲက ယားကျိကျိ ဖြစ်လာကြသည်နှင့် အောင့်အည်း ချုပ်တီးခြင်းငှာ မတတ်နိုင်ကြတော့ပဲ ဝေါကနဲ ရယ်မောလိုက်မိကြလေ၏။

ထိုအခါမှ ဦးဖိုးတုတ်သည် စိတ်ဆိုးဟန် မျက်နှာထားဖြင့် ရုတ်တရက် ထ၍—

"ခင်ဗျားတို့က ဘာတွေများ ရယ်စရာ တွေ့နေကြတယ် မပြောတတ်ဘူး။ ကျွန်တော်ဖြင့် ရယ်ရမှာထားလို့ ငိုတောင်မှ ငိုချင်သလို ဖြစ်နေသေးတယ်။ အမှုသည်က လာတိုင်ပင်တဲ့အခါမှာ ရယ်လွှတ်ဖို့လောက်တတ်ကြတာဖြင့် ရှိပါစေဗျာ။ တခြား သွားပြီး စုံစမ်းချေပါအုံးမယ်"ဟု ပြောကာ ထွက်သွားမည်ပြုလေလျှင်—

"သည်းခံပါဗျာ။ ကျွန်တော်တို့ ရယ်မိတာက ပျော်ကြလို့ မဟုတ်ပါဘူး။ ခင်ဗျားအမှုကိုက ရယ်စရာလိုလို ဖြစ်နေလို့ပါ။ စိတ်မရှိပါနဲ့။ ထိုင်ပါ ထိုင်ပါ။ ဒီစာရွက်ကို တွေ့တော့ ခင်ဗျား ဘာလုပ်သလဲ"

"ကျွန်တော့်မှာ အံ့သြ စိတ်ပျက်ကြီး ဖြစ်ပြီး အနီးအပါးက တိုက်တွေ စုံစမ်း ကြည့်သေးတယ်။ ဘယ်သူကမှ ဘာမှ ပြောဖော်မရဘူး။ နောက်ဆုံးမှ အကြံရလို့ တိုက်ရှင်ကို သွားပြီး မေးကြည့်သေးတယ်။

"ကာဏာရိဋ္ဌ် အသင်းဆိုတာ သူ မကြားဖူးဘူးတဲ့။ ကိုသန်းဖေ ဆိုတာကိုလဲ သူ မသိဘူးတဲ့။ တိုက်ငှားတဲ့လူ ဘယ်သူလဲလို့ မေးတော့ တိုက်ရှင်က မျက်စိတဘက်လပ်နဲ့ လူဟာလားတဲ့။ သူ ပေးထားတဲ့ တိုက်လခ စေ့လေတော့ စဉ့်အိုးတန်း တိုက်နံပါတ် ၃၇ ကို ပြောင်းသွားပြီတဲ့။

"ဒါနဲ့ စဉ့်အိုးတန်းကို ကျွန်တော် လိုက်ပါရော ခင်ဗျာ။ ဟိုရောက်တော့ နံပါတ် ၃၇ ဟာ တရုတ်လက်ဖက်ရည်ဆိုင်ကြီး ဖြစ်နေတာကိုး ခင်ဗျ။ တဘက်လပ်လဲ မတွေ့ဘူး။ စုံလုံးကန်းလဲ မတွေ့ဘူး"

ထိုအခါ ကျွန်တော်တို့မှာ ရယ်မိမည် စိုးရိမ်သဖြင့် လျှာကို နာအောင် ကိုက်ထားရလေ၏။

"ဒီတော့ ဘယ့်နှယ် လုပ်သလဲ"

"ဘယ်နှယ်မှ မလုပ်တတ်လို့ အိမ်ပြန်လာပြီး မောင်ထူးရွှေနဲ့ တိုင်ပင်ကြည့်ရတာပေါ့ ခင်ဗျာ။ သူက စိတ်မပျက်ပါနဲ့ ဦးရယ်တဲ့။ အကျိုးအကြောင်းကို စာတိုက်က နေပြီး အကြောင်းကြားကောင်းပါသေးရဲ့တဲ့။ ပြောရှာပါသေးရဲ့။

"နို့ပေမယ့် ကျွန်တော်က မကျေနပ်နိုင်ဘူးခင်ဗျ။ ငွေရချောင်တဲ့ အလုပ်ကလေး တွေ့ထားလေတော့ လွယ်လွယ်ကူကူနဲ့ အပြုတ်မခံနိုင်ဘူးပေါ့ ခင်ဗျာ။ ဒါနဲ့ တယောက်တည်း စိတ်ကူးနေယင်း ဖြုန်းဆို ခင်ဗျားကို သတိရလာတာနဲ့ တိုင်ပင်ကြည့်ရယင် ကောင်းလိမ့်မလားလို့ အကြံရပြီး ပြေးလာခဲ့တာပဲခင်ဗျ"

"စိတ်ချပါ၊ ကျွန်တော် တတ်နိုင်သမျှ ကြိုးစားပြီး ဆောင်ရွက်ပေးပါ့မယ်။ ဒီအမှုမှာ ကျွန်တော့်အကြိုက်နဲ့ တွေ့တဲ့ အချက်ကလေးတွေ တော်တော်များတယ်။ အမှုက ကြည့်လိုက်တော့ ကရော်ကမည်လိုလိုနဲ့ အရေးကြီးတဲ့ ကိစ္စတွေ ဖြစ်ပေါ်လာမှာတောင် စိုးရိမ်နေရတယ်"

"အရေးကြီး ပြီလားခင်ဗျာ။ တလ ၂၅ဝိ လုပ်ငန်းတခု လက်လွှတ်သွားတယ်ဆိုတာ အရေးကြီးတာပေါ့"

(ပြုံးရယ်သျှက်) "ခင်ဗျားအတွက်တော့ ဒီလောက် နစ်နစ်နာနာ ဖြစ်သေးတာ မဟုတ်သေးပါဘူး။ တလ ၂၅ဝိ နဲ့ နှစ် [illegible] ငွေ ၅၀ဝိ တောင် ရထားလိုက်လို့ နေသာ ထိုင်သာ ရှိနေပါသေးတယ်။ သေးရန်ကို ကျွန်တော် စိုးရိမ်မိတာက ခင်ဗျားအတွက် ဒီလောက် မဟုတ်လှပါဘူး။ အပြင်လူတယောက်ကို


www.burmeseclassic.com

www.burmeseclassic.com


တိလိမ်မယ် ထင်တယ်။ ခင်ဗျား အဖို့တော့ ငွေ ၅၀၀ ရတဲ့အပြင် မြတ်စွာဘုရား အဆွယ်ပွတ္တိကိုလဲတော်တော် ကျေသွားလို့ အပုံကြီး အကျိုးများပါသေးတယ်”

“အကျိုးများတာ မများတာ အသာထားပြီး ဘယ်လိုအကြံအစည်နဲ့ လူတဘက်သားကို ငွေ ၅၀၀ အကုန်ခံပြီး နှပ်ပါလိမ့်မလဲလို့ သိစမ်းချင်လှတယ် ခင်ဗျာ”

“အချိန်တန်တော့ သိရမှာပေါ့လားဗျာ။ ဒါထက် ကျွန်တော် တခု နှစ်ခု မေးစမ်းပါရစေအုံး။ ကြော်ငြာကိုတွေ့တော့ မောင်ထူးရွှေ အိမ်ရောက်နေတာ ဘယ်လောက်ကြာပြီလဲ”

“တလလောက်ရှိပါပြီ”

“ဘယ်နည်းနဲ့ ရောက်လာသလဲ”

“ယွန်းထည် အရောင်း အဝယ်ဘက်က သင်ပါရစေ ဆိုပြီး လာပြောလာလို့ လက်ခံလိုက်ခြင်း ဖြစ်ပါတယ်”

“ခင်ဗျားက အခကတည်းက တပည့်တယောက် ထားမယ်လို့ အကြံ ရှိနေလို့ဟာလား”

“အလွယ်ရယင် ထားချင်တာပေါ့လေ။ လူပုံကြည့်ရတာ သွက်သွက်လက်လက် ချက်ချက်ချာချာ ရှိပါတိသနဲ့။ ထမင်းကျွေး အဝတ်ဆင်ရုံလောက်နဲ့ အလုပ်လုပ်ချင်ပါတယ်ဆိုတော့ ဘယ်သူမဆို ယူချင်မှာပေါ့ဗျာ”

“နှုန်း အချောင်ရလို့ ဆိုပါတော့။ ဟုတ်စ”

“ဆိုပါတော့ ခင်ဗျာ”

“ဒါနဲ့ မောင်ထူးရွှေရဲ့ လူပုံပန်းကို ပြောစမ်းပါ ခင်ဗျာ”

“ဖြူဖြူပျပ်ပျပ်၊ သေးသေးသွယ်သွယ်၊ မိန်းကလေး မျက်နှာလို နုရည် ဖပ်ရည် ရှိပါတိသနဲ့။ ပုံပန်းကလဲ သနားကမားပဲ ခင်ဗျ”

လိုအခါ ဦးစံရှားသည် ကုလားထိုင်ပေါ်၌ တည်မတ်စွာ ရှိတ်တရက် ပြန်ထိုင်လိုက်ပြီးနောက်—

“သူ့ နားကို ခင်ဗျား သတိထားမိသလား။ နားရွက်မှာ မိန်းမများလို နားဖောက်ထားတာ သတိပြုမိသလား”

“ဟုတ်တယ်ခင်ဗျ။ ခပ်ငယ်ငယ်က ဇာတ်ထဲမှာ မင်းသမီးလုပ် က,ဖူးလို့ နားကပ်ပန်နိုင်အောင် နားဖောက်ထားဖူးတယ်လို့ သူ ပြောပြဖူးတယ်”

(ပိုအရေးကြီးလာသော မျက်နှာထားမျိုးဖြင့်) “ဒီလူ အခု ခင်ဗျားဆီမှာပဲ ရှိသလား”

“ရှိပါတယ် ခင်ဗျ။ ကျွန်တော် ဒီထွက်လာတော့ ဆိုင်မှာ သူ ထိုင်ရောင်းနေရစ်တာပေါ့”

“အလုပ်ကို ရိုးရိုးဖြောင့်ဖြောင့် လုပ်ရဲ့လား”

“တပြားတချပ် မတိမ်းရဘူးခင်ဗျ။ သိပ်ပြီး စေ့စပ်တဲ့ သူငယ်ပဲ”

“ကိုင်း၊ တော်လောက်ပါပြီဗျာ ဦးဖိုးတုတ်။ ကျွန်တော် ကြည့်ပြီး ဆောင်ရွက်ပေးပါ့မယ်။ ဒီကနေ့ စနေနေ့ မဟုတ်လား။ တနင်္လာနေ့လောက်တော့ ကျွန်တော့်ဆီက သတင်း ကြားရရောပေါ့”

ဦးဖိုးတုတ် တိုက်ပေါ်မှ ဆင်းသွားလေလျှင်—

“ဘယ်နှယ်လဲ ကိုသိန်းမောင်၊ ခင်ဗျား ဘယ်လို ထင်သလဲ”

“မထင်တတ်ပေါင်ဗျာ။ ဆန်းတော့ သိပ်ဆန်းတဲ့ အမှုကလေးပဲ”

“မှန်တယ်။ ဆန်းတော့ ဆန်းတယ်။ နို့ပေမယ့် ကျုပ် ပြောဖူးတဲ့ အတိုင်းပဲဗျ။ အမှုတခုဟာ ဆန်းလေလေ၊ ထောက်လှမ်း စုံစမ်းဖို့ သဲလွန်စ ရှားရ လွယ်လေပဲ။ ဘာမှ မဆန်းပဲနဲ့ ရိုးရိုးစင်းစင်းကြီး

www.burmeseclassic.com



တဲ့ အမှုမျိုးက သိပ်ကြီး ကျပ်တာဗျ။ သို့သော်လဲ ဒီအမှုမှာ ခပ်သုတ်သုတ်ကလေး နှင်ပြီး အလုပ်ပ်ပေးမှ တော်လိမ့်မယ် ထင်တယ်ဗျို”

“ဒါဖြင့် ခင်ဗျား ဘာလုပ်မလဲ”

“ဆေးတံသောက်မလို့ပေါ့ဗျ။ ဆေး နှစ်ဆို သုံးဆိုလောက်ကုန်ယင် ဖော်နိုင်ကောင်းပါလားဗျာ”

ပြောပြီးလျှင် ဦးစံရှားသည် သူ၏ထုံးစံအတိုင်း ပက်လက်ကုလားထိုင်ပေါ်တွင် ခေါင်းအုံးများအဆင့်ဆင့် ပ်တင်၍ သူ၏ ကိုယ်ကို အနေသာဆုံး အနေအထားမျိုးဖြင့် ပြုပြင်ကာ ထိုင်လျက် ဆေးတံမှ မီးခိုးများ ခထောင်းထောင်း အူထွက်သည့်တိုင်အောင် စိတ်ကူးထုတ်လျက်ရှိလေ၏။

ကျွန်တော်မှာ စာတအုပ်ကိုဖတ်ယင်း သူ၏ အမှုအရာကို တချက် တချက် လှမ်း၍ကြည့်မိရာ နောက် း၌ ငိုက်မျဉ်းစ ပြုလာသည့် လက္ခဏာဖြင့် ဦးစံရှားကို ငှက်ကြီးတကောင် ထင်မှတ်လျက် ဆေးတံကို ပ်သီးသဖွယ် စိတ်ထဲ၌ မှတ်ထင်စ ပြုလာသည်ဘွင် ထိုင်ရာမှ ရုတ်တရက် ထလိုက်လေ၏။

“ဒီကနေ့ ညနေ ဂလုပ်ရုံမှာ အင်္ဂလိပ် ကပွဲတဲ့ဗျို၊ သွားကြအုံးစို့လား။ အားတယ် ဟုတ်လား သိန်းမောင်”

“အားပါဗျာ။ ခင်ဗျားအမှုကော”

“ ‘အလုပ်ချိန် အလုပ်၊ ကစားချိန် ကစား၊ နားချိန် နား’ ဆိုတဲ့ အင်္ဂလိပ် စကားပုံလိုပေါ့ဗျာ။ လုပ်တည်း လုပ်နေလို့ သေရောပေါ့ဗျာ။ ဒါထက် သူတို့တီးဝိုင်းမှာ အမေရိကန်ပြည် တာဝီက ဂီတာ မား ပါတယ်ပြောတယ်၊ ဂီတာအတီးတခု ကျုပ် ကြိုက်တယ်ဗျာ။ အယင်တုန်းကတော့ တယောကိုသာ ပ်ပြီထားတာ။ ဂီတာနဲ့စာလိုက်တော့ ခပ်တန်းတန်းကြီး ဖြစ်သွားနေပြီကော။ ဂီတာသံနဲ့ စိတ်ကူး သလောက် မြိန်တာ လူ့ပြည်မှာ မရှိတော့ဘူးလို့ ထင်တာပဲ။ ဘယ့်နှယ်လဲ ကိုသိန်းမောင်”

“ကြိုက်ရောပေါ့ဗျာ”

“ဟုတ်မှာပေါ့လေ။ ဒါကြောင့် ကိုသိန်းမောင် ‘အနားမှာ ဂီတာတီး’ ဆိုတဲ့ စကားပုံ ရှိပေတာ ပါ”

× × ×

းစံရှားသည် ကပွဲသို့ရောက်သောအခါ၌ အနောက်တိုင်းသူကလေးများ၏ ကိုယ်လက်လှုပ်ရှားပုံ အမူအရာ ကို အရှင်း ဂရုစိုက်ဟန်မရှိပဲ အတီးအမှုတ်၌သာလျှင် စိတ်အာရုံ စူးစိုက်သည့်လက္ခဏာဖြင့် မျက်လုံးများ မှိတ်ထား အရသာ ခံစားလျက် ရှိလေ၏။

ဂီတာတီးခြင်းကို နားစိုက်လျက်ရှိသော ဦးစံရှားမှာ မျက်လုံးကိုပင် မဖွင့်ချင့် ဖွင့်ချင်နှင့် တကိုယ်လုံး ာလည်း နူးညံ့ပျော့ပျောင်းကာ ‘သာခွေယိုင်’ ဖြစ်နေပေရကား မီးထွက်တော့မည် ရှိနေသည့် မျက်လုံး ုံးဖြင့် စူးစိုက်ကြည့်ကာ ဖျတ်လတ်သွက်လက်လှစွာသော စုံထောက်ကြီး ဦးစံရှားနှင့် များစွာ ခြားနား ာသည် ဖြစ်သောကြောင့် လူတယောက်တည်းပင် ဟုတ်ပါလေ၏လောဟု ယုံမှားခြင်း ဖြစ်ရတော့မလို ခနေပေတော့၏။

ကပွဲပြီးသည့်နောက် ကျွန်တော်တို့သည် တရုတ်တန်းဘက်သို့ ခြေကျင် လျှောက်သွားကြ၍ မုန့်ပဲ ွားရည်စာ စားသောက်ကြပြီးလျှင် ဦးဖိုးတုတ်၏ နေအိမ်ရှိသော ၂၂ လမ်းဘက်သို့ ဆက်လက်လျှောက် ွားကြလေ၏။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ၂၂ လမ်း အောက်လမ်းဘက်တွင် ဦးဖိုးတုတ်၏ နေအိမ်ကို တွေ့မြင်ပြီးနောက် ဦးစံရှားသည် ထိုလမ်းကို ခေါက်တုံ့ခေါက်ပြန် လျှောက်ယင်း အနီးအနားမှ တိုက်အိမ်များကို သေချာစွာ ကြည့်နေသေး၏။

တတိယတခေါက်တွင် ဦးစံရှားသည် ဦးဖိုးတုတ်၏ နေအိမ်ရှေ့၌ ရှတ်တရက် တန့်ရပ်၍ အိမ်ရှေ့၌ ခင်းထားသော ကျောက်ပြားများကို လမ်းလျှောက်တုတ်ဖြင့် တီးခေါက်နေသေး၏။

ထို့နောက်မှ ဦးဖိုးတုတ်၏ ယွန်းထည်ဆိုင် တံခါးကို ခေါက်လိုက်ရာ အသက် သုံးဆယ်ခန့် ရှိ၍ ဖျတ်လတ်သော အမူအရာရှိသည့် လူတယောက် ထွက်လာလေ၏။

"ဘာကိစ္စလဲ ခင်ဗျာ"

"ကိစ္စမရှိပါဘူး။ အဆိုဆီယိတ်တက်ကလပ် ဆိုတာ ဒီလမ်းမှာ ဆိုလားလို့"

"ဒီလမ်းမှာ မဟုတ်ဘူးခင်ဗျ၊ လတ္တာလမ်းမှာ။ တည့်တည့်လျှောက်၊ ဗယ်ဘက်ချိုး၊ ၂ လမ်းကျော်၊ ညာဘက်ချိုး၊ သုံးတိုက်ခြား။ အဲဒါ အဆိုဆီယိတ်တက်ကလပ်ပဲခင်ဗျာ"ဟု ပြောပြီး တံခါး ပိတ်လိုက်လေ၏။

ကျွန်တော်တို့ လျှောက်လာကြစဉ်—

"ဘယ်လောက်သွက်တဲ့လူလဲ မြင်လား ကိုသိန်းမောင်။ ကျက်ထားတဲ့စာကို ရွတ်ပြလိုက်သလို မရှိဘူးလား။ ဒါကြောင့်လဲ ဦးဖိုးတုတ် ချီးမွမ်းပေတာပဲ။ ချီးမွမ်းလဲ ချီးမွမ်းထိုက်ပေ့ဗျာ။

"ရန်ကုန်တမြို့လုံးမှာ သူလိုသွက်တာ ပေါင်း သုံးယောက်ပဲ ရှိတယ်။ အကြံဉာဏ် ကောင်းတဲ့နေရာမှာတော့ သူ့အပြင် တယောက်တည်း ရှိတော့တယ်။ ရဲဝံ့စွန့်စားတဲ့ နေရာမှာတော့ နံပါတ် ဝမ်းထဲကပဲ ဆရာရေ့။ သူ့အကြောင်း ကျုပ် ကြားနေတာ ကြာပြီ။ ဒီတခါမှ မျက်နှာချင်း ဆိုင်ဖူးကြတယ်"

"သူ့ ကြည့်ချင်လို့ ခင်ဗျား ဝင်မေးတာ ဟုတ်လား"

"သူ့မဟုတ်ပါဘူး။ သူ့ဒူး ကြည့်ချင်လို့ပါ"

"သူ့ဒူးမှာ ဘာတွေ့ခဲ့သလဲ"

"ကျုပ် ထင်တဲ့အတိုင်း တွေ့ခဲ့ရတာပေါ့"

"အိမ်ရှေ့က ကျောက်ပြားကို ခေါက်ကြည့်တာက ဘာကြောင့်လဲ"

"နေအုံးလေဗျာ၊ စုံစမ်းထောက်လှမ်းနေတဲ့ အချိန်မှာ စကားပြောနေလို့ ဘယ်ဖြစ်မလဲ။ ပြောချိန်တန်တော့ ပြောကြသေးတာပေါ့။ ဒီနယ်က ရန်သူရဲ့ နယ်နိမိတ်ဗျ"

ထိုကဲ့သို့ စကားပြောယင်းလျှောက်လာကြသဖြင့် ကမ်းနားလမ်းသို့ရောက်ကြသောအခါ ကျွန်တော်တို့သည် အရှေ့ဘက်သို့ ချိုး၍ ပေ ၅၀ ခေါ် မောင်ခိုင်လမ်းသို့ ရောက်ရာတွင် ယင်းလမ်းတလျှောက် လျှောက်ကြပြန်လေ၏။

ဦးစံရှားသည် လက်ဝဲဘက်တန်းမှ တိုက်များကို အထူးဂရုပြု၍ ကြည့်ရှုလာလေရာ လမ်းတဝက်ခန့် ရောက်သောအခါတွင် ချိုင်းနားအင်ပို့ကုမ္ပဏီခေါ် တရုတ်ကုန်တိုက်ကြီးရှေ့သို့ ရောက်နေသဖြင့် သေချာစွာ ရပ်တန့် ကြည့်ရှုပြန်သေး၏။

ထို့နောက် "ကိုင်း၊ တော်လောက်ပါပြီဗျာ။ ကျုပ်သိချင်တဲ့ အချက်ကလေးတွေ စုံလင်အောင် သိခဲ့ရပါပြီ။ ကိုသိန်းမောင်လဲ ညောင်းလောက်ပြီထင်တယ်၊ ပြန်နှင့်ပေတော့။ ကျုပ်တော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆောင်ရွက်စရာကလေး တခု နှစ်ခု ဆောင်ရွက်ခဲ့အုံးမယ်။ လန်ချားခေါ်သွားပါလား"

"ပြန်ဆိုလဲ ပြန်နှင့်ရတာပေါ့ ခင်ဗျာ။ ညောင်းတော့လဲ ညောင်းပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သို့သော်လဲ မအိပ်နဲ့အုံးနော် ကိုသိန်းမောင်၊ အမှုသွားအခြေအနေ ကြည့်ရပုံက ည ၁၀ နာရီလောက် တခေါက် ပြန်ထွက်ရအုံးမယ့် လက္ခဏာ ရှိနေတယ်။ စောင့်နေအုံးနော်"

"စိတ်ချပါဗျာ၊ အမှုနဲ့ ပတ်သက်ယင် တညလုံး စောင့်နေပါဆိုလဲ နေပါတယ်"

ကျွန်တော်သည် လန်ချားတစီးပေါ် တက်၍ နေအိမ်လမ်းသို့ စီးလာစဉ် အမှုအသွားအလာကို ဆင်ခြင်မိလေ၏။

ကျွန်တော့်မှာ အလွန်အမင်း ပါးရည်နပ်ရည် မရှိလှသော်လည်း သူလို ငါလို လူတန်းစေ့ရုံမျှတော့ ရှိသည်ဟု ကိုယ့်ကိုယ်ကို ထင်မိ၏။

သို့ရာတွင် ဦးစံရှားနှင့် နေရသည့် အချိန်အခါများတွင်မူကား ထူ လေခြင်းနော်၊ အ လေခြင်းနော် ဟူသော အဖြစ်တင်စကားများကို မကြာမကြာ ကိုယ့်ကိုယ်ကို အသုံးပြုနေရ၏။

ဥပမာ ယခုအမှု၌ ဦးစံရှားသည် ကျွန်တော် မြင်သကဲ့သို့ မြင်ရ၍ ကျွန်တော် ကြားရသလောက်မျှ ကြားရသူ ဖြစ်၏။

သို့ပါလျက် သူ့မှာ ဤအမှုနှင့် ပတ်သက်၍ လွန်ခဲ့ပြီးသော အခြင်းအရာများကို တွေးတောနိုင်ဟန် ရှိရုံမျှမက ရှေ့အဖို့ကိုပင် လှမ်းကြို၍ မြင်ဟန်ရှိပေရာ ကျွန်တော့်အဖို့မှာမူ ဆန်းကြယ်ရှုပ်ထွေး၍ တခါတခါ ရယ်စရာကောင်းသည်ဟု သိရရုံမှတပါး ဘာကိုမျှ မြင်နိုင်စွမ်း မရှိချေ။

ဦးစံရှားမှာ အမှုပေါင်း များစွာတို့ကို ကျွန်တော်၏ မျက်စိအောက်တွင် ရှင်းလင်းခဲ့ဖူးသဖြင့် သူ၏ နည်းစနစ်များကို ကျွန်တော် သိနေရပါလျက် ယခုကဲ့သို့ မျက်စိကန်းသော လူတယောက်သဖွယ် ဖြစ်နေရခြင်းအတွက် ကိုယ့်ကိုယ်ကို စိတ်ပေါက်မိသော်လည်း နောက်ဆုံး၌ 'ပါရမီတခု ထင်ပါရဲ့လေ' ဟူသော ဖြေလုံးမျိုးဖြင့်သာ ကျေနပ်လိုက်ရလေ၏။

အိမ်သို့ရောက်သောအခါ ကျွန်တော်သည် မဂ္ဂဇင်းစာအုပ်ကို လှန်လှောဖတ်ရှုယင်း ကုလားထိုင်ပေါ်တွင် အိပ်ပျော်သွားမိလေရာ ၉ နာရီခွဲသဖြင့် ဦးစံရှားတို့လူစု တက်လာသောအခါမှ နိုးလေတော့၏။

ဦးစံရှားသည် လူနှစ်ယောက်တို့ကိုခေါ်လာရာ တယောက်မှာ လတ္တာလမ်းဌာနာအုပ် ကိုလွန်းမောင် ဖြစ်၍ ဒုတိယတယောက်မှာ ပေါက်ဖော်ကြီး ဖြစ်လေသည်။

"ကိုလွန်းမောင်ကိုတော့ ခင်ဗျား တွေ့ဖူးမှာပေါ့ ကိုသိန်းမောင်၊ ဒီဟာက ချိုင်းနားဆင်ပို့ ကုမ္ပဏီက မန်နေဂျာ ဖူးကြိုင်းတောင်ပေါ့ဗျ။ ဒီကနေ့ည ပျော်ပျော်ပါးပါး အမှုတော်ထမ်းကြရမှာမို့ ရင်နှစ်ခြမ်း ကွဲပေစေတော့ ပင်ပန်းတယ်လို့ မအောက်မေ့ဘူးဆို ဟုတ်လား။ မစိန်သုံကြီးတို့လိုလေ"

"ဒီကနေ့ည ဆရာကြီး တယ် အူရှင်ပါကလား။ လက်တန်းတွေ ဘာတွေ ကြိုက်လို့"

"ကိုယ့်ထင်ချက် ကိုက်တဲ့အခါကျတော့ စုံထောက်ဆိုတာ အူရှင်တာမျိုးပဲလားဗျာ"

"ဆရာကီး အူရှင်လယ်၊ ကိစ္စမရှိဘူး၊ ကျွန်တော် ဘာလပ်မှာ ပိုက်ကြူးမကာဝါးရှာဘူး။ အားကီး ကွကျလယ်"

"ခင်ဗျား ပိုက်ကြူးကာစားလို့ ဒီတညနဲ့ ငွေ ၅ သောင်း နိုင်နိုင်မလား။ ဒီကိစ္စသာ ခင်ဗျားအဖို့ ငွေ ၅ သောင်းအရေးဗျ။ ကိုလွန်းမောင်မှာလဲ မိန်းမရှာ သေနံ့ကို ရှာနေတာ ကြာလှပြီဆို။ ဒီကနေ့ည ကံကောင်းထောက်မယင်၊ သေနံ့ ကံဆိုးယင် သေနံ့ကို မိဖို့အရေးပေါ့ဗျ"

"မိန်းမရှာ သေနံ့လား ဆရာကြီး။ ဒီအကောင် ဖောက်ထွင်းမှုရော၊ လုယက်မှုရော၊ လိမ်လည်မှုရော၊ လက်မှတ်လိမ်မှုရော အမှုပေါင်းစုံနေတဲ့ ဝရမ်းပြေးပေါ့ ဆရာကြီးရယ်။ ဒီအကောင် ရွှေတော် မျိုးတော်



www.burmeseclassic.com

www.burmeseclassic.com


ထဲကလို့တောင် ပြောကြတယ်၊ ကောလိပ်တောင် ရောက်ဖူးတယ်ဆိုပဲ။ သူ့ကိုများ မိမယ်ဆိုယင် တညှ မဟုတ်ပါဘူး။ ဆယ်ညဆက်ပြီး စောင့်ရပါစေ ဆရာကြီးရယ်''

"ကိုင်း၊ ၁၀ နာရီထိုးတော့မယ်၊ လုပ်ဗျာ ကိုသိန်းမောင်၊ ကိုယ့်လူစုက ကြမ်းချင် ကြမ်းတတ်တယ် နော်။ ခင်ဗျားခြောက်လုံးပူး ထည့်ခဲ့ ကိုသိန်းမောင်''

ဦးစံရှားကိုယ်တိုင်မှာလည်း ခြောက်လုံးပြူးကို အင်္ကျီအိတ်တွင်ထည့်၍ ခဲသီးတပ်သော ကြိမ်တုတ်ကို လက်မှ ကိုင်လာလေ၏။

တိုက်ရှေ့တွင် တက္ကစီတစီး စောင့်လျက်ရှိရာ ကျွန်တော်တို့ လေးယောက်သည် တက္ကစီပေါ်သို့ တက် ပြီးနောက် တရုတ်တန်းဘက်သို့ မောင်းနှင်လာကြလေ၏။

မောင်ခိုင်လမ်းရှိ ချိုင်းနားအင်ပို့ကုမ္ပဏီ တိုက်ရှေ့သို့ရောက်သောအခါ ကျွန်တော်တို့သည် ကား ပေါ်မှ ဆင်း၍ ဖူးကြိုင်းတောင် နောက်မှ လိုက်ကြလေသည်။

ကုန်တိုက်ကြီးမှာ ညဥ့်အချိန်တွင် လူသူနေထိုင်ခြင်းမရှိသဖြင့် မှောင်မည်းလျက်ရှိရာ ဖူးကြိုင်းတောင် သည် အင်္ကျီအိတ်ထဲမှ သော့နှင့် တံခါးကို ဖွင့်လေ၏။

ထို့နောက် ကျွန်တော်တို့သည် တိုက်ထဲသို့ ဝင်လာကြ၍ တံခါးကို ပိတ်ခဲ့ပြီးလျှင် လက်နှိပ် ဓာတ်မီးကိုင်သော ဖူးကြိုင်းတောင်၏ နောက်မှ လိုက်ကြလေ၏။

တိုက်ထဲ၌ကား တရုတ်ပြည်မှလာသော ကုန်စည်အမျိုးမျိုးတို့ဖြင့် ပြည့်နှက်လျက်ရှိရာ ကျွန်တော်တို့ သည် ဂုန်အိတ်လိပ်ကြီးများနှင့် ထင်းရှူးသေတ္တာများ၏ အကြားမှ လျှောက်လာကြ၍ လှေကားရင်းတွင် ကြမ်းပြင်၌ တပ်ထားသော သံတံခါးတခုကို တွေ့ရလေ၏။

ဖူးကြိုင်းတောင်သည် တံခါးသော့ကိုဖွင့်၍ သံတံခါးကို စိုင်းမကြရာတွင် မြေတိုက်သို့ ဆင်းသွား သော လှေကားထစ်များကို တွေ့ကြရလေ၏။

ဖူးကြိုင်းတောင်က ရှေ့မှ လက်နှိပ်ဓာတ်မီးနှင့်ဆင်း၍ ကျွန်တော်တို့က နောက်မှ လိုက်ကြလေရာ လှေကား၏ အဆုံးတွင် မီးခံသေတ္တာ တလုံးကို တွေ့ကြရလေ၏။

"ဒီသေတ္တာထဲမှာ ပြေကီးပို့ဖို့ ငွေစုထားတာ ငွေငါးစောင်း ရှိလယ်။ အင်္ဂါနေ့မှာ ဘဏ်တိုက်စွား ပို့ရမယ်။ ဒီက ငွေပို့၊ ဟိုက ကုန်ပို့၊ ဒီလိုပေါ့ ဆရာကီး''ဟု ပြောရာ ဦးစံရှားသည် မြေတိုက်ထဲ၌ အခြေ အနေကို ကြည့်ပြီးမှ—

"ခင်ဗျားမြေတိုက်က အထက်ကတော့ လုံသလောက် လုံပါရဲ့ဗျာ''

"အထက်ရော၊ နံတေးရော၊ အောက်ရော အားလုံး လုံပါတယ်ဗျ။ နံဘေးကလဲ ကျောက်ပြား၊ အထက်ကလဲကျောက်ပြား၊ အောက်ကလဲကျောက်ပြား ဘယ်လမ်းကလာနိုင်သလဲ''ဟု ပြောကာ အောက်၌ ခင်းထားသော ကျောက်ပြားများကို တုတ်နှင့်ဆောင့်၍ပြရာတွင် လိုက်သံပါသွားသည်ကို ကြားကြရလေ၏။

"ဘာလဲ၊ ဒါ ဘာလဲ ဆရာကီး''ဟု အံ့သြသော မျက်နှာထားဖြင့် ကျွန်တော်တို့အား မော့ကြည့် လိုက်ရာ—

"ရှူး၊ တိုးတိုးလေဆရာကြီး။ ခင်ဗျားကြောင့် ကျုပ်အကြံတွေ အားလုံးပျက်ကုန်မယ်။မှုန်းစမ်း''

ဦးစံရှားသည် ဖူးကြိုင်းကောင်လက်မှ လက်နှိပ်ဓာတ်မီးကိုလှမ်းယူ၍ ကြမ်းပေါ်တွင် ဒူးထောက်ပြီး လျှင် အမြဲဆောင်လေ့ရှိသော အိတ်ဆောင်မှန်ဘီလူးဖြင့် ကျောက်ပြားများကို သေချာစွာ ကြည့်လေ၏။

နောက်ဆုံး၌ စိတ်ကျေနပ်သောအမူအရာဖြင့် ထလိုက်ပြီးနောက်—


www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း၊ ကျုပ်တို့ တနာရီထက်တော့ ပိုပြီး စောင့်ရကောင်း မထင်ပါဘူး။ ဦးဖိုးတုတ် အိပ်အိပ်ချင်း ကိုယ့်သူ့ဘော့ လာမှာပဲ။ ကိုလွန်းမောင်က ဟောဒီက စောင့်၊ ထောင်ကဲကြီးက ဒီအနားကနေ။ ကိုသိန်းမောင်နဲ့ ကျုပ်က ဘေတ္တာနားက နေကြမယ်။ စကားပြောလား ဘာလားတော့ မလုပ်ကြနဲ့ဗျို့နော်။ တဆိတ်သည်းခံကြပါ။ ကိုသိန်းမောင်ရော ကိုလွန်းမောင်ရော ကျုပ်မှာထားမယ်။ သူတို့လူစုလာကြမ်းကောင်း ကြမ်းလိမ့်မယ်။ တကယ်လို့ ယီးတီးယားတားလုပ်ယင် လက်မနှေးကြစေနဲ့နော်။ ပစ်သာပစ်ကြ။ ကိုယ်က ဦးပေစေ။ ကြားကြလား"

"ကောင်းပါပြီ ခင်ဗျ"

"လက်နှိပ်ဓာတ်မီးကို ကျုပ်ကိုင်ထားမယ်။ ကျုပ်က မီးရောင် ထိုးထိုးချင်း ဆတ်ကနဲ့နေအောင် ဖမ်းကြနော်"

"စိတ်ချပါ ဆရာကြီး"

"၂၂ လမ်းဘက်က ခင်ဗျား လူစုကော စိတ်ချရရဲ့နော်"

"ကိုင်း၊ တော်ပြီ။ တိတ်ကြစို့"

ဦးစံရှားသည် ပြောပြော ဆိုဆိုနှင့် ဓာတ်မီးကို ငြိမ်းလိုက်ရာ ဤမျှလောက် မှောင်မည်းချက်သား ကောင်းသော အမှောင်မျိုးကို တကြိမ်တခါမျှ ကျွန်တော် မကြုံဖူးပါချေ။ တိတ်ဆိတ်လိုက်သည်မှာလည်း ပြောချန် မရှိချေ။

တခ တရံ ဦးခေါင်းထက်မှ ကုန်တင်လော်ရီကား မောင်းနှင်သွားဟန်ဖြင့် သိမ့်ကနဲ ဖြစ်သွားခြင်းမှ တပါး လှုပ်ရှားခြင်းလည်း မရှိ၊ အသံလည်း မရှိ၊ အလင်းရောင်လည်း မရှိ၊ ဘာမျှမရှိသော အဖြစ်မျိုးပေတည်း။

ကျွန်တော်တို့ စောင့်ရသော အချိန်မှာ အနည်းဆုံး ၅ နာရီခန့်ရှိပြီး မိုးသောက်ချိန်နီးပြီဟု မှတ်ထင်ရ၏။ (စင်စစ်သော်ကား တနာရီကျော်မျှသာ ရှိသေးကြောင်း နောက်မှသိရလေသည်။)

ကျွန်တော်၏ လက်ခြေတို့မှာ မလှုပ်မရှားပဲ တည်ငြိမ်စွာ ကွေးနေရသည့်အတွက်ကြောင့် ထုံကျဥ်ကိုက်ခဲ၍ လာခဲ့လေပြီ။

ထိုအခေတာအတွင်း အနီး၌ရှိသော ဦးစံရှား၏ အသက်ရှူရှိုက်သံများကို သာမက ခပ်လှမ်းလှမ်း၌ရှိသော ကိုလွန်းမောင်နှင့် ဖူးကြိုင်းတောင်တို့၏ တရှူးရှူး တရှားရှား ရှူရှိုက်သံများကိုပင် ထင်ရှားပီသစွာ ကြားနေရပေ၏။

ကျွန်တော်သည် ညောင်းညာလှသည်နှင့် ကွေးထားသောခြေထောက်ကို ဆန့်တန်းမည်ကြံလိုက်စဥ် လက်ကနဲဖြစ်သွားသော အလင်းရောင် တချက်ကို မြင်လိုက်ရ၏။

သေချာစွာ ကြည့်လိုက်သောအခါ ခင်းထားသော ကျောက်ပြားများအနက် တချပ်၏အကြားမှ ရှည်လျားသောအလင်းရောင် တခုကို ရိပ်ကနဲ မြင်လိုက်ပြီးနောက် ပျောက်ကွယ်သွားလေ၏။

ကျွန်တော်သည် ဦးစံရှားကို လက်ကုတ်၍ ထိုနေရာသို့ ဆက်လက်ငေးစိုက်ကြည့်ကာ ကြည့်နေစဥ် တတောင်ခန့်ရှည်လျားသော အလင်းရောင် တခုကို ကျောက်ပြားကြား၌ တွေ့မြင်ရပြန်လေ၏။

နောက်တခဏ၌ ဂျီးဂျီးဂျိတ်ဂျိတ်မြည်သော အသံတခုကို ကြားရပြီးနောက် အလင်းရောင် အနီးရှိ ကျောက်ဖျာတချပ်သည် ရုတ်တရက် ကြွတက်လာ၍ ထောင်လျက်သား ဖြစ်သွားပြီးလျှင် နံဘေးသို့ လဲကျသွားလေရာ တတောင်ပတ်လည်ခန့်ရှိသော အလင်းကွက်ကြီးတခု ဖြစ်ပေါ်လျက်ရှိလေ၏။

---

ဆာတိယအကြိမ်

 www.burmeseclassic.com 

နောက်တခဏ၌ လက်ဆွဲမှန်အိမ်တလုံးသည် အပေါက်မှ ပေါ်ထွက်လာ၍ ကျောက်ဖျာပေါ်တွင် တည်လျက်ရှိရာ လက်နှစ်ဘက်တို့သည်လည်း အပေါက်နံဘေးတွင် ဆွဲတွယ်ထားသည်ကို တွေ့မြင်ရလေ၏။

ထို့နောက် အသားဖြူဖြူလူတယောက်သည် အပေါက်မှပေါ်ထွက်လာပြန်၍ အပေါက် နှုတ်ခမ်းကို ဒူးထောက်ကာ တစုံတခုကို ဆွဲတင်လျက်ရှိရာ နောက်တခဏတွင် မျက်စိတဘက်လပ်သော လူတယောက်သည်လည်း အပေါ်သို့ ရောက်လာပြန်လေ၏။

ပထမ ရောက်လာသောသူက—

"ဟန်ကျပြီဟေ့၊ ဘယ်သူမှ မရှိဘူး။ သော့တူတွေ ဘာတွေ ပါရဲ့နော်။ အောင်မယ်လေးဗျ။ ခုန်ချဟေ့ တပု။ မြန်မြန်လုပ်ဟ"

ဦးစံရှားသည် လက်နှိပ် ဓာတ်မီးနှင့် အချက်ပေး၍ ပထမလူ လည်ကုပ်ကို ကိုင်ဖမ်းလေရာ ကိုလွန်းမောင်နှင့် ကျွန်တော်လည်း ဒုတိယလူ၏ အင်္ကျီစကို အတင်းဝင်၍ ဆွဲကိုင်ထားကြလေ၏။

သို့ရာတွင် ဒုတိယ(မျက်စိတဘက်လပ်နှင့်လူ)သည် အပေါက်ဝမှ တဟုန်ထိုး ချုန်ချလိုက်လေရကား ကိုလွန်းမောင်၏ လက်ထဲတွင် ရှပ်လက်တိုစုတ်တစသာလျှင် ကျန်ရစ်လေ၏။

ထိုခဏ၌ ပထမလူသည် လက်ကိုမြှောက်၍ လက်ကနဲ တောက်ပြောင်သွားသော အရာတခုကို မြင်လိုက်ရလေရာ ဦးစံရှား၏ ခဲသီးတုတ်သည် လက်ဆစ်ကို ရိုက်ချလိုက်သောကြောင့် ကြမ်းပေါ်သို့ ဓားမြှောင်တလက် လွတ်ကျသွားလေ၏။

"မလုပ်ပါနဲ့တော့ မောင်သန့်ရယ်၊ ငါတို့လက်ချက် ဦးနေပါပြီကွယ့်"

"ကျုပ်မိပေမယ့် ကျုပ်လူလွတ်ယင် ကျေနပ်တာပါပဲဗျ"

"မထင်နဲ့မောင်ရေ့၊ ၂၂လမ်းဘက်မှာ ပုလိပ်လေးယောက် စောင့်လျက်သားရှိတယ်။ ဝင်တိုးနေမှာပေါ့"

"ခင်ဗျားလုပ်ပုံ တယ်စေ့ပါကလား။ ဦးစံရှားမှတ်တယ်"

"ထင်တဲ့အတိုင်းပါပဲမောင်။ ကျုပ်ကလဲ ကာလာရိုင်အသင်းဆိုပြီး ထွင်လိုက်ပုံ ချီးမွမ်းပါတယ်။ ရှားပါပေတယ်မောင်။ ကိုင်း ကိုလွန်းမောင်။ ခင်ဗျားလူ ရော့၊ ယူဗျာ"

"ဟေ့ မင်းတို့ပုလိပ်လက်ကြီးနဲ့ ငါ့ကို ကိုင်လား တွယ်လား မလုပ်ပါနဲ့ကွာ။ ငါ့သွေးထဲမှာ ရာဇာသွေး ပါတယ်ဆိုတာ မင်းကြားဖူးတယ် မဟုတ်လား"

"ရာဇာသော ရာဇတ်သော နားမလည်ဘူးဆရာ၊ အကျဉ်းသမားဆိုတာ အကျဉ်းသမားပဲ"

"လူကို ဆရာတွေ ဘာတွေ ပမာမခန့် မလုပ်စမ်းပါနဲ့ကွယ်၊ ရာဇဝင် ရိုင်းလှတယ်"

"ကိုင်း၊ ဒါဖြင့် အရှင်မင်းသား လက်ထိပ်ခတ်ရအောင် လက်မြှောက်တော်မူပါဘုရား"

"အေးလကွယ်၊ ဒီလိုမှပေါ့"

× × ×

၂၂ လမ်းဘက်တွင်လည်း ပုလိပ်များသည် တဘက်လပ်ဘပုကို ဖမ်းဆီးရမိကြလေရာ ကိုလွန်းမောင်တို့ လူစုသည် တရားခံများကို ဌာနသို့ခေါ်ဆောင်သွား၍ ဖူးကြိုင်းတောင်ကလည်း 'ဆရာကြီး' ဦးစံရှားအား ကျေးဇူးတင်စကားပြော ပြီးလျှင် အသီးသီး ဆိုင်ရာလမ်းသို့ သွားကြလေရာ ကျွန်တော်နှင့် ဦးစံရှားတို့မှာ လန်ချားတစီးဖြင့် ပြန်လာကြလေ၏။ လမ်းခရီး၌—

ဒုတိယအကြိမ်

www.burmeseclassic.com

"ကာဏာရိဒ္ဓိကြောင်ဖြာ မြင်ကတည်းက ဒီအကြံဟာ ဦးဖိုးတုတ်ကို အိမ်မှာမနေနိုင်အောင် နှင်ထုတ်တဲ့ နည်းပဲကိုးလို့ ကျုပ်စဉ်းစားမိတယ်ဗျ။ ဆန်းတော့လဲ ဆန်းပေတာပဲ။ နို့ပေမယ့် စေ့ပါ့ဗျာ၊ တယ်စေ့မိလဲ မိပေတာပဲ။ မောင်သန့်ရဲ့ ညဏ်ပေါ့။ လေးငါးသောင်း မှန်းထားတဲ့ လူစုဆိုတော့ လေးငါးရာလောက် ဘာအရေးကြီးမလဲ။ မောင်သန့်က အရေးရှိယင် လေးငါးထောင်လောက် ထုတ်နိုင်တယ်လို့ ကျုပ်ကြားဖူးတယ်။

"တယောက်က အိမ်မှာ ပူးကပ်ပြီးလှော်၊ တယောက်က မန်နေဂျာလုပ်၊ ဘယ်လောက်များ စေ့သလဲဗျာ။ လူတယောက်တည်းနဲ့ ကိစ္စပြီးနေတာပဲ။ ကျုပ်စိတ်ထဲမှာတော့ ဒီလောက် သွက်လက် ချက်ချာတဲ့ လူတယောက်ဟာ ထမင်းကျွေး အဝတ်ဆင်ရုံလောက်နဲ့ လာလုပ်တယ် ဆိုကတည်းက အကြံတခုခု ရှိရမယ်လို့ ထင်ပြီးသားပဲ။ ပြီးတော့ သူ့ ယွန်းထည်ပညာ ဆိုတာလဲ ဘာသင်စရာ ရှိလို့ဟာလဲဗျ"

"ရည်ရွယ်ချက်ကို ခင်ဗျား ဘယ်နည်းနဲ့ တွေးမိသလဲဗျ"

"ခေါတ်ပိုဝါသနာပါလို့ မြေတိုက်ထဲ ခဏခဏ ဆင်းနေတယ် ဆိုကတည်းက ကေန္တ မြေဘိုက်ထဲမှာ သူ့အလုပ် တခုခု ရှိရမယ်လို့ ကျုပ်တွေးမိတယ်။

"သူလုပ်ရတဲ့ အလုပ်ဟာလဲ ခဏတဖြုတ်နဲ့ ပြီးနိုင်တဲ့ အလုပ်မျိုး မဟုတ်ဘူးလို့ ကျုပ်သိရတယ်။ မြေဘိုက်ထဲမှာ ကြာကြာကြီး လုပ်နေဖို့ ဘာအလုပ်များရှိမှာလဲဗျ။ ဥမင်လိုဏ်ခေါင်းတူးတဲ့ အလုပ် ဖြစ်ရမှာပေါ့။

"အိမ်ရှေ့မှာ ကျုပ်က တုတ်နဲ့ခေါက်ကြည့်ပါကောလား။ အဲဒါ ရှေ့ဘက်တူးသလား နောက်ဘက်တူးသလား သိချင်လို့ပဲ။ ရှေ့ဘက်မှာ လိုဏ်သံပါတာ မတွေ့ရတော့ နံဘေးနဲ့ နောက်ဘက်ပဲ ဖြစ်ရမယ်။

"ပြီးတော့တခါ အိမ်တွေကို ကြည့်ပြန်သယ်။ ဟိုဘက် ဒီဘက်မှာ လက်ဖက်ရည်ဆိုင်နဲ့ ဖိနပ်ဆိုင်ပဲ ရှိဘယ်။ မဟုတ်နိုင်ဘူး။ ဒါနဲ့ မောင်ခိုင်လမ်းဘက် ကူးကြည့်ပြန်တော့ လား လား၊ ဦးဖိုးတုတ်အိမ်နဲ့ တည့်တည့်မှာ ချိုင်းနားအင်ပို့ကုမ္ပဏီ ဖြစ်နေတာ တွေ့ရတာကိုးဗျ။

"ဒီဆိုင်ကြီးက လက်ကားဆိုင်ကြီး ဖြစ်လေတော့ ငွေတော်တော်များများ သိမ်းထားရတယ် ဆိုတာတော့ ကျုပ် ရိပ်မိဘယ်။

"သို့သော် လေးငါးသောင်းတောင် ရှိလိမ့်မယ်လို့တော့ ကျုပ် မတွေးမိဘူး။ ပြီးတော့ တချက်က ဒီကနေ့ဟာ စနေနေ့ဆိုတော့ အလုပ်လုပ်ဖို့ အကောင်းဆုံးဗျ။

"နက်ဖြန် တနင်္ဂနွေနေ့မို့ တိုက်ပိတ်ထားတော့ ခိုးယူပြီးတောင် ထွက်ပြေးဖို့ အချိန်အများကြီး ရတယ် မဟုတ်လား။ ဒါကြောင့် ဒီကနေ့ည ဦးဖိုးတုတ် အိပ် အိပ်ချင်း ကေန္တ သူတို့လာလိမ့်မယ်လို့ ကျုပ် တပ်အပ်သိပြီး ကိုလွန်းမောင်နဲ့ ဖူးကြိုင်းတောင်ကို ခေါ်လာခဲ့တယ် မဟုတ်လား"

"သူ့ဒူး ကြည့်ဘာကောဗျ"

"ဒီလိုဗျာ။ မြေဘိုက်ထဲမှာ နေ့တိုင်း နေ့တိုင်း ဒူးထောက်ပြီး အကြာကြီး အလုပ်လုပ်တဲ့ လူဘယောက်ဟာ ဒူးညွတ်နေတယ်လို့ ကျုပ်တွေးမိဘယ်။ တွေးတဲ့အတိုင်း ခေါ်ကြည့်တော့ ခင်ဗျားလူ ဒူးကောင်းကောင်း မတ်အောင် ရပ်မနေနိုင်ဘာ တွေ့ရ မဟုတ်လား"

"ကောင်းပါလေ့ဗျာ။ ဆင်ခြင်လိုက်ပုံ စေ့ပါပေ့။ ရှေ့ပက်လို့ မဝင်ပါပေဘူး။ ဒါကြောင့်လဲ ကျော်ကြားတာပဲကိုး"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၉။ ဝန်ထောက် လူလိမ်အမှု*

စုံထောက် ဦးစံရှားမှာ မိမိထံသို့ အမှုနှင့် ပတ်သက်၍ ဆွေးနွေးရန် လာရောက်သော အမှုသည်များနှင့် ပတ်သက်၍ ဂုဏ်ရည်အဆင့်အတန်း နိမ့်ခြင်း မြင့်ခြင်းတို့ကို ဂရုမစိုက်ဆုံး လူတယောက် ဖြစ်ကြောင်း ကြိမ်ဖန်များစွာ ကျွန်ုပ်တော်ကိုယ်တိုင် ကြုံခဲ့ရဖူးလေသည်။

ဦးစံရှားအဖို့မှာ အမှုသည်တယောက်သည် အမှုသည်တယောက်မျှသာဖြစ်၍ ထိုသူ၏ ဂုဏ်အဆင့်အတန်း နိမ့်ခြင်း မြင့်ခြင်းတို့သည် ဘာမျှ အဓိပ္ပာယ်မရှိချေ။

ထူးဆန်း၍ စိတ်ပါဝင်စားဖွယ်ကောင်းသော အမှုမျိုးကို ဆောင်ယူခဲ့သူဖြစ်လျှင် ဦးစံရှားသည် ဂရုတစိုက် နားထောင်လေ့ရှိသည်သာ ဖြစ်၏။

မည်မျှ ဂုဏ်သရေရှိ၍ ရာထူးကြီးသူတယောက် ဖြစ်စေကာမူ ကောက်ကျစ်ကောက်ကွေ့ စိတ်သဘော ရှိသည်ကို တွေ့ရသည့်အခါ မညှာမတာ ရက်စက်စွာ ပြောလေ့ရှိ၏။ ဦးစံရှားက ဆုံးမ်ထိုက်သည် ထင်၍ ဆုံးမသောအခါတွင်လည်း နှုတ်ဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ တုံ့ပြန်ဝံ့သူ တဦးတယောက်မျှ ကျွန်ုပ်တော် မတွေ့ဖူးချေ။

တနေ့သ၌ ကျွန်ုပ်တော်နှင့် ဦးစံရှားတို့သည် လမ်း ၄၀ ရှိ နေအိမ်တိုက်ခန်းအတွင်း၌ အတူထိုင်လျက် ရှိကြစဉ် ပဲခူးနယ်ဘက်၌ မြေပိုင်ရှင် ဝန်ထောက်တဦးထံတွင် အစေခံအဖြစ်နှင့် အလုပ်လုပ်လျက်ရှိသော မိန်းမတယောက်သည် အလုပ်ကိစ္စနှင့် လာရောက်လိမ့်မည်ဟု ဦးစံရှားက ပြောလေ၏။

ရှား။ ။"ခုနင်က နောက်ဆုံး ထသွားတဲ့ ညော်သည်ကတော့ စက်ပိုင်ကတော်တဲ့ဗျ။ လောက အလိုတော့ လယ်မြေကော ၁၀၀၀ လောက်နဲ့ စပါးစက်နဲ့ဆိုတော့ တော်တော် အဆင့်အတန်း မြင့်တာပေါ့ဗျာ။ သူ့ဝါသနာ တခုက စကားကို မှန်မှန် မပြောချင်ဘူး။ သူ ယူလာခဲ့တဲ့ အမှုကလဲ ပြောပလောက်အောင် မဆန်းကြယ်လှပါဘူး။ သို့သော် ယခုလာမယ့် မစောမိကတော့ တော်တော်ဆန်းကြယ်တဲ့ ကိစ္စမျိုး ပါလာလိမ့်မယ်လို့ မျှော်လင့်တယ် ကိုသိန်းမောင်"

ကျွန်ုပ်။ ။"ဒီမိန်းမကို ခင်ဗျား တွေ့ပြီးပလား"

---

* ဤဝတ္ထုကို ရှုမဝမဂ္ဂဇင်း၊ ၁၉၄၇၊ ဩဂုတ်လ၊ အတွဲ ၁၊ အမှတ် ၄ တွင် 'စုံထောက်ဦးစံရှား' ဟူသော သာမန်အမည်ဖြင့် ရေးခဲ့သည်။ မြန်မာပြည် စာအုပ်တိုက်မှ အတွဲ ၁၀ နှင့် နှလုံးလှစာအုပ်တိုက်မှ အတွဲ ၅ တို့တွင် 'ဝန်ထောက်လူလိမ်အမှု' အမည်ဖြင့် ပုံနှိပ်သည်။ မူရင်းတွင် ကိုနင်ဒွိုင်း ဝတ္ထုတိုများတွင် မတွေ့ရ။

www.burmeseclassic.com



ရှား။ ။"တွေ့တော့ မတွေ့ဖူးသေးပါဘူးဗျာ။ နို့ပေမယ့် သူ့စာရေးပုံနဲ့ လက်ရေးကို ကြည့်ပြီး အကဲခတ်ရတာပဲ။ ဟောဟို စားပွဲပေါ်မှာ သူ့စာပဲ။ ခင်ဗျားယူကြည့်ချင်ကြည့်ပါလား။ သူ့လက်ရေးမှာ တချောင်းငင် ဆွဲထားပုံ သတ်ထားပုံတွေကို ကြည့်ရခြင်းအားဖြင့် သာမန် မိန်းမတယောက် မဟုတ်ဘူး ဆိုတာကို ခင်ဗျား အကဲခတ်မိမှာပဲ။ ဟော ပြောယင်း ဆိုယင်း တိုက်ရှေ့မှာ ရထားရပ်တယ်ဗျို့။ မစောမိန့် တူရဲ့"

ကျွန်ုပ်တော်တို့သည် လှေကားမှ တက်လာသော ခြေသံများ ကြားရပြီးနောက် တပည့်ကျော်က တံခါးဖွင့်ပေးလိုက်သဖြင့် မိန်းမတယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

ရုပ်လက္ခဏာအားဖြင့် အကဲခတ်ရသော် လူကုံထံများအိမ်တွင် အခိုင်းအစေအဖြစ်နှင့် အလုပ် လုပ်တတ်သော မိန်းမတယောက်၏ မယဉ်မရိုင်းရှိသော ဟန် အမူအရာမျိုးနှင့်တကွ ဝတ်စားဆင်ပြင်ပုံမှာလည်း မြို့တွင် အနေကြာသော တောသူ မိန်းမတယောက်ကဲ့သို့ တောဟန်လည်း မကုန်၊ မြို့ဂိုက်လည်းမကျ 'စက' အတန်းအစားဟူ၍ ဆိုရပေမည်။

ထိုမိန်းမသည် ဆရာကတော်၏ အဝတ်အကျနှင့်တူသော ဇင်းမယ်လုံချည်အနွမ်းကိုဝတ်၍ ပုသိမ်ထီး အကြီးစားကို လက်၌ကိုင်ကာ ဒိုဘီချမဟုတ်ပဲ အိမ်တွင် ဖွပ်လျှော်၍ မီးပူတိုက်ထားဟန်တူသော ရှံသား အင်္ကျီကို ဝတ်ဆင်လျက် ရှိ၏။

ခြေထောက်၌ စီးလာသော ကတ္တီပါဖိနပ်မှာလည်း ဆရာကတော်၏ အကျနှင့် တူလေသည်။

စကားပြောသောအခါ၌လည်း ထိုမိန်းမ၏ သံနေသံထားမှာ အထက်တန်းလူများကို အမြဲတစေ ရှိသေစွာ ပြောနေရသော သူတို့၏ အနေအထားဖြင့် ရိုသေနိမ့်ကျခြင်း ရှိလေ၏။

သို့ရာတွင် အဖြစ်အပျက်ကို ပြောပြရာ၌ စကားစီစဉ်ပုံမှာမူ အလွန်တရာ အကွက်ကျသဖြင့် ဂုဏ် အဆင့်အတန်း နိမ့်ကျသော်လည်း အတော်အတန် ထက်မြက်သော ဉာဏ်ပညာရှိသည်ဟု အကဲခတ် ရပေမည်။

စင်စစ်မှာ ခေတ်ကာလ ပညာတတ်၍ အထက်တန်းစား ကတော်ခံတယောက် ဖြစ်စေကာမူ ထိုမိန်းမထက် နေရာတကျ ပြောပြတတ်ဖို့ ခဲယဉ်းပေလိမ့်မယ်။

မိ။ ။"ဦးစံရှားအကြောင်းကိုတော့ ဟောဒီက ကိုသိန်းမောင်ရေးတဲ့စာတွေကို ဖတ်ရလို့ ကျွန်မ ကြားသိရပါတယ်။ ကျွန်မတို့အိမ်မှာ ဒီအကြောင်းအခဲ ဖြစ်ပေါ်လာတာနဲ့ တပြိုင်နက် ဒီဟာကိုရှင်းလင်းနိုင်မယ့် လူဟာ ဦးစံရှားတယောက်ပဲ ရှိတယ်လို့ ချက်ချင်း ကျွန်မ သတိရပါတယ်။ ကျွန်မယောက်ကျားက တခါတုန်းကတော့ မီးရထားဘက်မှာ အလုပ်လုပ်ပါတယ်။

"ဟိုအနှစ်တုန်းက မိုးညှင်းဘက်မှာ အလုပ်လုပ်ခဲ့လို့ ငှက်ဖျား စွဲလာတာနဲ့ ခဏခဏ ငှက်ဖျား ဖျားလေတော့ နောက်ဆုံးမှာ အလုပ်ကထွက်ပြီး ကျွန်မကပဲ ရွာကျွေးပါတော့မယ်လို့ ဆုံးဖြတ်ပြီးတဲ့နောက် နေရင်းဌာနဖြစ်တဲ့ ပဲခူးနယ်ဘက်ကို ပြန်လာခဲ့ကြပါတယ်။ အဲဒီအရပ်မှာနေတုန်း ကျွန်မတို့ရွာမှာ အကြာ ကြီး အားလပ်နေတဲ့ တိုက်ကြီးတလုံးကို ပင်စင်စား ဝန်ထောက်ကြီး လင်မယားက ငှားပြီး လာနေကြ ပါတယ်။ သူတို့မှာ သားသမီးလဲ မရှိ၊ အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ် နေတတ်ကြတဲ့ ဝါသနာ ရှိလေတော့ ရွာထဲက လူတွေနဲ့ အပေါင်းအသင်း အဆက်အဆံလဲ မလုပ်ကြဘူး။

"ဒါနဲ့ တနေ့ကျ၌တော့ ဝန်ထောက်ကြီး လင်မယားက ကျွန်မတို့ လင်မယားကို သူတို့တိုက်နံဘေးက ရှိတဲ့တဲကလေးမှာ နေစေပြီး ချက်ရေးပြုတ်ရေး ဝယ်ရေး ခြမ်းရေးမှ စပြီး ကျွန်မတို့ လင်မယားကပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေးရပါတယ်။ အလုပ်ကလဲ သိပ် မပင်ပန်း၊ လခကလဲ စားတဲ့သောက်တဲ့အပြင် တလ ၃၀ ပေးထားလေတော့ ကျေကျေနပ်နပ်ကြီးပဲ ကျွန်မတို့ အမှုထမ်းကြပါတယ်''

ရှား။ ။''တဆိတ် နေပါအုံးဗျာ။ ခင်ဗျားတို့ အလုပ်လုပ်ရတာက ဘယ်သူက ဆက်ပေးလို့လဲ''

မိ။ ။''သူတို့ ရောက်လာလာချင်း ခိုင်းဖို့စေဖို့ လူလိုတယ် ကြားလေတော့ ကျွန်မ သွားတွေ့ပြီး တဘက်နဲ့တဘက် သဘောကျကြတာနဲ့ ကျွန်မတို့ကို အလုပ်ပေးခြင်း ဖြစ်ပါတယ်။ သူတို့လင်မယားက ဘာသာလဝါ နေချင်တဲ့ ဝါသနာရှိလေတော့ ရွာထဲက လူငယ်ကလေးတွေ အသုံးချလို့ရှယင် ဝင်လား ထွက်လား သွားလား လာလားနဲ့ စကားရှုပ်မှာ စိုးလေတော့ ကျွန်မတို့လို ခပ်ကြီးကြီး လူတွေကို အသုံး ချခြင်း ဖြစ်ပါတယ်''

ရှား။ ။''လက္ခဏာမှာ သူတို့အကြောင်းကို ရွာထဲက မသိစေချင်လို့ပေါ့။ ကိုင်း ပြောပါအုံး''

မိ။ ။''သူတို့အိမ် ကျွန်မတို့ ရောက်သွားတာ လွန်ခဲ့တဲ့ ဝါဆိုလကပါပဲ။ ကျွန်မတို့ ရောက်ပြီးတဲ့ နောက် သူတို့ လင်မယားနှစ်ယောက်ဟာ ရန်ကုန်ကို တခေါက်သွားဖူးပါတယ်။ ရွာမှာနေတဲ့အခိုက်မှာလဲ ဟိုလူ ဒီလူနဲ့ တွေ့ဆုံခြင်း အင်မတန်နည်းပါတယ်။ အိမ်ရှင်လုပ်တဲ့ အဘိုးကြီးက တခါတခါလာပါရဲ့။ နို့ပေမယ့် ဝန်ထောက် လင်းမယားက သူ့အိမ်ကိုသာ လိုချင်တယ်။ သူ့ကို မလိုချင်ဘူးဆိုတဲ့ အမူအရာမျိုး ပြလိုက်လေတော့ လူကြီးလဲ တယ်ပြီး မလာတော့ဘူး။

''အဲဒီလို ဝန်ထောက် လင်မယားက ဘာသာလဝါ တသီးတသန့်နေချင်လေလေ ရွာသူ ရွာသား တွေက သူတို့အကြောင်းကို သိချင်လေလေ ဖြစ်နေပါတယ်။ သူတို့က ဘယ်လိုလျှို့ဝှက် ဖုံးဖိမေမယ့် သူတို့နဲ့ အတူနေ ဖြစ်တဲ့ ကျွန်မတို့ လင်မယားကတော့ နည်းနည်းပါးပါး ရိပ်မိတာပေါ့။ ကျွန်မတို့ ရိပ်မိတဲ့အချက် နှစ်ခုရှိတယ်။ တချက်က ဝန်ထောက်ကြီး လင်မယားမှာ အကြွေးထူနေတယ်။ ဒုတိယ အချက်က သူတို့ လင်မယား မသင့်တင့်ဘူး''

BURMESE CLASSIC .com

ရှား။ ။''အကြွေးဆိုတာမျိုးဟာ လူချင်း မျက်နှာချင်းဆိုင် မတောင်းရသော်လည်း စာပေး စာယူ အဖြစ်နဲ့ တောင်းရမြဲကိုးဗျ။ အဲဒီလို ကြွေးတောင်းတဲ့ စာမျိုးကို ခင်ဗျားတို့တွေ့ရလို့ အကဲခတ်နိုင် တာပေါ့။ ဟုတ်ကဲ့ မဟုတ်လား''

မိ။ ။''မှန်ပါတယ်ရှင်။ ရတဲ့စာတွေကို လုံးပြီး အမှိုက်ထဲ ထည့်လိုက်တော့ မတော်တဆ ဖြေကြည့်မိယင် သိတာပေါ့''

ရှား။ ။''မသင့်မြတ်ဘူးဆိုတဲ့ အချက်ကတော့ ခင်ဗျားတို့ရှေ့မှာ စကား ကတောက် ကဆ ပြောတာ တွေ့ဖူးလို့လား''

မိ။ ။''ဒီလိုပါရှင်။ လွန်ခဲ့တဲ့ လေးငါးရက်လောက်က ကိစ္စတခုနဲ့ သူတို့အခန်းထဲ ကျွန်မဝင်သွား တော့ ဝန်ထောက်ကြီးက သူ့မယားကို ဘယ့်နှယ်ပြောသလဲဆိုတော့ 'မင်းအတော့ ငါ သေချိုင်းရောက်တာ မြင်ချင်မှာပေါ့'တဲ့။ လွှတ်ကနဲ ပြောလိုက်ပြီး ကျွန်မမြင်လေတော့ ဖြုန်းဆို စကား ဖြတ်ပစ်လိုက်တယ်။ မင်းကတော်ကြီးကလဲ မျက်နှာထားတမျိုးပြင်ပြီး ဟန်လုပ်ထားသော်လဲ ငိုထားတဲ့ မျက်နှာမျိုးဆိုတာ ကျွန်မ မသိပဲ နေပါ့မလားရှင်။ ဘယ်လို ဟန်လုပ်ပေမယ့် ကျွန်မ သိတာပဲ။ နောက်ပြီး ဟိုတနေ့ကလဲ ကျွန်မက သူတို့အခန်းထဲက ထွက်လာခဲ့ရာမှာ အပေါက်နားရောက်တော့ ခန်းဆီးအဝတ် ပြုတ်နေတာနဲ့ ပြင်တပ်နေတုန်းမှာ ကျွန်မထွက်သွားပြီ ထင်လေတော့ ဝန်ထောက်ကြီးက 'လောကကြီးမှာ မင်းနဲ့ငါနဲ့ နှစ်ယောက်နေလို့ မဖြစ်နိုင်ပါဘူး'တဲ့၊ လွှတ်ကနဲ ပြောလိုက်တယ်။ နောက်ပြီးတော့မှ ကျွန်မ မထွက်သေးပဲ ရှိနေသေးတာကို မြင်တော့မှ မျက်နှာ ပျက်သွားပြန်တယ်။ မနေ့ကလဲ သူ့ စားရေးစားပွဲကို ရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးတုန်းမှာ ကြမ်းပေါ်ကျနေတဲ့ စာတစောင်တွေ့ရလို့ ကောက်ကြည့်ရာမှာ ဒီအကြောင်းကို သိရပြန်တယ်။ ကိုင်း ဦးစံရှားရှင်၊ ရှင်ကိုယ်တိုင်ပဲ ဖတ်ကြည့်ပါတော့။ ဒီလောက်ထိအောင် ကျွန်မ သိနေလျက်နဲ့ ကျွန်မ ငြိမ်ငြိမ်ထိုင်နေလို့ ဖြစ်နိုင်ပါ့မလားရှင်''

ထို့နောက် မစောမိသည် လွယ်အိတ်ငယ်ကလေးတွင် ထည့်ထားသော စာရွက်ကို ထုတ်ယူ၍ ဦးစံရှားအား ပြလေရာ ဦးစံရှားသည် မျက်မှောင် ကြုတ်ကာ ဖတ်ရှုပြီးနောက် ကျွန်တော့်အား လှမ်းပေးလိုက်လေ၏။

ယင်းစာတွင်—

**အယ်သူက အာပြော၍ ဘာရောဂါနှင့် သေသည်ဆိုစေ၊**
**ရှုးသွပ်သော ရောဂါ မရှိခြင်းကား အမှန်ဖြစ်သည်။**

ဟု ပါရှိလေ၏။

ရှား။ ။''ဒီလက်ရေးက ဘယ်သူ့လက်ရေးလဲဗျ''
မိ။ ။''ဝန်ထောက်ကြီး လက်ရေးပါရှင်''
ရှား။ ။''ဒီလူကြီးဟာ သူ့ကိုယ်သူသတ်ဖို့ အကြံအစည်ရှိတယ်လို့ ခင်ဗျားဆိုချင်သလား''
မိ။ ။''ကျွန်မဖြင့် ဒီလိုပဲတွေးမိတယ်။ သို့သော် မရှင်းလင်းနိုင်လို့ ဦးစံရှားဆီ ကျွန်မလာခဲ့ခြင်း ဖြစ်ပါတယ်''

ရှား။ ။''နေစမ်းပါအုံးလေ၊ ဒီလောက် မကသေးပါဘူး။ မိန်းမတို့ ထုံးစံအတိုင်း သိချင်စိတ်ရှိလေတော့ နှိုက်နှိုက်ကျွတ်ကျွတ် ရှာဖွေရာမှာ တခုခု တွေ့ထားသေးတယ် မဟုတ်လားဗျ''

မိ။ ။''မှန်ပါတယ်။ သူတို့ အကြွေးထူပုံ၊ လင်မယား မသင့်မြတ်ပုံ၊ ဝန်ထောက်ကြီးက ငိုင်တိုင်တိုင် လုပ်နေပုံတွေ ကြည့်ရတာ မသင်္ကာလေတော့ သူ့စာရေးစားပွဲနားက အမှိုက်တောင်းကို သွန်တိုင်း စက္ကူစုတ်တွေကို ကျွန်မ ခဏခဏ ဖတ်ကြည့်ပါတယ်။ အဲဒီအထဲက ဟောဒီစာရွက်တခုကိုလဲ တွေ့ပါသေးတယ်''ဟု ပြောပြီးလျှင် အခြားစာရွက်ကို လွယ်အိတ်ငယ်အတွင်းမှ ထုတ်ပေးပြန်ရာ အောက်ပါအတိုင်း တွေ့ရှိရပြန်လေ၏။

**ရေကန်ထဲမှ ဗေဒါပင်များအောက်တွင်**

ကျွန်။ ။''ခင်ဗျားတို့ရွာနားမှာ ဗေဒါတွေနဲ့ရေကန် ရှိသလားဗျာ''

မိ။ ။''ရှိပါတယ်ရှင်။ ရေကန်က အဟောင်းကြီးမို့ ဘယ်သူမှ ဘာမှမသုံးပဲ ဗေဒါပင်တွေ ပြည့်နေပါတယ်။ ဒီအောက်မှာ ဘာများရှိသလဲလို့ ကျွန်မတို့လင်မယား ရှာကြည့်ချင်တဲ့စိတ် ဖြစ်ဖူးသော်လည်း ဝန်ထောက်ကြီးက လူတမျိုးရှင့်။ သူ မသိစေချင်တဲ့ဟာကို သူများဝင်ရှုပ်ယင် အသေအလဲ စိတ်ဆိုးတတ်တယ်။ ဒီတော့ကာ သိချင်တဲ့စိတ်ကို ချိုးနှိမ်ပြီး ဦးစံရှား ဘယ်လိုပြောမလဲလို့ တိုင်ပင်ရအောင် ကျွန်မ လာခဲ့ခြင်း ဖြစ်ပါတယ်''

ရှား။ ။''ပွင့်ပွင့်ပြောရယင် ခင်ဗျားပြောတဲ့ အဖြစ်အပျက်ဟာက သိပ်ပြီး မဆန်းလှလေတော့ ကျွန်တော်ကိုယ်တိုင် လိုက်ပြီး စုံစမ်းလောက်အောင် အရေးမကြီးဘူး ထင်တာပဲ။ ခင်ဗျားကတော့ ဝန်ထောက်ကြီး အကြွေးထူတာရယ်၊ သေစကား ခဏခဏပြောတာရယ် ဆက်စပ်ကြည့်ပြီး စိုးရိမ်လောက်

www.burmeseclassic.com



တယ်လို့ ကျုပ်သိသွားခဲ့တာပဲ။ အခုအတောအတွင်းမှာ တကယ်ဖောက်ထားတဲ့ကိစ္စနဲ့ ပတ်သက်လို့ ရန်ကုန်မှာ ကျုပ်ရှိဖို့ သိပ်အရေးကြီးနေတဲ့အကြောင်းကို ဟောဒီကမိတ်ဆွေ ကိုသိန်းမောင်လဲ သိပါတယ်။

"အခုတခါ ဗေဒါပင်အကြောင်းကလေး ကြားရပြန်တော့ တော်တော်ဆန်းတယ်လို့ ကျုပ်သဘောရမြန်တယ်။ သို့သော် ဒီလိုရှိတယ်လေ။ အကယ်၍ ခင်ဗျားတို့ရွာကို ကျုပ်တို့လိုက်လာခဲ့လို့ ဝန်ထောက်ကြီးသိသွားလို့ရှိယင် သူ့အခရေးအရာထဲမှာ ခင်ဗျားက ဝင်ရှုပ်နေတယ်လို့ အပြစ်တင်စရာ မဖြစ်ပေဘူးလားဗျာ"

မိ။ ။"ဒီအတွက်လဲ ကျွန်မ စဉ်းစားပြီးပါပြီ။ မင်းကတော်ကြီးက သူ့ဆွေမျိုးများရှိတဲ့ တံတားဘက်ကို လည်သွားချင်တယ် ဆိုလေတော့ ဝန်ထောက်ကြီးက ရန်ကုန်ထိအောင် လိုက်ပို့ရာမှာ သူမရှိခိုက် ကျွန်မ ထွက်လာခဲ့ခြင်း ဖြစ်ပါတယ်။ ဒီတော့က ကျွန်မ ဒီကနေ့ ပြန်သွားပြီး ရှင်တို့ နက်ဖြန် လိုက်လာလို့ရှိယင် ဝန်ထောက်ကြီး မသိအောင် ဖန်တီးနိုင်တဲ့နည်းလမ်း ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီတိုက်ကြီးကို သူငှားခဲ့တာ ၃ လ အတွက်သာ ငှားထားခြင်း ဖြစ်လေတော့ သူသွားယင် နေချင်နေရအောင်ဆိုပြီး တိုက်ကြီးကို လာကြည့်ကြပါတယ်၊ ရှင်တို့လဲ တိုက်ကြီးကို လာကြည့်တဲ့သဘောနဲ့ လာကြမယ်ဆိုယင် ဝန်ထောက်ကြီးက ဘာမှ ရိပ်မိစရာအကြောင်း မရှိပါဘူး"

ရှား။ ။"ဝန်ထောက်ကြီးက ဘယ်တော့ ပြန်ရောက်မလဲ"

မိ။ ။"နက်ဖြန် ပြန်ရောက်မယ် ပြောပါတယ်။ ဒီတော့ နက်ဖြန်မနက် မန္တလေးဘက် ထွက်တဲ့ ရက်မှန် ရထားကြီး နဲ့ ရှင်တို့လိုက်ခဲ့လို့ရှိယင် ဝန်ထောက်ကြီးလဲ အဲဒီရထားစီးမှာပဲ၊ ကျွန်မသဘောတော့ သူ့ကို စောင့်ကြည့်ရမယ့်သူရှိယင် ကောင်းမယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ကိုယ်သူ သတ်သေလိမ့်မယ်လို့ ကျွန်မ ထင်နေမိပါတယ်။ ဒါကြောင့် ရထားပေါ်မှာ သူ့ကို စောင့်နိုင်ယင်လဲ ကောင်းပါတယ်"

ရှား။ ။"စောင့်ကြည့်ရအောင် လူပုံ လူပန်းက ဘယ်လိုလဲဗျ"

မိ။ ။"မှတ်မိဖို့ လွယ်ပါတယ်ရှင်။ အရပ်အမောင်းက ၆ ပေနီးပါးရှိလေတော့ ဗမာထဲမှာ သူ့လောက် မြင့်တဲ့လူ ပေါ်များများဖြစ်တဲ့ပြင် အထက်နှုတ်ခမ်းမှာ ငယ်စဉ်က ခွဲစိတ်ထားတဲ့ အမာရွတ်ကြီး တခု ရှိပါတယ်။ မြင်မြင်ချင်း မှတ်မိနိုင်ပါတယ်ရှင်"

ရှား။ ။"နေပါဦးဗျ။ ကိုင်း ဒါဖြင့် နက်ဖြန်ခါမနက် မန္တလေးဘက်ထွက်တဲ့ ရက်မှန်ရထားကြီးနဲ့ ကျုပ်တို့ လိုက်ခဲ့မယ်။ ကျုပ်က အချိန်များများ အကုန်မခံနိုင်ဘူးဗျို့၊ ဘူတာရုံမှာ တက္ကစီ ရနိုင်ရဲ့နော်"

မိ။ ။"ရနိုင်ပါတယ်။ ကျွန်မ စီစဉ်ထားပါ့မယ်"

ထို့နောက် မစောမိ ပြန်သွားသောအခါ—

ရှား။ ။"ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ဒီမိန်းမ ဘယ့်နှယ်ထင်သလဲ"

ကျွန်။ ။"သူက ပြတင်းပေါက်ဘက်ကနေ ထိုင်လေတော့ သူ့မျက်နှာကို ကျွန်တော် ကောင်းကောင်းကြီး မမြင်နိုင်ဘူး။ ပြောပုံ ဆိုပုံ အကဲခတ်ရတော့ မှန်တဲ့အတိုင်း ပြောသွားတယ်လို့ ကျွန်တော် ယုံကြည်တာပဲ၊ လူတဦးတယောက်မှာ ဒုက္ခဖြစ်မှာကို တတ်နိုင်သမျှ ကာကွယ်ပေးလိုတဲ့ ဆန္ဒ ရှိတယ်လို့ ကျွန်တော် ယုံကြည်တယ်။ ဘယ်လို ဒုက္ခမျိုးဆိုတာတော့ ကျွန်တော် အကဲမခတ်တတ်ဘူး၊ ရေကန်ထဲက ဗေဒါပင်တွေ ဆိုတာကိုလဲ ကျွန်တော် ကောင်းကောင်း သဘောမပေါက်ဘူး။ ဘယ်လိုအဓိပ္ပာယ်နဲ့ ရေးထားလေသလဲ၊ ဒီအထဲမှာ ဘာများ ဝှက်ထားလေသလဲ မပြောတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ဝှက်ထားတာတော့ဟုတ်ကဲ့ ထားပါတော့။ ဘာကို ဝှက်ထားသလဲ။ ဒီ့ပြင်တချက်ကလဲ လူတယောက်ဟာ တခုခုကို ဝှက်ထားပြီး သူဝှက်ထားတဲ့နေရာကို ခြေရာခံစေလိုတဲ့ သဘောနဲ့ စာရေးပြီး ညွှန်ထားတာက ဘယ်လိုအဓိပ္ပာယ်လဲဗျာ။ တော်တော် အတွေးရကျပ်တယ် ကိုသိန်းမောင်။ ဒီ့ထက် စုံစုံ စေ့စေ့ မသိရသေးပဲနဲ့ အရမ်းလျှောက်တွေးနေလို့ မဖြစ်တူးသင်တယ်။ ဒါထက် ခင်ဗျား လိုက်မယ်မဟုတ်လား"

ကျွန်။ ။"လိုက်ဆိုလဲ လိုက်တာပေါ့ဗျာ။ သေနတ်ယူခဲ့ဖို့ လိုသေးသလား"

ရှား။ ။"စိုးရိမ်စရာတော့ ရှိမထင်ပေါင်ဗျာ။ သို့သော် လိုလိုမည်မည်တော့ ယူခဲ့တာပေါ့။ ကိုင်း ကိုင်း အစုံအလင် မသိရသေးခင် လျှောက်တွေးနေလဲ အလကားပဲ။ ခင်ဗျားအနားက တယောလှမ်းလိုက်စမ်းပါ။ ဦးနှောက်ကလေး ရှင်းသွားအောင် 'ဘုံပျံနေနှုန်း' တေးပျိုးကလေး တပုဒ်လောက် လုပ်လိုက်စမ်းအုံးမယ်"

ဦးစံရှားမှာ အားလပ်သော အချိန်များတွင် ဖျော်ဖြေလေ့ရှိသော ထုံးစံအတိုင်း မျက်စိကလေး မှေးကာဖြင့် 'ထိုးတံ'ကို ရှရှကလေးကိုင်ကာ ကြိုးများပေါ်၌ ဖြည်းညင်းစွာဆွဲလျက် ဘွဲ့ခံလိုက်ရာတွင် အတီး အမှုတ်၌ များစွာ ဝါသနာမပါသော ကျွန်တော်မှာ သူ့ကိုထားခဲ့၍ ကိစ္စတခုနှင့် အိမ်ပေါ်မှ ဆင်းလာခဲ့လေ၏။

နောက်တနေ့ နံနက်၌ ကျွန်တော်တို့သည် ဘူတာရုံသို့ ရောက်ကြသောအခါ နှုတ်ခမ်းအထက်၌ အမာရွတ်ကြီးရှိသော လူတယောက်သည် ဒုတိယတန်းတွဲ တတွဲတွင်ထိုင်လျက် ခရီးသည်များကို မျှော်ကြည့်နေလေ၏။

ကျွန်တော်တို့သည် ထိုသူ့အနီးမှကပ်၍ ကျော်လွန် လျှောက်သွားပြီးနောက် မကြားလောက်သော နေရာသို့ ရောက်သောအခါ—

ကျွန်။ ။"ဘယ့်နှယ်လဲ ဆရာကြီး၊ ကျွန်တော်တို့လူတော့ ရောက်နေပကော။ သူနဲ့အတူ စီးမယ်လို့ စိတ်ကူးသလား"

ရှား။ ။"ကြည့်သေးတာပေါ့လေ"ဟု ပြော၍ နောက်မှ အသံကြားသည်နှင့် လှည့်ကြည့်လိုက်ရာတွင် ခရီးသည်တယောက်သည် ထိုလူကြီးစီးသော မီးရထားတွဲ တံခါးကို ဖွင့်ရန် ကြိုးစားလျက်ရှိစဉ် တံခါးကို သော့ခတ်ထားသဖြင့် ဖွင့်မရပဲ ညည်းတွားလျက်နေသည်ကို တွေ့မြင်ရလေ၏။

ထိုခဏ၌ မီးရထား အရာရှိတယောက် ရောက်လာ၍ ယင်းတွဲကို ဖွင့်မပေးပဲ ယင်းခရီးသည်ကို အခြားသော ဒုတိယတန်း တွဲတတွဲသို့ လိုက်၍ ပို့လေ၏။

ထိုအခြင်းအရာကို ဦးစံရှား တွေ့မြင်သောအခါ—

ရှား။ "မြင်လားဗျို့ သူလုပ်ပုံ။ သူတယောက်တည်း စီးချင်လို့ ရထားဘက်က လူတွေကို လာဘ် ထိုးထားဟန်တူတယ်။ တကယ်ဆိုယင် အထဲမှာ လူအချောင်ကြီးရှိသေးလို့ တံခါးဖွင့်ပေးမလား အောက်မေ့တယ်၊ အခုတော့ ဒီ့ပြင်တွဲ ခေါ်သွားတာ မြင်ရဲ့လား။ ဒေတ္တ သူ စီစဉ်ထားတာပဲ"

ထိုခဏ၌ ရထားထွက်ရန် ပထမအချက်ပေးသော ခေါင်းလောင်းနှင့် ဝီစီမှုတ်သံကြားရလေရာ ကျွန်တော်နှင့် ဦးစံရှားတို့သည် ဝန်ထောက်ကြီးဆိုသူ၏ တွဲနောက်မှ ကပ်လျက်ရှိသော အခြား ဒုတိယတန်း တွဲတတွဲသို့ တက်ကြ၍ သားရေအိတ်များကို နေရာချထားနေစဉ် မီးရထားလည်း ထွက်လာခဲ့လေ၏။

ယင်းတွဲ၌ ကျွန်တော်နှင့် ဦးစံရှားတို့ နှစ်ယောက်တည်းသာ ရှိကြလေရာ ဦးစံရှားသည် တခုသော ထောင့်၌ ထိုင်ကာ ရန်ကုန်ဂေဇက် သတင်းစာကို ဒူးပေါ်၌ ဖြန့်ပြီးမှ—

www.burmeseclassic.com



ရှား။ ။"အမှုခလေးကပေမယ့် နက်တဲ့နေရာမှာ တော်တော်လေးနက်သားဗျ၊ ဥပမာဆိုယင် ကျုပ်တို့ ဝန်ထောက်ကြီးဟာ သူ့ကိုယ်သူ သတ်သေဖို့ အကြံအစည်ရှိတယ်ဆိုပါတော့။ ဒီအကြံကို သူတပါး ရိပ်မိအောင် ဘာပြုလို့ လုပ်ချင်ရတာလဲ။ သူ့ လုပ်ပုံလေး ခင်ဗျား စဉ်းစားကြည့်လေ။ အခန်းထဲကို မစောမိဝင်ခါစဖြစ်စေ၊ ထွက်ခါစ ဖြစ်စေ လွတ်ကနဲ ပြောမိတဲ့သဘောနဲ့ သူပြောလိုက်တာ တွေ့တယ်မဟုတ်လား။

"ကျုပ် အထင်တော့ သူ့စကားကို မစောမိ ကြားစေချင်တဲ့ ရည်ရွယ်ချက်နဲ့ တမင်ပြောတယ်လို့ ထင်တာပဲ။ ဒီအကြောင်းနဲ့ ပတ်သက်တဲ့ စာရွက် အစအနတွေ တွေ့ရတယ်ဆိုတာလဲ တမင် သူ ဆင်တဲ့ အလုပ်နဲ့ တူတယ်ဗျ။ နောက်ဆုံးကာမှ သူပျောက်ကွယ်သွားတဲ့အခါ ဒီအကြောင်းအရာတွေကို လူတွေ သိအောင် လမ်းစ ပေးထားခဲ့တာနဲ့ တူတာပဲ။ ပြီးတော့ ဘာချက်ကလဲ တခုခုကို သူဝှက်ကရော ဝှက်ပြီးတဲ့နောက် သူဝှက်ထားတဲ့နေရာကို သူပဲ ဖော်ရော။ ဒီဟာတွေက ဘယ့်နှယ်လုပ်တာတွေလဲဗျ"

ကျွန်တော်တို့ လိုက်ပါလာခဲ့သော မီးရထားမှာ စာပို့မီးရထားမဟုတ်သဖြင့် ဘူတာတိုင်း၌ ဆိုက်ရပ်လာခဲ့လေရာ ဦးစံရှားသည် ပြတင်းပေါက်မှ ဦးခေါင်းထွက်ကာ ဝန်ထောက်ကြီးဆိုသူ လိုက်ပါလာသော ရှေ့တွဲဆီသို့ လှမ်း၍ကြည့်လေ၏။

မီးရထားသည် ငမိုးရိပ်ချောင်း တံတားကို ကူးကျော်ခဲ့သောအခါတွင် စက္ကူစုတ်ကလေးများသည် ပြတင်းပေါက်အနီးမှဖြတ်၍ ရှေ့ဆက်မှ နောက်ဘက်သို့ လွင့်သွားကြသည်ကို ကျွန်တော်တို့ တွေ့မြင်ရ၏။

ကျွန်တော်တို့ စီးလာသောတွဲမှာ ပြတင်းပေါက်များ ဖွင့်ထားသည်ဖြစ်၍ စက္ကူစုတ်ကလေး နှစ်ခုသည် ပြတင်းပေါက်မှ တွဲထဲသို့ တိုးဝင်လာရာတွင် ကျွန်တော်တို့သည် စိတ်အားထက်သန်စွာနှင့် ယင်းတို့ကို ကောက်ယူ ကြည့်ရှုကြသော်။

စက္ကူစုတ်ကလေးများပေါ်တွင် ဖောင်တိန်ဖြင့် ရေးခြစ်ထားသော စာလုံးများကို တွေ့ရရုံမျှ မက လက်ရေးမှာလည်း ယခင်က မစောမိ ပြသွားဖူးသော လက်ရေးပင်ဖြစ်ကြောင်း တွေ့မြင်ကြရလေ၏။

တခုသောစာရွက်၌ 'အဆုံးစီရင်မှ ဖြစ်မည်' ဟူသော စာလုံးများ ပါရှိ၍ အခြားစာရွက်ပေါ်တွင် 'ဒီလိုလုပ်မှ လွတ်နိုင်တော့မည်' ဟူသော စာလုံးများ ရေးထားသည်ကို တွေ့ရလေ၏။

တွေးထင်ရန်ရှိသည်မှာကား ရေးသားပြီးသော စာစောင်ကို ဆုတ်ဖဲ့၍ပစ်လိုက်ရာမှ ယင်းစာလုံးများသည် စက္ကူတပိုင်းစီပေါ်တွင် ပါသွားသည့် လက္ခဏာရှိ၏။

ဦးစံရှားသည် စာရွက်ကလေးများကိုကိုင်၍ မျက်မှောင်ကြုတ်လျက် စဉ်းစားနေရာ ကျွန်တော့်မှာ စိတ်ကို ချုပ်တီးရန် မတတ်နိုင်သဖြင့်–

"ကြိုးဆွဲပြီး ရထားရပ်လိုက်ရ မကောင်းဘူးလား" ဟု မေးလိုက်၏။

ရှား။ ။"နေအုံးလေဗျာ ကိုသိန်းမောင်၊ လုံလောက်အောင် အကြောင်းမပြနိုင်ယင် ဒဏ်ငွေ ၅ဝ တဲ့။ ဟိုမှာရေးထားတာ မတွေ့ဘူးလား။ ခင်ဗျားက ကြိုးဆွဲရယင် ပြတင်းပေါက် တဘက်တချက်က စောင့်ကြည့်ကြဖို့ အကြံပေးချင်တယ်ဆိုတာကိုလဲ ကျုပ် ရိပ်မိပါတယ်။

"ရှေ့တွဲကလူဟာ လူရှုးသော်လဲဖြစ်ရမယ်။ ကိုယ့်ကိုယ်ကို တဆုံးတဆ လုပ်ဖို့ ကြံစည်တဲ့လူသော်လဲ ဖြစ်ရမယ်။ တကယ်လို့ ကြံစည်ရိုးမှန်ယင် ကျုပ်တို့ စောင့်ကြည့်နေသော်လဲ ဘယ့်နှယ်မှ တတ်နိုင်မှာ မဟုတ်ပါဘူး။ သူ လုပ်ချင်တာ လုပ်နိုင်မှာပါပဲ။

"ဒီ့ပြင်တချက် စဉ်းစားဖို့ရှိသေးတာက ဒီလူဟာ ကျုပ်တို့ကို ပြတင်းပေါက်က ခေါင်းပြူကြည့်အောင် စာရွက်တွေလွင့်ချပြီး ကျုပ်တို့က ပြူကြည့်တဲ့အခါမှာ ဘယ်လိုလုပ်ဖို့ အကြံရှိတယ် မဆိုနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် သူက ကြည့်အောင်လုပ်ယင် ကျုပ်တို့ဘ မကြည့်ပဲနေမှ ကောင်းမယ်ယင်တယ်။ ညီလေးပဲ ရွှေ့ဘုရားရောက်လော့ ဂတ်ဗိုယ်ကို တိုင်ပြီး သူ့တွဲကို ဝင်ကြည့်ကြစေသားသာပျော့”

ရွှေဘုရားသို့ ရောက်ကြသောအခါ ကျွန်တော်တို့သည် ဂတ်ဗိုလ်ကိုခေါ်၍ ရှေ့၌ရှိသော ဒုတိယ တန်းတွဲကို ဝင်ကြည့်ကြရာတွင် တွဲထဲ၌ တစုံတယောက်သောသူမျှ မရှိသည့်အဖြစ်ကို တွေ့ကြရလေ၏။

ထိုလူ၏ မိုးကာအင်္ကျီနှင့် လက်ဆွဲသားရေအိတ် တလုံးမှုကား တွဲထဲ၌ ကျန်နေရစ်လေ၏။

လက်ဝဲဘက်တံခါးမှာ သော့ခတ်ထားလေရာ လက်ယာဘက်တံခါးကမူ ပွင့်လျက်ရှိသည်ကို တွေ့ရ လေ၏။

ကျွန်တော်တို့သည် ဂတ်ဗိုလ်နှင့်အတူ ရှုပိုင်ကိုခေါ်၍ တွဲပေါ်သို့ တက်ရှာကြသော်လည်း ဖော်ပြခဲ့ ပြီးသော ဝတ္ထုပစ္စည်း နှစ်ခုမှတပါး အခြားသောဝတ္ထုကို မတွေ့ရသဖြင့် မကြာမီအတွင်း မီးရထားလည်း ခုတ်နှင်လာခဲ့လေ၏။

ပဲခူးဘုရားသို့ ဆိုက်ရောက်၍ ကျွန်တော်တို့သည် တက္ကစီတစီးကို ငှားပြီးလျှင် မစောမိ၏ ရွာသို့ ထွက်လာခဲ့ကြရာ မစောမိမှာ ဝင်းတံခါးမှ ကျွန်တော်တို့အား စောင့်မျှော်လျက်ရှိသည်နှင့် အဆင်သင့် တွေ့ရလေ၏။

ကျွန်တော်တို့က လမ်း၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို ပြောပြသောအခါ မစောမိမှာ “ဖြင့်မ ဖြစ်ရပလေ”ဟု အကြိမ်ကြိမ်ဆိုကာ ဝမ်းနည်းသော အမူအရာများ ပြပြီးနောက် တိုက်အိမ်ကြီးထဲသို့ ကျွန်တော်တို့ကို ခေါ်သွားလေ၏။

မစောမိ၏ ခင်ပွန်း ကိုသာလှိုင်မှာ ကိစ္စတခုနှင့် စည့်တီးရွာသို့ ထွက်သွားခိုက် ဖြစ်သောကြောင့် ထိုအချိန်တွင် အိမ်၌ မရှိချေ။ ဝင်းပေါက်မှ ဝင်လာစဉ်—

မိ။ ။“လူသယောက် ရောက်နေတယ် ဦးစံရှားရဲ့။ မနက် အစောကြီးကသည်းကာ ရောက်လာပြီး ဘာကိစ္စလဲ မေးမရဘူး။ အကောင်း ထိုင်စောင့်နေတော့လာပဲရှင်”

ရှား။ ။“ခုကျ ဒါသားဖျိုး ကျုပ်က လှုတ်လှုတ်လပ်လပ် စုံစမ်းချင်တာ။ တယ်လူက ရောက်နေပြန်ပါခော့ခယ်။ သို့သော်လဲ ဝန်ထောက်ကြီးနဲ့တွေ့ဖို့ မျှော်လင့်စရာ မရှိဘူးလို့ ကျုပ်ပြောပြယင် ထွက်သွားကောင်းပါရဲ့ဗျာ”

ဝန်ထောက်ကြီးဆိုသူ ငှားရမ်းနေထိုင်လျက်ရှိသော နေအိမ်ကြီးမှာ အတော်အတန်ကျယ်ဝန်းသော ဝင်းခြံကြီး၏ အလယ်၌ တည်ရှိ၍ ရွာ၏ အစွန်အဖျား၌ ရှိလေ၏။

အောက်ထပ်တွင် တိုက်ခံ၍ အပေါ်ထပ်တွင် ပျဉ်ထောင်လျက် မြန်မာတို့ အလွန်ကြိုက်သော တိုက်ခံအိမ်မျိုး ဖြစ်လေရာ ပြတင်းပေါက်များမှာ ခန်းဆီးအဝတ်ဖြင့် ခြယ်လှယ်ခြင်း မရှိပဲ ရှင်းရှင်း ရိုးရိုးပင် ဖြစ်နေလေ၏။

ဝင်းထဲ၌ကား ငှက်ပျောပင်များနှင့် သဘော်ပင်များကို အနှံ့အပြား စိုက်ထားလေရာ ဆင်ဝင် အောက်၌ကား ခုံရှည်တခု ခင်းထားလေ၏။

အိမ်ဘွင်တွင်၌ကား ဧည့်ခန်းနှင့် ကုလားထိုင် မြောက်မြားစွာမရှိပဲ သင့်ဘင့်ရုံမျှသာလျှင် ကျိုးတိုးကျဲတဲ ရှိနေလေ၏။

ရှေ့ခန်းသို့ ဝင်သွားကြသောအခါ သွက်လက်ဖျတ်လတ်သော အမူအရာရှိသည့် လူသယောက်သည် ကုလားထိုင်မှ ခုန်ထ၍ ဦးခေါင်းကို အောက်သို့ အသားအယား ငုံ့ကာ ခရုက်ခရုလေရာ ထိုလူမှာ အခြားမဟုတ်၊ အမူ ပေါင်းများစွာတို့တွင် ကျွန်တော်တို့နှင့် ဆုံနေကျဖြစ်သော အစိုးရစုံထောက် ကိုအုန်းဖေပင် ဖြစ်လေသည်။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဖေ။ ။"အံ့ဩပါရဲ့ဆရာ၊ ဒီလို လိမ်လည်မှု ရှိုးရိုးမျိုး ဆရာကိုယ်တိုင် လိုက်လာလိမ့်မယ်လို့ မထင်မိဘူး ဆရာ"

ရှား။ ။"လိမ်လည်မှု ရိုးရိုးတဲ့။ ဘာလိမ်တာလဲဗျ"

ဖေ။ ။"အိတ်ထဲမှာ ငွေကလေး နည်းနည်းပါးပါး အပ်ပြီး ချက်လက်မှတ်တွေနဲ့ ငွေတွေကို ထုတ်တဲ့လူပေါ့ ဆရာရဲ့။ ကျွန်တော်လဲ ဒီအမှုအတွက် လိုက်လာရခြင်း ဖြစ်လေတော့ ရာဇဝတ်ကောင်ကို မိအောင်ဖမ်းဖို့ ဆရာ ကူညီပေးယင် ကျေးဇူးပါပဲ ဆရာ"

ရှား။ ။"အရှင်လတ်လတ် ဖမ်းဖို့တော့ မဖြစ်တော့ဘူးထင်တယ် ကိုအုန်းဖေ၊ ဧမိုရိုပ်ချောင်း ထဲမှာ ပိုက်နဲ့ဆွဲယင်ဖြင့် အလောင်းကိုတော့ တွေ့မလား မဆိုနိုင်ဘူး"ဟု ပြောပြီးနောက် မီးရထားပေါ်၌ ကျွန်တော်တို့ ကြုံတွေ့ခဲ့ရသော အခြင်းအရာများ အကြောင်းကို ကိုအုန်းဖေအား ပြောပြလေ၏။

ကိုအုန်းဖေသည် ထိုသတင်းကို ကြားရသည်နှင့် တပြိုင်နက် ဧမိုရိုပ်ချောင်းတွင်း၌ ပိုက်နှင့်တိုက်၍ ရှာဖွေရန်အတွက် ကြေးနန်းရိုက်ချေဦးမည်ဆိုပြီး ချက်ချင်းပင် ကြေးနန်းရုံသို့ ထွက်သွားလေ၏။

ရှား။ ။"ကိုင်း ကိုသိန်းမောင်၊ ကျုပ်တို့ ဘာလုပ်ရမယ် ထင်သလဲ"

ကျွန်။ ။"ရေကန်ဘက် သွားရှာကြဖို့ မဟုတ်လားဗျ"

ရှား။ ။"ကျုပ်နဲ့ ဒါလောက် ပေါင်းနေတာ တခါတခါတော့ ကိုသိန်းမောင် ရှော်သေးတာကိုး ဗျ။ ရာဇဝတ်ကောင် တကောင်က ခြေရာကောက်စေလိုတဲ့သဘောနဲ့ ညွှန်းထားခဲ့တဲ့ နေရာတခုကို သွားကြည့်လို့ ဘာအကျိုးရှိမလဲဗျ။ သူတို့က ကြည့်ဆိုယင် မကြည့်နဲ့။ မကြည့်နဲ့ဆိုယင် ကြည့်ပေတော့။ ဒီလောက်တော့ အထပ်ထပ် ညွှန်းထားလေလေ ကြည့်ဖို့ မလိုလေလေပဲ။ ကျုပ် ထင်တာကတော့ ကျုပ်တို့ လိုချင်တာကို တခြားမှာ မရှာပဲ ဒီအိမ်ထဲမှာ ရှာကြရလိမ့်မယ်လို့ ထင်တယ်"

ယင်းကဲ့သို့ ပြောပြောဆိုဆိုနှင့် ဦးစံရှားသည် စားပွဲအံဆွဲများ၊ ဗီရိုများ၊ ကြောင်အိမ်များ အစရှိသည်များကို ဆွဲထုတ် ဖွင့်လှစ်တာ ကြည့်ရှုလေရာ ကျွန်တော့်မှာမူ ဦးစံရှား၏ အမိန့်အတိုင်း အခြားသော အခန်းများသို့ဝင်၍ မရှိသင့်သော နေရာ၌ ရှိသောအရာ၊ ရှိသင့်သောနေရာ၌ မရှိသောအရာ တည်းတို့ကို လှည့်လည် ကြည့်ရှုနေရလေ၏။

ကျွန်တော်၏ အစွမ်းဖြင့် ချွတ်ယွင်းချက် တစုံတခုမျှ မတွေ့ရသောအခါ ကျွန်တော်မှာ ဦးစံရှားရှိရာ ဧည့်ခန်းသို့ ပြန်လာခဲ့လေ၏။

ဦးစံရှားမှာ ပက်လက်ကုလားထိုင်ကြီး တလုံးပေါ်တွင် ထိုင်လျက် အလွန်တရာ စိတ်ပါဝင်စားဟန် တူသော အမူအရာနှင့် စာတအုပ်ကို ဖတ်ရှုလျက် ရှိလေ၏။

ကျွန်။ ။"ဘယ့်နှယ်လဲ ဆရာကြီး၊ အေးအေးဆေးဆေး ရှိလှချည်လား"

ရှား။ ။"ဒေါ့အဆို ဒိပြဿနာကို ကျုပ် ရှင်းပြီးပြီဗျ"

ကျွန်။ ။"မြန်လှချည်လား ဆရာကြီးရယ်။ ဟုတ်မှ ဟုတ်ရဲ့လား"

ရှား။ ။"ဟုတ်တာ မဟုတ်တာတော့ အသေအချာ မပြောနိုင်သေးဘူးဗျာ။ ကျုပ်ဟာ ကျုပ်တော့ ရှင်းပြီးပြီ ထင်နေတာပဲ"

ကျွန်။ ။"ဘာများတွေ့ရလို့ ဘယ်နည်း ရှင်းလိုက်တာလဲဗျ"

ဦးစံရှားသည် ရန်ကုန်ဂေဇက် အင်္ဂလိပ်သတင်းစာဟောင်းကြီးတစ်ခုတို့ ကုလားထိုင် လက်တင်ပေါ်မှ လှမ်းယူ၍ ကျွန်တော့်ဘက်သို့ လှမ်းပေးပြီးလျှင်—

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ဟောဒီသတင်းစာကို ဟောဟိုစားပွဲ အံဆွဲထဲမှာ တွေ့သဗျ။ သတင်းတခုဟာကတော့ ခဲတံအပြာကြီးနဲ့ခြစ်လို့၊ ခင်ဗျားမြင်တဲ့အတိုင်းပဲ။ ကိုင်း ဖတ်ကြည့်စမ်းပါအုံး ကိုသိန်းမောင်"ဟု ပြောသဖြင့် ကျွန်တော်သည် ခဲတံပြာနှင့် ခြစ်မှတ်ထားသော သတင်းပိုင်းကို ဖတ်ကြည့်ရာ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

## မိုးကုတ် သဌေးကြီး၏ အမွေ

မိုးကုတ်မြို့ရှိ ကျောက်တွင်းများကို အမေရိကန် သဌေးကြီးများက စက်ကိရိယာများဖြင့် တူးဖော်စဉ် လက်ထောက် မန်နေဂျာအဖြစ်ဖြင့် အလုပ်လုပ်ခဲ့ပြီးနောက် ကိုယ်ပိုင်အလုပ်ဖြင့် သိန်းတန် ပတ္တမြားများ တူးဖော်ရရှိခဲ့ဖူးသော နာမည်ကျော် ပတ္တမြားသဌေးကြီး ဦးကြာတင့်သည် လွန်ခဲ့သော တနင်္ဂနွေနေ့က ကွယ်လွန်ခဲ့ရာ ခရစ်ယာန်ဘာသာ ကိုးကွယ်သူတဦး ဖြစ်သော်လည်း သူ၏ သေတမ်းစာကို ရှာမတွေ့သဖြင့် အခက်အခဲ ဖြစ်ပေါ်လျက်ရှိကြောင်း။

ယင်း သဌေးကြီး၏ တဦးတည်းသောသား ကိုသန့်စင်ဆိုသူမှာ ကောလိပ်၌ရှိစဉ် ဘိုင်စကုတ်ဇာတ်လိုက် မင်းသမီးတယောက်နှင့် ချစ်ကြိုက်ကြ၍ ဦးကြာတင့်က သဘောမတူပဲ ရှိရာတွင် ထင်ရာလုပ်မည်ဟု ကြုံးဝါးကာ မိုးကုတ်မြို့မှ ကွယ်ပျောက်သွားခဲ့ကြောင်း။

ဦးကြာတင့် ကွယ်လွန်ပြီးနောက် ကိုသန့်စင်ဆိုသူကို စုံစမ်း ရှာဖွေကြရာ ယခုတိုင် သတင်းမရသေးဟု သိရှိရကြောင်း။ ဦးကြာတင့်၏ အမွေပစ္စည်းတန်ဖိုးမှာ တသိန်းခန့်ရှိလိမ့်မည်ဟု ခန့်မှန်းကြသဖြင့် ကံကောင်းသော ကိုသန့်စင်ကို မိုးကုတ်တမြို့လုံးက စောင့်မျှော်လျက်ရှိကြကြောင်း။

ကျွန်တော်သည် အထက်ပါ အဓိပ္ပာယ်ရှိသော သတင်းကို ရန်ကုန်ဂဇက်သတင်းစာတွင် ဖတ်ရှုရပြီးသည်နှင့် တပြိုင်နက် အိမ်ရှေ့မှ မော်တော်ကားဆိုက်သံကြားရ၍ စုံထောက် ကိုအုန်းဖေလည်း ပျာယီးပျာယာနှင့် ဆင်းလာလေ၏။

ဖေ။ ။"ကျွန်တော့်တော့ ဝိုင်းရယ်ကြတော့မှာပါပဲ ဆရာရယ်။ ဒီအိမ်မှာ ဝန်ထောက်ယောင်ဆောင်ပြီးနေတဲ့ ကိုဘကျော့ဆိုတဲ့လူ ရန်ကုန်ရောက်နေတယ် ကြားလို့ မနေ့က ဟိုမှာ ခြေရာခံမတွေ့တာနဲ့ မနက်စောစော ကားနဲ့ ဒီလိုက်လာခဲ့။ ဟိုမှာလဲ မတွေ့၊ ဒီမှာလဲ မတွေ့ သိပ်ခက်နေပြီကော ဆရာ"

ရှား။ ။"အားမငယ်ပါနဲ့ ကိုယ့်လူ။ မစောမိတို့လင်မယား ကျုပ်သွားတွေ့ပါအုံးမယ်။ ခင်ဗျားလိုက်ခဲ့ပါ။ ခင်ဗျားလိုချင်တဲ့လူအကြောင်း သတင်းရပါလိမ့်မယ် မှတ်တယ်"

ထို့နောက် ကျွန်တော်တို့ သုံးယောက်သည် တိုက်နံဘေး မလှမ်းမကမ်းတွင် ဆောက်ထားသော တဲအိမ်ကလေးဆီသို့ သွားကြ၍ အတွင်းသို့ ဝင်သွားသောအခါ မစောမိသည် ရှပ်လက်တိုနှင့် ချည်လုံချီအကြမ်းစားကို ဝတ်ထား၍ နှုတ်ခမ်းမွေးကောင်းကောင်းနှင့် အလုပ်ကြမ်းသမား အသန်းအစား လူတယောက်နှင့်အတူ ထိုင်ကာ လက်ဖက်ရည်သောက်နေကြသည်ကို တွေ့ရလေ၏။

ထိုလူသည် ခပ်ထန်ထန် အမူအရာနှင့် ထိုင်ရာမှ ရုတ်တရက်ထလိုက်လေရာ မစောမိကမူကား ပြုံးရွှင်ဖော်ရွေသော မျက်နှာနှင့် "ထိုင်ကြပါရှင်" ဟု ဧည့်ခံပြီးလျှင် သူ၏ဆရာ ဝန်ထောက်ကြီး အကြောင်းကို ●မေးမြန်းလေ၏။

## တတိယအကြိမ်

www.burmeseclassic.com



ရှား။ ။"စိတ်ချပါ မစောမိ၊ မကြာခင် သတင်းရပါလိမ့်မယ်။ ကိုင်း ကိုအုန်းဖေ၊ လိမ်လည်မှုနဲ့ ခင်ဗျားလိုက်ရှာနေတဲ့ ကိုသန့်စင်ခေါ် ဝန်ထောက် ကိုဘကျော့ဆိုတဲ့လူ ဖမ်းချင်ယင် ဟောဒီမယ်" ဟု ပြော၍ ထိုလူ၏ အနီးသို့ ချဉ်းကပ်ပြီးလျှင် နှုတ်ခမ်းမွေးကြီးကို ရုတ်တရက် ဆွဲလိုက်ရာ အထက် နှုတ်ခမ်းပေါ်မှ အမာရွတ်ကြီးသည် ထင်ရှားစွာ ပေါ်လာလေ၏။

နောက်ရက်များ၌ ဦးစံရှားက ရှင်းလင်းပြောပြသည်မှာ—

ရှား။ ။"ဒီအမှုဟာက ရည်ရွယ်ချက်ကို အတွေးရခက်နေတဲ့အတွက် ရုတ်တရက် မဖော်နိုင်ပဲ ဖြစ်နေခဲ့တာကိုး ကိုသိန်းမောင်ရဲ့။ ကျုပ်တို့လူက သူ့အဖေဆီက အမွေရမှာ ဖြစ်ပေမယ့် ကြွေးတွေက ဝိုင်းနေတော့ ပေးစရာရှိတာ အကုန်ဆပ်လိုက်ယင် သူ့အဖို့ ဘာမှ မကျန်တဲ့အတွက် သူ့ကိုယ်သူ သတ်သေချင်ယောင်ဆောင်ပြီး မိုးကုတ်က အမွေသွားယူဖို့ ကြံစည်တာကိုးဗျ။ သူ့မိန်းမကလဲ ဘိုင်စကုတ်ဇာတ်လိုက်မင်းသမီး လုပ်ဖူးလေတော့ အစေခံ မိန်းမတယောက်ယောင်ဆောင်တဲ့ နေရာမှာ ခင်ဗျားတို့ ကျုပ်တို့ကိုတောင် လှည့်စားနိုင်ပေတာကိုး။ ကျုပ်တို့လူက မီးရထားဆိုက်တုန်းမှာ သူ့ကိုယ်သူ ရုပ်ပြောင်းပြီး တတိယတန်းတွဲတတွဲကို တက်စီးသွားဟန်တူတယ်။ တွဲပေါ်က မဆင်းမီ သေကြောင်းကြံစည်တဲ့ သဘောနဲ့ စာရွက်ကလေးတွေ ရေးထားခဲ့ပြီး ပြတင်းပေါက်ပေါ်မှာ တင်ထားခဲ့လေတော့ ရထားခုတ်လာရာမှာ လေနဲ့လွင့်ပြီး ကျုပ်တို့တွဲထဲ ဝင်လာစေဖို့ စီစဉ်ထားခဲ့တာကိုး။ သူစီစဉ်တဲ့အတိုင်း ကျုပ်တို့ဆီကို စာရွက်စုတ်ကလေးတွေ လွင့်လာတော့ သူကိုယ်တိုင်ကတော့ အဲဒီတွဲထဲမှာ မရှိတော့ဘူးဗျ။ ရှေ့က တွဲတတွဲ ရောက်နေနှင့်ပြီ"

ကျွန်။ ။"သူ့မိန်းမ မစောမိက ဘာကြောင့် ကျွန်တော်တို့ဆီလာပြီး တိုင်ရသေးတာလဲဗျ"

ရှား။ ။"အဲဒီအချက်ကလေးက တော်တော်ကောင်းတယ်။ ကိုဘကျော့ဆိုတဲ့လူ သေရှာပြီလို့ ပရိသတ်ကို အထင်ပေးရာမှာ စုံထောက်ကြီး ဦးစံရှားကိုယ်တိုင်က သူ့နောက်က တွဲထဲမှာ လိုက်ပါလာတယ်လို့ လူအများသိရယင် ဘယ်သူကမှ ခြေရာခံဖို့ စိတ်မကူးပဲ တကယ်ပဲ သေရှာပြီလို့ ယုံကြည်ကြမယ်ဆိုတာ သူတို့ တွက်ကိန်းရပြီးသားကိုးဗျ။

"သို့သော် သူတို့က ကျုပ်ကိုယ်တိုင် လိုက်မလာမှာ စိုးရိမ်မိတဲ့အတွက် ပေဒါပင်တွေ၊ ရေကန်တွေနဲ့ ဆင်လုံးတွေ ထည့်သုံးလို့ ခင်ဗျားတောင် ယောင်တောင်တောင် ဖြစ်သွားသေးတယ် မဟုတ်လား။ ဒါထက် ကျုပ်လုပ်ပေးသမျှဟာ အစိုးရဆီမှာတော့ ကိုအုန်းဖေ နာမည်ကြီးဖို့ချည့်ပါပဲဗျ။ လောကကြီးမှာ ကောင်းချင်တဲ့လူဆိုတာ ဒီလို အချောင်ပေါက် တွေ့တတ်တာမျိုးပဲကိုး ကိုသိန်းမောင်"

www.burmeseclassic.com

# ၁၀။ သိရိမ္ဗာသောကမင်းကြီး တံဆိပ်တော်*

ကျွန်တော်နှင့် ဦးစံရှားသည် ဘုရားရုံမှဆင်း၍ ခြေကျင်လျှောက်လာစဉ် ယမန်နေ့ ညနေစောင်း အချိန်က ရွာချသွားသော မိုးကလေးကြောင့် ဖုန်သိပ်၍ ပြောင်စင်လျက်ရှိသော မြေကြီးပေါ်တွင် အချို့ ခြေရာများသည် ကွင်းကွင်း ကွက်ကွက် ထင်ရှားစွာ ပေါ်ထွက်နေသည် ဖြစ်၍ ဦးစံရှားသည် ကျွန်တော်နှင့် ပြောသွားသော စကားစကို ဖြတ်ကာ ယင်းခြေရာများကို ဂရုတစိုက် ကြည့်ရှုလာသည့် လက္ခဏာနှင့် ဆိတ်ငြိမ်စွာ လျှောက်လာလေ၏။

ကျွန်ုပ်။ ။"ဘာတုံးဗျ ဦးစံရှား၊ ခြေရာတွေမှာ ဘာများ ထူးထူးဆန်းဆန်း တွေ့နေပြန်သလဲ"

ရှား။ ။"ထူးဆန်းတယ်လို့တော့ မဟုတ်ပါဘူးဗျာ။ ပြောင်နေတဲ့မြေကြီးပေါ်မှာ လူနှစ်ယောက် ယှဉ်ပြီးတော့ လမ်းလျှောက်သွားတာ ထင်းထင်းကြီး ဖြစ်နေလို့ ကျုပ် ဝါသနာအတိုင်း လိုက်ကြည့်နေမိ တာပါပဲ"

ကျွန်ုပ်။ ။"တယောက် ခြေရာကတော့ ကြက်ပေါင်ခံ ရွက်ဖျင်ဖိနပ်နဲ့ တူတယ်။ တယောက် ကတော့ သားရေဖိနပ်နဲ့ပဲတူရဲ့။ ကြက်ပေါင်ဖိနပ်ရာကြီးကဖြင့် တံဆိပ်ရော ဘာရော သိပ်ထင်းနေတာပဲဗျို။ ဒါထက် နေပါအုံးဗျာ။ ဒီခြေရာ နှစ်စုံဟာ အတူယှဉ်ပြီး လျှောက်တယ်လို့ ခင်ဗျား ဘယ်နှယ်လုပ်ပြီး ပြောနိုင်သလဲ"

ရှား။ ။"ခင်ဗျားက ခုမှကြည့်တာကိုး။ ကျုပ်က တလျှောက်လုံး ကြည့်လာခဲ့လို့ ပြောနိုင် တာပေါ့။ သူတို့ ခြေလှမ်းနဲ့ ဖိနပ်ဆိုက်ဟာ ၇ ခွဲ ၈ ထက် မနည်း ရှိနေကြတာကို ထောက်ခြင်းအားဖြင့် နှစ်ယောက်လုံး အရပ်ခပ်မြင့်မြင့် ရှိရမယ်ဆိုတာတော့ ခင်ဗျားသိပြီးသားပဲ။ နို့ပေမယ့် ထူးဆန်းတာ တချက် ရှိတယ်ဗျ။ သေသေချာချာ ကြည့်စမ်း။ သူတို့နှစ်ယောက်စလုံး တုတ်တချောင်းစီ ကိုင်ပြီး လျှောက်လာတာကို သတိပြုမိရဲ့လား။ ထုံးစံအတိုင်းဘဲ တုတ်ကို မြေကြီးမှာ ထောက်ပြီးတော့ လျှောက်ယင် ကျုပ်ပြောတဲ့အတိုင်း လေးလှမ်းမှာ တချက် မှုန်မှုန်ထောက်တယ်။ ဒီဘက်က သားရေဖိနပ်နဲ့ လူကတော့ ခြေလေးလှမ်းမှာ တချက်တချက် မှုန်မှုန်ကြီး ထောက်ရတယ်။ ဟိုဘက်က ကြက်ပေါင်ဖိနပ်နဲ့လူကတော့ ခြေနှစ်လှမ်းမှာ တချက်စီ ထောက်သွားတယ်ဗျ။ သူ့တုတ်ရာကလဲ မြေကြီးထဲမှာ အများကြီး မြုပ်ဝင် သွားတယ်။ သူ့ရဲ့ ညာဘက် ခြေရာတိုင်းမှာ တုတ်ရာကလေး တချက်တချက် ကပ်ပြီး ထောက်သွားတယ်။ ဒီဟာ ခင်ဗျား ဘယ်လို အဓိပ္ပာယ်ရသလဲ"

---

* ဤဝတ္ထုကို ရှုမဝမဂ္ဂဇင်း၊ ၁၉၄၀၊ မေ၊ အတွဲ ၁၊ အမှတ် ၄ တွင် 'သိရိမ္ဗာသောကမင်းကြီး တံဆိပ်တော်' အမည်ဖြင့် တွေ့ရသည်။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၆၊ နှလုံးလှ စာအုပ်တိုက်မှ အတွဲ ၃ တို့တွင် 'အသောက တံဆိပ်တော်' ဟု အမည်ပြောင်း၍ ပုံနှိပ်ဖော်ပြသည်။ မူရင်းကို ကိုနင်ဇွိုင်း၏ ဝတ္ထုများတွင် မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်။ ။"ကျွန်တော့်အထင်တော့ ခြေလှမ်းမှန်မှန် မလျှောက်နိုင်လို့ တုတ်ကို အားပြုသွားရတယ် ထင်တာပဲ"

ရှား။ ။"ခင်ဗျား တော်ပေသားပဲဗျို ကိုသိန်းမောင်။ တုတ်ဆုနက်နေတာကလဲပဲ ဒီအချက်ကို ထောက်ခံထားတယ်။ ကောင်းပြီ။ တုတ်ကို အားပြုရတယ်ဆိုတာ ဘာကြောင့် ဖြစ်နိုင်သလဲ"

ကျွန်။ ။"အသက်ကြီးလို့၊ အိုလို့၊ သို့မဟုတ် မကျန်းမာလို့၊ သို့မဟုတ် ခြေမသန်လို့။ တခုခု ဖြစ်ရမှာပေါ့ဗျာ"

ရှား။ ။"ဒါလဲ မှန်ပေသဗျာ။ နှစ်ယောက် ယှဉ်ပြီးတော့ လျှောက်တယ်ဆိုတာက လမ်းတလျှောက်လုံးမှာတော့ ခြေရာနှစ်စုံဟာ အကွာအဝေး ညီညီမှန်မှန် ရှိနေတာကို တွေ့ရတာကတကြောင်း၊ ပြီးတော့ ဟောဒီ လမ်းကျဉ်းကလေးရောက်တော့၊ တွေ့လားဗျို၊ နှစ်ယောက်ယှဉ်ပြီး မလျှောက်နိုင်တော့ သားရေဖိနပ် နင်းထားတဲ့ ခြေရာပေါ်ကို ကြက်ပေါင်ဖိနပ်က လိုက်ပြီးနင်းထားတယ်။ ခုနတုန်းက လမ်းကျဉ်းကလေးတခုမှာ ကျုပ် သတိပြုခဲ့သေးတယ်။ အဲဒီတုန်းကတော့ ကြက်ပေါင် ဖိနပ်ရာပေါ်ကို သားရေဖိနပ်က ထပ်ပြီး ချထားတာ တွေ့ခဲ့ရတယ်။ ခြေရာနှစ်စုံဟာ တစုံပေါ်မှာတစုံ တလှည့်စီထပ်ပြီး နင်းထားတာ တွေ့ရခြင်းအားဖြင့် ဒီလူနှစ်ယောက်ဟာ တချိန်တည်း အတူတူ လျှောက်လာကြတယ် ဆိုတာ ထင်ရှားနေတယ် မဟုတ်လားဗျ။ သူတလှည့် ငါတလှည့် ရှေ့က လျှောက်ကြလို့ပေါ့ဗျ"

ကျွန်။ ။"ကျေနပ်ပါပြီဗျာ"

ရှား။ ။"ကိုင်း ဒါထက် ဟောဒီ တုတ်ရာနှစ်ခုကို နှိုင်းယှဉ်ကြည့်ပြီး ခင်ဗျား အဓိပ္ပာယ်ကောက်ပြစမ်းပါဗျာ"

ကျွန်တော်သည် ခြေရာများ၏ နံဘေးတွင် ထောက်သွားသော တုတ်ရာများကို သေချာစွာ နှိုင်းယှဉ်ကြည့်သော်လည်း သိသိသာသာ ခြားနားခြင်းရှိသည်ကို မတွေ့နိုင်ပဲ ဖြစ်နေမိလေ၏။ သို့ဖြစ်၍—

ကျွန်။ ။"ကျွန်တော့် မျက်စိမှာတော့ တုတ်ရာ တခုနဲ့တခုဟာ ခပ်ဆင်ဆင်ပါပဲ။ ကြက်ပေါင် ဖိနပ်နဲ့လူ ကိုင်တဲ့တုတ်က နည်းနည်းတုတ်တယ်။ သားရေဖိနပ်နဲ့လူ ကိုင်တဲ့တုတ်က တွင်းရာကလေးတွေ နက်တယ်။ နည်းနည်း သေးဟန်တူတယ်။ ဒါလောက်ပဲ ကျွန်တော် ပြောနိုင်တာပဲ"

ရှား။ ။(ဦးခေါင်းယမ်းလျက်) "မဟုတ်သေးဘူး ကိုသိန်းမောင်၊ အရေးကြီးတဲ့ အချက်တခုကို ခင်ဗျား လွတ်ထားခဲ့ပြီ"

ကျွန်။ ။"ဘာလဲဗျာ။ ဘယ်အချက်က အရေးကြီးတာလဲ"

ရှား။ ။"ပထမအချက်က ဒီလိုဗျ။ သားရေဖိနပ်နဲ့လူရဲ့ တုတ်ရာဟာ သူ့ညာဘက် ခြေရာတိုင်းမှာ တခုစီ ချထားတယ်။ ဒုတိယ အချက်က သူ့တုတ်ရာတိုင်းမှာ ရှေ့ပိုင်းနဲ့ လက်ယာဘက် ခပ်စောင်းစောင်းမှာ နည်းနည်းစီ တိမ်တယ်ဗျ။ ခင်ဗျား သေသေချာချာ ကြည့်စမ်း"

ကျွန်တော်သည် တုတ်ရာများကို မီးခြစ်ဆံတချောင်းဖြင့် သေချာစွာ တိုင်းထွာကြည့်ရာ ဦးစံရှား ပြောသည့်အတိုင်း ရှေ့ပိုင်းနှင့် လက်ယာဘက် ခပ်စောင်းစောင်းတွင် အနည်းငယ် တိမ်လျက်ရှိသည်ကို တွေ့ရလေ၏။

ကျွန်။ ။"တိမ်တာတော့ ဟုတ်ပါပြီဗျာ။ ဒါ ဘယ်လို အဓိပ္ပာယ်ကောက်သလဲ"

ရှား။ ။"ခင်ဗျား စဉ်းစားပါအုံးလေ၊ ကျုပ်နဲ့ ပေါင်းနေတာ ဒီလောက်ကြာပြီ။ တွေးလုံး တခုမှ မဖော်နိုင်ဘူးလားဗျာ"

www.burmeseclassic.com



ကျွန်။ ။"ကိုင်း၊ ဒီလိုဆိုယင်ဖြင့် သူကိုင်တဲ့ တုတ်ဟာ ရွှေဘက်ပိုင်းဆီက နည်းနည်းပွန်းနေလို့ပေါ့ဗျ"

ရှား။ ။"ဒီဟာ သဘာဝကျရဲ့လား။ စဉ်းစားကြည့်စမ်းဗျ။ ဒီကိစ္စကလေးဟာ တော်တော်စိတ်ဝင်စားစရာ ကောင်းတယ်ဗျ"

ကျွန်။ ။"တုတ်ပွန်းတာတော့ ကိုင်တာကြာလို့ ပွန်းတာပေါ့။ သဘာဝကျသားပဲဗျ"

ရှား။ ။"တော်သေးပြီဗျာ၊ ခင်ဗျားကို ညှဉ်းထားလိုက်အုံးမယ်။ ဟောဟိုက ဝတ်လုံတော်ရ ဦးဘကျော်လဲ ကျုပ်တို့ကို လာကြိုနေတယ်။ နောက်များမှပဲ ဆက်ပြောကြအုံးစို့"

ဝတ်လုံတော်ရ ဦးဘကျော်သည် ဝင်းပေါက်တွင် ရပ်လျက် မျှော်ကြည့်နေရာမှ ကျွန်တော်တို့ကို မြင်သောအခါ ပျာယီးပျာယာ လျှောက်လာလေ၏။ အနီးသို့ ရောက်သောအခါ ဦးဘကျော်က—

"ဒီရထားနဲ့ ပါလာလိမ့်မယ် ထင်လို့ ကျွန်တော်လာကြိုမယ်လို့ဟာ နည်းနည်းကလေး နောက်ကျသွားတဲ့အတွက် ဝမ်းနည်းပါတယ်ဗျာ။ ဦးစံရှား လာတဲ့အတွက်လဲ အများကြီး ကျေးဇူးတင်ပါတယ်။ အမှန်အတိုင်းတော့ အမှုက ခပ်ရှင်းရှင်းဖြစ်နေလို့ ဦးစံရှား လာမှ လာပါ့မလားလို့ ကျွန်တော် အောက်မေ့နေတာ။ လာတာလဲ ကောင်းတာပါပဲလေ"ဟု ပြောလေ၏။

ထိုအခါ ကျွန်တော့်မှာ ဝမ်းသာအားရ မရှိလှသော ကြိုဆိုပုံကိုမကျေနပ်သဖြင့် စိတ်ထဲ၌ ခုတုတုဖြစ်သွားမိ၏။

ရှား။ ။"ခင်ဗျား့ကြေးနန်းကတော့ သူ့ဟာသူသတ်သေတာ မထင်ရှားသလိုလို ဘာလိုလိုကိုးဗျ။ သတ်သေကြောင်း ထင်ရှားတယ်ဆိုယင်လဲ ကျုပ်တို့လာတာ အပိုပေါ့"

ကျော်။ ။"ဒီလိုပါလေ။ ထင်ရှားတယ် ဆိုပေမယ့် ဦးစံရှားကိုယ်တိုင် လာကြည့်တယ် ဆိုတော့ ကျွန်တော်တို့အဖို့ သာကောင်းတာပေါ့။ ဒီလိုခင်ဗျ။ သေတဲ့လူက အသက်အာမခံ ကုမ္ပဏီမှာ ငွေတသောင်းနဲ့ အသက်ပေါင်ထားတယ်။ သူ့ကိုယ်သူ သတ်သေတယ်ဆိုယင် ကုမ္ပဏီက လျော်ကြေးမပေးပေဘူး။ ဒါကြောင့် သူ့ကိုယ်သူ သတ်သေတာ ဟုတ် မဟုတ် သေချာအောင် ဦးစံရှားလို ပုဂ္ဂိုလ်ကို ခေါ်ပြီး စရိတ်ကုန်ခံထိုက်တယ် အောက်မေ့မိလို့ ကျွန်တော် ကြေးနန်းရိုက်လိုက်ရခြင်း ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လာမိတဲ့ လက်စနဲ့ ဝင်ကြည့်ကြပါအုံး ဦးစံရှားခင်ဗျာ"

ရှား။ ။"ဖြစ်ပျက်ပုံကလေး တဆိတ်လောက် ပြောပါအုံးခင်ဗျာ"

ကျော်။ ။"ကိုင်း အိမ်ထဲဝင်မကြည့်ခင် ကျွန်တော်က အကျဉ်းရုံးပြီး နည်းနည်း ပြောပြပါအုံးမယ်။ သေတဲ့ လူဟာက ဦးဘသန်းတဲ့ဗျ။ သူ့အစ်ကို ဦးဘလန်းဆိုတာက ကျွန်တော်နဲ့ အိမ်နီးချင်း ဝတ်လုံတယောက်ပဲ။ ဦးဘလန်းက ဒီကနေ့မနက် အလုပ်တိုက်သွားတော့ ကြေးနန်းတစောင် ရောက်နေလို့ ကျွန်တော့်ဆီ ချက်ချင်းပြေးလာပြီး သူနဲ့အတူ လိုက်ခဲ့စမ်းပါဆိုလို့ ကျွန်တော် လိုက်လာခဲ့ရပါတယ်။ ရောက်ရောက်ချင်း ဦးစံရှားဆီကို ကြေးနန်းရိုက်ဖို့ ကျွန်တော်ကပဲ အကြံပေးပြီး ခေါ်လိုက်ခြင်း ဖြစ်ပါတယ်။ ဝတ်လုံဦးဘလန်းလဲ အိမ်မှာ ရှိပါတယ်။

"ဖြစ်ပုံကတော့ ဒီလိုခင်ဗျ။ မနေ့ညနေက ညစာထမင်း စားပြီးတော့ ဦးဘသန်းဟာ လမ်းလျှောက်ထွက်သွားတယ်။ သူ့ဝါသနာက ညနေ ထမင်းစားပြီးတိုင်း လမ်းလျှောက်တတ်သတဲ့။ သူထွက်သွားတာတော့ အိမ်သားတွေကမြင်လိုက်ကြရဲ့။ ပြန်ဝင်လာတာကိုတော့ ဘယ်သူမှမမြင်ဘူးတဲ့။ သို့သော် သူ့ဝါသနာက လမ်းလျှောက်ရာက ပြန်လာပြီး နောက်ဖေးဘက်က လှည့်ဝင်၊ သူ့အခန်းထဲမှာ သူ စာဖတ်၊ အိပ်ချိန်တန်တော့ သူ့အခန်းထဲသူ ဝင်အိပ်တတ်တဲ့ အကျင့်ရှိလေတော့ အိမ်သားများက ဦးဘသန်း ပြန်လာ

www.burmeseclassic.com



မလာကို အထူးဂရုမစိုက်မိကြဘူးတဲ့။ မနေ့ညတုန်းကလဲ ထုံးစံအတိုင်း လမ်းလျှောက်ရာကပြန်လာပြီး သူ့အခန်းထဲ သူဝင်ဟန်တူရဲ့။ သို့သော် ဘယ်သူကမှတော့ သတိမပြုမိဘူးတဲ့။

"ဒါနဲ့ ဒီကနေ့မနက်တော့ အစေခံဖိုးထူးကလေးက လက်ဖက်ရည်ပွဲကိုင်ပြီး သူ့ဆရာ့အခန်းသွားနှိုးမယ် လုပ်တော့ အိပ်ခန်းထဲမှာလဲ မတွေ့ဘူးတဲ့။ ဒါနဲ့ သူ့ဆရာ ဘယ်ရောက်ပါလိမ့်မလဲလို့ ဒီပြင်လူတွေ မေးတော့ အိမ်သားတွေ အားလုံး လိုက်လာပြီး စာကြည့်ခန်းဆီ သွားကြည့်ကြသတဲ့။ အခန်းတံခါးလဲ ပိတ်ထားလေတော့ နောက်ဖေးပေါက်က လှည့်ပြီး စာကြည့်ခန်းထဲ ဝင်ရသတဲ့။ အခန်းထဲလဲ ရောက်ကရော စားပွဲနားက လက်တင်ကုလားထိုင် တလုံးပေါ်မှာ ထိုင်လျက်ကြီး သေနေတာကို တွေ့ကြရသတဲ့။

"စားပွဲပေါ်မှာတော့ ဝီစကီပုလင်းတလုံးနဲ့ ဆိုဒါနှစ်ပုလင်း၊ ငါးသုံးလုံး စီကရက်သံဗူး တလုံး၊ စီးကရက်တိုကလေးတခု၊ ပြာခွက်တခု၊ ဓာတ်ပုံခန်းမှာသုံးတဲ့ ပိုတက်စီယံဆိုတဲ့ အဆိပ်ပုလင်းတလုံးနဲ့ ဖန်ခွက် တလုံး တွေ့ကြရသတဲ့၊ ဒါနဲ့ ဆရာဝန် ချက်ချင်း ခေါ်ပြီး ဦးဘလန်းဆီကိုလဲ ကြေးနန်းရိုက်၊ ဆရာဝန် ရောက်လာတော့ အလောင်းကို စမ်းသပ်ကြည့်ပြီး သူသေတာ ၁၂ နာရီထက်မနည်းကြာပြီလို့ ဆရာဝန်က ထွက်တယ်။ ဒီလိုဆိုယင် မနေ့ ညနေ ကတည်းက သေတဲ့ လက္ခဏာပေါ့။

"သေရတဲ့အကြောင်းကတော့ ပိုတက်စီယံ အဆိပ်သောက်လို့ ဆိုတာ ထင်ရှားနေတာပေါ့။ အဖြစ်အပျက်ကတော့ အဲဒါပါပဲ။ ဒါနဲ့ အိမ်သားတွေက အလောင်းကို ကုလားထိုင်ပေါ်က ယူပြီး ထုံးစံအတိုင်း ပြင်ဆင်ကြတော့တာပေါ့လေ။ နို့ပေမယ့် တညလုံးထိုင်လျက် သေနေတဲ့အလောင်း ဖြစ်လေတော့ တောင့်နေပြီး တည့်တည့်မတ်မတ် စန့်မရပဲ ခပ်ကွေးကွေးကြီး ဖြစ်နေတော့တာပေါ့"

ကျွန်။ ။"ဒါဖြင့် ပုလိပ်ကို ခင်ဗျားတို့ အကြောင်းကြားပြီးပလား"

ကျော်။ ။"အကြောင်းကြားလို့ သူတို့လာကြည့်တော့ သူ့ကိုယ်သူ သတ်သေတယ်လို့ ထင်မြင်ချက် ပေးသွားကြတယ်။ နို့ပေမယ့် အာမခံငွေ တသောင်းကိစ္စ ရှိနေသေးတော့ ခင်ဗျားဆီကို ကြေးနန်းရိုက်ခေါ်ဖို့ ကျွန်တော်က အကြံပေးရတယ်"

ရှာ။ ။"ခင်ဗျားပြောပုံတော့ သူ့ကိုယ်သူ သတ်သေတဲ့အမှုနဲ့ တူနေတာပေါ့။ ဒါထက် နေပါဦး ဗျာ၊ သေသူရဲ့ ငွေရေးကြေးရေး အခြေအနေကော ဘယ်လိုတဲ့။ သူ့အစ်ကို သိမှာပေါ့နော်"

ကျော်။ ။"ဟုတ်ကဲ့၊ သိလောက်ပါထင်ပါတယ်ဗျာ။ ဦးဘလန်း ပြောပုံကတော့ သူ့ညီ ဦးဘသန်းဟာ ခုတလော စိတ်ရှုပ်စရာကလေး နည်းနည်းရှိဆိုထင်ပါရဲ့၊ သို့သော် သူ့အစ်ကိုနဲ့ တွေ့တော့ မေးသေးတာပေါ့ဗျာ။ ကိုင်း၊ အိမ်ထဲဝင်ကြပါဦးစို့"

ကျွန်တော်တို့သည် ဝင်းတံခါးအနီးတွင် ရပ်လျက် စကားပြောနေကြရာမှ ဝင်းထဲသို့ ဝင်လာကြ၍ တိုက်ခံအိမ်ကြီးတလုံးသို့ ချဉ်းကပ်လာကြလေရာ ဦးဘလန်းသည် အိမ်ထဲမှထွက်လာ၍ ကျွန်တော်တို့ကို ခရီးဦးကြို ပြုလေ၏။

ဝတ်လုံ ဦးဘလန်းမှာ ကျွန်တော်တို့နှင့် ရံဖန်ရံခါ တွေ့ဆုံဖူးသဖြင့် သူစိမ်းတယောက် မဟုတ်ချေ။ ဦးဘလန်းသည် သူ၏ညီအတွက် စိတ်၌ ထိခိုက်ဟန်ရှိသော်လည်း အထက်တန်းစား လူတယောက်၏ အမူအရာအတိုင်း ဝမ်းနည်းခြင်းကို သိုသိပ်၍ ဧည့်သည်များအား ဝတ္တရား ကျေပွန်အောင် ကြိုးစား၍ ခရီးဦးကြို ပြုလေ၏။

လန်း။ ။"ဦးစံရှားတို့ကြွလာတာ အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျာ။ သို့သော် ကျွန်တော့်ညီကိစ္စက သိပ်နက်နက်နဲနဲကြီး ဟုတ်ဟန်မတူလို့ အမှုဆန်းတွေလိုတဲ့ ဦးစံရှား အဖို့မှာတော့ လာရကျိုးနပ်တယ်လို့ ထင်တောင်းမှ ထင်ပေလိမ့်မယ်။ အမှန်ပြောရယင် ကျွန်တော့်အလိုတော့ ဦးစံရှားကိုတောင်



www.burmeseclassic.com

www.burmeseclassic.com


ဒုက္ခရှာမယ် မကြံမိပါဘူး။ ဟောဒီက မိတ်ဆွေဦးဘကျော်က အကြံပေးလို့ ကြွေးနုန်းရိုက်ခေါ်ရခြင်း ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို လုပ်ကြံတယ်ဆိုတာ ဆန်းကြယ်တယ်လို့ ဆိုချင်လဲ ဆိုနိုင်ပါရဲ့၊ သို့သော် ဒီတချက်က လွဲလို့တော့ ကျွန်တော်တို့ဖြင့် ဆန်းဆန်း ကြယ်ကြယ် ဘာတခုမှ မတွေ့ရပါဘူး ခင်ဗျား၊

"ကျွန်တော့်ညီက အင်မတန် တည်တံ့တဲ့ လူတယောက်ပါခင်ဗျာ။ ကျွန်တော်တို့ မျိုးရိုးဟာလဲ ကိုယ့်ကိုယ်ကို သတ်သေတဲ့ မျိုးရိုးလဲ မဟုတ်ပါဘူး။ တယောက်မှ ဒီလိုဖြစ်တယ်လို့လဲ မကြားခဲ့ရဖူးပါဘူး။ သို့သော် အလောင်းကို တဆိတ်ဝင်ကြည့်ပါအုံး ခင်ဗျာ"

ထို့နောက် ဦးဘလန်းက ရှေ့မှခေါ်သွား၍ ကျွန်တော်တို့သည် သူ၏နောက်မှ လိုက်ပါသွားကြလေရာ ဦးဘလန်းသည် အလောင်းတွေ့ရသော အခန်းသို့ ကျွန်တော်တို့ကို ရှေ့ဦးစွာ ခေါ်သွားလေ၏။

စားပွဲပေါ်၌ကား ဦးဘကျော် ပြောပြသည့်အတိုင်း ပစ္စည်းများသည် နေရာမပျက် ရှိကြသေးသည် ဖြစ်ရာ ကုလားထိုင်မှာမူကား မူလနေရာအတိုင်း ခင်းထားသော်လည်း အလောင်းမရှိတော့ချေ။

ဦးဘသန်း၏ အလောင်းမှာ ညွှန်ခန်းရှိ ခုတင်တလုံးပေါ်တွင် ထုံးစံအတိုင်း ပြင်ထား၍ အမြင်မကောင်းသော အခြေအနေကြောင့် အဝတ်ကြီးတခုဖြင့် ဖုံးထားလေ၏။

ကျွန်တော်တို့သည် စာကြည့်ခန်း အတွင်းမှ ထွက်လာကြ၍ အလောင်းအနီးသို့ ချဉ်းကပ်လာကြလေရာ ဦးစံရှားသည် ဖုံးထားသောအဝတ်ကို ဖြည်းညင်းစွာ လှပ်လိုက်သည်တွင် အဝတ်အစား အပြည့်အစုံနှင့် ဒူးနှစ်လုံးကိုကွေးလျက် စောင်းနေသော ဦးဘသန်း၏ အလောင်းကို တွေ့မြင်ကြရလေ၏။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အလောင်းမှာ ၁၂ နာရီ တိုင်တိုင် ထိုင်လျက် သေရသော အလောင်းဖြစ်သောကြောင့် ချိုးဖဲ့၍ မရနိုင်ပဲ တောင့်နေလေရကား ပက်လက်ထားရန် မဖြစ်နိုင်သဖြင့် စောင်းလျက်ပင် ပြင်ထားရလေ၏။

စင်စစ်မှာ ဦးစံရှား မလာမီ အလောင်းကို မူလအတိုင်း ထားလိုသေးသောကြောင့် ခြေထောက်များ၌ ဖိနပ်စွပ်လျက် ရှိသည်ကိုပင် တွေ့ကြရ၏။

ကျွန်တော့်မှာ အနီးသို့မကပ်ချင်ပဲ ခြေရင်းဘက်ကပင် ရပ်ကြည့်နေမိရာ ဦးစံရှားမူကား ထုံးစံအတိုင်း ချဉ်းကပ်ကာ သေချာစွာ ကြည့်နေလေ၏။

ယင်းသို့ရှိစဉ် ကျွန်တော်သည် အလောင်း၏ ခြေရင်းဘက်၌ ရှိနေသဖြင့် ကျွန်တော့်ဘက်သို့ တည့်တည့် လှည့်လျက်ရှိသော ဖိနပ်အောက်ပိုင်းကို သေချာစွာ ကြည့်လိုက်မိသည်တွင် ကြက်ပေါင်ဖိနပ်ဖြစ်နေသည်ကို မြင်သဖြင့် ရင်ထဲ၌ ယိုတ်ကနဲ ဖြစ်သွားမိ၏။

ထို့မှတဖန် ဦးခေါင်းကိုင်၍ သေချာစွာ ထပ်မံ ကြည့်လိုက်သည်တွင် ကျောက်ဆူးတံဆိပ်နှင့်တကွ ကျွန်တော်တို့ မြင်ခဲ့ရသော ဖိနပ်ခြေရာ အတိုင်းပင် ဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုအခါ ကျွန်တော့်မှာ လမ်း၌ တွေ့ခဲ့ရသော ခြေရာများသည် သေသူ ဦးဘသန်း၏ ခြေရာများပင် ဖြစ်လေသလောဟု စဉ်းစားမိလေ၏။

ဦးစံရှားလည်း အလောင်းကို စမ်းသပ်ကြည့်ရှုလျက်ရှိစဉ် ဝတ်လုံ ဦးဘကျော်က—

"ကိုင်း ဦးစံရှား၊ ခင်ဗျား ဝါသနာကို ကျွန်တော်သိတယ်။ ကျွန်တော်ရှိတဲ့အတွက် အကူအညီမရတဲ့အပြင် အနှောင့်အယှက်သာ ဖြစ်ရော့မယ်။ ခင်ဗျားတို့ဟာ ခင်ဗျားတို့ စိတ်ချလက်ချ ကြည့်ရှုစစ်ကြပေတော့။ ကျွန်တော်တို့ ဖယ်ပေးပါ့မယ်။ ကိစ္စပြီးတော့သာ စာကြည့်ခန်းထဲ ကြွခဲ့ကြပါတော့။ ကျွန်တော်တို့ အဲဒီမှာ စောင့်နေပါ့မယ်"ဟု ပြော၍ ဦးဘလန်းနှင့်အတူ နောက်ဖေးဆောင်သို့ ဝင်သွားကြလေ၏။

**ဒုတိယအကြိမ်**

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ထွက်သွားသည်နှင့် တပြိုင်နက်—

ကျွန်ုပ်။ ။ "ဘယ့်နှယ်လဲ ဦးစံရွှား၊ လမ်းမှာတုန်းက ကျွန်တော်တို့ ကြည့်လာခဲ့ကြတဲ့ ခြေရာတွေဟာ ဒီလူရဲ့ ခြေရာတွေများ ဖြစ်နေမလား မဆိုနိုင်ဘူးဗျို"

ရွှား။ ။ "ဘာမှ ယုံမှားသံသယ ဖြစ်စရာ မရှိဘူးဗျ။ ဟောဒီမှာ တွယ်အင်ကလေး တချောင်း စူးနေတာမြင်ရဲ့လား။ ခင်ဗျားကတော့ ခြေရာကိုမြင်တုန်းက ဒီတွယ်အပ်ရာကို သတိပြုမိကောင်းမှ ပြုမိမယ်။ ကျုပ်ကတော့ အဲဒီတုန်းကတည်းကပဲ သတိထားခဲ့မိတယ်။ ဒါကြောင့်မို့ ဒီတွယ်အပ်ကို မြင်မြင်ချင်း ကျုပ်ကတော့ သူ့ခြေရာပဲလို့ တပ်အပ်ယူဆထားတယ်"ဟု ပြောပြီးလျှင် ဦးစံရွှားသည် ရော်ဘာအောက်ခံတွင် စူးဝင်လျက်ရှိသော တွယ်အပ်ကလေးကို ဖြုတ်ယူလိုက်လေ၏။

ကျွန်ုပ်။ ။ "လမ်းမှာ တွေ့တဲ့ခြေရာဟာ ဦးဘသန်းရဲ့ ခြေရာဖြစ်ယင် တုတ်ကို အားပြုပြီး လမ်းလျှောက်တဲ့သူဟာ ဦးဘသန်းနဲ့ အတူတူ လျှောက်လာတာ ဖြစ်မှာပေါ့။ အဲဒီလူဟာ ဘယ်သူများ ပါလိမ့်ဗျာ။ ဘူတာရုံက ဦးဘသန်းနဲ့ အတူတူ လမ်းလျှောက် ပြန်လာကြတဲ့ အိမ်နီးချင်းတယောက်များ ဖြစ်နေရော့သလား"

ရွှား။ ။ "ဒါလဲ ဖြစ်နိုင်တာပဲ။ အကယ်၍ ဖြစ်ခဲ့လို့ရှိယင် ဦးဘသန်းမသေမီ နောက်ဆုံးမြင်လိုက်ရတဲ့ လူတယောက်အဖြစ်နဲ့ စုံစမ်းကြည့်ဖို့ အရေးကြီးလိမ့်မယ်လို့ ထင်တယ်။ သူတို့ လျှောက်လာကြတာက မိုးကလေးရွာပြီးစ အချိန်နဲ့ တူတယ်"

ထို့နောက် ဦးစံရွှားသည် အလောင်း၏ ပါးစပ်နှင့် လက်များကို သေချာစွာ ကြည့်ရှု၍ စာကြည့်ခန်းသို့ ဝင်သွားပြီးလျှင် ကြွက်လျှောက်ပေါ်၌ တင်ထားသော ဖန်ခွက်တလုံးကို ကိုင်တွယ်နမ်းရှုပ် ကြည့်ရှုသေး၏။

ဖန်ခွက်ချထားသော နေရာမှာ ခပ်ထိုင်းထိုင်း ရှိနေသည်ကို တွေ့ရသဖြင့် ထိုဖန်ခွက်သည် ကြွက်လျှောက်ပေါ်သို့ မတင်မီ စွတ်စိုလျက်ရှိကြောင်း ထင်ရှားပေသည်။

ထိုမှ တဖန် ဦးစံရွှားသည် နောက်ဖေးပေါက်သို့ ထွက်သွား၍ ပတ်ဝန်းကျင် တလျှောက်လုံး၌ လှည့်လည်ကာ ကြည့်ပြီးမှ ကျွန်တော်တို့ရှိရာသို့ ပြန်လာခဲ့လေ၏။

ရွှား။ ။ (မကျေနပ်သော မျက်နှာထားနှင့်) "အဆိပ်ရည်ပါတဲ့ ပုလင်းကို စားပွဲပေါ်မှာ တွေ့ရလို့ ကြိုတင်စီမံထားတဲ့အကြောင်း ထင်ရှားတယ်ဆိုတဲ့ အချက်မှတပါး ဒီ့ပြင် ဘာတခုမှ သေသေချာချာ မတွေ့ရဘူးဗျာ။ စီးကရက်ဗူးဟာကတော့ ၅၀ ဝင်ဗူးပဲ။ နှစ်လိပ်တော့ လျော့နေတယ်။ ပြာခွက်ထဲမှာ စီးကရက်တိုတခုသာ တွေ့တယ်။ ဒီတော့ စီးကရက်တိုတခု ဘယ်ရောက်နေသလဲလို့ စဉ်းစားစရာတော့ လိုတယ်။ ကိုင်း သို့သော် ဦးဘလန်း ဘာပြောစရာရှိသလဲလို့ သူတို့ဆီသွားပြီး စုံစမ်းကြအုံးစို့ဗျာ" ဟု ပြော၍ ဦးစံရွှားနှင့် ကျွန်တော်တို့သည် ဦးဘကျော်နှင့် ဦးဘလန်းတို့ရှိသော အခန်းသို့ ဝင်သွားကြလေ၏။

ထိုသူနှစ်ယောက်တို့သည် ကျွန်တော်တို့ ဝင်လာသည်ကို မြင်သောအခါ ဦးစံရွှား၏ မျက်နှာကို အကဲခတ်ကြပြီးနောက်—

ကျော်။ ။ "ဘယ့်နှယ်လဲ ဦးစံရွှား၊ ဘယ်လိုများ ထင်မြင်ချက် ပေးစရာ ရှိသလဲ"

ရွှား။ ။ "သူ့ကိုယ်သူ သတ်သေတယ်ဆိုတဲ့ တွေးထင်ချက်ကို ဖျက်နိုင်တဲ့ အချက်ကလေးတကွက် နှစ်ကွက်တော့ တွေ့ထားပါရဲ့။ သို့သော် သိပ်ပြီးတော့ မသေချာလှသေးဘူး။ ဦးဘသန်းသေခါနီး အဖြစ်အပျက်ကလေးကို ထပ်ပြီး ကြားချင်ပါသေးတယ်။ ဒီနေ့ အတောအတွင်းမှာ ဦးဘသန်းဟာ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com


စိတ်ရှုပ်နေသလိုလို ခင်ဗျား ခုနက ပြောတယ် မဟုတ်လား။ ဒီဟာ ဘယ်သဘောလဲဗျ။ ဦးဘလန်းက ထင်မြင်ချက် ပေးစမ်းပါအုံး ဗျာ"

လန်း။ ။"အဖြစ်အပျက်ကတော့ သိပ်မကြီးကျယ်လှပါဘူး။ သို့သော် ဦးစံရွှေကိုယ်တိုင်ပဲ ကြည့်ဆုံးဖြတ်ပါတော့။ ကျွန်တော်သိသလောက် ပြောပြပါမယ်။ လွန်ခဲ့တဲ့ တလလောက်က မက်ဆိုပိုတေးမီးယား စစ်မျက်နှာက ပြန်လာခဲ့တဲ့ ဂျမဒါ တင်မောင်ဆိုတဲ့ လူတယောက်က ကုန်သည်လမ်းမှာ ဖွင့်ထားတဲ့ ကျူရီယိုဟောက်စ်ဆိုတဲ့ တိုလီမိုလီဆိုင်ရှင် ဦးမြင့်ဆီမှာ ရွှေတံဆိပ်တခု ရောင်းဖူးတယ်ဗျ။

"ဦးကင်မောင့်အဆိုတော့ အိန္ဒိယပြည်မှာ တနေရာရာက သူကောက်ရခဲ့တယ်လို့ ပြောတာပဲ။ ဦးမြင့်ရဲ့ တိုလီမိုလီဆိုင်က အနောက်တိုင်းတတိုက်က နယ်လှည့်လာတဲ့ ခရီးသည်များ ကြိုက်တတ်တဲ့ ယွန်းထည်၊ ပန်းပုထည် အစရှိတဲ့ တိုလီမိုလီ ပစ္စည်းများကို ရောင်းတယ်။ ဦးမြင့်ဆိုတဲ့လူက အနောက်တိုင်းသားများဟာ ဟိုရှေးတုန်းက သုံးစွဲခဲ့ကြတဲ့ အဟောင်းအမြင်း ပစ္စည်းများကို အဖိုးကြီးပေးပြီး ဝယ်တတ်တယ်ဆိုတာ သိလေတော့ အတိုအထွာ ပစ္စည်းအဟောင်းဆိုယင် ဘာမဆို သူက ဝယ်ထားတာပဲ။

"ငါးကျပ်နဲ့ ဝယ်ထားတဲ့ ပစ္စည်းတခုကို ကြိုက်တဲ့ ဗိုလ်တယောက် တွေ့သွားယင် တရာလဲ ရတာပဲ။ တထောင်လဲ ရဘာပဲ။ စည်းကမ်းမရှိ ရောင်းရတယ်ဗျ။ ကြိုက်တဲ့လူ မတွေ့သေးယင်လဲ သူက ဒီလိုပဲ ဆိုင်ခင်းထားတာပဲ။ အဲဒီ ဦးမြင့်က ဂျာမဒါ တင်မောင်ယူလာတဲ့ ရွှေတံဆိပ်ကို ၂၀ဝိ ပေးပြီး ဝယ်လိုက်တယ်ဗျ။ ရွှေချိန်အတိုင်းဆိုယင် ၁၀ဝိ လောက်ပဲ တန်မယ်။

"သို့သော် သူ့တံဆိပ်မှာပါတဲ့ အက္ခရာတွေက အင်မတန်ထူးဆန်းပြီး ဟိုရှေးက ပစ္စည်းတခုပဲလို့ ယူဆစရာရှိလေတော့ ရွှေဖိုး ၁၀ဝိ တန်သော်လဲ ဦးမြင့်က စွန့်ပြီး ၂၀ဝိ ပေးဝယ်လိုက်သတဲ့။ ဦးမြင့်ကိုယ်တိုင်ကလဲ ဘယ်သူ့ လက်ထဲက ဘာတံဆိပ်ရယ်လို့လဲ သူလဲ နားမလည်ဘူး။

"သို့သော် ပန်းထိမ်လက်ရာနဲ့ နားမလည်တဲ့ အက္ခရာတွေ အားကိုးပြီး ကေန္တ ရှေးပဝေသဏီက ပစ္စည်းပဲဆိုပြီး မျက်စိမှိတ် ဝယ်လိုက်တာပဲတဲ့။ ဆုံးယင်လဲ ၁၀ဝိပဲ၊ မြတ်ယင်လဲ တထောင် နှစ်ထောင် ရနိုင်တယ်ဆိုတဲ့ သဘောပေါ့လေဗျာ။ လွန်ခဲ့တဲ့ တနင်္ဂနွေနှစ်ပတ်လောက်ကတော့ ကျွန်တော့်ညီ မောင်ဘသန်းကလဲ ရှေးဟောင်းပစ္စည်း ဝါသနာပါလို့ ဦးမြင့်ရဲ့ဆိုင်ကို ရံဖန်ရံခါ သွားကြည့်တတ်တဲ့ ထုံးစံအတိုင်း သူ့ဆိုင်ထဲ ဝင်သွားသတဲ့။

"ဒီတော့ ဦးမြင့်က သူဝယ်ထားတဲ့ ရွှေတံဆိပ် မောင်ဘသန်းကို ပြတယ်။ ဒီတော့ မောင်ဘသန်းက ဒီကိစ္စမျိုးမှာ ဦးမြင့်ထက် နားလည်လေတော့ ကေန္တ ရှေးပဝေသဏီက ရွှေတံဆိပ်တခုပဲဆိုပြီး ဦးမြင့်ကို အမြတ်ငွေ ၁၀ဝိ ပေးပါမယ်လို့ ပြောသတဲ့။ နောက်ဆုံးမှာ ၃၅ဝိ နဲ့ ဈေးတည့်ပြီး မောင်ဘသန်းက ဦးမြင့်ဆီက ဝယ်လိုက်ရော ဆိုပါတော့ဗျာ။

"ဒါနဲ့ မောင်ဘသန်းက တံဆိပ်ကလေးယူပြီး အိမ်ပြန်လာ။ ဖယောင်းနဲ့ ဘာနဲ့ ပုံနှိပ်ကြည့်။ ကျွန်တော့် ညီက ဒီပစ္စည်းမျိုးကို တော်တော် နားလည်သဗျ။ ဒါနဲ့ ဟိုလိုဒီလို သူတတ်တဲ့နည်းနဲ့ စုံစမ်းကြည့်တော့ သူဝယ်ခဲ့တဲ့ ရွှေတံဆိပ်ဟာ တခြားမဟုတ်ဘူး။ အိန္ဒိယရာဇဝင်မှာတော့ အသောက ခေါ်တယ်။ ကျွန်တော်တို့ မြန်မာလိုတော့ သီရိဓမ္မာသောကမင်းကြီးတဲ့ဗျ။

"အဲဒီတံဆိပ်ဟာ လက်စသတ်တော့ သီရိဓမ္မာသောကမင်းကြီးရဲ့တံဆိပ် ဖြစ်နေတာကို မောင်ဘသန်း တွေ့ရတာကိုးဗျ။ ဒီတော့ ဘာပြောကောင်းမလဲ လက်ခမောင်း ခတ်ချင်သလို ကျွမ်းထိုးချင်သလို ဖြစ်သွားတာပေါ့ဗျာ"

တတိယအကြိမ်

www.burmeseclassic.com


ရှား။ ။"ဒီအတိုင်းမှန်ယင်တော့ တော်တော်ဆန်းတဲ့ တံဆိပ်တခုပါလားဗျ"

လန်း။ ။"နေအုံးဗျ၊ နားထောင်အုံး။ သို့သော် မောင်ဘာသန်းက သူ့ကိုယ်သူ သိပ်ပြီး စိတ်မချသေးတာနဲ့ ဟုတ်မှ ဟုတ်ပါလေရဲ့လားလို့ ကျော့က်စာဝန်ဆီ ချက်ချင်း ပြေးသွားပြီး ပြတာကိုးဗျ။ ကျောက်စာဝန်ကလဲ မောင်ဘာသန်းလိုပဲ ထင်တော့ထင်တယ်။ သို့သော် သူ့ထင်မြင်ချက်ကို သူစိတ်မချသေးတာနဲ့ ယူနီဗာစီတီက ပရော်ဖက်ဆာကြီးတွေဆီ သွားကြသေးသတဲ့။

"ဒီအခါကျတော့မှ အရှေ့တိုင်းရာဇဝင်မှာ ပါရဂူတင်ထားကြရတဲ့ ပရော်ဖက်ဆာကြီးက အဲဒီရွှေတံဆိပ်ဟာ သိရိမ္မာသောကမင်းကြီးရဲ့ လက်သုံးတော်ရွှေတံဆိပ်ဖြစ်ကြောင်း သက်သေခံလိုက်တယ်ဆိုကိုးဗျ။

"ဒီအခါမှာ ကျောက်စာဝန်ရော၊ ပရော်ဖက်ဆာကြီးရော အင်မတန် အံ့ဩပြီး အဲဒီတံဆိပ်ကို ဖယောင်းပုံနှိပ်ပြီး ယူထားပါရစေလို့ မောင်ဘာသန်းဆီမှာ အခွင့်တောင်းကြသတဲ့။ ဒီတော့ မောင်ဘာသန်းက နှစ်ယောက်စလုံးကို ခွင့်ပြုလိုက်တဲ့အပြင် အတိုင်းအထွာနဲ့ အလေးချိန်တို့ကိုပါ မှတ်တမ်းတင်ထားဖို့ အခွင့်ပြုလိုက်သတဲ့"

ရှား။ ။"တယ် စိတ်ဝင်စားစရာ ကောင်းပါလားဗျာ"

လန်း။ ။"ဒီအတောအတွင်းမှာ ဂျမဒါတင်မောင် ဆိုတဲ့ လူက ပန်းထိမ်စက် ဦးသော်ဆီက မြေစေးအမျိုးကောင်း နည်းနည်းတောင်းပြီး အဲဒီတံဆိပ်ကို ပုံနှိပ်ပြီး ယူထားလိုက်ဖူးသတဲ့။ တနေ့သ၌တော့ ဂျမဒါတင်မောင်က ဈေးသုံးပြတ်တာနဲ့ အဲဒီမြေစေးတံဆိပ်ကလေးကို ဦးမြင့်ဆီကိုပဲ ယူသွားပြီး ဗုဒ္ဓဂါယာမြို့အနီး အဆောက်အအုံ ပျက်ကြီးတခုထဲက ကောက်ရပါတယ်ဆိုပြီး ၁၅ ကျပ်နဲ့ ရောင်းဖူးဆိုထင်ပါရဲ့။

"ဦးမြင့်ကလဲ ခပ်ဆန်းဆန်းရှိတယ်ဆိုပြီး တိုလီမိုလီစုတဲ့လူမို့ ဒီလောက်ငွေကို ဝန်မလေးပဲ ပေးဝယ်ပြီး ဒီ့ပြင် ပစ္စည်းတွေထဲ ရောထည့်ထားလိုက်သတဲ့။ အမှန်အတိုင်းမှာ အဲဒီ ရွှံစေးတံဆိပ်ဟာ သူ့လက်ထဲရောက်ဖူးတဲ့ ရွှေတံဆိပ်နဲ့ နှိပ်ထားတာပဲလို့ ဆိုတာကို သူ သတိမထားမိဘူးတဲ့။

"တနေ့သ၌တော့ အမေရိကန်ပြည်က ကမ္ဘာလှည့် ခရီးသည်တွေ သူ့ဆိုင်ထဲဝင်လာပြီး ပစ္စည်းတွေကြည့်တော့ ရွှေတံဆိပ်နဲ့ လိုမ့်ထားတဲ့ မြေစေးတုံးကလေးကို တွေ့သွားသတဲ့။ သူတို့ထဲမှာ တယောက်ဟာဏာ အရှေ့တိုင်းက အဟောင်းအမြင်း ပစ္စည်းများအကြောင်းကို လေ့လာလိုက်စားတဲ့ ပရော်ဖက်ဆာကြီး ဖြစ်လေတော့ ရွှံစေးတုံးကလေးကို မြင်မြင်ချင်း ဒီပစ္စည်းဟာ ရှေးဟောင်းပစ္စည်း မဟုတ်ဘူး၊ မကြာသေးမီက လိုမ့်ထားတဲ့ ရွှံစေးကလေးပဲ ဆိုတာကို သိလေတော့ ဒီဟာကို ဘယ်က ရထားသလဲလို့ ဦးမြင့်ကို မေးသတဲ့။

"ဒီတော့ ဦးမြင့်က ဂျမဒါတင်မောင်ရဲ့ လိပ်ကို ပေးလိုက်သတဲ့။ ဒီအခါမှာ ပရော်ဖက်ဆာကြီးက ဂျမဒါတင်မောင့်ဆီ ချက်ချင်းလိုက်သွားပြီး မေးမြန်းတဲ့အခါမှာ ဂျမဒါ တင်မောင်က လူပါးတယောက်ဖြစ်လေတော့ သူရောင်းလိုက်မိတဲ့ ရွှေတံဆိပ်ဟာ ကောင်း အရေးကြီးတဲ့ ရွှေတံဆိပ်တခု ဖြစ်ရမယ်လို့ ရိပ်မိသတဲ့။ နောက်ဆုံးမှာ ဂျမဒါတင်မောင်ကို ပရော်ဖက်ဆာက အနည်းဆုံး ဒေါ်လာ ၃၀၀၀ တန်လိမ့်မယ်လို့ ပြောလိုက် ပြောလိုက်ချင်း ဟိုက်ဆိုပြီး ပက်လက်လန်သွားတာပဲတဲ့။

"ဒီတော့မှ ဂျမဒါတင်မောင်ရယ်၊ ပရော်ဖက်ဆာကြီးရယ်၊ ဦးမြင့်ရဲ့ဆိုင်ကို သွားကြပြန်ရော။ ဟိုရောက်တော့ ဂျမဒါတင်မောင်က ဦးမြင့်ဆီမှာ ရောင်းဖူးတဲ့ ရွှေတံဆိပ်ဟာ ဘယ်ရောက်သလဲလို့ မေးလိုက် မေးလိုက်ချင်း ရွှေတံဆိပ်က လိမ့်ယူထားတဲ့ ရွှံစေးတုံး ဖြစ်ကြောင်းကို ရိပ်မိတော့တဲ့အပြင် အဖိုးတန်တဲ့ ရွှေတံဆိပ်ဖြစ်ရမယ် ဆိုတာကိုလဲ ခေါင်းစားမိသွားတာကိုးဗျ။

---

ဆက်လက်ဖတ်ရှုရန်

www.burmeseclassic.com



''ဒါကြောင့် ရွှေတံဆိပ် ဘယ်ရောက်တယ်ဆိုတာကို လုံးဝပြောမပြဘူး။ တော်အော်လျော်အောင် ပြောလွှတ်လိုက်သတဲ့။ နောက်ပြီးတော့မှ ဦးမြင့်က ရွှံစေးတုံးကိုယူပြီး ကျောက်စာဝန်ဆီ သွားပြပြန်ရော၊ ဒီတော့မှ အဆက်တွေ အကုန် ပေါ်ကုန်ကြတာကိုးဗျ။

''ဒီအတောအတွင်းမှာလဲ ခုနက ပရော်ဖက်ဆာကြီးက သူနဲ့အတူ လာကြတဲ့ ကမ္ဘာလှည့် ခရီးသည် တွေကို ရွှေတံဆိပ်အကြောင်း ပြောပြတာကိုးဗျ။ ဒီအခါမှ သတော်ာ တစင်းလုံးမှာ ရှိတဲ့ ကမ္ဘာလှည့် ခရီးသည်တွေဟာ ဦးမြင့်ဆိုင်ကို ပြုံလာကြပြီး တယောက်က ငါးထောင်ပေးမယ်၊ တသောင်းပေးမယ်၊ နှစ်သောင်းပေးမယ်နဲ့ လေလံပစ်တာလို ပြိုင်ပေးနေကြ ဆိုကိုးဗျ။

''ဦးမြင့်ဆီက ဘာမှ စကား မသဲကွဲလေတော့ ပရော်ဖက်ဆာကြီးရော၊ အမေရိကန် ခရီးသည် တွေရော ဦးမြင့်ဆီက ရွှံစေးတုံးကို ဝယ်ယူပြီး ကျောက်စာဝန်ဆီ လိုက်သွားကြဆိုကိုး။

''အဲဒီနောက်တော့ အဲဒီ တံဆိပ်တုံးဟာ ကျွန်တော့်ညီ မောင်ဘသန်း လက်ထဲ ရောက်သွားကြောင်း သိကြရာမှာ ကျွန်တော့်ညီနောက်ကို တပြုံကြီး စုလိုက်ကြရောဆိုကိုး။ မောင်ဘသန်းက ကျွန်တော့် အလုပ်တိုက်ကို လိပ်ပေးထားလေတော့ လာလိုက်တဲ့ စာတွေ၊ ကြေးနန်းတွေ သောက်သောက်လဲသွား တာပဲဗျ။

''ဖြစ်ရပုံက ဒီလိုလေ။ ဂျမဒါ တင်မောင်ကလဲ ဦးမြင့်ဟာ သူ့ပစ္စည်းကို လိမ်ယူပါတယ် ဆိုပြီး တန်ရာတန်ဖိုး ပေးယင် ပေး၊ မပေးယင် တံဆိပ်ကို သူ့ပြန်အပ်ဖို့ တောင်းနေသတဲ့။ ဦးမြင့်ကလဲ မောင်ဘသန်းကို ဒီအတိုင်း စွပ်စွဲပြီး တံဆိပ်ကို ပြန်တောင်းသတဲ့။ ဒီတော့ကာ မောင်ဘသန်းမှာ ဟိုက ပြန်တောင်း၊ ဒီက ပြန်တောင်း၊ အမေရိကန် ခရီးသည်တွေကလဲ ဒေါ်လာတွေ အတင်းပုံပေးနဲ့ ဘယ်လို လုပ်ရမှန်း မသိပဲ စိတ်ရှုပ်နေသတဲ့။

''လူများဟာ တော်တော်ကျုပ်တယ်ဗျ။ ဆောင်းပြီးသား ပစ္စည်း မှန်ပါလျက် ကလေးမဟုတ် ဘာမဟုတ်နဲ့ အဖိုးတန်တယ် ဆိုတာနဲ့ ပြန်တောင်းဝံ့တာ တော်တော် အံ့သြစရာပဲ။

''ကျွန်တော့်ညီ မောင်ဘသန်းဟာ စိတ်မချမ်းမသာ ဖြစ်နေတာ တခုကတော့ ဒီရွှေတံဆိပ်ကို ရှေးဦးစွာ တွေ့သာခဲ့တဲ့ ဂျမဒါ တင်မောင်ဆိုတဲ့ လူဟာ ခြေထောက်ကလဲ မသန်မစွမ်း ဖြစ်နေလေတော့ သူ့အပေါ်မှာ မောင်ဘသန်းက အားနာသလိုလို ဖြစ်နေတယ်။

''ကျူရီယိုဟောက်စ်က ဦးမြင့်ဆိုတဲ့ လူကတော့ သူဝယ်ထားတဲ့ အဖိုးထက် ထိုက်တန်သလောက် အမြတ်ပြီး ဖြစ်လေတော့ သူ့ကို ဒီလောက် အားမနာဘူးတဲ့။ တကယ်ဆိုယင် ဦးမြင့်ကတော့ ဒီလို ရှေးဟောင်း ပစ္စည်းတွေကို အရောင်းအဝယ် လုပ်နေတဲ့လူ ဖြစ်လေတော့ သူ နု လို့ သူ ခံရတာကို မောင်ဘသန်းက သနားဖို့ မရှိပါဘူးတဲ့။

''မူလပိုင်ရှင် ဦးတင်မောင်ကိုတော့ ခမျာမှာ နစ်နာတယ်ဆိုပြီး စိတ်မကောင်းလှဘူးတဲ့။ ဒီအတော အတွင်းမှာ အမေရိကန် ကမ္ဘာလှည့် ခရီးသည်တွေက စာရော၊ ကြေးနန်းရော၊ လူရော ခဏခဏ နားပူ လေတော့ မောင်ဘသန်း စိတ်ရှုပ်လာတယ်တဲ့။ မောင်ဘသန်းက သူနေတဲ့ အိမ်ကို ပြောမထားပဲ ကျွန်တော့်အလုပ်တိုက်ကို လိပ်ပေးထားလေတော့ အလုပ်တိုက်ကိုချည်း လာကြတယ်ဗျ''

ရှား။ ။''နေစမ်းပါအုံးဗျာ။ ဦးဘသန်းက အဲဒီ ရွှေတံဆိပ်ကို ဘယ်လိုလုပ်ဖို့ အကြံအစည် ရှိသတဲ့လဲ''

လန်း။ ။''ဒီအကြောင်း ကျွန်တော့်ကို ဖွင့်ပြီး မတိုင်ပင်လေတော့ ကျွန်တော်လဲ မသိရဘူးဗျ။ သူက ကျွန်တော့်ကို ဘယ့်နှယ်ပြောသလဲဆိုတော့ အဲဒီ အမေရိကန် သဌေးတွေကို တရက်လောက်ချိန်းပြီး

www.burmeseclassic.com



တွေ့ရအောင် ကျွန်တော် အလုပ်တိုက်ကို တရက်လောက် ငှားပါတဲ့ဗျ။ အဲဒီလို စီမံတာ သုံးရက်လောက် ရှိပြီ။ သူချိန်းတဲ့အတိုင်း ရောက်လာလိုက်တဲ့လူတွေ ရှုပ်ပွေသွားတာပဲ ခင်ဗျ။ ဘယ်လို လူတွေရယ် မပြောတတ်ပါဘူး။ လူ့ ပေါက်သောက်တွေ ထင်ပါရဲ့။ သူ့ဦးထုပ်မှန်း မသိ၊ ကိုယ့်ထီးမှန်း မသိ၊ တွေ့ကရာ ဆွဲသွားတဲ့ လူစားတွေ ထင်ပါ့ဗျာ”

ရှား။ ။“ခင်ဗျာ့ပစ္စည်းထဲက ဘာများ မှားယူသွားကြလို့လဲဗျာ”

လန်း။ ။“မှားတာတော့ မပြောနဲ့တော့ ခင်ဗျာ။ ကျွန်တော့်အဖေ ကိုင်ဖူးလို့ အင်မတန် အမြတ်တနိုးထားခဲ့တဲ့ ကြိမ်တုတ်တချောင်း ပါသွားတယ်ခင်ဗျ”

ရှား။ ။“တုတ်ချင်း မှားတာလားဗျာ။ ဒါမှမဟုတ် တမင် ယူသွားတာလား”

လန်း။ ။“တမင် ယူတာတော့ ဟုတ်မထင်ပေါင်ဗျာ။ မှားသွားတာနဲ့ တူပါရဲ့။ သို့သော် မှားစရာတော့ အကြောင်းရှိပေတယ်။ သူထားပစ်ခဲ့တဲ့ တုတ်ဟာကလဲ ကျွန်တော့်အဖေတုတ်နဲ့ တပုံစံတည်းပဲ ခင်ဗျ။ ကျွန်တော် ကိုယ်တိုင်တောင် ရုတ်တရက် မသိပေဘူး။ ကိုင်ကြည့်လိုက်တော့မှ လက်ထဲမှာ အတွေ့တမျိုး ဖြစ်နေလို့ တုတ်ချင်းမှားတာ ကျွန်တော်သိရတယ်”

ရှား။ ။“သူထားခဲ့တဲ့ တုတ်က နည်းနည်းတိုလို့လားဗျ”

လန်း။ ။“ဒီလိုလဲ မဟုတ်ဘူးဗျ။ လုံးပတ်နဲ့ အလျားကတော့ အတူတူပဲ။ သို့သော် ကျွန်တော်က တသက်လုံး တုတ်ကို ဗယ်ဘက်က ကိုင်တတ်လေတော့ ကျွန်တော့်တုတ်ဟာ ဗယ်ဘက်လက်နဲ့မှ အတွေ့ကောင်းတဲ့ သဘာဝဖြစ်နေသလားတော့ မပြောတတ်ပါဘူးဗျာ။ ကိုင်းဗျာ၊ ဦးစံရှား ကြည့်ရအောင် တုတ်ကို ကျွန်တော် ယူပြအုံးမယ်”

ဦးဘလန်းသည် အခန်းပြင်သို့ ထွက်သွား၍ များမကြာမီအတွင်း ဆင်စွယ် လက်ကိုင်နှင့် ငွေကွပ်ထားသော ကြိမ်တုတ်တချောင်းနှင့် ပြန်ဝင်လာလေ၏။

ဦးစံရှားသည် ယင်း ကြိမ်တုတ်ကို ယူ၍ စိတ်ဝင်စားသည့် အမူအရာနှင့် သေချာစွာ ကိုင်တွယ် ကြည့်ရှုလေ၏။

ဦးဘလန်း၏ ကြိမ်တုတ် ပျောက်ခြင်းကိစ္စမှာ အသေးအဖွဲ့မျှသာ ဖြစ်ပါလျက် အဘယ်ကြောင့် ဦးစံရှားက ဤမျှလောက် အသေအချာ ကြည့်ရှုနေရသည်ကို ကျွန်တော် နားမလည်နိုင်အောင် ရှိ၏။

ဦးစံရှားသည် လက်ကိုင်ကိုလည်းကောင်း၊ ငွေကွပ်ကိုလည်းကောင်း၊ တုတ်ဖျားမှ သံကွေးကိုလည်းကောင်း ကိုင်တွယ် ကြည့်ရှုနေလေရာ အထူးသဖြင့် တုတ်ဖျားမှ သံကွေးကို ဂရုတစိုက် ကြည့်ရှုလေ၏။

ထိုအခါ ဦးဘကျော်က—

“ခင်ဗျာ့ တုတ် ပျောက်တာ မပူပါနဲ့ ဦးဘလန်း။ ဦးစံရှား လုပ်ပေးယင်တော့ခင် ဗျာ့တုတ် ပြန်ရမှာပါဗျ”ဟု သရော်သော သဘောနှင့် ဦးဘကျော်က ပြောလိုက်၏။

ရှား။ ။(တုတ်ကို ပြန်ပေးပြီးနောက်) “ဒါကတော့ သိပ်ခဲယဉ်း မထင်ပေါင်ဗျာ။ ဟိုတနေ့က ဘယ်သူဘယ်ဝါတွေ လာကြတယ်ဆိုတာ စာရင်းပေးနိုင်ယင်တော့ ဖြစ်နိုင်လောက်ပါတယ်”

လန်း။ ။“ကျွန်တော့်ညီ မောင်ဘသန်းက တော်တော် စေ့စပ်တဲ့ လူပဲဗျ။ သူ့ဒိုင်ယာရီထဲမှာ ရေးပြီး မှတ်ထားမလား မဆိုနိုင်ဘူး။ ကျွန်တော် ကြည့်လိုက်ပါအုံးမယ်။ ကျွန်တော် မှတ်မိသလောက် ပြောရမှာဖြင့် ဦးတင်မောင်တဲ့၊ ဦးမြင့်တဲ့၊ မစ္စတာ ဘားမင်းတဲ့။ ဒီ့ပြင်လဲ လေးငါးရှစ်ယောက် ရှိသေးတယ်။ ဒါထက် ခုနက အကြောင်း ဆက်ပြောရအုံးမယ်။ အဲဒီလူတွေနဲ့ တွေ့တုန်းက မောင်ဘသန်း



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောလိုက်တယ်တော့ မသိဘူး။ ဘယ်လိုစိတ်ကူး ရှိသလဲ ဆိုတာလဲ မသိဘူး။ သို့သော် သူ့မှတ်တမ်း စာအုပ်ထဲမှာ ရေးထားကောင်း ထားပါလိမ့်မယ်။ ကျွန်တော် ရှာကြည့်လိုက်အုံးမယ်”

ရှား။ ။“နေပါအုံးဗျာ။ ဒါထက် အဲဒီ ရွှေတံဆိပ် ဆိုတာ ဘယ်မှာလဲဗျ”

လန်း။ ။“ဟောဟို မီးခံသေတ္တာထဲမှာပါပဲဗျာ။ စင်စစ်တော့ ဒီလောက် အဖိုးတန်မှန်းသိယင် အိမ်မှာတောင် မထားထိုက်ဘူး။ ဘဏ်မှာသွားအပ်ထားယင် ကောင်းမှာပဲ”

ရှား။ ။“မီးခံသေတ္တာထဲမှာ ရှိတယ်ဆိုတာတော့ သေချာကောင်းပါရဲ့နော်”

လန်း။ ။“ခုအောင်မယ်၊ ဒါတောင် မပြောနိုင်သေးဘူးဗျို့။ ကျွန်တော်လဲ မမြင်ရသေးဘူး။ သေချာအောင် ကြည့်ကြအုံးမှ ထင်တယ်။ ကိုင်း လာကြဗျာ”

ဦးဘလန်းသည် ထိုင်ရာမှထ၍ မီးခံသေတ္တာထားသောအခန်းသို့ သွားလေရာ ကျွန်တော်တို့လည်း နောက်မှ လိုက်ပါသွားကြလေ၏။

ဦးဘလန်းက—

“သော့တောင် သူ့အိတ်ထဲမှာ ရှိမယ် ထင်တယ်ဗျို့” ဟု ပြော၍ အလောင်းအနီးသို့ ချဉ်းကပ် ပြီးလျှင် ဖုံးထားသော ပိတ်ဖြူကို လှပ်၍ အလောင်း၏ အင်္ကျီအိတ်များကို နှိုက်ကြည့်လေ၏။

နောက်ဆုံး၌ သော့တွဲကလေးတခုကို တွေ့သည်နှင့် ဦးဘလန်းသည် နှိုက်ယူလာခဲ့၍ မီးခံသေတ္တာသို့ ချဉ်းကပ်ပြီးလျှင် သော့နှင့် ဖွင့်လေ၏။ ဦးဘလန်းက—

“တော်ပါသေးရဲ့ဗျာ၊ ဦးစံရှားမေးလိုက်တာ ကျွန်တော် လန့်သွားတာပဲ။ ဟောဒီအထုပ်ပါပဲဗျာ။ ဖွင့်ကြည့်ချင်ကြသေးသလား” ဟု မေးလျက် စက္ကူနှင့်ပတ်၍ ကြိုးချည်ထားသော အထုပ်ငယ် တခုကို ကျွန်တော်တို့အား ပြလေရာ စက္ကူပေါ်၌ကား ‘သီရိမင်္ဂလာသောကမင်းကြီး၏ တံဆိပ်တော်’ ဟူသော စာလုံး များကို အင်္ဂလိပ်ဖြင့် ရေးမှတ်ထားသည်ကို တွေ့ရပေ၏။

ရှား။ ။“ကြည့်ချင်ပြီလားဗျ၊ ဖွင့်ပြစမ်းပါအုံး”

ဦးဘလန်းသည် ချည်ထားသော ကြိုးကို ဖြတ်၍ ပတ်ထားသော စက္ကူများကို ဖြေလိုက်သဖြင့် ဂျပ်သေတ္တာကလေးတလုံး ထွက်လာလေရာ ယင်းသေတ္တာ အတွင်း၌ကား စက္ကူနှင့်ပတ်ထားသည့် ခပ်ရှည် ရှည် ရှိသော ဝတ္ထုပစ္စည်းတခုကို တွေ့ကြရလေ၏။

ဦးဘလန်းသည် စက္ကူကို ဖြေလိုက်သောအခါ လုံးလုံးရှည်ရှည် ရှိသော ရွှေချောင်းကလေးတခု ထွက်လာ၍ အပေါ်ယံ၌ အက္ခရာများရေးထွင်းထားသည်ကို တွေ့ကြရလေ၏။ ယင်းမှာ အလျားနှစ်လက်မခွဲ အချင်း တလက်မခန့်ရှိ၍ အလယ်တွင် ထုတ်ချင်း ဖောက်ထားသော အပေါက်ငယ်တခု ပါရှိလေ၏။

လန်း။ ။“အောင်မယ်၊ ပတ်ထားတဲ့ စက္ကူမှာလဲ သူ့အလေးချိန်နဲ့ အတိုင်းအထွာ ရေးမှတ် ထားတယ်ဗျို့။ ဒီစက္ကူကို လွှင့်ပစ်လို့ မဖြစ်ပေဘူး”

ထို့နောက် ဦးဘလန်းသည် ယင်းရွှေချောင်းကလေးကို ဦးစံရှားလက်သို့အပ်လိုက်ရာ ဦးစံရှားသည် တရိုတသေ ကိုင်တွယ် ကြည့်ရှု၏။ မျက်နှာထားမှာလည်း အလွန်လေးစားသည့် လက္ခဏာဖြင့် ဣန္ဒြေ ကြီးစွာ ရှိနေလေ၏။

စင်စစ် ယင်းပစ္စည်းကလေးသည် သေးသေးကွေးကွေး ရှိသော်လည်း လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်အခါက ကမ္ဘာကျော်ကြားသည့် ဗုဒ္ဓဘာသာ သာသနာပြုမင်းတပါး၏ ပစ္စည်းဖြစ်သော ကြောင့် ဦးစံရှားသာမက ကျွန်တော်တို့လူစုမှာလည်း ယင်းဝတ္ထုပစ္စည်းကလေးကို မလေးစားပဲ မနေ နိုင်အောင် ရှိနေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com


သီရိမ္ဗာသောကမင်းဆိုလျှင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏စိတ်၌ အိန္ဒိယပြည်မှ မင်းတပါးဟူ၍ သဘောမထားပဲ မြန်မာပြည်ဖွား မင်းတပါးကဲ့သို့ ယူဆနေသည့်ပြင် ရေတွင်း ရှစ်သောင်း လေးထောင်၊ ရေကန် ရှစ်သောင်း လေးထောင်တို့၏ ဒါယကာအဖြစ်နှင့် လူတိုင်းတို့၏ နှုတ်ဖျားတွင် ပြောဆိုလျက် ရှိပေရကား ထိုမင်း၏ လည်ပင်း၌ ဆွဲထားဖူးဟန်ရှိသည့် ယင်းပစ္စည်းကလေးကို မြင်သည့်အခါ အဘယ် မြန်မာလူမျိုးတယောက်သည် မလေးစားပဲ နေနိုင်ပါအံ့နည်း။

ဦးစံရှားသည် အိတ်ထဲမှ မှန်ဘီလူးကလေးကိုထုတ်၍ ယင်းတံဆိပ်၌ ရေးထွင်းထားသော အက္ခရာများကို သေချာစွာ ကြည့်ရှုရုံမျှမက ထိပ်တဘက်တချက်၌ ထွင်းဖောက်ထားသော အပေါက်ငယ် အတွင်းသို့ပင် ချောင်း၍ ကြည့်သေး၏။

ရှား။ ။(အတိုင်းအထွာများ ရေးမှတ်ထားသော စာရွက်ကို လှမ်းကြည့်လျက်) "အတိုင်းယူထားပုံက ထိပ်ဝတဖက်တည်း ယူထားဟန်ရှိတယ်။ တိုင်းထွာတဲ့လူက ဟိုဘက်ထိပ်ဝနဲ့ ဒီဘက်ထိပ်ဝ အတူတူပဲလို့ ယူဆဟန်တူတယ်။ စင်စစ်မှာ မတူဘူးဗျ။ တဘက်ထိပ်က ဟို တဘက်ထက် နည်းနည်းကလေး တုတ်တယ်။ မြင်ကြရဲ့လား"

ယင်းသို့ ပြောဆိုလျက် ဦးစံရှားသည် ပေတံတချောင်းကို တောင်း၍ ထိပ်ဝနှစ်ဘက်ကို တိုင်းကြည့်ရာတွင် သူပြောသည့်အတိုင်း တဘက်ကြီး တဘက်ငယ် ရှိနေသည်ကို တွေ့ကြရသည့်ပြင် ခြားနားခြင်းမှာ တလက်မ၏ ရှစ်ပုံတပုံခန့်မျှရှိသည်ကို မြင်ကြရလေ၏။

ကျော်။ ။"သိပ် မျက်စိစူးတဲ့ လူပဲဗျာ။ ကျွန်တော်တို့ဖြင့် အတူတူလို့မှတ်တာပဲ။ သို့သော် ထိပ်ဝ တဘက်နဲ့တဘက် နည်းနည်းကွာခြားနေတာဟာ ကျွန်တော်တို့အဖို့ အရေးကြီး မထင်ပေါင်ဗျာ"

ရှား။ ။"ဒီလိုလဲ မဆိုနိုင်ဘူးဗျ။ အတိုင်းအထွာ ယူတယ်ဆိုယင် တိတိကျကျ မှန်မှန်ကန်ကန်ယူမှ စိတ်ချရတာကိုးဗျ"

ကျွန်တော်တို့ အားလုံးသည် ရွှေချောင်းကလေးကို တလှည့်စီ ကိုင်တွယ် ကြည့်ရှုကြပြီးနောက် ဦးဘလန်းသည် မူလအတိုင်း ပြန်ထုပ်၍ မီးခံသေတ္တာထဲသို့ ထည့်ပြီးလျှင် အခြားအခန်းသို့ အားလုံး ထွက်လာခဲ့ကြလေ၏။

ကျော်။ ။"ဘယ့်နှယ်လဲ ဦးစံရှား၊ အသက်အာမခံကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျား ဘယ်လိုသဘော ရသလဲ"

ရှား။ ။"အလောင်းကို ထုံးစံအတိုင်း ရင်ခွဲရုံပို့ပြီး ဆရာဝန် ထွက်ချက်ကို ယူအုံးမှထင်တယ်။ ကိုင်း ကျုပ်တို့ ပြန်လိုက်ပါအုံးမယ်။ ခင်ဗျားတို့မှာလဲ အလုပ်တွေများနေ ထင်ပါရဲ့"

ကျော်။ ။"သိတဲ့အတိုင်းပါဗျာ။ကျွန်တော်တို့ လိုက်မပို့နိုင်တာ အားတော့နာပါရဲ့။ ခင်ဗျား တို့လဲ လမ်းအသိသားပဲ"

ဦးစံရှားသည် ဦးဘလန်းက လက်ဖက်ချည် တိုက်ပါမည်ဆိုခြင်းကို ငြင်းပယ်၍ အိမ်ရှင်များနှင့် နှုတ်ဆက်ပြီးနောက် အပ်ချည်နှင့် ဖယောင်းတိုင် လေးငါးထုပ်ကို တောင်းပြီးလျှင် ကျွန်တော်နှင့် အတူ လျှောက်လာခဲ့ကြလေ၏။

ကျွန်။ ။"ဒီအမှုကဖြင့် တယ်ပြီး စိတ်ကျေနပ်စရာ မရှိပေါင်ဗျာ။ သို့သော်လဲ အခါတိုင်း အခါတိုင်းလဲ ကျေနပ်စရာ မဖြစ်နိုင်ပေဘူးလေ"

---

တတိယအကြိမ်

www.burmeseclassic.com


ရှား။ ။"ဒီလောက်လဲ သိပ်မဆိုးလှပါဘူး။ ကိုင်း ဒါထက် ကျုပ်တို့မှာ အလုပ်ရှိသေးတယ်။ ကျုပ်တို့တွေ့ခဲ့တဲ့ ခြေရာတွေကို ပုံစံယူကြရလိမ့်မယ်။ တခါတလေမှာ မထင်တဲ့ နေရာကနေပြီး အရေးကြီးတာ ထွက်လာတတ်တယ်"

ကျွန်။ ။"ခင်ဗျား ဖယောင်းတိုင်ထုပ်တွေက ဘာလုပ်ဖို့လဲဗျ"

ရှား။ ။"ခြေရာပုံစံ ယူမလို့လေ"

ကျွန်။ ။"ခါတိုင်းတော့ ခင်ဗျား တိုင်းရုံ ထွာရုံနဲ့ ပြီးတာပဲ။ ဒီတခါတော့ ပုံစံချပြီး ယူရအုံးမှာလား"

ရှား။ ။"ဒီအမှုကတော့ ခြေရာရော တုတ်ရာရော ပုံစံချယူမှ ဖြစ်လိမ့်မယ် ကိုသိန်းမောင်"

ကျွန်။ ။"ဘာ့ကြောင့်လဲဗျာ"

ရှား။ ။"မမေးနဲ့အုံးလေ။ ကျုပ်ဟာကျုပ်တောင်မှ ထင်ကြေးနဲ့ လုပ်ရတုန်း ရှိသေးတယ်"

ကျွန်တော်တို့ လျှောက်လာကြသော လမ်းကလေးမှာ တောစပ်ကလေးတခုကို ဖြတ်သန်းသွားသောကြောင့် ခရီးသွားလာသူ နည်းလှသဖြင့် ခြေရာများမှာ ယခင်ကအတိုင်းပင် ကွင်းကွင်း ကွက်ကွက် ရှိနေပေသေး၏။

ခြေရာများနှင့် တုတ်ရာများထင်ရှားစွာတွေ့မြင်နိုင်သောနေရာသို့ရောက်ကြသောအခါ ဦးစံရှားသည် ဖယောင်းတိုင်တထုပ်ကို အထုပ်လိုက်မီးညှိ၍ အခြားတထုပ်ကို မီးတောက်ပေါ်မှ မြှုက်ပေးလိုက်သည်တွင် ဖယောင်းရည်များသည် ခြေရာခွက်ထဲသို့ စီးကျသဖြင့် ပြည့်သည်နှင့် တပိုင်နက် အခြားခြေရာခွက်ကို ထိုနည်းအတူ ပြုလုပ်ပြန်လေ၏။

ခြေရာနှစ်စုံတို့မှ ပုံစံများ ယူပြီးသည့်နောက် ဦးစံရှားသည် အပ်ချည်တပင်ကိုထုတ်၍ သားရေဖိနပ်နံဘေး၌ရှိသော တုတ်ရာနှစ်ခုပေါ်တွင် တည့်တည့်တန်းထားပြီးနောက် တုတ်ရာထဲသို့ ဖယောင်းရည်လောင်းထည့်လေရာ နောက်ဆုံး၌ တုတ်ရာနှစ်ခုတို့၏ အတိုင်းအထွာနှင့်တကွ ဖယောင်းတုံးကလေး နှစ်ခုရ၍ ကြိုးတန်းလန်းဖြင့် ဆက်သွယ်လျက်ရှိလေ၏။

ကျွန်။ ။"အပ်ချည်မျှင်က ဘာလုပ်ဖို့လဲဗျ။ တုတ်ရာတခုနဲ့တခု အကွာအဝေးကို သိချင်လို့ပဲ မဟုတ်လား"

ရှား။ ။"မဟုတ်သေးဘူးဗျ။ ဒီလူဟာ ဗယ်ဘက် မျက်နှာလှည့်ပြီး လျှောက်တယ်ဆိုတာကိုလဲ သိရအောင်၊ သူ့တုတ်ရဲ့ ရှေ့ပိုင်းကိုလဲ ခွဲခြားသိရအောင် ပုံစံယူခဲ့ရခြင်းဖြစ်တယ်"

ကျွန်တော်မှာ ဦးစံရှား၏ စကားအဓိပ္ပာယ်ကို ကောင်းစွာနားမလည်သည့်ပြင် မည်သည့်နေရာ၌ ယင်းအတိုင်းအထွာကို အသုံးချပါမည်နည်းဟု မစဉ်းစားတတ်အောင် ဖြစ်နေလေ၏။

သို့ဖြစ်၍ ကျွန်တော်က မေးခွန်းများထုတ်သော်လည်း ဦးစံရှားသည် ရှင်းလင်းအောင် မဖြေဆိုပဲ—

"ကျုပ်ထင်တဲ့အတိုင်း မှန်တဲ့အခါကျတော့မှ ရှင်းပြမပေါ့ဗျာ။ နေစမ်းပါအုံး"ဟု ဆိုသဖြင့် မမေးဝံ့တော့ပဲ ဘူဘာရုံဘက်သို့ လျှောက်လာခဲ့ကြလေ၏။

ရန်ကုန်သို့ ရောက်လာသောအခါ ဦးစံရှားသည် တက္ကစီတစီးကို ခေါ်၍ ပုလိပ်မင်းကြီးရုံးသို့ ရောက်သောအခါ—

"ကိုင်း ကိုသိန်းမောင်၊ ခင်ဗျား ပြန်နှင့်ပေတော့။ စုံထောက်အင်စပက်တော် ကိုအုန်းဖေနဲ့ တွေ့ချင်သေးတယ်။ အိမ်ကပဲ စောင့်နေပေတော့။ ကျုပ် လာခဲ့ပါ့မယ်"ဟု ပြော၍ လွှတ်လိုက်သဖြင့် ကျွန်တော်သည် နေအိမ်သို့ ပြန်လာနှင့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


တနာရီခန့် ကြာသောအခါ ဦးစံရှား ပြန်ရောက်လာ၍—

ရှား။ ။ “ကိုသိန်းမောင်ရေ၊ကျုပ်တို့အမှုကဖြင့် ခုအထိမှာ အတွေးအဆလောက်ပဲ ရှိသေးတယ်။ လက်ဆုပ် လက်ကိုင်ရယ်လို့ သေသေချာချာကြီးပြနိုင်တာ တခုမှ မရှိသေးဘူး။ သို့သော် နက်ဖြန်မနက် ကျုပ်နဲ့ တခေါက်လိုက်ခဲ့ပေအုံးတော့ဗျာ။ ဒီတခါမှာဖြင့် ဗူး ဖရုံ ကွဲကောင်းပါရဲ့”

ကျွန်။ ။ “ခင်ဗျားခေါ်ယင် ကျွန်တော်ငြင်းတယ်လို့ မရှိပါဘူးဗျာ။ လိုက်ဖို့ အဆင်သင့်ပါပဲ”

နောက်တနေ့နံနက်တွင် ကျွန်တော်နှင့် ဦးစံရှားသည် တက္ကစီတစီးနှင့် ထွက်လာခဲ့ကြ၍ စုံထောက်ရုံး၌ ခေတ္တမျှ ရပ်ပြီးလျှင် ဦးစံရှားဝင်သွား၍ တဖန် ထွက်လာလေ၏။

ထို့နောက် ကျွန်တော်တို့သည် ကုန်သည်လမ်းဘက်သို့ ဆက်လက် မောင်းနှင်သွားကြ၍ ကုန်သည်လမ်းနှင့် လှည်းတန်းထောင့်သို့ ရောက်သောအခါ တက္ကစီပေါ်မှ ဆင်းပြီးလျှင် အခပေး၍ လွှတ်လိုက်ကြ၏။ ထိုမှတဖန် အရှေ့ဘက်သို့ လျှောက်သွားကြ၍ နှစ်လမ်းကျော်မိသောအခါ လမ်းဘေး၌ ရပ်လျက်ရှိသော ဆီဒင် ကားကြီး တစီးကို ကျော်ခဲ့ပြီးနောက် မနီးမဝေးတွင် ရပ်လျက်စောင့်နေသော အင်စပက်တော် ကိုအုန်းဖေနှင့် တွေ့ကြ၍ သူတို့နှစ်ယောက် စကားအနည်းငယ် ပြောကြ၏။

မနီးမဝေး၌ကား ကိုအုန်းဖေ၏ တပည့်နှစ်ယောက် ရပ်လျက် စောင့်နေသည်ကို ကျွန်တော် သတိပြုမိ၏။

မကြာမီ လက်ဆွဲသားရေအိတ်ငယ်တလုံးကို ဆွဲလျက် အခြား လက်တဘက်၌ တုတ်ကောက် တချောင်းကို ကိုင်ကာ ခပ်သုတ်သုတ် လျှောက်လာသော လူတယောက်ကို တွေ့မြင်ကြရာ ထိုသူသည် ခါးနာသည့် လက္ခဏာနှင့် တုတ်ကိုအားပြု၍ လမ်းလျှောက်သည့်ပြင် သူ၏ ကြိမ်တုတ်မှာလည်း ဦးဘလန်း ပြလိုက်သော ကြိမ်တုတ်နှင့် တမျိုးတစားတည်း ဖြစ်သောကြောင့် ကျွန်တော် ဂရုစိုက်၍ ကြည့်မိ၏။

ဦးစံရှားနှင့် ကိုအုန်းဖေတို့လည်း ထိုသူကိုပင် စောင့်နေကြသည့် လက္ခဏာဖြင့် ထိုသူ့နောက်သို့ လိုက်သွားကြလေရာ လမ်းဘေး၌ ရပ်ထားသော ဆီဒင်ကားကြီးလည်း ကျွန်တော်တို့နောက်မှ တဖြည်းဖြည်း မောင်းလိုက်လာလေ၏။

သုံးလမ်းမျှ သွားမိသော် သားရေအိတ်နှင့် လူသည် တက္ကစီတစီးကို ခေါ်၍ တက်သွားလေရာ ကိုအုန်းဖေလည်း နောက်မှ တဖြည်းဖြည်း လိုက်လာသော ဆီဒင်ကားကြီးကို လက်ယပ် ခေါ်ပြီးနောက် ကျွန်တော်တို့လူစုနှင့်တကွ ကိုအုန်းဖေ၏ တပည့်နှစ်ယောက်ပါ ကားကြီးပေါ်သို့ ဝင်ထိုင်ကြလေ၏။

ကိုအုန်းဖေသည် ဒရိုင်ဘာအား ရှေ့၌ရှိသော တက္ကစီကို မျက်ခြည်မပြတ်အောင် လိုက်ရန် မှာထားသဖြင့် ဒရိုင်ဘာလည်း တလမ်းကျော်မျှလောက် ခပ်ခွာခွာထား၍ လိုက်လေရာ ကျွန်တော်တို့သည် မီလုမတတ် ချဉ်းကပ်၍ တခါတရံတွင်လည်း အနည်းငယ် ကွာလှမ်းသွား၏။

ကျွန်တော်တို့သည် လူစည်ကားသော ဆူးလေဘုရားလမ်းတလျှောက်တွင် တက္ကစီနောက်မှ လိုက် သွားကြ၍ ကော်မရှင်နာလမ်းသို့ ချိုးပြီးလျှင် ကပ်ချည်တခါ ခွာချည်တလှည့်ဖြင့် လိုက်သွားကြလေ၏။

လမ်းမတော်သို့ ရောက်သောအခါ ချိုး၍ မြို့မကျောင်းရှေ့မှ ဖြတ်သွားပြီးလျှင် နောက်ဆုံးတွင် မင်တိုမင်ရှင် ဟိုတယ်သို့ ရောက်သွားကြလေရာ တက္ကစီသည် ဝင်းပေါက်မှ အတွင်းသို့ မောင်းဝင်သွားသည်တွင် ကိုအုန်းဖေသည် တံခါးဝတွင် ကားရပ်၍ စောင့်နေရန် မှာထားပြီးမှ ဟိုတယ်ထဲသို့ ဝင်လာကြလေ၏။

သားရေအိတ်နှင့်လူသည် တပေါက်မှဝင်၍ ကျွန်တော်တို့ လူစုကလည်း အခြားတပေါက်မှဝင်သွား ကြလေရာ အတွင်းသို့ရောက်သောအခါ ထိုလူသည် ရှေ့ခန်းတွင် ထိုင်လျက်ရှိသော ပရိသတ်များအနက်

www.burmeseclassic.com



ခံပင်နီနီ၊ အရပ်မြင့်မြင့်နှင့် မီးခိုးရောင်ဝတ်စုံကို ဝတ်ထားသော ဗိုလ်တယောက်နှင့် မျက်လုံးချင်းဆိုင်မိကြ၍ ခံပင်နီသောဗိုလ်သည် သားရေအိတ်နှင့်လူအနီးသို့ ထလာလေ၏။

ထိုခဏ၌ ကိုအုန်းဖေသည် သားရေအိတ်နှင့်လူကို လက်မောင်းတို့၍—

"ကျူရီသိုဟောက်စ်က ဦးမြင့်မှတ်တယ်။ ကျွန်တော် စုံထောက်အရာရှိပါပဲ"ဟု ပြောလိုက်သည်နှင့် တပြိုင်နက် ထိုလူမှာ မျက်နှာ၌ သွေးမရှိတော့ပဲ ဖြူဖပ် ဖြူရော် ဖြစ်သွားလေ၏။

ထိုအခါမှ ကိုအုန်းဖေက "ခင်ဗျားကိုင်ထားတဲ့ တုတ်ဟာ ခင်ဗျားပစ္စည်း မဟုတ်ဘူးထင်တယ်"ဟု ပြောလိုက်သည်တွင်မှ ဦးမြင့်မှာ စိတ်သက်သာရာ ရသွားသည့် လက္ခဏာဖြင့်—

"ဟုတ်ကဲ့လား။ ကျွန်တော်လဲ တုတ်ချင်းမှားတယ်လို့ ထင်နေတာပါပဲဗျာ။ ဥစ္စာရှင်ရှိယင် ကျွန်တော်က ပြန်ပေးဖို့ အဆင်သင့်ပါပဲ။ ရော့ပါဗျာ" ဟု တုတ်ကို လှမ်းပေးလိုက်၏။ ကိုအုန်းဖေသည် ကြိမ်တုတ်ကို လှမ်းယူ၍ ဦးစံရှားလက်သို့ ကမ်းလိုက်ပြီးလျှင်—

"ဒီတုတ်ပဲလား"ဟု မေးလိုက်ရာ ဦးစံရှားသည် တုတ်ကိုလှမ်းယူ၍ အဖျား၌ စွပ်ထားသော သံကွေးကို သေချာစွာ ကြည့်ရှုပြီးနောက် အိတ်ထဲ၌ပါလာသော ဖယောင်းပုံစံနှင့် နှိုင်းယှဉ်၍ ကြည့်ရှုလေ၏။

ထိုအတောအတွင်း၌ ဦးမြင့်မှာ အနေရခက်သော လက္ခဏာနှင့် ရပ်နေရာမှ—

"ဒီလောက် သေသေချာချာ လုပ်မနေပါနဲ့ဗျာ။ ကျွန်တော်ကလဲ မငြင်းပါဘူး။ ခင်ဗျားတုတ်ဆိုယင်လဲ ပြန်ပေးမလို့ပါပဲ"ဟု ပြောရာတွင် ကိုအုန်းဖေက—

"တုတ်ကတော့ ဟုတ်ပါပြီဗျာ။ သို့သော် ခင်ဗျားနဲ့ စကားနည်းနည်း ပြောစရာ ရှိပါသေးတယ်"ဟု ပြောလိုက်လေ၏။

ထိုခဏ၌ ကိုအုန်းဖေ၏ တပည့်နှစ်ယောက်သည် ဟိုတယ်မန်နေဂျာကို ခေါ်လာကြသဖြင့် ကိုအုန်းဖေက အရေးကြီးသော အစိုးရကိစ္စတခုနှင့် စကားပြောရန် ရှိသောကြောင့် အခန်းလွတ်တခု ပေးရန် တောင်းရာတွင် မန်နေဂျာသည် ဘွိုင်တယောက်ကို ခေါ်ယူ၍ အခန်းလွတ်တခန်းကို လိုက်ပြလေ၏။

ထိုအခါ ခံပင်နီသော ဗိုလ်သည် ဦးမြင့်အနီးသို့ ချဉ်းကပ်၍—

"ခင်ဗျား လိုက်ချင်လိုက်၊ ကျုပ်သားရေအိတ်တော့ ကျုပ်ကို ပေးခဲ့ပါ"ဟု လှမ်း၍ တောင်းသည်တွင် ကိုအုန်းဖေက—

"သည်းခံပါ မစ္စတာ၊ ခင်ဗျားသားရေအိတ်ဖြစ်ယင် ခင်ဗျားပါလိုက်ပြီး နားထောင်လှည့်ပါအုံး" ဟု ပြောလိုက်သဖြင့် ခံပင်နီသောဗိုလ်သည် ဦးမြင့်ကို မျက်စိအောက်မှ အပျောက်မခံနိုင်သည့် လက္ခဏာဖြင့် ကျွန်တော်တို့နှင့်အတူ အခန်းထဲသို့ လိုက်ပါလာလေ၏။

အခန်းတွင်းသို့ ရောက်ကြသောအခါ ကိုအုန်းဖေက—

"ကိုင်း ဦးမြင့်၊ ခင်ဗျားသားရေအိတ်ထဲမှာ ဘာပါသလဲ။ ကျွန်တော် သိချင်တယ်"ဟု ပြောရာတွင် ဦးမြင့်က—

"ဘုရားကျောင်းဆောင်ကလေးပါဗျာ။ ဟောဒီကမ္ဘာလှည့် ခရီးသည်ကြီးက ကျွန်တော့်ဆိုင် လာမှာလို့ လာပို့ရတာပါ"ဟု ပြော၏။ ထိုအခါ ကိုအုန်းဖေက—

"ဘာပဲဖြစ်ဖြစ် ကြည့်ခွင့်ပါရစေလေ" ဟု ဆို၍ သားရေအိတ်ကို လှမ်းယူပြီးလျှင် ဖွင့်ကြည့်လိုက်ရာ ဦးမြင့်ပြောသည့်အတိုင်း သစ်သားဖြင့် သပ်ရပ်စွာ ပြုလုပ်ထားသော ကျောင်းဆောင်ကလေး တခုကို တွေ့ရသဖြင့် ဆွဲထုတ်လိုက်လေ၏။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ကိုအုန်းဖေက ဦးစံရှားလက်သို့ လှမ်းပေးလိုက်သဖြင့် ဦးစံရှားသည် ကျောင်းဆောင်ကလေးကို လှမ်းယူ၍ စားပွဲပေါ်၌ တင်ပြီးလျှင် မှန်ဘီလူးဖြင့် စေ့စေ့စပ်စပ် လှန်လှော ကြည့်ရှုလေ၏။

အောက်ပိုင်းတွင် ခလုတ်ကလေးတခုကိုမြင်သဖြင့် မောင်းချခြားကိုထုတ်ကာ ကလန့်၍ ဖွင့်လိုက်သည်တွင် အပေါက်ငယ်တခုမှ ရွှေချောင်းကလေးတခု လျှောကျလာသည်ကို အံ့ဩစွာ တွေ့မြင်ရလေ၏။

ထိုအတောအတွင်း၌ ဦးမြင့်မှာ ဇောချွေးများပြန်လျက်ရှိရာ ဆံပင်နီသောဗိုလ်မှာလည်း မျက်နှာပျက်သွားလေ၏။

ထိုအခါ ဦးစံရှားသည် ရွှေချောင်းကလေးကို ကိုင်၍—

"သီရိဓမ္မာသောက မင်းကြီးရဲ့ ရွှေတံဆိပ်ဆိုတာ ခင်ဗျားတို့မြင်ဖူးကြရဲ့လားဗျို။ ဟောဒါပဲ။ ဥစ္စာရှင် ဦးဘသန်းကိုသတ်ပြီး ယူခဲ့ရတဲ့ ပစ္စည်းပဲ ကိုအုန်းဖေရဲ့" ဟုပြောလိုက်သည်နှင့် တပြိုင်နက် ကုလားထိုင်တွင် ထိုင်လျက်ရှိသော ဦးမြင့်မှာ ဒူးများ ဆတ်ဆတ်တုန်လျက်ရှိ၏။ ဆံပင်နီသောဗိုလ်မှာမူ ထသွားမည်ပြုသေး၏။ သို့ရာတွင် ကိုအုန်းဖေက—

"နေအုံးလေ၊ ဘယ်ကိုလဲ"ဆို၍ အင်္ကျီကို ဆောင့်ဆွဲလိုက်သည်တွင်မှ ပြန်၍ ထိုင်လေ၏။

ထို့နောက် ကိုအုန်းဖေနှင့် တပည့်နှစ်ယောက်တို့သည် ဦးမြင့်နှင့် ဆံပင်နီသောဗိုလ်ကို ဆီဒင်ကားကြီးဖြင့် တင်ခေါ်သွားကြလေရာ ကျွန်တော်နှင့် ဦးစံရှားမှာ အခြားတက္ကစီတစီးနှင့် ပြန်လာကြလေ၏။ လမ်းခရီးတွင်—

ကျွန်။ ။"ခင်ဗျား ဖယောင်းပုံစံတွေက ဒုက္ခခံလုပ်ရပြီး ဘာမှ အသုံးမကျတော့ပါပဲလားဗျ၊ ခုပုံတော့"

ရှား။ ။"ဘာဟုတ်မလဲ ဆရာကြီး။ အပြစ်ထင်ရှားအောင် ဖော်ပြတဲ့အခါမှာ တင်ပြဖို့ အသုံးကျသေးတယ်ဗျ"

(စင်စစ်သော်ကား ဦးစံရှားပြောသည့် အတိုင်းပင် ဖြစ်ခဲ့၏။ ဦးမြင့်က အမည်မသိ လူတယောက်ထံမှ ယင်းတံဆိပ်ကို ရပါသည်ဟု ထုချေသောအခါတွင် ဦးစံရှားက ဦးမြင့်၏ ခြေရာနှင့် လမ်းလျှောက်တုတ်ရာများကိုပါ ရုံးတော်၌တင်ပြ၍ မည်သည့်နေ့ရက်တွင် ကွယ်လွန်သူ ဦးဘသန်းနှင့် အတူတွဲ၍ ဦးမြင့် လမ်းလျှောက်ခဲ့ဖူးသည့် အကြောင်းကိုလည်း ထင်ရှားအောင် သာဓကပြနိုင်၏။)

ကျွန်။ ။"နေစမ်းပါအုံးဗျာ။ ဦးဘသန်းကို သတ်တာ ဦးမြင့်ပဲလို့ ခင်ဗျားဘယ့်နှယ်လုပ် သိသလဲ။ မြေကြီးပေါ်မှာ ထောက်တဲ့ တုတ်ရာတွေကလဲ ဘယ်လိုများ သက်သေခံသလဲဗျာ"

ရှား။ ။"တုတ်ရာကို မြင်ရတာနဲ့တပြိုင်နက် ဒီတုတ်ကို ကိုင်လျှောက်တဲ့လူဟာ ဥစ္စာရှင် မဟုတ်ဘူးဆိုတာကို ကျုပ် ချက်ချင်းသိနိုင်တယ်"

ကျွန်။ ။"ဟုတ်ကဲ့လားဗျာ၊ ဖြစ်နိုင်ပါ့မလား တုတ်ရာကိုကြည့်တာနဲ့ ဥစ္စာရှင် ဟုတ် မဟုတ် ခင်ဗျား ဘယ့်နှယ်သိနိုင်သလဲ"

ရှား။ ။"ပြောလိုက်ယင်တော့ လွယ်လွယ်ပါပဲဗျာ။ နို့ပေမယ့် သတိမပြုမိကြလို့ ခက်တယ်။ ဒီလိုလေဗျာ။ လက်ကိုင်အဖြောင့်နဲ့ တုတ်များမှာတော့ အဖျားက သံကွေးဟာ ပတ်ပတ်လည်လှည့်ပြီး တညီတညာတည်း ပွန်းတတ်တယ်။ လက်ကိုင်ပါတဲ့ တုတ်ကောက်လိုဟာမျိုးကတော့ လမ်းလျှောက်တဲ့အခါမှာ တသမတ်တည်း၊ တနေရာတည်း ဆုပ်ကိုင်ရတဲ့အတွက်ကြောင့် အဖျားက သံကွေးဟာ တဘက်သတ် ပွန်းတတ်တယ်။ ဘယ်လိုတဘက်သတ်လဲဆိုတော့ အတွင်းကျကျ ရှေ့ပိုင်းဆီက ပွန်းတတ်တယ်။ ရှေ့တည့်တည့် မဟုတ်ဘူးဗျနော်။ အတွင်းဘက်ကို နည်းနည်းစောင်းတတ်တယ်။

ဇာတ်သိမ်းအကြံဖြန့်

www.burmeseclassic.com



"ဥပမာ ညာသန်တဲ့ လူတယောက်ကိုင်တဲ့ တုတ်ဟာ သံကွေးမှာ ရွှေပိုင်းနဲ့ လက်ဝဲဘက် ခပ်စောင်းစောင်း ပွန်းတတ်တယ်။ ဗယ်သန်မို့ ဗယ်လက်နဲ့ ကိုင်တဲ့ လူတယောက်ရဲ့ တုတ်ကောက်ဟာ ရွှေပိုင်းနဲ့ ညာဘက် ခပ်စောင်းစောင်း ပွန်းတတ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ တုတ်ကို မြေကြီးပေါ်မှာထောက်ပြီး နည်းနည်းမွှေ့လိုက်တတ်တဲ့ သဘာဝရှိတာကိုးဗျ။ ရွှေပိုင်းတော့ ရွှေပိုင်းချည်းပဲ။

"သို့သော် ညာသန်သမားက အတွင်းကျကျဆိုယင် လက်ဝဲဘက် စောင်းစောင်းပွန်းတယ်။ ဗယ်သန်သမားက အတွင်းဘက်ဆိုယင် လက်ယာဘက် စောင်းစောင်းပွန်းတယ်။ ဒါကြောင့်မို့ တုတ်ကောက်တခုကို ကိုင်ကြည့်လိုက်တာနဲ့ တပြိုင်နက် ဗယ်ကိုင်လား၊ ညာကိုင်လားဆိုတာကို ချက်ချင်း ပြောနိုင်တယ်ဗျ။

"ကျုပ် ပုံစံယူထားတဲ့ တုတ်ရာမှာတော့ ထောက်တော့ကာ ညာဘက်မှာ ထောက်တယ်။ သူ့သံကွေး ပွန်းပုံက ဗယ်ကိုင်တုတ် ပွန်းပုံမျိုးဗျ။ ညာဘက်စောင်းစောင်း ပွန်းထားတယ်။ ဒီတော့ကာ ကျုပ် ဘာသိရသလဲဆိုတော့ ညာသန်သမားတယောက်ဟာ ဗယ်ကိုင် တုတ်ကောက်ကို ကိုင်ထားခြင်း ဖြစ်လေတော့ ဥစ္စာရှင် မဟုတ်ဘူးလို့ ပြောနိုင်တယ်။

"သို့သော် ဘယ်သူဘယ်ဝါဆိုတာ မသိရသေးတော့ ဒီအချက်ကလေးဟာ ပထမတော့ ဆန်းရုံလောက် ရှိတာပဲ။ ဒီ့နောက် တခါ အလောင်းရဲ့ဖိနပ်ကို ကျုပ်တို့ တွေ့ရပြန်တော့ ကျုပ်တို့မြင်ခဲ့တဲ့ ခြေရာတွေဟာ ဦးဘသန်းခြေရာပဲလို့ ကျုပ်တို့ သိရတယ် မဟုတ်လား။ ဒါကြောင့် ကိုယ်ပိုင်မဟုတ်တဲ့ တုတ်ကောက်ကို ကိုင်ပြီး လမ်းလျှောက်တဲ့ လူတယောက်ဟာ ဦးဘသန်းနဲ့ အတူပါလာတယ်လို့ ကျုပ်တို့ သိရတယ်။

"ဒီ့နောက် ဦးဘလန်းက သူ့မှာ တုတ်တချောင်း ပျောက်သွားတယ်။ သူကလဲ ဗယ်ကိုင်လို့ ပြောပြန်တယ်။ ပြီးတော့ မှားထားတဲ့ တုတ်ကို ကျုပ်တို့ ထုတ်ပြတော့ သံကွေးကို ကြည့်ခြင်းအားဖြင့် ညာကိုင် ဖြစ်တယ်ဆိုတာ ကျုပ်သိရတယ်။ ဒီတော့ကာ ဗယ်သန်သမားတယောက် တုတ်ကောက် ပျောက်ပြီး ညာကိုင်သမား ကိုင်တဲ့ တုတ်ကောက် ရထားတယ်ဆိုတာ တွေ့ရတယ်။

"ပြီးတော့တခါ ကျုပ်တို့တွေ့ခဲ့တဲ့ ခြေရာမှာ ညာကိုင်သမားတယောက် ဗယ်ကိုင်တုတ်ကို ကိုင်ပြီး သေသူ ဦးဘသန်းနဲ့အတူ လမ်းလျှောက်တာကို တွေ့ရတယ်။ တုတ်ကောက်ချင်း မှားတာလဲ ရွှေတံဆိပ်ကိစ္စနဲ့ ပတ်သက်လို့ ဦးဘလန်းရဲ့ အလုပ်တိုက်ကို လာဖူးတဲ့လူဖြစ်တော့ ဒီရွှေတံဆိပ်ကို လိုချင်တဲ့သူ ဖြစ်ရမယ်လို့ ကျုပ်တို့ သိရတယ်။

"ဒီတော့ ကျုပ်တို့ ဘာကြည့်ရမလဲဆိုတော့ ထိုသူသည် သူလိုချင်တဲ့ ရွှေတံဆိပ်ကို ရသလား၊ မရဘူးလားဆိုတာ ကြည့်ရမယ်။ ကျုပ်တို့ မီးခံသေတ္တာ သွားကြည့်တယ်။ ကြည့်တာနဲ့ တပြိုင်နက် သူ ရသွားတယ်ဆိုတာ ကျုပ် တွေ့ရတယ်"

ကျွန်။ ။"ဒါဖြင့် မီးခံသေတ္တာထဲက ရွှေတံဆိပ်ဟာ အတုပေါ့"

ရှား။ ။"ဒါပေါ့ဗျာ။ သို့သော် တော်တော်ကလေး သပ်သပ်ရပ်ရပ် ထုထားတာပဲ။ အချိုးတော့ သိပ်မမှန်ဘူး။ အပေါက် ဖောက်ထားတာလဲ မှန်ဘီလူးနဲ့ ချောင်းကြည့်တော့ အတွင်းဘက်မှာ ခပ်ပြောင်ပြောင်ဖြစ်နေလို့ လတ်လတ်ဆတ်ဆတ် ဖောက်ထားတာပဲလို့ ဟိုတုန်းကတည်းက ကျုပ် ရိပ်မိတယ်"

ကျွန်။ ။"ဒီဟာကို ဦးမြင့်လုပ်တယ်လို့ ခင်ဗျား ဘယ့်နှယ် သိသလဲ"

ရှား။ ။"ကျုပ်က အတပ်တော့ မပြောနိုင်ပါဘူး။ သို့သော် သူပဲဖြစ်တန်ရာတယ်လို့ မှန်းဆရတာပဲ ရှိတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူ့လက်ထဲမှာ ရွှေတံဆိပ်ကို လိမ့်ကားတဲ့ မြေစေးတုံးလဲ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းအထွာလဲ သူသိဘယ်။ သူ့အလုပ်ရုံထဲမှာလဲ ပန်းထိမ်ဖိုနဲ့ ဘာနဲ့ဆိုတော့ ဒီလောက်စွည်းကို နေ့ချင်းပြီးအောင် သူလုပ်နိုင်လောက်တယ်။ ဒါကတော့ အတွေးပဲဗျ။ သို့သော် သူ့လက်ထဲမှာ ဦးဘသန်းရဲ့ တုတ်ကောက်ကို သွားတွေ့တော့ သူပဲလို့ တပ်အပ်စွဲနိုင်တယ်''

ကျွန်။ ။''ကျောင်းဆောင်ကလေးထဲမှာ ဒီရွှေတံဆိပ် ထည့်ထားတယ်လို့ ခင်ဗျား ဘယ့်နှယ်သိသလဲ''

ရှား။ ။''ဆံပင်နီတဲ့ အမေရိကန်သားကို မြင်လိုက်ကတည်းက ဦးမြင့်နဲ့ သူနဲ့ဟာ ဒီရွှေတံဆိပ်ကို အပ်ကြမှာမို့ ချိန်းထားတယ်ဆိုတာ တွေးနိုင်တာပေါ့ဗျ။ ဟိုလူက ဒီစွည်းဟာ သူ့ဟာပါလို့ ပြောနေတော့ ဒီအထဲမှာ ရွှေတံဆိပ်ကလေး ပါလိမ့်မယ်လို့ အတပ်လောက် ပြောနိုင်တာပေါ့။ ဒါနဲ့ ကျုပ်က အဆက်ကလေးတွေကို မှန်ဘီလူးနဲ့ သေသေချာချာ လိုက်ကြည့်လိုက်ပြီး ထင်လောက်တဲ့ နေရာမှာ ဓားနဲ့ ကလန့်ပြီး ဖွင့်လိုက်တော့ ရွှေတံဆိပ်ကလေး ထွက်လာတယ် မဟုတ်လားဗျ''

ကျွန်။ ။''ဦးမြင့်က ဦးဘသန်းကို ဘယ်ပုံဘယ်နည်း အဆိပ်ခတ်သတ်သလဲဗျာ''

ရှား။ ။''ဒါကတော့ ခုချက်ချင်းမှာ အတွေးလောက်ရှိသေးတာပဲ။ ကျုပ်အထင်တော့ အဆိပ်တမျိုးမျိုးကို ယူဆောင်လာခဲ့ပြီး ဗိုလ်ဆန်ဆန်လူစုမို့ အရက်ကလေး ဘာလေး သောက်ကြတုန်းမှာ ဦးဘသန်းရဲ့ ဖန်ခွက်ထဲကို အမှတ်တမဲ့ ထည့်ပေးလိုက်ဟန် တူတယ်။ အဆိပ်ကလဲ 'ဇီယာနိုက်' ဆိုတဲ့ အဆိပ်မျိုးဆိုတော့ တကျိုက်သောက်မိယင် တခါတည်း ကိစ္စတုံးတာပဲ။ သို့သော် ဒီအချက်တွေကတော့ ဦးမြင့်ကိုယ်တိုင်က ဖြောင့်ချက်ပေးတော့မှပဲ ဟုတ် မဟုတ် ကျုပ်တို့ သိရမှာပဲ''

ကျွန်။ ။''ဖန်ခွက်ကကော ဘယ့်နှယ်လဲဗျ''

ရှား။ ။''အမှုန်မှာ ဖန်ခွက်ကိုကြည့်ကတည်းက သူ့ဟာသူ သတ်သေတာ မဟုတ်ဘူးဆိုတာတော့ ကျုပ် ရိပ်မိပါရဲ့။ ဦးဘသန်းသောက်တဲ့ ဖန်ခွက်ကတော့ စားပွဲပေါ်မှာရှိတာ ဟုတ်ပါပြီ။ ကြွက်လျှောက်ပေါ်က ဖန်ခွက်က ရှိသေးတယ်။ အဲဒါက ဘယ့်နှယ်လဲဆိုတော့ ဦးမြင့်ဟာ ဦးဘသန်းနဲ့အတူတူ အရက်သောက်ပြီး သူသောက်တဲ့ ဖန်ခွက်မှာ လက်ရာမကျန်ရစ်အောင် ဆေးပြီးမှ ကြွက်လျှောက်ပေါ်မှာ မှောက်ထားခဲ့တာကိုးဗျ''

ကျွန်။ ။''တယ်လာတဲ့ လူပါလားဗျ။ ဒီနောက်မှ ဦးဘသန်းရဲ့ အင်္ကျီအိတ်ထဲက သော့တွဲကို နှိုက်၊ မီးခံသေတ္တာကို ဖွင့်၊ တံဆိပ်အစစ်ကို ယူ၊ အတုကို လဲထားခဲ့။ ဒီလိုလားဗျ''

ရှား။ ။''ဒီလိုဖြစ်ရမှာပေါ့''

ကျွန်။ ။''အဆိပ်ပုလင်းကော သူယူလာခဲ့တာပဲလား''

ရှား။ ။''ယူလာခဲ့ရုံမကသေးဘူး။ သူ့ဟာသူ သောက်သေတယ် ထင်အောင် ထမင် ထားပစ်ခဲ့သေးတယ်''

ဤအမှုကို ရုံးတင်၍ စစ်ဆေးသောအခါ တရားခံ၏ ဝတ်လုံသည် ကျင်လည်စွာ လျှောက်လဲသော်လည်း ဦးစံရှား၏ ဖိနပ်ခြေရာနှင့် တုတ်၏ ပုံစံများသည် တရားသူကြီးကို ကောင်းစွာ ကျေနပ်စေသည် ဖြစ်၍ အပြစ်ထင်ရှားသည်ဟု စီရင်ချက် ချမှတ်လေ၏။

ဆံပင်နီသော အမေရိကန် ပြည်သားမှာမူ ရွှေတံဆိပ်ကို အလိုရှိကြောင်း ထင်ရှားသော်လည်း လူသတ်မှုတွင် ပါဝင်သည်ဟု ထင်ရှားစွာ ဖော်ပြရန် မတတ်နိုင်သောကြောင့် တရားသေ လွှတ်ပစ်လိုက်ရပေ၏။



www.burmeseclassic.com

www.burmeseclassic.com



သီရိမဂ္ဂလာသောဏမင်းကြီး၏ ရွှေတံဆိပ်တော်ကို လက်ခံ သိမ်းပိုက်ခွင့်ရှိသူ ဦးဘလန်းမှာကား ဦးဘသန်းကဲ့သို့ ရွှေးဟောင်းပစ္စည်းများ စုဆောင်းရန် ဝါသနာပါသူတယောက် မဟုတ်သောကြောင့် အဆိုပါ အမေရိကန် ခရီးသည်သို့ပင် ဒေါ်လာ ငါးထောင် (မြန်မာငွေ သောင်းငါးထောင်ခန့်) မျှနှင့် ရောင်းချလိုက်သည့်ပြင် အသက်အာမခံ ကုမ္ပဏီမှ ငွေတသောင်းကိုလည်း ဦးဘလန်းသည် ထုတ်ယူနိုင်လေ၏။

ဦးဘလန်းမှာ ဦးစံရှား၏ အကူအညီဖြင့် ငွေ ၂၅၀၀၀ိ ရရှိသည် ဖြစ်သောကြောင့် ကျေးဇူးဆပ်လိုသော သဘောဖြင့် ၃၀၀၀ိ တန် ချက်လက်မှတ်တစောင်နှင့် စာတစောင်ကို စာတိုက်မှ ရီဂျစ္စတြီပို့လုပ်ပေးပို့လိုက်ရာ ဦးစံရှားသည် စာအိတ်ကို ဖွင့်ကြည့်ပြီးနောက်—

"ကျုပ်တို့ အမှုလိုက်ရတာတွေဟာ မေတ္တာရှိတွေက များနေတာပဲ။ ဒီလိုဟာလေး တချီတပွဲ တွေ့ပြန်တော့ ခင်ဗျားတို့ ကျုပ်တို့ ဆူဖြိုးသွားပြန်တာလေဗျာ" ဟု ခပ်ပြုံးပြုံး ပြောလိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ၁၁။ တိုင်ကပ်နာရီများ ရိုက်ခွဲမှု*

၁၉၂၉ ခုနှစ် တနေ့သော မိုးဥတုရာသီတွင် ကျွန်တော်နှင့် ဦးစံရှားတို့သည် လမ်း ၄၀ မှ ရွှေ့ပြောင်းပြီး ဘာရတ်ကင်းလမ်း ဒုတိယထပ်ရှိ ဦးစံရှား၏ နေအိမ်တိုက်ခန်းတွင် ထိုင်လျက်ရှိကြစဉ် မိုးကလေး တဖွဲဖွဲကျ၍ ပြတင်းပေါက်ခန်းဆီးများကို စိုရွှဲမည်စိုးသည်နှင့် ရှေ့ပိုင်းရှိ ပြတင်းတံခါးများကို ပိတ်ထားကြရ၏။ အချိန်မှာ နံနက်စာ ကာဖီနှင့် ပေါင်မုန့်မီးကင် နှစ်ချပ်စီ စားပြီးကြသည့် ၇ နာရီခန့်ဖြစ်လေရာ ဦးစံရှားသည် ဆိုဖာကြီးပေါ်၌ ခပ်စောင်းစောင်းထိုင်ကာ ဆေးတံကိုခဲလျက် အင်္ဂလိပ်နှင့် မြန်မာ သတင်းစာ လေးငါးစောင်ကို တစောင်စီ လှန်လှော၍ဖတ်ရှုလျက်ရှိ၍ ကျွန်တော်ကမူ သူဖတ်ပြီး၍ ပစ်ချလိုက်သော သတင်းစာများကို ကောက်ယူ ဖတ်ရှုလျက်ရှိ၏။ ဦးစံရှားသည် အခြားနေရာများတွင် 'သဝင်တို'ခြင်းကို မတွေ့ရသော်လည်း သတင်းစာဖတ်သည့် နေရာ၌ သူကသာလျှင် ရှေးဦးစွာ ဖတ်ရမှ ကျေနပ်သူတယောက်ဖြစ်လေသည်။ ကျွန်တော်တို့သည် သတင်းစာ လေးငါးစောင် ယူကြသော်လည်း တစောင်စီ ပို့လာသော သတင်းစာများကို သူသည်သာလျှင် ရှေးဦးစွာဖတ်၍ သူဖတ်ပြီးမှ ကျွန်တော့်ဘက်သို့ ပစ်ပေးလိုက်သော သတင်းစာကို ကျွန်တော်က ကောက်ယူရလေသည်။ သူ၏ အပြုအမူကို ကျွန်တော် ခွင့်လွှတ်နိုင်သော အကြောင်းတခုမှာ သူသည် သတင်းစာတစောင်ကို ကြာရှည်စွာ မဖတ်ပဲ ငါးမိနစ် အလွန်ဆုံး ဆယ်မိနစ်အတွင်း ကျွန်တော့်ဘက် ပစ်ပေးလိုက်သည်ချည်း ဖြစ်လေသည်။ နှစ်ယောက်လုံး သတင်းစာများကုန်အောင်ဖတ်ပြီးကြ၍ ဦးစံရှားက ဆေးတံ၊ ကျွန်တော်က ဆေးပြင်းလိပ် အသီးသီး ဖွာလျက်ရှိကြစဉ်—

ကျွန်။ ။"သတင်းစာတွေထဲမှာ စိတ်ဝင်စားလောက်တဲ့ အမှုအခင်းမျိုး ဘာမှ မတွေ့ရဘူးဗျ နော်"

ရှား။ ။"အမှုအခင်းနဲ့ ပတ်သက်လို့တော့ ခေတ်ကောင်းတွေ လွန်ကုန်ပြီထင်ပဗျ။ အဆန်းတကြယ် တယ် မတွေ့ရပါဘူး။ သတ်လိုက် ပေါ်လိုက်၊ ခိုးလိုက် မိလိုက်ပါပဲ"

ကျွန်။ ။"မိခြင်း မမိခြင်းထက် အဆန်းအပြားကလေးတွေ မတွေ့ရတာကို ကျွန်တော်က နှမြောတာဗျ။ ဟိုတုန်းကဆိုယင် ဘောင်ဒရီလမ်း လူသတ်မှုတို့၊ မျက်စိတဘက်လပ် အသင်းတို့ဆိုတဲ့ အမှုတွေက သိပ်မွှိုင်တာပဲ။ နောက်ပိုင်းကျတော့ ခပ်ခြောက်ခြောက်တွေက များလှတယ်ဗျ"

---

* ဤဝတ္ထုကို ၁၉၆၁၊ စက်တင်ဘာလထုတ် သွေးသောက်မဂ္ဂဇင်းတွင် တွေ့ရှိရသည်။ မြန်မာပြည်စာအုပ်တိုက်နှင့် နှလုံးလှစာအုပ်တိုက်ထုတ် ဦးစံရှား စာအုပ်များတွင် မပါဖူးသေးသော ဦးစံရှားဝတ္ထုများအနက် တပုဒ်ဖြစ်သည်။ မူရင်းကို ကိုနင်ဒွိုင်းဝတ္ထုများတွင် မတွေ့ရသေး။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

မှူး။ ။ ''ဟုတ်တော့ ဟုတ်တယ်။ သို့သော် သူရိယ သတင်းစာထဲမှာ သတင်း ခပ်ဆန်းဆန်း ကလေးသာ . . . မဆိုနိုင်ဘူး''

ကျွန်။ ။ ''ငွေ . . . ချုပ်ကို နှစ်ချုပ်ဖြစ်အောင် လုပ်ပေးနိုင်တယ်ဆိုတာလားဗျာ''

ရှား။ ။ ''ဒါက မြန်မာ့အလင်းသတင်းစာထဲမှာပါတဲ့ လိမ်နည်းသတင်းပါဗျ။ ကျုပ်ပြောတာက ရှမ်းစော်ဘွား . . . ကို နံ့သကြောင်းကြံသလိုလို မဆက်ဘူးဆိုတဲ့ သတင်းဟာလေ''

ထိုခဏ၌ ဟိုက်းရှမှ မော်တော်ကား ဟွန်းသံကြားသည်နှင့် ကျွန်တော်ရော ဦးစံရှားပါထ၍ ပြတင်းပေါက်ကိုဖွင့်ကာ ငုံ့ကြည့်ကြ၏။ ထိုးစံမှာ ဦးစံရှားကိုယ်တိုင် ထကြည့်လေ့မရှိ။ ကျွန်တော်သာ ကြည့်ရမြဲဖြစ်သော်လည်း ဦးစံရှားသည် အမှုကောင်းကောင်း မလိုက်ရသည်မှာ အတန်ကြာပြီဖြစ်၍ အမှုရှာသည့်အနေဖြင့် သူကိုယ်တိုင် ထ၍ကြည့်ခြင်း ဖြစ်လေသည်။ အမှုဆာသည်ဆိုရာ၌ ငွေလိုသောကြောင့်မဟုတ်။ အမှုစုံထောက်သူများ မနေတတ် မထိုင်တတ်ဖြစ်အောင် ပျင်းရိငြီးငွေ့တတ်သော ဝါသနာကြောင့်ဖြစ်လေသည်။

တခြောက်ခြောက် ကျလျက်ရှိသော မိုးဖွဲကလေးများသည် ရပ်စဲစပြုလျက်ရှိရာ ကျွန်တော်တို့၏ တိုက်လှေကားရင်းတွင် ကားဆင်ကြီးတစီး ရပ်လျက် ဒရိုင်တာက ကားတံခါးကို ဖွင့်ပေးပြီး မိန်းကလေး တယောက် . . . ၍ လှေကားမှ တက်လာသော ခြေသံများ ကြားရလေ၏။ ထို့နောက် အခန်းတံခါး ခေါက်သံကြား၍ ကျွန်တော်က ပြတင်းပေါက်မှ အခန်းတံခါးဆီသို့သွားပြီး တံခါးဖွင့်ပေးလိုက်သဖြင့် မိန်းကလေး . . . ဝင်လာလေသည်။ ကျွန်တော်တို့နှစ်ယောက်သည် လှေကားရင်းတွင် ရိပ်ကနဲ မြင်လိုက်ရပြီးဖြစ်၍ မိန်းမ . . . တယောက်ဟု သိကြပါလျက်နှင့် အခန်းတွင်းသို့ ဝင်လာသောအခါ အံ့အားသင့်မိကြ . . . အကြောင်းမူကား ဤမျှလောက် ချောမောလှပ ချစ်ခင်စရာကောင်းပြီး သနားစရာလည်း ကောင်းသော မိန်းကလေးတယောက်ကို မမြင်ဖူးသလောက် ရှိနေကြသောကြောင့် ဖြစ်ပါသည်။

မိန်းကလေးသည် ကြည်လင်တောက်ပ၍ သမင်ငယ်၏ မျက်လုံးများနှင့်တူသော မျက်လုံးပြူးများဖြင့် ကျွန်တော်တို့ . . . ကြည့်လျက်ရှိရာ သူ၏ ချောခြင်းထက် ကြည့်ပုံကလေးက စိတ်ထိခိုက်စေလှသည်။ . . . မော်တော်ကားကြီးသစ်သလောက် အဖိုးတန်အမျိုးအစားမဟုတ်။ အနွမ်းလည်း မ . . . သော အမျိုးအစားဖြစ်သည်။ အမှုအရာမှာ အရေးကြီး၍ စိုးရိမ်မကင်းသော အမူအရာကို ဖော်ပြလျက်ရှိ၏။ လက်ယာဘက် လက်၌ ကိုင်ထားသော လက်ဆွဲအိတ်ကလေးသည် တုန်လျက်ရှိခြင်းကို . . . လှေကားကိုတက်ရ၍ မောသောကြောင့် မဟုတ်တန်ရာပဲ ပူပင်သောက . . . ကြောင့် ရင်ဘတ်ကို ဖိနှိပ်လျက် ရှိလေ၏။

မိန်း။ ။ ''. . . ကလေးရှင်၊ ဦးတို့နှစ်ယောက်မှာ ဘယ်သူက ဦးစံရှားပါလဲရှင်'' ဟု မေးလိုက်ရာ အသံမှာ . . . လည်း တုန်လှုပ်သည့် လက္ခဏာကို ဖော်ပြနေသည်။

ရှား။ ။ ''. . . ဦးပါပဲ။ ဒီဟာက လုပ်ဖော်ကိုင်ဘက် ဦးသိန်းမောင်ပါပဲ''

မိန်း။ ။ ''. . . တွေ့လို့ ဝမ်းသာလိုက်တာ ဦးတို့ရှင်၊ ကျွန်မလာခဲ့တဲ့ ကိစ္စက၊ ကိစ္စက....''

မိန်း . . . ၍ စကားမပြောနိုင်ပဲ ရှိုက်ကြီးသော အမှုအရာနှင့် ရပ်တန့်လျက်ရှိရာ ကျွန်တော်တို့သ . . . အသက် ၁၈ နှစ်ထက်မပိုနိုင်ဟု ခန့်မှန်းမိလေ၏။ အသက် ၂၀ ကျော် ဖြစ်ခဲ့လျှင် ဤမျှလောက် ရှိုက်ကြီးနေမည်မဟုတ်ဟု ဆိုလိုပါသည်။

ဆက်ရန်အကြံ

www.burmeseclassic.com

ဦးစံရှားသည် အားပေးသောအနေဖြင့် မိန်းကလေး၏ အိတ်ကလေးကို ယူ၍ အနီးရှိ စားပွဲကလေးပေါ်တွင် တင်ထားပြီး အသက်သာဆုံးသော ကုလားထိုင်သို့ခေါ်၍ ထိုင်စေပြီးမှ သူ၏ဆေးတံကို ပါးစပ်မှ ဖြုတ်ကာ "ဖြည်းဖြည်းဗျ၊ ဖြည်းဖြည်း။ အလျင်မလိုပါဘူး။ အချိန်ရှိပါတယ်" ဟု ပြောလေ၏။

မိန်းကလေးသည် ဦးစံရှား ပို့ထားသော ကုလားထိုင်ပေါ်တွင် ထိုင်လျက် ကျေးဇူးတင်သော မျက်နှာထားနှင့် ဦးစံရှားအားကြည့်လျက် "လူတွေက ပြောကြပါတယ်။ ဦးက လူ့စိတ်ကို သိနိုင်တယ်ဆို"

ရှား။ ။"ဘယ်လို သိတယ်လို့ ကြားဖူးသလဲ"

မိန်း။ ။"မိန်းကလေး တယောက်မှာ ချစ်သူ ရှိ မရှိ သိနိုင်တယ်လို့ ပြောကြပါတယ်"

ရှား။ ။"သူတို့ပြောတာ များလွန်းပြီထင်တယ်။ ဦးကလူပျိုဖြစ်ခဲ့လေတော့ ဒီကိစ္စမျိုးမှာ သူများနောက်မှ သိမှာပေါ့"

မိန်း။ ။"လူတွေက ပြောလိုက်ကြတာဦးရယ်၊ အမှုကိစ္စနဲ့ပတ်သက်ပြီး ဦးဆီကို လာတိုင်ပင်တဲ့အခါ ဖွင့်ပြောနေဖို့တောင် မလိုဘူးတဲ့။ ဦးက အားလုံး သိပြီးဖြစ်နှင့်နေပြီတဲ့"

ရှား။ ။"ဘယ်ဟုတ်ပါလိမ့်၊ ဒီလိုဆို ဦးက စေတောပရိယ အဘိညာဉ်ရနေပြီပေါ့။ ဒီလောက်လဲ မဟုတ်ပါဘူး။ မိန်းကလေးဟာ မိထွေးနဲ့ နေရတယ်။ ချစ်ကြိုက်နေတဲ့ ရည်းစားတယောက်ရှိတယ်ဆိုတဲ့ အပြင် ဦး ဘာမှ မသိပါဘူး"

ထိုအခါ မိန်းကလေးသည် အံ့သြချီးမွမ်းသော မျက်နှာထားနှင့် ဦးစံရှားကို မော့ကြည့်လိုက်ရာ ကျွန်တော်သည် ရည်းစားရှိခြင်း အကြောင်းကို တွေးယူနိုင်သော်လည်း မိထွေးနှင့် နေရသည်ဟူသော အခြင်းအရာကို ဘယ်လို အကဲခတ်လေသနည်းဟု အံ့သြမိပါသည်။

မိန်း။ ။"ဒါ့ကြောင့်လဲ လူတွေက ပြောကြပေတာကိုး။ မိထွေးနဲ့နေတာကို ဦးက ဘယ်လိုလုပ်ပြီး သိနိုင်တာလဲ ဦးရယ်"

ရှား။ ။"မိန်းကလေးစီးလာခဲ့တဲ့ မော်တော်ကားနဲ့ ဝတ်ထားတဲ့အဝတ်ဟာက သိပ်ပြီးမစပ်ဟပ်ဘူးဗျ။ မော်တော်ကားက ခန့်လွန်းတယ်။ ဝတ်ထားတဲ့အဝတ်နဲ့ အဆင်အပြင်ကတော့ သိပ်ပြီး အခန့်စားကြီး မဟုတ်လှဘူး။ သို့သော် မော်တော်ကားပေါ်က ဆင်းလာပုံကတော့ တော်တော် ပိုင်ပိုင်နိုင်နိုင်ရှိတယ်။ ဒရိုင်ဘာက ဆင်းပြီး တံခါးဖွင့်ပေးတဲ့ပုံစံကလဲ ကားပိုင်ရှင်တယောက်ကို ဖွင့်ပေးတဲ့ ရိုသေနှိမ့်ချတဲ့ အမူအရာမျိုးလဲ မဟုတ်၊ တရံဆံတယောက်က ငှားစီးလာတဲ့ တော်ရိလျော်ရိ အမူအရာမျိုးလဲမဟုတ်တတ်။ စကာကျတဲ့ ဟန်ပန်မျိုးကို မြင်လိုက်ရတယ်။ ဒီတော့ ကားပိုင်ရှင်ရဲ့ သမီးလဲ မဟုတ်၊ လုံးဝ မလေးစားလောက်တဲ့ ဟာထဲကလဲ မဟုတ်နိုင်ဘူးလို့ ဆိုလိုချင်တယ်"

ကျွန်။ ။"ကားပိုင်ရှင်တယောက်ရဲ့ တူမတယောက်ကော မဖြစ်နိုင်ဘူးလားဗျာ"

ရှား။ ။"ကျုပ်မျက်စိထဲမှာတော့ ဒရိုင်ဘာရဲ့အမူအရာဟာ တူမတယောက်ကို လေးစားပုံထက်တော့ နည်းနည်းပိုတယ်လို့မြင်တယ်။ တော်တော်ကလေး ရင်းနှီးတဲ့သဘောလဲ ဖော်ပြတယ်။ တူးတာကလေးကတော့ သိမ်မွေ့တယ်လေ။ တော်တော်ကြီး အလေ့အကျင့်လုပ်ထားတဲ့ လူတယောက်မှ မြင်တတ်လိမ့်မယ် ထင်တယ်"

မိန်း။ ။"ချစ်သူရှိတယ်ဆိုတဲ့ စကားကကော ဦးရယ်"

ရှား။ ။"မိန်းကလေးရဲ့ မျက်နှာထားက ရှိတဲ့ ရှက်တဲ့ အမူအရာ ဖော်ပြနေတာပဲ။ တခြားကိစ္စဆိုယင် ဒီလောက် ရှိရှက်ဖို့ မရှိဘူးပေါ့။ ပြီးတော့ မိန်းကလေးရဲ့စကားထဲမှာ ရည်းစား ရှိ မရှိကို သိတယ်

www.burmeseclassic.com


ဆိုတာ တလုံးပါလေတော့ ရည်းစားရှိထားလို့သာ ဒီလိုပြောတာပေါ့။ ရည်းစားမရှိတဲ့ မိန်းကလေး တယောက်ဆိုယင် ဒီလိုပြောဖို့ ခဲယဉ်းတယ်''

မိန်း။ ။''မှန်ပါတယ် ဦးရယ်၊ သူ့အတွက် လာရခြင်း ဖြစ်ပါတယ်။ ကျွန်မ နာမည်က မိမိလေး ပါတဲ့။ ဖခင်က....''

ရှား။ ။''ဖခင် မရှိတော့ဘူး မဟုတ်လား''

မိန်း။ ။''မှန်ပါတယ် ဦးရယ်။ ဖခင်က စက်ရှင်တရားသူကြီး (Sessions Judge) ဦးသာကျော်၊ မိခင်က ဒေါ်မြမေပါတဲ့။ မိခင် ဒေါ်မြမေ ကွယ်လွန်တဲ့နောက် ဖခင်က ဒေါ်တင်တင်နဲ့ အိမ်ထောင်ကျပါတယ်။ နောက်တဖန် ဖခင်ကွယ်လွန်သွားပြန်တော့ ကျွန်မမှာ မိထွေးဖြစ်သူ ဒေါ်တင်တင်နဲ့ အတူနေရပါတယ်''

ရှား။ ။''အစ်မအကြီးဖြစ်တဲ့ မိမိကြီးကတော့ကော''

မိန်း။ ။''မမက မြို့အုပ်တယောက်နဲ့ အိမ်ထောင်ကျပြီး ဗန်းမော်မှာ နေကြပါတယ် ဦးရယ်''

ရှား။ ။''မိန်းကလေးက ကွန်ဗင့်ကျောင်းထွက် မဟုတ်လား''

မိန်း။ ။''ဘာကြောင့်လဲ ဦးရယ်''

ရှား။ ။''Sessions Judge လို့ ခေါ်လိုက်တဲ့ အင်္ဂလိပ် အသံထွက်ဟာက ဦးနှာထဲမှ ဒုက်ကနဲ လာရိုက်လို့ပဲ။ ဒါထက် ချစ်သူအတွက် လာရအောင် ဘယ်လိုကိစ္စ ပေါ်လို့လဲ''

မိန်း။ ။''ပြောရမှာ ရှက်စရာကြီးပဲ ဦးရယ်။ ပြောမှ ဖြစ်မှာမို့ ပြောရတော့မှာပဲ။ ကိုမောင်မောင်က ရူးများ ရူးလေသလားလို့ စိုးရိမ်လို့ပါ ဦးရယ်''

ရှား။ ။(ပြုံးလျက်) ''ဒီလိုဆို စိတ္တဇဆေးရုံ သွားမှထင်တယ် မိန်းကလေး''

မိန်း။ ။''ဒီလို တပ်တပ်အပ်အပ် မပြောနိုင်လို့ ဦးဆီကို လာရခြင်း ဖြစ်ပါတယ်''

ရှား။ ။''ဘယ်လိုဖြစ်ရပုံလဲ သူငယ်မရယ်''

မိန်း။ ။''ကိုမောင်မောင်ကလေ တိုင်ကပ်နာရီကို လုံးလုံးကြည့်လို့ မရဘူး ဦးရဲ့''

ဦးစံရှားသည် ဆေးတံသောက်ယင်း နားထောင်နေရာမှ ဆေးတံကိုချပြီး ငေါက်ကနဲ ထထိုင်လိုက်လေ၏။

ရှား။ ။''ဩော် ဆိုစမ်းပါအုံးဗျာ''

မိန်း။ ။''ကိုမောင်မောင်က ဒီတလလောက်အတွင်းမှာ တိုင်ကပ်နာရီကြီး ၄ လုံး ခွဲပြီးပြီရှင့်။ နှစ်လုံးကတော့ လူရှေ့သူရှေ့ ကျွန်မတို့ မျက်စိအောက်မှာပဲ ရိုက်ခွဲလိုက်ပါတယ်''

ဦးစံရှားသည် သဘောကျသည့် အမူအရာနှင့် လက်ဖဝါးနှစ်ဘက်ကို ပွတ်လျက် ''ဟုတ်ပြီ၊ ဟုတ်ပြီ။ ဆိုစမ်းပါအုံး မိန်းကလေးရဲ့''

မိန်း။ ။''လွန်ခဲ့တဲ့ နွေရာသီတုန်းက ဒေါ်တင်တင်နဲ့ ကျွန်မနဲ့ ကလောမြို့သွားပြီး ကလောဟိုတယ်မှာ တည်းခိုကြပါတယ်။ သာစည်ဘူတာမှာ မီးရထားပြောင်းပြီး ဒုတိယတန်းထဲမှာ နှစ်ယောက်တည်း စီးကြရာမှာ ကိုမောင်မောင် တက်လာပါတယ်''

ရှား။ ။''ရှေးက မသိခဲ့ကြဘူးပေါ့''

မိန်း။ ။''ကျွန်မကဖြင့် အဲဒီတော့မှ သူ့ကို မြင်ဖူးပါတယ်''

ရှား။ ။''စိတ်ဆွေဖြစ်ပုံ ပြောပါအုံးကွယ်''

www.burmeseclassic.com


မိန်း။ ။"သာစည်က ကလောအထိ သုံးယောက်တည်း စီးလိုက်လာကြရာမှာ ကိုမောင်မောင်က လူပုံလဲ မှန်ရည်၊ လည်လည်ဝယ်ဝယ်လဲ စကားပြောတတ်၊ ပုံတိုပတ်စကလေးတွေနဲ့ ကျွန်မတို့ သားအမိ နှစ်ယောက်ကို အပျင်းဖြေလိုက်တာ နှစ်ဘူတာ သုံးဘူတာလောက် စီးမိကြတော့ နှစ်ပေါင်းများစွာ သိကျွမ်းလာခဲ့ကြတဲ့ မိတ်ဆွေဟောင်းတယောက်လောက် အကျွမ်းဝင်ကြတော့တာကိုးရှင့်"

ရှား။ ။"သူကကော ဘယ်ထိအောင် သွားမလို့တဲ့လဲ"

မိန်း။ ။"သူကလဲ အပူရှောင်ရအောင် လာခဲ့တာ။ ကလောတိုတယ်မှာပဲ တည်းဖို့တဲ့ရှင့်"

ရှား။ ။"ဩော် ဩော်" ဟု ဆိုလျက် ကျွန်တော့်ကို လှမ်းကြည့်လိုက်၏။

မိန်း။ ။"ကလောမှာ မီးရထားဆိုက်လို့ သူ့ပစ္စည်း ကိုယ့်ပစ္စည်းတွေကို ကိုယ့်အခန်းကိုယ် ပို့စေပြီး နောက်ဆုံးမှာ ဧည့်သည်အားလုံးနဲ့ဆိုင်တဲ့ 'လော်ဘီ' ခန်းထဲမှာ ဆုံကြပါတယ်"

ရှား။ ။"ကိုမောင်မောင်က တယောက်တည်းလား"

မိန်း။ ။"သူ့မှာ ဗမာလိုလို ရှမ်းလိုလို အစေခံတယောက် ပါတယ်ရှင့်"

ရှား။ ။"ကိုင်း ဆိုပါအုံးကွယ်"

မိန်း။ ။"လော်ဘီခန်းထဲမှာ ဗိုလ်ကပြားတွေရော ဘာရော စားပွဲကလေးတွေနဲ့ ထိုင်ကြပြီး လင်မနစ်သောက်သူက သောက်၊ ဘီယာသောက်သူက သောက်နေကြတုန်းမှာ ကျွန်မနဲ့ မျက်နှာချင်းဆိုင် ထိုင်နေတဲ့ ကိုမောင်မောင်က ဗြုန်းဆို ထပြီး ဘာမပြော ညာမပြောနဲ့ တိုင်ကပ်နာရီကြီးကို သူ့လက်က တုတ်ကောက်နဲ့ 'ဂွမ်း ဂွမ်း ဂွမ်း' ဆို သုံးလေးချက် ရိုက်ခွဲလိုက်တာ အစိတ်စိတ် အမွှာမွှာ ဖြစ်ကုန် ပါလေရောရှင်"

ရှား။ ။"နာရီက ဘယ်လိုနေရာမှာ ထားတာလဲ။ သူ့နောက်က ထင်ရဲ့"

မိန်း။ ။"ဟုတ်တယ်ရှင့်။ သူ့နောက်က လိုက်ကာကလေး ကွယ်နေလေတော့ သူက မမြင်ရဘူး။ ကျွန်မကသာ မြင်ရတယ်ရှင့်"

ရှား။ ။"ဧည့်သည်တွေကော ဘာဖြစ်ကုန်ကြသလဲ"

မိန်း။ ။"အလန့်တကြား ဖြစ်ကုန်ကြတာပေါ့။ ကိုမောင်မောင်ကတော့ နာရီကို ရုတ်တရက် ထခွဲလိုက်တုန်း ကြောက်သလိုလိုနဲ့ ကယောင်ကတန်း ဖြစ်သွားပေမယ့် ရိုက်ခွဲလဲပြီးရော မျက်နှာထားရှိုးရှိုးနဲ့ ပြန်ထိုင်ပြီး မန်နေဂျာကို ငွေတရာတန်စက္ကူတရွက် ထုတ်ပေးလိုက်တယ်ရှင့်"

ရှား။ ။"မန်နေဂျာက ဘာပြောသေးသလဲ"

မိန်း။ ။"ဘာမှမပြောဘူးရှင့်။ ကိုမောင်မောင်ပေးတဲ့ ငွေစက္ကူကို တရိုတသေနဲ့ ကုန်းကွပြီး ယူလိုက်တာပဲ။ နောက်ခဏကြာတော့ သက္ကလတ်ခေါင်းစွပ်ကလေးနဲ့ ရှမ်းလိုလို ဗမာလိုလို ကိုမောင်မောင့် အစေခံဝင်လာပြီး သူ့သခင်အတွက် ရှက်ပုံရပြီး မျက်နှာထား ပျက်သွားတယ်ရှင့်"

ရှား။ ။"အစေခံက ဘယ်အရွယ်လောက်ရှိပြီလဲ"

မိန်း။ ။"ဒီလူက ဘယ်အရွယ်မျိုးလဲလို့ အကဲခတ်ဖို့ ခက်တယ်ရှင့်။ သုံးဆယ်တွင်းလဲ ဖြစ်နိုင်တယ်။ သုံးဆယ်ကျော်လဲ ဖြစ်နိုင်တယ်။ လူတမျိုးပါပဲရှင်"

ရှား။ ။"နောက်ကောကွယ်"

မိန်း။ ။"တရက် နှစ်ရက်လောက်တော့ ဘာမှ မဖြစ်ဘူးရှင့်။ သို့သော် ဗိုလ်ကပြားဧည့်သည်တွေကတော့ သူ့ကို ခပ်ရှောင်ရှောင် လုပ်နေကြတယ်။ တနေ့ညနေကျတော့ ကိုမောင်မောင်က တုတ်ကောက်ကချောင်းနဲ့ လမ်းလျှောက်ရာက ပြန်လာရာမှာ ကျွန်မတို့ ထိုင်နေကြတဲ့ စားပွဲခန်းထဲ ရောက်တော့


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အနားမှာ ဝင်ထိုင်၊ ဗြုန်းဆို ထသွားပြီး လိုက်ကာ ဟိုဘက်မှာရှိတဲ့ တိုင်ကပ်နာရီကြီးတလုံးကို ရိုက်ခွဲပြန်လေရောရှင်''

ရှား။ ။''ဒီတခါလဲ လျှော်လိုက်ရပြန်ရောလား''

မိန်း။ ။''လျှော်ရပြန်တာပေါ့ရှင်။ ပြီးတော့ ထူးဆန်းတာတခု ရှိသေးတယ်ရှင့်''

ရှား။ ။''ဆိုပါအုံးကွယ်''

မိန်း။ ။''ကိုမောင်မောင်က တိုင်ကပ်နာရီကြီးတွေကို ခွဲခွဲပြီး အမှတ်အသားအဖြစ်နဲ့ အစအန တခုကို သိမ်းသိမ်းထားတတ်သတဲ့ရှင့်။ ဒီလို သိမ်းထားရတာ ၇ လုံး ရှိပြီတဲ့''

ရှား။ ။''မိန်းကလေးက ဘယ့်နှယ်သိသလဲ''

မိန်း။ ။''သူ့တပည့် ကိုပွတ်စူးက ကျွန်မကိုပြောပြတယ်။ ကိုပွတ်စူးနဲ့ ကျွန်မက တော်တော် အကျွမ်းတဝင် ဖြစ်လာကြတယ်ရှင့်။ ဒီလူက သူ့သခင်ကို သိပ်ချစ်တာပဲ။ သူ့သခင် အကြောင်းများ ပြောရယင် ထမင်းမစားပဲ ပြောနိုင်တဲ့လူတယောက်ပဲ။ ကျွန်မက နားထောင်ချင်တာနဲ့တော့ အတော် ကျနေတာပေါ့ ဦးရယ်''

ရှား။ ။''မိန်းကလေးနဲ့ ကိုမောင်မောင်နဲ့ ချစ်ကြိုက်နေကြပြီလို့ ကိုပွတ်စူးက သိသလား''

မိန်း။ ။''ရိပ်မိမှာပေါ့ရှင်။ ဟိုတယ်မှာတည်းတုန်း ကျွန်မတို့ ခဏခဏ စာပေးစာယူ လုပ်နေ ကြတာကိုး။ ကိုပွတ်စူးက စာတိုက်ပုံးကြီးပဲရှင့်''

ရှား။ ။''ကြော် ဆက်စမ်းပါအုံးကွယ်''

မိန်း။ ။''တညနေမှာ ကျွန်မတို့သားအမိနဲ့ ကိုမောင်မောင်နဲ့ လမ်းလျှောက်နေကြတုန်း ပို့စမင်း ရောက်လာလို့ ကိုမောင်မောင်က သူ့အတွက် ပါလာတဲ့ စာတစောင်ကို ဖွင့်ဖတ်ယင်း မျက်နှာပျက်သွား တယ်။ မျက်နှာပျက်ရုံမကဘူး၊ အင်မတန် ထိတ်လန့်ပုံလဲ ရတယ်။ နောက်တနေ့ နံနက်ကျတော့ ဆရာ တပည့် နှစ်ယောက်စလုံး မရှိကြတော့ဘူးရှင့်''

ရှား။ ။''ဟင် ဘယ်ရောက်သွားကြသလဲ''

မိန်း။ ။''ဘယ်ရောက်သွားမှန်း မသိဘူး။ ကနေ့ထက်ထိ သတင်းမကြားရတော့ဘူးရှင်''

မိန်းကလေးမှာ မျက်ရည်ဝိုင်းလာသဖြင့် ပဝါဖြူနှင့် သုတ်ရှာသည်။

ရှား။ ။''ပျောက်သောသူ ရှာလျှင်တွေ့သတဲ့ မိန်းကလေးရယ်၊ အားမငယ်ပါနဲ့''

မိန်း။ ။''ကျွန်မကတော့ သိသမျှ အကုန်ပြောပါတယ်။ ဦးကလဲ ပွင့်ပွင့်လင်းလင်း ပြောဖို့ ကောင်းပါတယ်ရှင်။ ကျွန်မကို သနားပါ''

ရှား။ ။''ဘာပြောရမှာလဲ မိန်းကလေး''

မိန်း။ ။''ဦးက သူ့ဆီ ရေးလိုက်တဲ့စာထဲမှာ ဘာတွေများ ပါလို့ပါလဲရှင်''

ဦးစံရှားရော ကျွန်တော်ပါ လွန်စွာအံ့ဩလျက်ရှိကြ၏။ ထို့နောက် ဦးစံရှားသည် အံ့ဩသော အမူအရာပျောက်၍ စဉ်းစားလျက်ရှိလေ၏။

ရှား။ ။''ဦးက ကိုမောင်မောင့်ဆီကို စာရေးတယ်လား''

မိန်း။ ။''သူဖတ်တဲ့ စာထဲမှာ ဦးရဲ့လက်မှတ်ကို ကျွန်မမြင်လိုက်ရပါတယ်ရှင်။ ဒါကြောင့် ကျွန်မ ဒီကို လာခဲ့ခြင်းဖြစ်ပါတယ်''

ဦးစံရှားသည် ဆေးတံကိုဖွာယင်း ယပ်၍ စဉ်းစား စိတ်ကူးပြန်၏။

www.burmeseclassic.com



ရှား။ ။"ဦးတို့အလုပ်က အမှုသည်ကိုသာမေးပြီး ကိုယ်တိုင် အဖြေမပေးသင့်တဲ့ နေရာမျိုးလဲ ရှိတယ်ကွယ့်၊ တခု မေးစမ်းပါရစေအုံး။ နောက်ဆုံးအချိန်အထိ ကိုမောင်မောင်နဲ့ ဒေါ်တင်တင်နဲ့ဟာ သင့်သင့်မြတ်မြတ်ပဲလား။ ဆက်ဆံပုံ အမူအရာ ပြောင်းလဲခြင်းများ တွေ့မိသလား"

မိန်း။ ။"ပိုပြီး ကြင်နာပုံရတယ်လို့တောင် ထင်မိပါတယ်။ ဘာကြောင့် မေးတာလဲ ဦးရယ်"

ရှား။ ။"ဒေါ်တင်တင်နဲ့ မိန်းကလေးက ဘယ်မှာ နေကြတယ်"

မိန်း။ ။"ကြို့ကုန်းက နေပြည်တော်ဆိုတဲ့ တိုက်မှာ နေပါတယ်"

ရှား။ ။"ဩော် ခေါင်းတိုင်တပ်ထားတဲ့ ဘာဘူကုလားမကြီးရဲ့ တိုက်ကြီးဟာလား"

မိန်း။ ။"ဟုတ်ပါတယ်ရှင်။ ကုလားမကြီးက ခဏ ခဏ အအေးမိတတ်လေတော့ မိုးအခါတို့၊ ဆောင်းတွင်းတို့မှာ မီးလှုံရအောင် ခေါင်းတိုင်ထည့်ပြီး ဆောက်ထားခဲ့တဲ့ တိုက်ပါပဲ။ ဘာဘူကုလားမကြီး ဘင်္ဂလားပြန်တော့ တိုက်ကို ဖေဖေက ဝယ်ယူလိုက်ပါတယ် ဦးရယ်"

ရှား။ ။"ဒေါ်တင်တင်က မန္တလေးသူလား"

မိန်း။ ။"မှန်ပါတယ်ရှင်၊ ဖေဖေက ပင်စင်ယူပြီး ဒီအိမ်ကြီးကို ဝယ်တော့ ဒေါ်တင်တင်က နေပြည်တော်လို့ မှည့်ဖို့ အကြံပေးပါသတဲ့"

ရှား။ ။"ကိုင်း မိန်းကလေး ပြန်ပေတော့၊ ဒီကိစ္စကို ဦးစုံစမ်းပြီး အကြောင်းကြားပါ့မယ်။ ဒါထက် မိန်းကလေးက ကျောင်းထွက်ပြီးပြီလား"

မိန်း။ ။"ဆယ်တန်းအောင်ပြီးလို့ ကောလိပ်တက်ဖို့ စီစဉ်နေပါတယ်၊ ဦးက ကျွန်မ မေးတဲ့ မေးခွန်းကို မဖြေသေးပါလား ဦးရယ်"

ရှား။ ။"ဦးပြောခဲ့ပြီကော၊ ဦးတို့အလုပ်က မေးခွန်းတိုင်းကို ဖြေလို့မဖြစ်ဘူး။ အချိန်တန်တော့ နွားပိန် ကန်လိမ့်မယ်ဆိုတဲ့ အညာစကားပုံလိုပေါ့။ ကိုင်း၊ ကနေ့ ကြာသပတေးနေ့ မဟုတ်လား၊ နောက် ကြာသပတေးနေ့ ညနေ ၇ နာရီတိတိ ရောက်အောင် လာခဲ့ပေတော့"

ဦးစံရှား၏ စကားသည် နောက်ဆုံးပိတ် စကားဖြစ်သည်ဟု မိန်းကလေးက သိသည်နှင့် ထိုင်ရာမှ ထလိုက်ရသော်လည်း မျက်နှာထားမှာ မကျေမနပ်ဖြစ်နေခြင်းကို ကျွန်တော် မြင်ရသဖြင့် ဝင်၍ ပြောရသေးသည်။

ကျွန်။ ။"စိတ်ချပါ မိမိလေး။ ဦးစံရှားက တာဝန်ယူတယ်ဆိုယင် ကိစ္စပြီးမချင်း မနားမနေ ဆောင်ရွက်တတ်ပါတယ်။ ဦးကလဲ ကူညီပြီး ဆောင်ရွက်ပါ့မယ်။ စိတ်ချသွားပါ"

မိန်းကလေးသည် ကျွန်တော့်အား အလွန်ကျေးဇူးတင်ပုံရသော မျက်နှာနှင့် လှမ်းကြည့်ကာ ပြုံးပြုံးကြီး နှုတ်ဆက်ပြီးနောက် ဆင်းသွားလေ၏။ နှစ်ယောက်တည်း ရှိကြသောအခါ ကျွန်တော်သည် ဦးစံရှားအပေါ်မှာ မကျေမချမ်းရှိသည်နှင့်—

ကျွန်။ ။"ဟုတ်သားပဲဗျာ၊ ခင်ဗျားလုပ်ပုံက အားမရစရာကြီးပဲ။ ဒီကိစ္စ သိပ်ပြီးအရေးကြီးပုံ မရတာကတော့ မှန်ပါတယ်။ နို့ပေမယ့် တိုင်ကပ်နာရီကြီး ၇ လုံးရိုက်ခွဲထားတဲ့ အရူးကိုမောင်မောင့်ဆီကို ဘာလို့ ခင်ဗျားက စာတတန် ပေတတန် ရေးနေရတာလဲဗျ"

ရှား။ ။"ကျုပ်မရေးရပါကလား ကိုသိန်းမောင်"

ကျွန်။ ။"အလိုဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှား။ ။"ကျုပ်နာမည်ကို အလွဲသုံးစားလုပ်ပြီး ကိုမောင်မောင်ကို ခေါ်ထုတ်သွားတဲ့ လက္ခဏာရှိတယ်။ ဒီအမှုဟာ ပေါ့ပေါ့တော့တော့ လုပ်လို့ မဖြစ်ဘူး။ တော်တော်ကလေး အန္တရာယ်ကြီးတဲ့ အမှုနဲ့တူတယ်ဗျ။ ကျုပ်ကိုယ်တိုင် ခရီးထွက်ပြီး ထောက်လှမ်းဖို့ လိုနေတယ်ဗျ"

ကျွန်။ ။"ဘယ်ကိုလဲဗျာ၊ ကလေးကိုလား"

ရွှား။ ။"ကလောနဲ့ တောင်ကြီးတင် မကဘူးဗျ။ ရှမ်းပြည်နယ်အနှံ့ လိုက်ရလိမ့်မယ် ထင်တယ်။ ကျုပ်အတွေးအခေါ် နည်းတွေကို ခင်ဗျားလဲ သိပြီးပဲဗျ။ စဉ်းစားပါတော့လား"

ကျွန်။ ။"ကိုမောင်မောင်ဆိုတဲ့လူက တိုင်ကပ်နာရီကြီးကိုမြင်ရယင် ကြောက်တတ်တာကိုတော့ ကျွန်တော်သိပါပြီ။ ဒါက ဘာကြောင့်လဲဗျ။ ရူးတာပဲ မဟုတ်လား"

ရွှား။ ။"မြင်လို့ မဟုတ်ဘူးဗျ။ အသံကို ကြားလို့ လန့်ခြင်းပဲ။ ပြီးတော့ ကြောက်တယ်လို့လဲ မဆိုနိုင်ဘူး။ ဘေးအန္တရာယ် တခုခု စိုးရိမ်တဲ့အတွက် ကာကွယ်တဲ့သဘော ဖြစ်နိုင်တယ်။ ကြောက်လန့်ပြီး ကယောင်ကတမ်းနဲ့ လုပ်မိလုပ်ရာ လုပ်ခြင်း မဟုတ်ဘူး။ အဓိပ္ပာယ်ရှိတယ်ဗျ"

ကျွန်။ ။"ဘာအဓိပ္ပာယ်လဲဗျ"

ရွှား။ ။"အဓိပ္ပာယ်ကိုတော့ နောက်ကြာသပတေးနေ့ ညနေ ၇ နာရီထိုးတော့ သိပါလိမ့်မျာ:"

ဦးစံရွှားသည် ခရီးရှည်ထွက်သည့် သားရေသေတ္တာ၊ အိပ်ရာလိပ် စသည့် ဝန်စည်စလယ်များနှင့် ထွက်သွားလေရာ ကျွန်တော်လည်း ကွမ်းခြံဘူတာသို့ လိုက်၍ ပို့လိုက်ပါသေးသည်။

ကြာသပတေးနေ့ ညနေ၌ ကျွန်တော်သည် ဦးစံရွှားပြန်လာမည့်နေ့ဖြစ်သည်ဟု သတိရပါသည်။ သို့ရာတွင် ညနေပိုင်းကတည်းက ရှိုင်းရယ်ဟိုတယ်၌ မိတ်ဆွေတယောက်နှင့် ဘီလိယက်ထိုးခဲ့မိရာ ၇ နာရီထိုးခါနီးတွင်မှ ပြီး၍ အိမ်သို့ ကပျာကရာ ပြန်လာခဲ့ရ၏။ ဦးစံရွှားမှာမူကား ရောက်နှင့်နေလေပြီ။ ကျွန်တော် တက်သွားသောအခါ ဦးစံရွှားသည် စားပွဲတွင် စာရေးလျက်ရှိရာမှ လှည့်ကြည့်လိုက်သောအခါ ကျွန်တော့်ကို မြင်ရာ မျှော်လင့်ချက် မကိုက်သည့် လက္ခဏာနှင့် မျက်နှာ ပျက်သွား၏။ သူ့စိတ်ထဲ၌ မိမိလေးကို မျှော်ဟန်တူရာ ကျွန်တော် ဖြစ်နေခြင်းကို တွေ့ရ၍ မျက်နှာပျက်ခြင်း ဖြစ်ဟန်တူပေသည်။ ကျွန်တော့်ကို မြင်ရ၍ ဦးစံရွှား မျက်နှာ မသာယာခြင်းကို ဤတကြိမ်မျှသာ ကြုံဖူးပါသည်။

ကျွန်။ ။"ဘယ့်နှယ်လဲ၊ နေရာကျလားဗျ"

ရွှား။ ။"တိုက်ရိုက်တော့ မတွေ့ခဲ့ဘူးဗျ။ ရှမ်းပြည်တော့ နှံ့ရောဗျာ။ ဒီလူက ကျုပ်လက်မှတ်နဲ့ စာကိုရလို့ ချက်ချင်း ကလောက ထွက်သွားပေမယ့် နောက်ကျတော့ သူ့ကို မျှားခေါ်တဲ့ စာလိမ်ပဲလို့ သိသွားဟန်တူတယ်"

ထိုအခါ၌ ကျွန်တော်တို့၏ တိုက်ရှေ့တွင် မြင်းရထား တစီး ဆိုက်ရပ်သံ ကြားရ၍ မိမိလေးသည် တိုက်ပေါ်သို့ တက်လာလေရာ သူ၏ နောက်မှ လူတယောက် ပါလာ၏။ ကျွန်တော်တို့သည် မိမိလေး ပြောဖူးသည့် လူပုံပန်းကို သတိရခြင်းအားဖြင့် ကိုပွတ်စူး ဖြစ်သည်ဟု အကဲခတ်နိုင်ကြလေသည်။ ခရီးရောက်မဆိုက်ပင် မိမိလေးက—

မိန်း။ ။"ကိုမောင်မောင် ရန်ကုန် ရောက်နေပြီ ဦးရေ"

ရွှား။ ။"ဦးလဲ ထင်ပါတယ်။ ဘယ်မှာ တည်းသတဲ့လဲ"

မိန်း။ ။"ကျွန်မတို့ အိမ်မှာလေ။ ဒီမနက်ကပဲ ရောက်လာတယ်"

ရွှား။ ။"နေပြည်တော်မှာလား"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



မိန်း။ ။"ဟုတ်ပါတယ်။ ကျွန်မက ဦးဆီကို ဖုန်းဆက်ပြောဖို့ သတိတော့ရပါတယ်။ မေမေတင်က ညနေတော့မှ သွားပြောတာပေါ့ဆိုလို့ မပြောလိုက်ရတူး ဦးရယ်။ ခုတော့မှ ကိုမောင်မောင်က ကိုပွတ်စူးကို စာတစောင် ပေးပို့ ခိုင်းလေတော့ ကျွန်မနဲ့အတူတူ ခေါ်လာခဲ့ရတယ်"

ကျွန်တော်တို့သည် မိမိလေးနောက်မှ ရပ်လျက်ရှိသော ကိုပွတ်စူးကို ကြည့်လိုက်သော အခါ ထိုသူသည် လက်ထဲတွင် စာတစောင်ကို ကိုင်ထားခြင်းကို မြင်ရ၏။ ထိုအခါ ဦးစံရှားသည် ကိုပွတ်စူး အနီးသို့ ချဉ်းကပ်၍—

ရှား။ ။"ဟေ့လူ၊ စာပြစမ်း"

စူး။ ။"မပြဘူးဗျ။ သခင်က ပေးခိုင်းတဲ့ စာပဲ။ ဘယ်သူ့မှ မပြဘူး"

ရှား။ ။"မဟုတ်ပါဘူး။ စာကို ဖွင့်မဖတ်ပါဘူး။ လိပ်ကို ကြည့်ချင်လို့ပါ"

စူး။ ။"မပြနိုင်ဘူးဗျ"

ရှား။ ။"ဟေ့လူ၊ ကိစ္စက အရေးကြီးတယ်။ မင့်သခင် သေသွားနိုင်တယ်။ နားလည်လား"

စူး။ ။"သေလဲ မတတ်နိုင်ဘူးဗျာ။ ကျွန်တော်က အမိန့်အတိုင်း လုပ်ရမှာပဲ"

ဦးစံရှား၌ သတ္တိထူး တခု ရှိသည်မှာ အလွန်ခေါင်းမာသော လူများကို ချော့မော့ပြော၍ မရသော အခါ မျက်လုံးနှင့် တချက်ကြည့်ပြီး ဇွတ်လုပ်သော်လည်း မတော်လွန်ဝံ့ပဲ ခံနေတတ်ခြင်းပင် ဖြစ်သည်။ ဦးစံရှားသည် ပွတ်စူးကို တချက် ပြုံးကြည့်ပြီးနောက် စာအိတ်ကိုင်ထားသော ပွတ်စူး၏လက်ကိုဆွဲဆန့်၍ စာအိတ်မယူပဲ လိပ်ကို ကြည့်ရုံသာ ကြည့်လေ၏။

ရှား။ ။"ဩော် ပုလိပ်မင်းကြီး မစ္စတာပရဲစ်တန်ဆီပါလား။ သွား သွား၊ ချက်ချင်းသွားပေးချေ"

ပွတ်စူးလည်း စာကို အိတ်ထဲသို့ ထည့်၍ လှေကားမှ ဆင်းပြေးလေ၏။

မိန်း။ ။"ကျွန်မ မပြောရသေးဘူး။ မေမေတင်က မှာလိုက်သေးတယ်ရှင့်။ ဦးစံရှားကို ချက်ချင်း လာခဲ့ပါတဲ့"

ရှား။ ။"ကား မပါခဲ့ဘူးလား"

မိန်း။ ။"ခက်ပါတယ်ရှင်။ အရေးထဲမှာ နေ့လယ်က ကားချင်း တိုက်မိပြီး ဝပ်ရှော့မှာ အပ်ထားရတယ်ရှင်"

ရှား။ ။"အင်း သွေးရိုးသွားရိုးမှ ဟုတ်ပါလေလား မဆိုနိုင်ပါဘူး။ ဘယ်သူစီးတာလဲ"

မိန်း။ ။"ကိုမောင်မောင် စီးသွားတာရှင့်"

ရှား။ ။"ကိုင်း ကိုသိန်းမောင်၊ အင်းစိန်လော်ကယ် အချိန်စာရင်း ကြည့်စမ်းဗျာ"

ကျွန်တော်သည် လော်ကယ် အချိန်စာရင်းကို ကြည့်ရာတွင် လော်ကယ်ရထား ထွက်ချိန်များမှာ ၇း၃၀၊ ၈း၀၀၊ ၈း၄၀ ဟူ၍ တွေ့ရ၏။

ကျွန်။ ။"၈ နာရီ ရထားတော့ ရှိသေးတယ်ဗျို။ မြန်မြန် လုပ်ကြစို့"

ဦးစံရှားသည် ကျွန်တော့်အား ထုံးစံအတိုင်း ပစ္စတိုသေနတ်ကို ကိုင်စေ၍ သူကိုယ်တိုင်မှာမူ ခဲသီး တပ်သော ကြိမ်လုံးကိုသာ ကိုင်ခဲ့လေ၏။

ရှား။ ။"ကျုပ်က ပစ်ဆို ပစ်နော် ကိုသိန်းမောင်၊ လက်မနှေးစေနဲ့ဗျ။ ခင်ဗျား လက်နှေးယင် ကျုပ်တို့လူစု အစိတ်စိတ် အမွှာမွှာ ဖြစ်ကုန်နိုင်တယ်နော်"

မိန်း။ ။"ဘေးအန္တရာယ် ရှိတယ်လား ဦးရယ်"

ရှား။ ။"ရှိတော့ ရှိတယ်။ သို့သော် မကြောက်ပါနဲ့။ အချိန်မီလောက်ပါတယ်"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် မြင်းရထား တစီး ခေါ်၍ (ထိုခေတ်၌ တက္ကစီ အနည်းငယ်ရှိသော်လည်း ရှားရှားပါးပါး ရသည်) ကွမ်းခြံကုန်းသို့ သွားကြရာ ရောက်ကြသောအခါ၌ လော်ကယ်မီးရထား ထွက်သွားပြီ ဖြစ်၍ နောက်မြီးကိုသာ မြင်လိုက်ကြရတော့သည်။ ဤတွင်မှ ကျွန်တော်တို့သည် တက္ကစီရမအောင် ရှာကြပြန်၏။ တက္ကစီများသည် မီးရထားဆိုက်ချိန်၌ ဘူတာရုံအနီးမှာ ရှိဘတ်သော်လည်း ဤအချိန်မှာမီးရထား ဆိုက်ချိန် မဟုတ်သောကြောင့် တစီးမျှ မရှိချေ။ နောက်ဆုံး၌ ကျွန်တော်တို့သည် တတ်နိုင်ပါဘူးဟု အောက်မေ့ကာ နောက်ရထားကို စောင့်ယင်း လင်မနစ် သောက်ကြရန် စားပွဲရုံ ဝင်ကြလေ၏။

ကျွန်။ ။"ရှမ်းပြည်ဘက်ကို လိုက်သွားတာ ဘာတွေ့ခဲ့ရတယ်လို့ မကြားရသေးပါလားဗျ"

မိန်း။ ။"ဟုတ်ပါတယ် ဦးရယ်။ ကြားပါရစေအုံးရှင်"

ရှား။ ။ကိုမောင်မောင်ဟာ ဘာလူမျိုးထင်သလဲ မိန်းကလေး"

မိန်း။ ။"ကျွန်မကတော့ ဗမာထင်တာပဲ။ စကားပြောပုံ လုံးလုံးမဝဲဘူးရှင့်"

ရှား။ ။"အဖေက ရှမ်း၊ အမေက ဗမာပဲ။ သူ့အမေက အငြိမ့်သမတဲ့။ ရှမ်းဆိုပေမယ့် ရှမ်းရိုးရိုး မဟုတ်ဘူး။ စော်ဘွားသားတဲ့ဗျ"

မိန်း။ ။"ဩော် ဟုတ်ကဲ့လား ဦးရယ်"

ရှား။ ။"သူ့အဖေ စော်ဘွားကြီးမှာ ရှမ်းမတယောက်နဲ့ သားတယောက် ရှိသေးတယ်"

မိန်း။ ။"ရှမ်းမတယောက်ဆိုတာ မဟာဒေဝီလားရှင်"

ရှား။ ။"မဟုတ်ဘူး။ မဟာဒေဝီက သားသမီးတယောက်မှ မမွေးဘူး။ စော်ဘွားကြီးက ဗမာအငြိမ့်သမကို မြတ်နိုးလေတော့ ရှမ်းမကမွေးတဲ့သားကို မမြှောက်စားဘူး။ ဗမာမကမွေးတဲ့ သားကို စော်ဘွားမြှောက်ခဲ့သတဲ့"

ကျွန်။ ။"ကျွန်တော် ရိပ်မိပြီဗျ၊ ဒါကြောင့် ရှမ်းမက မွေးတဲ့သားက သူ့ကိုလုပ်ကြံဖို့ ကြိုးစားတယ် မဟုတ်လား"

ရှား။ ။"မှန်တယ်၊ ဒါကြောင့် စော်ဘွားက ကိုမောင်မောင့်အမည်နဲ့ သူ့နယ်က တိမ်းရှောင်နေရတယ် ဆိုကပဲ"

ကျွန်။ ။"အင်္ဂလိပ်အစိုးရ ရှိသေးတာပဲခင်ဗျာ။ အကာအကွယ် မပေးဘူးလား"

ရှား။ ။"အင်္ဂလိပ်အစိုးရက ရှမ်းနဲ့ဗမာဆိုယင် ရှမ်းဘက်လိုက်တယ်ဗျ။ ရှမ်းနဲ့ ဗမာမှာ ဗမာက ထောင်ဘယ် မဟုတ်လား။ ထောင်တဲ့လူကို နှိမ်ခြင်းဟာ သူတို့ပေါ်လစီပဲဗျ"

ကျွန်။ ။"ဟုတ်ပါပြီဗျာ။ ဒါဖြင့် တိုင်ကပ်နာရီကိစ္စက ဘယ်နှယ်လဲဗျ"

ရှား။ ။"ကိုမောင်မောင်က သူ့ကို 'တိုင်းဗုံး'နဲ့ လုပ်ကြံလိမ့်မယ်လို့ သတင်းရထားတယ်ဗျ"

မိန်း။ ။"တိုင်းဗုံးဆိုတာ ဘာလဲ ဦးရယ်"

ရှား။ ။"နာရီလို သံပတ်ပေးထားပြီး အချိန်ကျတော့ ပေါက်ကွဲတဲ့ ဗုံးမျိုးပေါ့"

မိန်း။ ။"ဩော် ဟုတ်လိမ့်မယ် ဦးရေ။ နာရီကြီးတွေ ရိုက်ခွဲခြင်းဟာ တိုင်းဗုံးထင်လို့ ဖြစ်မှာပဲ"

ရှား။ ။"နာရီကြီးကို ရိုက်ခွဲစဉ်က သူ့မျက်စိနဲ့ မြင်ရလို့ မဟုတ်ဘူး။ အသံကြားရလို့ဆို။ မိန်းကလေးကိုယ်တိုင် မြင်ရတယ် မဟုတ်လား"

မိန်း။ ။"ဟုတ်ပါတယ်ဦးရယ်။ ပြီးတော့ မေမေတင်က တနေ့ကမှ ကျွန်မကို စကားတလုံး ပြောပြသေးတယ်"

ရှား။ ။"ဘာများ ပြောသလဲ"

www.burmeseclassic.com


မိန်း။ ။"ကိုမောင်မောင်ကို သူသိတာကြာပြီတဲ့၊ ကျွန်မတို့အဖေ ရှမ်းပြည်မှာ နယ်ပိုင်ဝန်ထောက် လုပ်တုန်းက ဓော်တွားရဲ့ဖောင်ကို မေမေတင်တို့ သွားလည်ကြတော့ ကိုမောင်မောင်ကို တွေ့ခဲ့တယ်တဲ့ရှင့်"

ရှား။ ။"ဪ ဒါဖြင့် တလောတုန်းက ဒီအကြောင်းကို ဘာကြောင့် မပြောမပြောသလဲကွယ်"

မိန်း။ ။"ဓော်တွားဆိုပေမယ့် ပုန်းလျှိုးကွယ်လျှိုးနေရတဲ့ အခိုက်ဖြစ်လို့မို့ ကျွန်မကို မပြောပါနဲ့အုံးလို့ ကိုမောင်မောင်က မှာထားလို့တဲ့ရှင့်"

ကျွန်တော်တို့သည် စားပွဲခန်းမှ ထွက်လာကြ၍ ၈း၄၀ အချိန်ထွက်သော ရထားနှင့် ကြို့ကုန်းသို့ လိုက်လာကြလေ၏။

ကျွန်တော်တို့ သုံးယောက်သည် အင်းစိန်လော်ကယ်ရထား ဒုတိယတန်းတွဲ၌ လိုက်ပါသွားကြစဉ် တဘက်သော တွဲထောင့်၌ ခရီးသည် နှစ်ယောက် သုံးယောက် ပါလာခြင်းမှတပါး ကျွန်တော်တို့ထောင့်တွင် လူရှင်းလျက်ရှိကြောင်းကို တွေ့ရ၏။ ထိုရာတွင် ဦးစံရှားသည် ကျွန်တော်တို့နှင့် စကားမပြောပဲ ဆေးတံ သောက်ယင်း စဉ်းစားလျက်ရှိရာ ကျွန်တော်နှင့် မိမိလေးတို့သာလျှင် ကိုမောင်မောင်၏ ထူးဆန်းသော အမှုအရာ အကြောင်းကို ဝေဖန်ပြောဆိုလာကြလေသည်။ မီးရထားသည် ကမာရွတ် ဘူတာမှ ထွက်လည်းနှင့် တပြိုင်နက် ဦးစံရှားသည် သူ၏ နဖူးကို အလန့်တကြား လက်ဖဝါးနှင့်ရိုက်လျက်—

ရှား။ ။"ဟုတ်သားပဲကိုး၊ ငါ့နှယ် ဖျင်းလိုက်ပါဘိနော်။ ဒါကို မစဉ်းစားမိတာ အံ့ဩပါရဲ့"

ကျွန်။ ။"ဘာလဲဗျ ဆရာကြီး"

ရှား။ ။"ပွတ်စူးပေါ့ဗျ၊ ပွတ်စူးပေါ့"

မိန်း။ ။"ပွတ်စူး ဘာဖြစ်လို့လဲဦးရဲ့"

ရှား။ ။"ပွတ်စူးဟာ ကိုယ့်လူ မဟုတ်ဘူး၊ သူတို့လူပဲ မိန်းကလေးရဲ့"

မိန်း။ ။"သူ့သခင်ကို အင်မတန် ချစ်ခင်တာပဲ ဦးရယ်"

ရှား။ ။"လုပ်ကြံတဲ့လူစုက အတော်ညာဏ်သွားတဲ့လူစုပဲ။ မြွေပွေး ခါးပိုက်ပိုက်ဆိုတဲ့ စကားပုံ အတိုင်း စီမံထားခြင်းပဲ"

မိန်း။ ။"ဒါဖြင့် မြွေပွေးက ပွတ်စူးလား ဦးရယ်"

ရှား။ ။"ဟုတ်တာပေါ့၊ နှစ်ရှည် လများ ကြိုတင်ပြီးတော့ ပွတ်စူးကို လူယုံတော်ဖြစ်အောင် သွင်းထားနှင့်တယ် မိန်းကလေးရဲ့"

မိန်း။ ။"ဦးက ဘယ့်နှယ် သိသလဲရှင်"

ရှား။ ။"နာရီရိုက်ခဲ့တာ မိန်းကလေးက ဘယ်နှစ်ခါ မြင်ဖူးသလဲ"

မိန်း။ ။"ကျွန်မကိုယ်တိုင် နှစ်ခါ မြင်ဖူးတယ်ရှင့်"

ရှား။ ။ကျွန်တဲ့ ငါးကြိမ်ကတော့ ပွတ်စူး ပြောစကား မဟုတ်လား"

မိန်း။ ။"ဟုတ်ပါတယ် ဦးရယ်"

ရှား။ ။"နာရီ အစအနတွေကို သိမ်းထားတယ်ဆိုခြင်းဟာလဲ ပွတ်စူးက ပြောတာပဲ မဟုတ်လား"

မိန်း။ ။"ဟုတ်ပါတယ်ရှင်"

ရှား။ ။"အဲဒါ တခြားကြောင့် မဟုတ်ဘူး၊ ကိုမောင်မောင်ဟာ စိတ်မနှံ့တဲ့ လူတယောက်လို့ မိန်းကလေးနဲ့ ဒေါ်တင်တင်တို့ ထင်စေလိုလို့ ဖြစ်တယ်"

မိန်း။ ။"ကျွန်မတို့ ချစ်ကြိုက်တာကို ဖျက်ချင်လို့လားရှင်"

တတိယတကြိမ်

www.burmeseclassic.com



ရှား။ ။“ဒါက သူ့အလုပ်မဟုတ်ပါဘူး။ စိတ်မနှံ့လို့ နာရီကြီးတွေကို ရိုက်ခွဲတယ်လို့ ယူဆထားယင် သူတို့အကြံအစည်နဲ့ ပတ်သက်လို့ ထောက်လှမ်းစုံစမ်းခြင်း မပြုစေလိုလို့ပဲ”

ကျွန်။ ။“တိုင်းဖုံးထောင်တဲ့ အကြံအစည်လားဗျ”

ရှား။ ။“ဟုတ်တာပေါ့၊ ဒီကိစ္စနဲ့ပတ်သက်လို့ ကျုပ်ကိုတိုင်ပင်ကြောင်း ပွတ်စူးသိသွားပြီဖြစ်လို့မို့ သူတို့ကိစ္စကိုတွန်းထိုးပြီး ဆောင်ရွက်တော့မယ်လို့ ကျုပ်ထင်တယ်။ ဒီကနေ့ညအတွက် ကျုပ်စိုးရိမ်နေပြီဗျို”

မိန်း။ ။“ကိုပွတ်စူးကို ပုလိပ်မင်းကြီးဆီ ခိုင်းထားလို့ ရန်ကုန်ရောက်နေပြီဟာပဲ ဦးရယ်”

ရှား။ ။“ပွတ်စူးက ပုလိပ်မင်းကြီးဆီ သွားမှာမဟုတ်ဘူး။ စာကိုဆုတ်ပစ်ပြီး ကြို့ကုန်းပြန်ပြေးမယ့် ကောင်ပဲ”

ကျွန်တော်တို့သည် ကြို့ကုန်းဘူတာသို့ ရောက်ကြသောအခါ ဒေါ်တင်တင် ကိုယ်တိုင် ဘူတာရုံမှ စောင့်နေခြင်းကို တွေ့ရလေ၏။

ရှား။ ။“ပွတ်စူး ရောက်ပြီလား မင်းကတော်ကြီး”

တင်။ ။“သူက ရထားစောပြီး ရောက်လာတယ်”

ရှား။ ။“ဪ ထင်သားပဲ။ ကိုမောင်မောင့်ကို ဘယ်လို စီစဉ်ထားပါသလဲ ခင်ဗျာ”

တင်။ ။“ဦးစံရှားတို့ မလာမချင်း ဘယ်သူနဲ့မှ မတွေ့ရအောင် အခန်းတံခါးနဲ့ ပြတင်းပေါက်တွေ ပိတ်ပြီး လုံခြုံအောင် ထားခဲ့ပါတယ်”

ရှား။ ။“ပွတ်စူးကော ခင်ဗျ”

တင်။ ။“ပွတ်စူးက လိုလိုမည်မည်ဆိုပြီး တိုက်အမိုးပေါ် တက်ပြီး စောင့်နေပါတယ်”

ရှား။ ။“ဟိုက်၊ အိမ်က ဘယ်လောက်ဝေးသလဲ မင်းကတော်ကြီး”

တင်။ ။“မဝေးပါဘူး၊ တဖာလုံလောက်ပါပဲ။ ဒီသူငယ်ကို သူ့ဖခင် စော်ဘွားကြီး လက်ထက်ကတည်းက ဘယ်လိုများ ရေစက်ပါတယ် မဆိုနိုင်ဘူး။ သားကလေးလို ဒေါ်ဒေါ်က ချစ်ခဲ့တယ်။ သူ့ကို လုပ်ကြံတယ်လို့ ကြားလိုက်ရကတည်းက တခဏကလေးမှ စိတ်မအေးလို့ ဘူတာရုံကလာပြီး ဦးစံရှားတို့ကို ကြိုနေရပါတယ်။ ရောက်ပါပြီ၊ ဟောဒီတိုက်ပါပဲ”

ကျွန်တော်တို့သည် ဘင်္ဂလာ ဆောင်ကြီးသဖွယ် ခြောက်မြောင့် ပုံသဏ္ဌာန် ဆောက်လုပ်ထားသည့် တထပ်တိုက်ကြီးသို့ ရောက်လာကြ၍ မီးများ လင်းထိန်အောင် ထွန်းထားခြင်းကို တွေ့ရ၏။

ရှား။ ။“အမိုးပေါ်တက်တော့ ဘယ်နေရာက တက်သလဲ”

တင်။ ။“နောက်ဖေးမှာ ကြောင်လိမ်လှေကား ရှိပါတယ်”

ရှား။ ။“လာဗျို့ ကိုသိန်းမောင်၊ ဒေါ်ဒေါ်တို့တော့ ဝင်ပေါက်နားက နေရစ်ကြနော်။ တိုက်ထဲ မဝင်ကြနဲ့အုံး။ ကိုမောင်မောင် နေတာက ဘယ်နားက အခန်းလဲ”

တင်။ ။“အရှေ့တောင်ထောင့်က အခန်းထဲမှာ”

ကျွန်တော်နှင့် ဦးစံရှားတို့သည် ကြောင်လိမ် လှေကားသို့ သွားကြ၍ အပေါ်သို့ မတက်သေးမီ ဦးစံရှားက—

“ဟိုကောင့်ကို မြင်ယင် လက်မနှေးနဲ့ဗျနော်။ ပစ်သာ ပစ်”ဟု ပြော၍ သူကရှေ့မှတက်ပြီး ကျွန်တော်က နောက်မှ ကပ်လိုက်သွားလေ၏။ တိုက်အမိုးပေါ်၌ ခေါင်းတိုင်တခုရှိရာ ခေါင်းတိုင်အနီး၌ လူတယောက် ဝပ်နေသော ပုံသဏ္ဌာန်ကို ရိပ်ကနဲ မြင်လိုက်သလိုလို ရှိ၏။ နောက်တခဏ၌ မီးရောင်တခု လက်ကနဲ မြင်လိုက်ရ၍ ကျွန်တော်က မီးရောင်ရှိရာသို့ ဦးစံရှား ပြောထားသည့်အတိုင်း သေနတ်တချက်



www.burmeseclassic.com

www.burmeseclassic.com


ပစ်လိုက်ရာ လူတယောက်သည် ဝပ်ရာမှ ထ၍ လှေကားရှိရာသို့ ကမန်းကတန်း ပြေးသွားလေ၏။ ကျွန်တော်တို့လည်း သူ့နောက်သို့ လိုက်ကြရာ ထိုလူသည် လှေကားထစ်ကို ရုတ်တရက် ရှာမတွေ့ပဲ ခြေထောက်နှင့် စမ်းသပ်လျက်ရှိစဉ် ဦးစံရွှားက "ဟေ့ပွတ်စူး၊ မပြေးနဲ့"ဟု ပြောပြောဆိုဆို တုတ်ဖြင့် လှမ်းရိုက်လိုက်၏။ ပွတ်စူးသည် ဦးစံရွှား၏ တုတ်ကို ငုံ့၍ ရှောင်လိုက်ရာ တုတ်ချက်ကိုလွတ်သွားသော်လည်း လှေကားထိပ်၌ ဟန်ပျက်၍ အောက်သို့ ထိုးကျသွားလေ၏။ ထိုခဏ၌ 'အုံး'ကနဲ မြည်သော အသံကြီး ထွက်ပေါ်လာပြီး ခေါင်းတိုင်ပေါက်မှ မီးပွားများထွက်လာ၍ တကောင်းကင်လုံး ထိန်သွားပါတော့သည်။

"သောက်ကျိုးနည်းပြီဗျို့။ ကျုပ်တို့ နောက်ကျသွားပြီကောဗျာ" ဦးစံရွှားက လွှတ်ကနဲ ပြောယင်း ကြောင်လိမ်လှေကားမှ အပြေးအလွှား ဆင်းသွားလေရာ ကျွန်တော်က နောက်မှ လိုက်သွားလေ၏။ လှေကားရင်းသို့ ရောက်သောအခါ "ခင်ဗျားက ဒီကောင်ကို ကြည့်ရစ်ဗျ။ ကျုပ်က ကိုမောင်မောင့်ဆီကို သွားလိုက်အုံးမယ်"ဟု ဆိုကာ တိုက်ပေါက်ရှိရာသို့ ပြေးသွားလေ၏။ ကျွန်တော်သည် မလှုပ်မရှား ရှိနေသော ပွတ်စူးကို စမ်းသပ်ကြည့်ရာ လည်ကုပ်ကျိုးပြီး စင်းစင်းသေလျက် ရှိခြင်းကို တွေ့ရလေ၏။

တထပ်တိုက်ပင် ဖြစ်သော်လည်း ပွတ်စူးသည် မြေကြီးပေါ်သို့ ဦးခေါင်းဖြင့် စိုက်ကျ၍ ပွဲချင်းပြီး သေဆုံးဟန် ရှိလေသည်။

ထို့နောက် ကျွန်တော်သည် ဦးစံရွှားရှိရာသို့ လိုက်သွားသောအခါ စန္ဒရားပျက်ကြီးအနီး၌ ဒူးထောက်၍ ကုန်းနေသော ဦးစံရွှားနှင့် ဒေါ်တင်တင်တို့ သားအမိကို မြင်ရလေရာ ကြမ်းပေါ်၌ လူတယောက် ပက်လက်လန်လျက် လဲနေခြင်းကို တွေ့ရလေ၏။

ရွှား။ ။"တော်ပါသေးတယ်။ စန္ဒရားကြီးက အကာအကွယ်ပေးထားလို့ မူးရုံလောက် ရှိပါတယ်။ ဒဏ်ရာ မရှိပါဘူး။ ကဲ မိမိလေး၊ နှာဗူးယူခဲ့စမ်း"

ဦးစံရွှားက နှာဗူးကို နှာခေါင်းဝသို့ တေ့ပေးလိုက်ရာတွင် ထိုလူသည် မျက်စိပွင့်လာပြီး "မိမိလေး" ဟု ခေါ်လိုက်ရာ "ရှင်၊ ကိုမောင်မောင်"ဟု ဆိုကာ အနီးသို့ လာ၍ ဒူးထောက်သော မိမိလေးကို မြင်လိုက်ရ၏။

ကျွန်တော်တို့သည် နောက်ဆုံး လော်ကယ်ရထားနှင့် ရန်ကုန်သို့ ပြန်လာကြရာ—

ရွှား။ ။"ကိုင်း ကိုသိန်းမောင်၊ ဘာများ မေးစရာ ကျန်သေးသလဲဗျ"

ကျွန်။ ။"တိုင်းဗုံး စိတ်ကူးက သူတို့ ဘယ်က ရသလဲဗျာ"

ရွှား။ ။"စော်ဘွားသားဆိုတဲ့ ကောင်က လူလည်ဗျ။ အိန္ဒိယပြည်တွေ ဘာတွေ တော်တော်နှံ့အောင် ရောက်ခဲ့ပြီး 'နဟီလစ်' အသင်းသားတွေနဲ့ အဆက်အသွယ်လုပ်ခဲ့သတဲ့။ ဒီအသင်းသားတွေဟာက ဘုရင်မုန်းတီးရေးဝါဒတဲ့ဗျ။ ဘုရင်ဆိုယင် သူတို့က အားလုံး သတ်ပစ်ချင်တာပဲ။ သတ်တော့လဲ ဗုံးနဲ့ခွဲပြီး သတ်ရမှ ကျေနပ်တဲ့ လူစုတဲ့။ စော်ဘွားသားကလဲ ဒီအဖွဲ့ဆီက စိတ်ကူးကို ယူလာခဲ့ပြီး သူ့အစ်ကိုကို ဗုံးခွဲသတ်ဖို့ အစီအစဉ် လုပ်ခဲ့တာပဲ"

ကျွန်။ ။"ခုနက ခွဲတာဟာ တိုင်းဗုံးမှ မဟုတ်ပဲဗျာ"

ရွှား။ ။"တိုင်းဗုံးမရသေးလို့ စနက်တံနဲ့ ရှို့ရတဲ့ ဗုံးမျိုးနဲ့ လုပ်ကြံဟန်တူတယ်။ ကျုပ်တို့နဲ့ တိုင်ပင်မှန်း သိလေတော့ သူ့ဟာသူ လန့်ပြီး ဇာတိုက်ဇရိုက် စီမံရဟန်တူတယ်"

ကျွန်။ ။"ကျွန်တော်တို့ အလုပ်က ပွတ်စူးနဲ့ပဲ ပြီးရောလားဗျ"

ရွှား။ ။"သူတို့က တယ်ပြီး မလိုယင်လဲ ကျုပ်တာဝန်ကတော့ ပြီးပြီပေါ့ဗျ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၁၂။ ကဂူကူးကူး*

ထိုနေ့ညဉ့်၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် ဘရူတ်ကင်းလမ်းသို့ ပြောင်းရွှေ့ နေထိုင်ကြပြီးနောက် ကျွန်တော်တယောက်တည်း လက်ဖက်ရည်သောက်လျက်ရှိစဉ် ဦးစံရှားသည် ပြန်ရောက်ဖို့ အချိန်မတန်သေးမီ တိုက်ပေါ်သို့ ပျာယီးပျာယာ တက်လာ၍—

"ကိုင်း ကိုသိန်းမောင်၊ တိုက်အောက်မှာ တက္ကစီ စောင့်နေတယ်။ နှစ်ရက်လောက် ခရီးထွက်ကြဖို့ ကိစ္စာခုပေါ်လာတယ်။ ခင်ဗျား ပြင်ဆင်ဖို့ ဆယ်မိနစ်လောက်ပိုပြီး အချိန်မပေးနိုင်ဘူး။ မြန်မြန် လုပ်ပေတော့" ဟု ပြောသဖြင့် "ခင်ဗျား လုပ်လိုက်မှုဖြင့် ဒီကိန်းချည်းပဲဗျာ။ ဘာကိစ္စတဲ့တုံး" ဟု မေးရာ ဦးစံရှားက—

"အချိန်မရှိဘူးဗျ၊ လမ်းကျမှ ပြောမယ်၊ မြန်မြန်လုပ်ဗျ" ဟု ပြောပြောဆိုဆို အတွင်းခန်းသို့ ဝင်သွားလေ၏။

ဦးစံရှားသည် ကျွန်တော့်အား ကျောင်းဆရာက ကျောင်းသားကို နိုင်သလို နိုင်နေပြီ ဖြစ်သောကြောင့် ညည်းညူရန် မဝံ့တော့ပဲ လဲလှယ်ရန် အဝတ်အနည်းငယ်မျှကို သားရေအိတ်တလုံးထဲသို့ ထိုးသိပ်ထည့်ကာ တိုက်ပေါ်မှ ဆင်းလာကြပြီးနောက် မော်တော်ကားပေါ်သို့ တက်ကြလေ၏။ ထို့နောက် ဦးစံရှားက ဒရိုင်ဘာအား "ပြည်လမ်းမကြီးအတိုင်း မောင်းကွယ်" ဟု ပြောသဖြင့် မော်တော်ကားလည်း ပုစွန်တောင်ဘက်မှ ဖြတ်၍ ပြည်လမ်းဘက်သို့ မောင်းလာလေ၏။ လမ်းခရီး၌ ကျွန်တော်သည် ဦးစံရှား၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီးနောက်—

"ခင်ဗျားအမှုက လူသတ်မှုထက်တော့ မငယ်ဘူး ထင်တယ်ဗျ။ ဟုတ်ကဲ့လား" ဟု မေးလိုက်မိလေ၏။

"အစစ်ပေါ့ ကိုသိန်းမောင်၊ အမှုက ရိုးလွန်း ရှင်းလွန်းအားကြီးလွန်းလို့ သဲလွန်စကောက်ဖို့ ခပ်ခက်ခက် ဖြစ်နေတယ်ဗျ"

"ရှင်းတာနဲ့ ပိုပြီး ခက်နေသလား ဆရာကြီးရယ်"

* ဤဝတ္ထုကို ပထမဦးဆုံး ပုံနှိပ်ဖော်ပြသော မဂ္ဂဇင်းရှာမတွေ့သေးပါ။ ဤဝတ္ထုကိုပင် 'သရက်တောင်လှူရှာ လူသတ်မှု၌ မောင်စံရှားစုံထောက်ပုံ' အမည်ဖြင့် ရှုမဝမဂ္ဂဇင်း၊ ၁၉၅၄၊ သြဂုတ်လထုတ် အမှတ် ၇၇ တွင် မှုကွဲ ထပ်မံ ရေးသားခဲ့သည်။ ယင်းမှုကို 'တီဘူးခါးခါး' အမည်ဖြင့် မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၆၊ နှလုံးလှမှု အတွဲ ၄ တို့တွင် လည်းကောင်း၊ ယခုမှုကို မြန်မာပြည်မှုအတွဲ ၃နှင့် နှလုံးလှမှု အတွဲ ၁ တို့တွင် လည်းကောင်း မှု ၂ မျိုး စလုံးပင် ဖော်ပြသည်။ မူရင်းမှာ The Boscombe Valley Mystery ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ပြောတော့ ခွပြောတယ် ထင်ရလိမ့်မယ်။ နို့ပေမယ့် ရုပ်တဲ့အမှု ဆန်းတဲ့အမှုမျိုးမှာ သဲလွန်စတွေရယင် ကွက်ကနဲမြင်နိုင်တယ်။ အမှုက ရှင်းရှင်းကြီး စင်းစင်းကြီး ဖြစ်နေပြီဆိုမှဖြင့် သဲလွန်ရှာရတာ အင်မတန် ခက်တယ်ဗျ''

''ဆိုစမ်းပါအုံးဗျ၊ ခင်ဗျာ့အမှုက''

''ညောင်ပင်လှရွာဆိုတာ ဘူတာနဲ့ ပြည်လမ်းကြီး အကြားမှာ အိမ်ခြေ တထောင်လောက်ရှိတဲ့ ရွာကြီးပေါ့ဗျ။ အဲဒီရွာမှာ အညာတခွင်က ကြွယ်ဝပြီးပြန်လာတဲ့ မြေပိုင်ရှင် ဦးသိန်းဇံနဲ့ သမီး မယ်နှင်းညွန့်ဆိုတာ ရှိသဗျ။ ဦးသိန်းဇံက အညာမှာတုန်းက သိကျွမ်းလာခဲ့တဲ့ ဦးတုတ်ပေါဆိုတဲ့ လူကြီးကို ကေ ၅၀ လောက်ရှိတဲ့ လယ်ကြီးတကွက်ကို အခမဲ့ လုပ်စားဖို့ ပေးထားသတဲ့ဗျ။ ဦးတုတ်ပေါမှာ မောင်သန်းထွန်းဆိုတဲ့ သားတယောက်ရှိတယ်။ လူကြီးနှစ်ယောက်စလုံးဟာ မူဆိုးဖိုချည်းပဲ။ တယောက်နဲ့ တယောက် အင်မတန် ခင်မင်ကြသတဲ့။ ကိုင်း ဖြစ်ပျက်ပုံကို ပြောတော့မယ်။ လွန်ခဲ့တဲ့ တနင်္လာနေ့ ညနေ ၃ နာရီအချိန်လောက်မှာ ဦးတုတ်ပေါက အိမ်က တယောက်တည်းထွက်လာပြီး သာဓုကန်ဆိုတဲ့ ရေအိုင်ကလေးဘက်ကို လျှောက်သွားသတဲ့ဗျ။ အဲဒီနေ့ မနက်က ဦးတုတ်ပေါဟာ ဘူတာကို တပည့်တယောက်နဲ့ သွားသေးသတဲ့။ ပြန်လာတော့ ချိန်းထားတဲ့ ကိစ္စကလေးတခု ရှိသေးတယ်လို့ သူ့တပည့်ကို ပြောခဲ့ပြီး ထွက်လာခဲ့သတဲ့။ ထွက်သွားရာကနေပြီး ဦးတုတ်ပေါ ပြန်မလာတော့ဘူး''

''ဘယ်ရောက်သွားသလဲ''

''နေအုံးဗျ၊ သာဓုကန်နဲ့ ရွာနဲ့က မိုင်တမတ်လောက် ဝေးတယ်။ လမ်းခရီးမှာ ဦးတုတ်ပေါကို မြင်လိုက်တဲ့လူ နှစ်ယောက်ရှိတယ်။ တယောက်က မိန်းမကြီး။ နာမည်တော့ ကျုပ်မေ့သွားပြီ။ ဒုတိယတယောက်က ဦးသိန်းဇံရဲ့အစေခံ ကိုတိုင်းကျော်တဲ့။ မြင်လိုက်ရသူ နှစ်ယောက်လုံးက ဦးတုတ်ပေါဟာ တယောက်တည်း ခြေကျင် လျှောက်သွားတယ်လို့ ထွက်ဆိုကြတယ်။ ကိုတိုင်းကျော်ဆိုတဲ့ အစေခံကတော့ ဦးတုတ်ပေါနဲ့တွေ့ပြီး နောက်မျှားမကြာမီအတွင်းမှာ သူ့သား မောင်သန်းထွန်းဟာ သေနတ်ထမ်းပြီး လိုက်သွားတာ မြင်လိုက်တယ်လို့ ပြောတယ်တဲ့ဗျ။ ကိုတိုင်းကျော်ကလဲ အမှတ်တမဲ့နေမိတာ ဦးတုတ်ပေါ သေပြီဆိုတော့မှ ဒီအကြောင်းကို ဖြုန်းကနဲ သူသတိရမိသတဲ့ဗျ။ သူတို့သားအဖကို ဒီ့ပြင်လူမြင်လိုက်တာ ရှိသေးတယ်။ ရွာထဲက သောင်းကြည်ဆိုတဲ့ မိန်းကလေးဟာ ရေကန်နားမှာ ပန်းခူးနေတုန်း သားအဖနှစ်ယောက် ရေကန်တဘက်ကမ်းမှာ ရန်ဖြစ်နေတာ မြင်ခဲ့ရတယ်တဲ့ဗျ။ အဖေလုပ်တဲ့လူက ဒေါသတကြီးနဲ့ အော်လားငေါက်လားလုပ်တော့ သားလုပ်တဲ့လူက လက်သီးနဲ့ထိုးတော့မလို လက်ကိုမြှောက်လိုက်တာ မြင်လိုက်ရတယ်တဲ့ဗျ။ ဒါနဲ့ မိန်းကလေးက ကြောက်အားလန့်အားနဲ့ အိမ်ပြန်ပြေးလာပြီး သားအဖနှစ်ယောက် ရန်ဖြစ်နေကြတယ်လို့ သူ့အမေကို ပြောပြတာကိုးဗျ။ ဒီလိုပြောတုန်းမှာပဲ မောင်သန်းထွန်းက ပျာယီး ပျာယာ ပြေးလာပြီး အဖေသေနေတာ တွေ့ရပါတယ်လို့ ပြောပြီး မိန်းကလေးရဲ့ အဖေနဲ့ ရွာသားတွေကို ခေါ်သွားတယ်တဲ့ဗျ။ မောင်သန်းထွန်းရဲ့လက်မှာ သေနတ်လဲမပါဘူး။ သူဆောင်းသွားတဲ့ ဦးထုပ်ဖြူလဲ မပါဘူး။ သူ့အင်္ကျီလက်မောင်းမှာလဲ သွေးတွေ ပေလို့တဲ့ဗျ။ ဒါနဲ့ ရွာသားတွေ ဝိုင်းလိုက်သွားကြတော့ ဦးတုတ်ပေါဟာ ရေကန်နားမှာ စင်းစင်းကြီးသေလို့တဲ့ဗျ။ သူ့ခေါင်းမှာ တစုံတခုနဲ့ဆောင့်ထားတဲ့ ဒဏ်ရာမျိုးလို ကြေမွနေတာ တွေ့ကြရသတဲ့ဗျ။ ဒဏ်ရာအခြေအနေက သေနတ်ဒင်နဲ့ ဆောင့်တဲ့ ဒဏ်ရာမျိုး ဖြစ်မယ်ဆို ဖြစ်နိုင်သတဲ့ဗျ။ သေနတ်ကိုလဲ အလောင်းနားမှာ တွေ့ကြရသတဲ့။ ဒီတော့ ဘာပြောစရာရှိသေးလဲ။ မောင်သန်းထွန်းကို လူသတ်မှုနဲ့ ဖမ်းချုပ်လိုက်ကြတာပေါ့။ အဲဒီအထိ ပုလိပ်မျှားစစ်လို့ ပြီးသွားသေးတာပဲဗျ''

''ဒီအတိုင်းဆိုယင်တော့ ဒီအမှုလောက် ထင်ရှားတဲ့လူသတ်မှုဟာ ခပ်ရှားရှားနေလိမ့်ထင်ပါသလားဗျ''



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်။ သို့သော် တခုနဲ့တခု ဆက်စပ်ပြီး တွေးတင်ချက်လောက်ပဲ ရှိသေးတယ်ဗျ။ မျက်မြင် ဒိဋ္ဌ ဘယ်သူမှ တွေ့ရတဲ့လူ မရှိသေးဘူးဗျ။ ခုအတိုင်းဆိုယင်တော့ မောင်သန်းထွန်းအဖို့ တော်တော်ကြီး အရှုပ်ဆိုးနေတာတော့ အမှန်ပဲ။ နို့ပေမယ့် ဒီသူငယ်ဟာ ဘယ်နည်းနဲ့မှ လူတယောက်အသက်ကို သတ်ရက်တဲ့ စိတ်မျိုး မရှိဘူးလို ယုံကြည်ထားတဲ့ သူတွေလဲ ရှိနေသေးတယ်ဗျ။ ဥပမာ ဦးတုတ်ပေါ်ရဲ့ မိတ်ဆွေ ဦးသိန်းဇံရဲ့ သမီး ကောလိပ်ကျောင်းသူ မသိန်းညွန့်ကဆိုယင် ဒီသူငယ်ဟာ ဘယ်နည်းနဲ့မှ ဒီလို မလုပ်ရက် ဘူးဆိုပြီး ဒီအမှုအတွက် ကျုပ်ကို ငှားထားတယ်။ ဒါကြောင့်မို့ ကျုပ်တို့နှစ်ယောက် အခု တက္ကစီနဲ့ ကတိုက်ကနိုက်သွားခြင်းဖြစ်တယ် ကိုသိန်းမောင်ရဲ့"

"ကျွန်တော့်သဘောတော့ ဒီအမှုမှာ ကျွန်တော်တို့လိုက်ရတာ အချည်းနှီးဖြစ်လိမ့်မယ်ထင်ပါရဲ့ဗျာ"

"ကိုသိန်းမောင်တယောက်ဟာ ကျုပ်နဲ့ ခုလောက်ကြာအောင် ပေါင်းလာတာတောင် အဓိပ္ပာယ် အကောက်အသူ အင်မတန် အရင်လိုသေးတာကုံးဗျ။ အခု ကြားရတာက တတ်ကျသတ်သက်သက် ရှိသေး တယ်ဗျ၊ ဟိုရောက်တော့ သူများ မတွေ့ရသေးတာ၊ သူများ မကြားရသေးတာ ကျုပ်တို့ ဘာများ တွေ့ရ ကြားရဦးမယ် မသိသေးဘူး။ သို့သော် ဒီဟာထားလိုက်အုံး။ မောင်သန်းထွန်းကို ဇစ်မေးစဉ်က ကျုပ် သတိပြုလိုက်မိတဲ့ အချက်ကလေး တချက်နှစ်ချက် ရှိသေးတယ်ဗျ"

"ဘာများလဲဗျ"

"မောင်သန်းထွန်းကို ဌာနာအုပ်က လာဖမ်းတော့ မောင်သန်းထွန်းက 'ကျွန်တော်လဲ ထင်သားပဲ။ ဒီလိုဖြစ်တာပဲ ကောင်းတယ်'လို့ ပြောလိုက်သေးသတဲ့ဗျ။ ဒီဟာကို ကျုပ် စဉ်းစားမိတယ်"

"ဒီဟာ ဖြေဖြောင့်ချက်ပေးတဲ့ အဓိပ္ပာယ်ပေါ့ဗျ"

"ဘယ်က ဟုတ်ရမှာလဲ။ သူ မလုပ်ရပါဘူးလို့ ငြင်းသေးသတဲ့ဗျ"

"ငြင်းပေမယ့် ကျွန်တော်တော့ ဝန်ခံရာ ရောက်နေတယ် ထင်တာပဲဗျ"

"ခင်ဗျား ထင်ချင်သလိုထင်။ ကျုပ်ကတော့ ဒီစကားဟာ မောင်သန်းထွန်းအဖို့ မျှော်လင့်စရာ ရှိတဲ့ အချက်တချက်လို့ ယူဆထားတယ်။ ဒီလိုဗျ။ မောင်သန်းထွန်းဟာ ဘယ်လိုပင် အပြစ်မရှိစေကာမူ သူ့ကို မသင်္ကာရာ ဖြစ်နေတာမှာပဲ ဆိုတာကိုတော့ ကောန်မုချ သူ ရိပ်မိရမယ်။ တကယ်လို့ မောင်သန်း ထွန်းက သူ့ဖမ်းစဉ်အခါက အံ့သြချင်ယောင်ဆောင်မယ်၊ စိတ်ဆိုးချင်ယောင်ဆောင်မယ် ဆိုခဲ့လို့ရှိယင် ကျုပ်က သူ့ကို မသင်္ကာမိမယ်။ အခုတော့ မောင်သန်းထွန်းက 'ကျွန်တော်လဲ ထင်သားပဲ' လို့ ရိုးရိုး ကလေး ပြောလိုက်ခြင်းအားဖြင့် သူဟာ အပြစ်မရှိတဲ့ လူရိုးကလေးသော်လဲ ဖြစ်ရမယ်။ သို့တည်းမဟုတ် ကိုယ့်ကိုယ်ကို အင်မတန်ပိုင်နိုင်တဲ့ လူတယောက်ယင်လဲ ဖြစ်ရမယ်။ ကျုပ်အထင်တော့ ပိုင်နိုင်လွန်းလို့ ဟုတ်မယ်မထင်ဘူး။ အပြစ်မရှိတဲ့ လူရိုးကလေးပဲ ဖြစ်တန်ရာတယ်။ 'ဒီလိုဖြစ်တာပဲ ကောင်းတယ်' လို့ ပြောလိုက်ခြင်းဟာလဲ မိန်းကလေးစကားအတိုင်း သူ့အဖေကို လက်သီးနဲ့ ဘာနဲ့ ရွယ်မိခဲ့လတော့ သူများ တာ သူမြင်ပြီး သူ့ကိုယ်သူ ရိုးရိုးသားသား ပြစ်တင်ခြင်းနဲ့တူတယ်"

(မကျေနပ်နိုင်သေးပဲ) "ဒီလောက် မထင်ရှားပဲနဲ့ ကြိုးစင်တက်ရတဲ့လူတွေ ဘယ်နှစ်ယောက် ရှိပြီလဲ ဆရာ"

"မဟုတ်ပဲနဲ့ ကြိုးမိန့်ခံရတဲ့ လူတွေကော ဘယ်နှစ်ယောက် ရှိပြီလဲဆရာ"

"နေပါအုံးဗျ၊ မောင်သန်းထွန်း ကိုယ်တိုင်ကကော ဘယ်လိုပြောသတဲ့လဲ"

ထိုအခါ ဦးစံရှားသည် သူရိယသတင်းစာ တစောင်ကို ထုတ်၍ ဆိုင်ရာစာမျက်နှာကို ကျွန်တော့် အား ပြလေရာ ကျွန်တော်လည်း အောက်ပါအတိုင်း တွေ့ရှိရလေ၏။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



တရားခံ မောင်ယန်းယွန်းက ထွက်ဆိုသည်မှာ—

လွန်ခဲ့သော သုံးရက်သောက ကျွန်တော် ရန်ကုန်သို့သွားနေ၍ တနင်္လာနေ့ကမှ ပြန်ရောက်ပါသည်။ ကျွန်တော် ပြန်ရောက်သောအခါ ဖခင်မရှိပါ။ ဘုတာရုံသို့ သွားနေသည်ဟု စာရေးငွား ဖိုးဟန်က ပြောပါသည်။ တခဏကြာသောအခါ ဖခင်ပြန်ရောက်လာသည်ကို မြင်လိုက်ရသော်လည်း ချက်ချင်းပင် ပြန်ထွက်သွားသည်ကို မြင်ရပါသည်။ ကျွန်တော်လည်း ရေကန်ထဲ တောဘဲများ ကျတတ်သောကြောင့် သေနတ်ထမ်း၍ ထွက်သွားပါသည်။ လမ်းတွင် ကိုတိုင်းကျော်နှင့် တွေ့ပါသည်။ သို့သော် သူထင်သည့်အတိုင်း ဖခင်နောက်သို့ လိုက်ခြင်းမဟုတ်ပါ။ ကျွန်တော့်ရှေ့၌ ဖခင် ရှိကြောင်းကိုပင် ကျွန်တော် မသိပါ။ ရေကန်နှင့် ကိုက်တရာလောက် ရောက်သောအခါ ဖခင်က 'တဂူကူး ကူး' ဟု မြည်၍ အချက်ပေးသံကို ကြားရပါသည်။ ယင်း အချက်ပေးသံမှာ ဖခင်နှင့် ကျွန်တော်တို့ သဘောတူ တိုင်ပင် ပြုလုပ်ထားသော အချက်ပေးသံ ဖြစ်ပါသည်။ ကျွန်တော် ရောက်သွားသောအခါ ဖခင်က စိတ်ဆိုးဟန်နှင့် "ဘာလုပ် လာသလဲ" ဟု မေးပါသည်။ ယင်းနောက် ကျွန်တော်နှင့် ဖခင် စကားများကြ၍ ကျွန်တော့်ကို ထိုးမည် ကြိတ်မည် ပြုလုပ်ပါသည်။ ကျွန်တော်ကမူ ဖခင်စိတ်ဆိုးမှန်းသိ၍ လှည့်ပြန်လာခဲ့ပါသည်။ အနည်းငယ် သွားမိသောအခါ နောက်မှ အော်သံကြား၍ လှည့်ပြီး ပြန်ပြေးပါသည်။ ဖခင်မှာ ဦးခေါင်းတွင် ဒဏ်ရာကြီးနှင့် လဲနေပါသည်။ ကျွန်တော်က သေနတ်ကို ချထား၍ ပွေ့ထူဆဲတွင် ဖခင် အသက်ကုန်သွားပါသည်။ ထို့နောက် ဖခင် အလောင်းကို ချထားခဲ့၍ ရွာထဲသို့ ပြေးပြီး လူတွေ ခေါ်ခဲ့ပါသည်။ ဖခင်အနီးတွင် ဘယ်သူမျှလည်း မရှိပါ။ ဘယ်နည်းနှင့် ဒဏ်ရာရသည် ဟူ၍လည်း မပြောနိုင်ပါ။ ဖခင်မှာ လူချစ်လူခင် မများလှသော်လည်း ရန်သူ မရှိပါ။ ဒီ့ပြင် ကျွန်တော် ဘာမျှမသိပါ။

ပုလိပ်။ ။"မသေမီ ဖခင်က ဘာများ မှာသွားနိုင်သေးသလဲ"

ထွန်း။ ။"ကယောင်ကတမ်းနဲ့ ဆိုစကား လေးငါးခွန်း ပြောသံကြားရပါတယ်၊ ဘာမှ နားမလည်ပါ။ 'ခေါ်တောကုလား' လား ဘာဆိုလား ပြောသံ ကြားရပါတယ်"

ပုလိပ်။ ။"မင်းက ဘယ်လို အဓိပ္ပာယ်ကောက်လဲ"

ထွန်း။ ။"မကောက်တတ်ပါ၊ သွေးရူးသွေးတန်း ပြောတယ်လို့ထင်ပါတယ်"

ပုလိပ်။ ။"မင်းတို့ရွာမှာ ခေါ်တောကုလားများ ရှိသလား"

ထွန်း။ ။"အမြဲနေထိုင်တာ မရှိပါ၊ တခါတခါ ကုန်သေးရောင်းတဲ့ ခေါ်တောကုလားနှစ်ယောက်တော့ လာဖူးပါတယ်"

ပုလိပ်။ ။"မင့်အဖေနဲ့ သူတို့နဲ့ စကားများဖူးသလား"

ထွန်း။ ။"မများဖူးပါ"

ပုလိပ်။ ။"မင့်အဖေနဲ့ မင်းနဲ့ စကားများကြတာ ဘာအကြောင်းလဲ"

ထွန်း။ ။"ကျွန်တော် မပြောနိုင်ပါ"

ပုလိပ်။ ။"ပြောရမယ်"

ထွန်း။ ။"မပြောနိုင်ပါ။ သို့သော် ဒီအမှုနဲ့ ဘာမှ မဆိုင်ပါ"

ပုလိပ်။ ။"တဂူကူးကူးဆိုတာ မင်းနဲ့မင့်အဖေအချက်ပေးတဲ့ခေါ်သံ ဟုတ်လား"

---



www.burmeseclassic.com

www.burmeseclassic.com

ထွန်း။ ။"ဟုတ်ပါတယ်"

ပုလိပ်။ ။"မင်းပြန်ရောက်လာမှန်း မသိသေးပဲနဲ့ မင့်အဖေက ဘယ့်နှယ်ကြောင့် မင်းကို အချက်ပေး ခေါ်ရသလဲ"

ထွန်း။ ။"ကျွန်တော် မပြောတတ်ပါ"

ပုလိပ်။ ။"မင့် အဖေ အော်သံကြားလို့ မင်း ပြန်ပြေးလာစဉ်က မသင်္ကာစရာ ဘာတခုမှ မင်း မတွေ့ရဘူးလား"

ထွန်း။ ။"မြက်ခင်းပေါ်မှာ ဝါတာတာ တခုတော့ မြင်မိသလိုလို ထင်မိပါတယ်။ ဖခင်ကို ပွေ့ထူရာကတဖန် ပြန်ထလိုက်တဲ့အခါကျတော့ မတွေ့ရတော့ပါဘူး"

ပုလိပ်။ ။"မင့် စိတ်ထဲမှာ ဘာ ထင်သလဲ"

ထွန်း။ ။"ပဝါလိုလို အောက်မေ့တာပဲ။ အသေအချာတော့ မပြောနိုင်ဘူး။ ကျွန်တော်လဲ ထူပူနေတာကိုး"

ပုလိပ်။ ။"အလောင်းနဲ့ ဘယ်လောက် ဝေးသလဲ"

ထွန်း။ ။"အတောင် ၂၀ လောက် ဝေးမယ် ထင်တယ်"

ပုလိပ်။ ။"တယောက်ယောက်လာယူယင် မင်းမြင်ဖို့ ကောင်းတယ်မဟုတ်လား"

ထွန်း။ ။"ကျွန်တော်က ကျောခိုင်းနေတာကိုး။ ဘာ မြင်မလဲ"

ဤသည်ကား ဌာနာဉ္ဇ တရားခံ၏ ထွက်ဆိုချက်များပေတည်း။ ကျွန်တော်သည် ယင်းအစစ်ခံချက်များကို ဖတ်ရှုပြီးနောက် ဦးစံရွှားက "ဘယ့်နှယ်လဲ၊ ခင်ဗျား ဘယ်လို သဘောရသလဲ"ဟု မေးရာ "ထွင်လုံးတွေ ထင်ပါရဲ့ဗျာ။ ဝါတာတာတို့၊ ခေါ်တော့တို့ ဆိုတာက ထွင်လုံးတွေ ထင်ပါရဲ့"

"ဟုတ်နိုင်ပါ့မလားဗျာ။ သူတို့ သားအဖ စကားများတဲ့ အကြောင်းခြင်းရာကို ပုလိပ်ကရော၊ ရုံးကရော သနားလောက်အောင် တခုခု ကြံဖန်ပြီး ထွင်မပြောချင်တဲ့ လူတယောက်ဟာ ခေါ်တော့တို့၊ ဝါတာတာတို့ကို ကြံကြံဖန်ဖန် ထွင်ပြောတတ်ပါ့မလားဗျာ။ ခင်ဗျားတို့ ဆင်ခြင်ပုံဟာက လူတယောက်ကို အခုချက်ချင်း ဉာဏ်ကူးမရှိတဲ့ပုံ၊ တော်တော်ကြာ သိပ်ပြီး စိတ်ကူးရှိတဲ့ပုံ၊ ကမောက်ကမ စဉ်းစားလို့ ဖြစ်နိုင်ပါ့မလားဗျာ။ ဟော ပြောပြောဆိုဆိုနဲ့ ဟိုရှေ့က ညောင်ပင်လှရွာ မှတ်တယ်"

ကျွန်တော်တို့သည် သူကြီးအိမ်သို့ ရောက်ကြသောအခါ ဌာနာအုပ် ဦးဘကြားနှင့် သူကြီးတို့ကို အခန့်သင့် တွေ့ကြရလေ၏။ ဦးဘကြားမှာ ရန်ကုန်မြို့မှ စုံထောက်ကြီး ဦးစံရွှား ဆိုက်ရောက်လာမည့် အကြောင်းကို သိရှိဘန်လက္ခဏာဖြင့် ခရီးဦးကြိုပြုလေ၏။ ဦးဘကြားမှာ နှုတ်ခမ်းမွေး ကောင်းကောင်းနှင့် ခပ်ဘုတ်တုတ်ရှိသော လူတယောက် ဖြစ်သောကြောင့် ရွာသားများ၏ မျက်စိ၌ အတော် ခန့်ညားရှိ မင်းဟန်ပါသူတယောက် ဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့သည် သူကြီးက ပြင်ဆင်ထားသော လက်ဖက်ရည်အချို့နှင့် ဘီစကွတ်မုန့်အနည်းငယ်ကို စားသောက်လျက်ရှိစဉ် ဦးဘကြားသည် မျက်နှာထားချိုချိုဖြင့် 'ဆရာ ရောက်လာလိမ့်မယ်လို့ မသိန်းညွန့်က ပြောသွားတယ်။ ဆရာ့နာမည်ကို ဆရာ့သတင်း ကြားရဖူးလေတော့ ဆရာ့ဝါသနာ သိပြီးမို့ ဆရာကြည့်ချင်တာ ကြည့်ရအောင် ကျွန်တော် အားလုံး ပြင်ဆင်ထားပါတယ် ဆရာ" ဟု ဖော်ရွေစွာ ပြောလေ၏။

"ကျေးဇူးပါပဲ ခင်ဗျာ"

"ဆရာလဲ မိန်းကလေးကို ကျေးဇူးပြုချင်လို့သာ လာရတယ်၊ မျှော်လင့်စရာ မရှိဘူး ဆိုတာတော့ သိပြီးသား နေမှာပါပဲ။ ဒီအမှုမှာဖြင့် မိုးပေါ်က သိကြားမင်းကြီး ဆင်းလာပြီး စုံထောက်ပေမယ့်


www.burmeseclassic.com

www.burmeseclassic.com


တရားခံဟာ လွတ်ဖို့ရာ လမ်းမရှိဘူးလို့ ကျွန်တော်က မသိန်းညွန့်ကို ပြောပါတယ်။ နို့ပေမယ့် မိန်းကလေးက ကောလိပ် ကျောင်းသူကလေးဆိုတော့ တော်တော ရာဇဝတ်အုပ် စကားလေးကိုကို နားမဝင် ပေဘူးပေါ့ ဆရာရယ်။ ဆရာ့ကို မကြည်ညိုလို့ ပြောတာ မဟုတ်ပါဘူး။ ဆရာ့ အစွမ်းကိုလဲ ကျွန်တော် ချီးမွမ်းပါတယ်။ အဝေးက ကန့်တော့နေပါရဲ့။ သို့ပေမယ့် ဒီအမှုမှာတော့ အကြောင်းထူးလှမယ် မထင်ပါဘူး ဆရာ။ ဝတ်ကျေဝတ်ကုန် လိုက်ကြည့်ပြီး ပြန်ရုံရှိမှာပဲ ထင်ပါရဲ့။ ဟော ပြောယင်းဆိုယင်း မသိန်းညွန့် ရောက်လာပြီ"

ထိုခဏ၌ ရုပ်ရည် အလွန်တရာ ချောမောလှပ၍ ဆံပင်ကို ဖဲစည်းကြိုးနှင့် မခို့တရို့ စည်းနှောင်လျက် ကပိုကရို ဝတ်ဆင်ဘားသော မိန်းကလေးတယောက်သည် မိန်းမတို့၏ ရှို့ခြင်း၊ ရှန့်ခြင်း သဘောတို့ကို ဖယ်ရှားလျက် မဟားတရား အမူအရာဖြင့် အိမ်ပေါ်သို့ တက်လာပြီးလျှင် "ဦးစံရှား"ဟု ခေါ်၍ ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်နေလေ၏။ ယင်းနောက် ဦးစံရှားနဖူးတွင် ကမ္ပည်းထိုးထားသကဲ့သို့ ထင်ရှားသူတယောက် ဖြစ်သည့်အတိုင်း မိန်းကလေးက ချက်ချင်းပင် မည်သူ ဦးစံရှားဖြစ်သည်ကို သိဟန်ဖြင့် ဦးစံရှားအား စိုက်ကြည့်လျက် "ကျွန်မ မှာလိုက်လို့ လိုက်လာတဲ့အတွက် ကျေးဇူးကြီးလှပါတယ်ရှင်။ ကိုသန်းထွန်းဟာ ဘယ်နည်းနဲ့မှ သူ့အဖေကို မဆိုထားနဲ့၊ ဘယ်သူ့ကိုမှ သတ်ရက်မယ့် လူတယောက် မဟုတ်ဘူးဆိုတာ ကျွန်မ တပ်အပ်သေချာ သိပါတယ်။ ဦးစံရှားလဲ ကျွန်မ စိတ်ချသလို ယုံယုံကြည်ကြည် ကြီး စိတ်ချပြီး ဒီအမှုကို စုံထောက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီအချက်ကို ယုံမှားခြင်းမရှိပဲ စိတ်ချ စေလိုပါတယ်။ ထင်ယောင်ထင်မှား ဖြစ်စရာ အချက်တွေ တွေ့ရသော်လဲ မဟုတ်နိုင်ဘူးလို့ စိတ်ချပြီး စုံထောက်ရယင် မြန်မြန် ပေါ်ပေါက်နိုင်လိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။ ဒီဟာလဲ ပြောချင်လို့ ဦးစံရှားကိုလဲ ကိုယ်တိုင် ကျေးဇူးတင်စတား ပြောချင်လို့ ကျွန်မ လာရခြင်း ဖြစ်ပါတယ်ရှင်"

"အမှန်အတိုင်း ပေါ်ပေါက်အောင် ရှင်းလင်းနိုင်ကောင်းပါရဲ့လေ။ ကျုပ်ကတော့ တတ်နိုင်သမျှ ကြိုးစားပါမယ် မသိန်းညွန့်။ စိတ်ချပါ"

"ဦးစံရှားလဲ ဒီအမှုအကြောင်း သိတန်သလောက် သိခဲ့ရဆော့ပေါ့။ ပြောစမ်းပါရှင်။ မျှော်လင့်စရာ များ ရှိပါသလား။ ဦးစံရှားစိတ်ထဲမှာ ကိုသန်းထွန်း သတ်တာ မဟုတ်နိုင်ဘူးလို့များ မထင်ဘူးလား မေးပါရစေရှင်"

"သူသတ်တာ မဟုတ်ဘူးလို့ ထင်စရာ အချက်တွေလဲ ရှိပါတယ်"

(ဝမ်းမြောက်သော မျက်နှာထားဖြင့်) "ကိုင်း ဘယ့်နှယ်ရှိစ ဌာနာအုပ်ကြီး။ ရှင့်အထင်နဲ့ ကွာမနေ ဘူးလား။ ဒါကြောင့် ကျွန်မ အားကိုးတာပဲ၊ ဘယ့်နှယ်ရှိစလေ"

"ဦးစံရှားက ခုမှရောက်လာတဲ့လူ၊ ကျွန်တော်က ဒီမှာ အစအဆုံး စစ်ဆေးနေရတဲ့လူ။ ဘယ်သူ့ စကားက မှန်နိုင်မလဲဗျ"

"ဘယ်သူက ဘာပြောပြော ဦးစံရှားက မှန်ရမယ်၊ ကျွန်မ ယုံကြည်တယ်။ သူတို့သားအဖရန်ဖြစ်တဲ့ အကြောင်းကို ဖွင့်မပြောတာဟာလဲ ကျွန်မနဲ့ ပတ်သက်နေလို့ရှင့်။ ကျွန်မ ရှက်မှာစိုးလို့။ ဒီလိုဟာတောင် သူ့အမှု အနာခံပြီး ဇွတ်မြုံနေဖော်ရတဲ့ လူတယောက်ဟာ သူ့အဖေကို သူသတ်တယ်ဆိုလို့ ဟုတ်နိုင်ပါ့ မလားရှင်"

"မသိန်းညွန့်နဲ့ ဘယ်လို ပတ်သက်ပုံလဲ"

"ကွယ်ဝှက်နေရမယ့် အခါလဲ မဟုတ်တော့ပါဘူးရှင်။ ကျွန်မ ဖွင့်ပြောပါတော့မယ်။ ကိုသန်းထွန်းရဲ့ အဖေ ဦးတုတ်ပေါက သူ့သားကို ကျွန်မနဲ့ ယူစေချင်တယ်ရှင့်။ သူနဲ့ကျွန်မနဲ့က ငယ်ငယ်ကလေးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းဖက် ကြီးလာခဲ့ကြတော့ ကိုသန်းထွန်းက ကျွန်မကို နှမကလေး အရင်းလိုသာ [illegible] ထင်ပါရဲ့။ ဒါနဲ့ သူတို့သားအဖဟာ တကျက်ကျက်ပဲ။ ခုတခါလဲ ဒီအကြောင်းနဲ့ပဲ တူတာပဲ''

''မသိန်းညွန့်ရဲ့ အဖေကကော ဘယ်လိုသဘောထားပုံ ပေါ်သလဲ''

''ဖေဖေကတော့ သဘောမတူပါဘူးရှင်။ အလကား ဒီလူကြီးက သူ့ဟာသူတယောက်တည်း စိတ်ကူးယဉ်နေတာနဲ့ တူပါတယ်''

ထိုအခါ ဦးစံရှားသည် သူ၏ စူးရှနက်နဲသော ကြည့်ခြင်းမျိုးဖြင့် မသိန်းညွန့်အား တချက်မျှ လှမ်း၍ ကြည့်လိုက်ရာ မသိန်းညွန့်မှာ ရှိန်းကနဲ မျက်နှာပူသွားသည့် လက္ခဏာနှင့် နီမြန်း၍သွားလေတော့၏။

''ကျေးဇူးတင်ပါတယ်။ မိန်းကလေးရဲ့ အဖေကို နက်ဖြန်လောက် ကျုပ်တွေ့နိုင်ပါ့မလား''

''ဆရာဝန်က ခွင့်မပြုပေဘူးမှတ်တယ်''

''ဘယ့်နှယ်ကြောင့် ဆရာဝန်လဲ''

''ဩော် မကြားသေးပဲကိုး။ ဦးတုတ်ပေါ် သေပြီးကတည်းက ဖေဖေလဲ သွေးပျက်သလိုလို ဖြစ်ပြီး ဗုန်းဗုန်း လဲပါတော့ကောလားရှင်။ ဆရာဝန်နဲ့ ကုနေရတယ်။ သူတို့ချင်းက တယောက်ကို တယောက် သိပ် အရေးလုပ်ကြတာကိုးရှင့်။ ပေါင်းဟောင်း ဖော်ဟောင်းကိုး''

''ဘယ်အရပ်မှာ တွေ့ဖူးကြသတဲ့လဲ''

''ရွှေဘိုနယ်ဘက်မှာဆို ထင်ပါရဲ့ရှင်''

အကယ်၍ မောင်သန်းထွန်း ထွက်ဆိုသည့်အတိုင်း အဟုတ်အမှန် ဖြစ်ခဲ့ပါလျှင် သူ၏ဖခင်နှင့် ခွဲခွာသွားသည့်အချိန်နှင့် အော်သံကြား၍ ပြန်ပြေးလာသော အချိန်အတွင်းတွင် ကြောက်ခမန်းလိလိ မည်သည့် အခြင်းအရာမျိုး ဖြစ်ပွားရလေသနည်း။ ဆရာဝန်၏ အစစ်ခံချက်ကို ဖတ်ကြည့်စဉ်အခါ 'ဦးခေါင်း၏ နောက်ပိုင်း လက်ဝဲဘက်တွင် အသွားမရှိသော လက်နက်မျိုးနှင့် ခိုက်မိသည့် လက္ခဏာဖြင့် ကွဲကြေနေကြောင်း' ဟူ၍ တွေ့ရှိရ၏။ ယင်းဒဏ်ရာမျိုးမှာ နောက်မှနေ၍ ရိုက်မှသာဖြစ်ကြောင်း တင်ရှား၏။ မောင်သန်းထွန်းမှာ သူ၏ဖခင်နှင့် ရန်ဖြစ်စဉ်က မျက်နှာချင်းဆိုင် ရှိနေသောကြောင့် ထိုအချက်မှာ မောင်သန်းထွန်းအဖို့ မျှော်လင့်ဖွယ်ရာ ရှိနေ၏။

သို့သော် အစိုးရရှေ့နေက ဦးတုတ်ပေါ် ရုတ်တရက် နောက်သို့ လှည့်ခိုက်တွင် ရိုက်လိုက်ခြင်းဖြစ်လိမ့်မည်ဟု ပြော၍ ဖြစ်နိုင်လိမ့်မည်ကား မှန်၏။ ထို့ပြင် ခေါ်တော့ကုလားဆိုသော စကားသည် မည်သည့် အဓိပ္ပာယ်ရှိလေသနည်း။ ဦးတုတ်ပေါ်သည် ငန်းဖမ်းသောကြောင့် ကယောင်ကတမ်း ပြောခြင်း မဖြစ်တန်ရာချေ။ ရုတ်တရက် ဒဏ်ရာအပြင်းအထန်နှင့် သေဆုံးသူများသည် ငန်းဖမ်းသည်ဟူ၍ မရှိနိုင်ချေ။ ထိုစကားသည်ကား မိမိအား မည်သူမည်ဝါက ရိုက်သွားသည်ဟု ပြောပြရန် ကြိုးစားခြင်း ဖြစ်တန်ရာ၏။ ယင်းသို့ ဖြစ်ခဲ့လျှင် မည်သည့်စကားကို ပြောလိုခြင်း ဖြစ်တန်ရာလေသနည်းဟု အမျိုးမျိုး အဖုံဖုံ ကျွန်တော် တွေးတောမိ၏။

သို့ရာတွင် ကျေနပ်လောက်သော စကားကို စဉ်းစား၍ မရနိုင်ချေ။ ထို့ပြင် ဝါတာတာ အရာဝတ္ထုတခု ဆိုခြင်းမှာ ကေန်အမှန်ဖြစ်ခဲ့လျှင် သတ်သောသူသည် တစုံတခု ကျနေရစ်ဟန် တူ၏။ သို့ဖြစ်လျှင် မောင်သန်းထွန်းနှင့် ထိုမျှလောက် နီးကပ်သော နေရာသို့ တဖန်ပြန်၍ ယူငုံခြင်းမှာ အတော်ရဲရင့်သူ တယောက် ဖြစ်ရချေမည်။ ထို့ပြင် ယင်းအရာဝတ္ထုမှာ လူတိုင်းအိမ်တွင် မရှိနိုင်သော အတော်ထင်ရှားသော အရာဝတ္ထုတခု ဖြစ်ရချေမည်။ ထို့ကြောင့်သာ ဤမျှလောက် အရဲစွန့်၍ ပြန်ယူရခြင်း ဖြစ်ပေလိမ့်မည်။ ရှုပ်ထွေးလှချေ၏တကား။ ဦးဘကြားက မောင်သန်းထွန်းအား စွပ်စွဲခြင်းကို အဆိုး မဆိုသာပေ။ သို့ရာတွင်

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အဖို့မှာမူ ဦးစံရွှေ၏အစွမ်းကို ယုံကြည်ပြီးသူတယောက်ဖြစ်သောကြောင့် သူ၏ အယူအဆများ မှန်လိမ့်မည်ဟု စိတ်ချခြင်းအားဖြင့် စဉ်းစားချက်ကို အဆုံးသတ်လိုက်မိ၏။

ဦးစံရွှေပြန်လာသောအခါ ဦးဘကြွားမှာ ဌာနသို့ ကျန်ရစ်ခဲ့သောကြောင့် မပါလာတော့ချေ။

"သတ်တဲ့နေရာ သွားကြည့်ဖို့ အလုပ်ကို နက်ဖြန်ထိအောင် ဆိုင်းထားအုံးမှပဲဗျို။ ခင်ဗျား သိတဲ့အတိုင်း ကျုပ်ဝါသနာက စေ့စေ့စပ်စပ် သေသေချာချာ ကြည့်ရမှဖြစ်လေတော့ ဒီကနေ့ ခေါင်းရှုပ်သေးလို့ မလုပ်နိုင်သေးဘူး။ နက်ဖြန် မနက်ကျမှ သွားကြည့်ကြစို့။ ဒီအတောအတွင်း မိုးလွတ်ကောင်းပါရဲ့ဗျာ။ မောင်သန်းထွန်းတော့ တွေ့ခဲ့ဗျို"

"ဘာများ ထပ်ပြီး သိခဲ့ရသေးသလဲ"

"ဘာမှ မထူးပါဘူး"

"သဲလွန်စ မပေးနိုင်ဘူးလား"

"ဘာမှ မပေးနိုင်ဘူး၊ တခါကတော့ သတ်တဲ့လူကို ဒီသူငယ် သိလျက်နဲ့ ဖုံးထားလေသလားလို့ ကျုပ်တွေးမိသေးတယ်၊ အခုတော့ဖြင့် သူမသိကြောင်း ကျုပ် သေသေချာချာ သိခဲ့ရပြီ၊ ဒီသူငယ်က လူပုံကလေးတော့ သနားကမားပဲ။ ဉာဏ်ဘက်ကတော့ ထက်မြက်လှဟန် မရှိဘူး။ သို့သော် စိတ်နှလုံးတော့ ကောင်းပုံရတယ်"

"မသိန်းညွန့်လို မိန်းကလေးကို သူက မကြိုက်နိုင်ဘူး ဆိုပုံထောက်တော့ မျက်စိသကျည်းလွဲနေတဲ့ သူငယ်နဲ့ တူပါရဲ့"

"ဟာ ဒီအကြောင်းက တော်တော်ခွကျတဲ့ ဟာပဲဗျ။ သူငယ်က မသိန်းညွန့်ကို ကြိုက်ထားလိုက်တာမှ ရှူးမတတ်ပဲ။ နို့ပေတဲ့ လွန်ခဲ့တဲ့နှစ်နှစ်ခန့်လောက်တုန်းက အိမ်ကထွက်ပြေးပြီး ရန်ကုန်က ဘိုင်စကုတ် ကုမ္ပဏီတခုမှာ လူကြမ်းဘက်က ရုပ်ဖျက်ပြီး ဝင်လုပ်ခဲ့တုန်းက ဘိုင်စကုတ် မိန်းမကြမ်းတယောက်နဲ့ ညားခဲ့ဖူးဆိုကိုးဗျ။ ဒီအကြောင်းကို ဘယ်သူမှ မသိကြဘူး။ တနေ့က ရန်ကုန် သွားတယ်ဆိုတာလဲ မိန်းမဆီသွားတာတဲ့ဗျ။ ခင်ဗျား စဉ်းစားကြည့်တော့လေ။ မိန်းမကြီးကိုလဲ ကွာလို့မရ။ မသိန်းညွန့်ကို သူ့စိတ်ထဲက ကြိုက်လိုက်တာကလဲ ခေသလို့။ ဒီအထဲမှာ မသိန်းညွန့်ကို မယူရကောင်းလားလို့ သူ့အဖေကြီးက ကြိမ်းလိုက်တာကလဲ ခဏခဏ။ နဲကို သိပ်ပြီး ဗျာများနေတာပဲ။ ရန်ကုန်က မိန်းမကြီးကလဲ သူ့အဖေဟာ စားနိုင်သောက်နိုင်ထဲကဆိုတာ သိလေတော့ တကာန်းတန်း တွယ်ထားတာပဲတဲ့။ ဒီအထဲမှာ သူ့အဖေက ဟိုနေ့က ကြိမ်းလေတော့ စိတ်ပျက်ပျက်နဲ့ ဖြစ်ချင်ရာဖြစ် ဆိုပြီးတော့ လက်မြှောက်လိုက်မိတာပါတဲ့ဗျ။ ထိုးမလို့ ကြိတ်မလို့ ရွယ်တာ မဟုတ်ရပါဘူးတဲ့ဗျာ။ နို့ပေမယ့် ငနဲမှာ ဝမ်းနည်းစရာတွေထဲမှာ ဝမ်းသာစရာတခု တွေ့ရတယ်တဲ့ဗျ"

"ဆိုစမ်းပါအုံးဗျာ"

"ရန်ကုန်ကမိန်းမကြီးက သူ့အမှုအကြောင်းကြားတော့ ကြိုးပေးခံရတော့မှာပဲလို့ အောက်မေ့ပြီး သူနဲ့ တစုံတရာမပတ်သက်ကြောင်း၊ သူ့မှာ ကုလားလင်ကြီးရှိကြောင်း၊ ကုလားကြီး ဘင်္ဂလားကပြန်လာပြီဖြစ်၍ သူနဲ့ကင်းရှင်းကြောင်းကို စာရေးပြီး ထည့်လိုက်သတဲ့။ ကိုယ့်လူက ဒီစာကို ကျုပ်ပြပြီး 'ဒီအမှုဖြစ်ရတာ ခပ်ကောင်းကောင်း ရှိပေသေးတော့တယ် ဆရာရယ်'တဲ့။ ရယ်ကာ ပြုံးကာ ပြောလိုက်သေးတယ်"

"ဒါဖြင့် နေပါအုံးဗျ။ ဦးတုတ်ပေါကို သူမသတ်ဘူးဆိုယင် ဘယ်နည်းနဲ့ သေတာလဲဗျ"

"ခင်ဗျား စဉ်းစားဖို့ အချက်နှစ်ခု ကျုပ်ညွှန်လိုက်မယ်။ ပထမတချက်က ဦးတုတ်ပေါဟာ သာခုံကန်မှာ တယောက်ယောက်နဲ့ တွေ့ဆုံဖို့ ချိန်းထားတာမှန်တယ်။ သို့သော် သူ့သားနဲ့ချိန်းတာ မဟုတ်ဘူး။

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ သူ့သား အိမ်မှာမရှိဘူးဆိုတာ ဦးတုတ်ပေါသိတယ်။ ဒုတိယအချက်က ဦးတုတ်ပေါ ဟာ သူ့သားပြန်ရောက်လာမှန်း မသိရသေးပဲနဲ့ 'တဂူကူးကူး'လို့ မြည်ပြီးခေါ်တယ်။ ဒီအမှုမှာ ဒီအချက် နှစ်ချက်ဟာ အရေးအကြီးဆုံးပဲ ကိုသိန်းမောင်ရဲ့။ အဲဒီ နှစ်ချက်ကို အနုလုံ ပဋိလုံ ပြန်လှန်မွှေနှောက်ပြီး ခင်ဗျား စဉ်းစားကြည့်ပေတော့"

× × ×

နောက်တနေ့ နံနက်ခေါစောစောတွင် ဦးဘကြား ရောက်လာရာ ကျွန်တော်တို့ သုံးယောက်သည် သူကြီးအိမ်မှ ထွက်လာကြလေသည်။ လမ်းခရီး၌ ဦးဘကြားက 'ဒါထက် ဆရာ၊ မသိန်းညွန့်ရဲ့ ဖခင် မြေပိုင်ရှင်ဦးသိန်းဇံ ကြီး ရောက်ါတိုးလို့ ဆရာဝန်တွေ လက်လျှော့ကုန်ရပြီတဲ့''ဟု ဝမ်းနည်းသံနှင့် ပြောလေ၏။

"တော်တော် အသက်ကြီးပြီလား"

"ခြောက်ဆယ်လောက်ရှိပြီ။ လူကြီးက တရှောင်ရှောင် မမာနေတာ ကြာပါပြီ။ ဒီအထဲမှာ သူ့မိတ်ဆွေကြီးတယောက် ပျက်စီးသွားတော့ သူ့စိတ်မှာ ချောက်ချားသွားတယ် ထင်ပါရဲ့။ သူတို့ နှစ်ယောက် ဘယ်လောက် ခင်မင်ကြသလဲဆို လယ်မြေ ကေ ါးဆယ်လောက်ကို လယ်ထောက်ခ တပြားမှ မယူပဲ ကြည့်ရှုထားသတဲ့"

"ဟုတ်လား"

"ဒါတင် မကသေးဘူး။ ဒီ့ပြင်လဲ အနည်းနည်းနဲ့ ကြည့်ရှုသေးဆိုပဲ။ လူတိုင်းက သူတို့ကို ချီးကျူး နေကြတာပဲ။ ခုကာလမှာ ဒီလိုမိတ်ဆွေမျိုး ဘယ်မှာမှ မကြားရဖူးဘူးတဲ့"

"ဒါထက် ခင်ဗျားတို့ တခု မစဉ်းစားမိကြဘူးလားဗျာ။ ဦးတုတ်ပေါဟာ ဦးသိန်းဇံရဲ့ ကျေးဇူးခံ ကျေးဇူးစားလဲ ဖြစ်သေးရဲ့၊ မသိန်းညွန့်ဟာ မြေပိုင်ရှင်ကြီး တယောက်ရဲ့ တဦးတည်းသော သမီးကလေး ဖြစ်လို့မို့ သဌေးမလောင်းကလေး တယောက်လဲ ဖြစ်သေးရဲ့၊ ဒီအထဲကနေပြီး ဦးတုတ်ပေါက သူ့သားကို မသိန်းညွန့်နဲ့ ယူဖို့ တိုက်တွန်းနေပုံဟာ သူပြောယင် ပြီးရတော့မှာလို ပိုင်ပိုင်နိုင်နိုင်ကြီး မကျလွန်းဘူး လားဗျာ။ ဒီအထဲမှာ ဦးသိန်းဇံ ကိုယ်တိုင်က သဘောမတူဘူးလို့ မသိန်းညွန့်ပြောလို့ သိရပြန်တော့ သာပြီး အံ့ဩဖို့ မကောင်းဘူးလားဗျာ။ အဖေလုပ်တဲ့လူ တယောက်လုံးက သဘောမတူနိုင်ပါဘူးလို့ ဆိုပါလျက်နဲ့ ဦးတုတ်ပေါကြီးက သူ့သားကို ကြက်ကလေး ငှက်ကလေး တောင်းယူတာမျိုးလို တောင်းယူဖို့ တိုက်တွန်း နားချနေပုံဟာ တဆိတ် မလွန်လွန်းဘူးလားဗျာ"

"လွန်လွန်းသလား မလွန်လွန်းဘူးလားဆိုတာ ကျွန်တော်တို့ အလုပ် မဟုတ်ပါဘူး ဆရာ။ ကျွန်တော်တို့ အလုပ်က...."

"မှန်ပါတယ်။ သတ်တဲ့လူ ပေါ်အောင် စုံထောက်ဖို့ပါပဲ"

"ဘာမှ စုံထောက်နေဖို့ မလိုဘူးဆရာ။ မောင်သန်းထွန်းသတ်တာ အမှန်ပဲ။ ဆရာသာ မသိန်းညွန့် ကျေနပ်အောင် ကွေ့ကွေ့ကောက်ကောက် လိုက်ပေတော့။ ကျွန်တော်တို့တော့ တန်းတန်းပဲ လိုက်တော့ မယ်"

ဦးစံရွှားသည် ပြုံးစိစိ မျက်နှာထားဖြင့် ဦးဘကြားအား ကြည့်သော်လည်း မည်သို့မျှ ပြန်မပြော တော့ပဲ ဆေးတံကိုသာ ဖွာလျက် လိုက်လာလေ၏။

"ဟိုရှေ့က နှစ်ဆောင်ပြိုင် အိမ်ဟာ ဦးတုတ်ပေါတို့အိမ်ပဲ"ဟု ဦးဘကြားက ပြောသဖြင့် လှမ်း ကြည့်လိုက်ကြသောအခါ ဓတာမသာအိမ် ထုံးစံအတိုင်း ကစားဝိုင်းမှ အိပ်ပျက်ထားသော လူတစုနှင့်

www.burmeseclassic.com



ချက်ပြုတ် ကြော်လှော်နေကြသော လူများကို တွေ့မြင်ရသေး၏။ အိမ်ပေါက်သို့ ရောက်သောအခါ ဦးစံရှားသည် စာရင်းငှား ယောကျ်ားတယောက်အားခေါ်၍ ကွယ်လွန်သူ ဦးတုတ်ပေါ်၏ ဘိုးတိုင်ရေ ဖိနပ်ဟောင်းနှင့် မောင်သန်းထွန်း၏ 'ဟတ်ရှူး'ဟောင်း တရံကို တောင်းယူပြီးနောက် အနံ့၊ ဗျက်၊ အလျား စသည်ဖြင့် လေးငါးခြောက်နေရာတို့ကို တိုင်းထွာ မှတ်သားလေ၏။ ယင်းနောက် ကျွန်တော် တို့သည် သာခုံကန်သို့ ဆက်လက်သွားရောက်ကြလေ၏။

ဦးစံရှားမှာ ရေကန်သို့ရောက်၍ မြက်ခင်းပေါ်တွင် ခြေရာကောက်မိသည်နှင့် တပြိုင်နက် သူ၏ အမူအရာမှာ တခါတည်း ပြောင်းလဲ၍ သွားလေ၏။ အိမ်၌နေစဉ် ပက်လက် ကုလားထိုင်ပေါ်တွင် ဆေးတံကို ခဲလျက် အမှုအကြောင်းကို စိတ်ကူး တွေးတောနေသော ဦးစံရှားကိုသာ မြင်ရဖူးသူများသည် အမှုနှင့် ပတ်သက်၍ ခြေရာကောက်နေသော ဦးစံရှားကို မြင်ရသောအခါ မှတ်မိကောင်းမှ မှတ်မိကြပေ လိမ့်မည်။

ဤအခါမျိုး၌ကား ဦးစံရှားသည် နှာခေါင်းပွပွ၊ အကြောပြိုင်းပြိုင်း ထလျက် စူးရှသော မျက်လုံး များဖြင့် စိတ်အာရုံ စူးစိုက်ကာ ရှေ့တိုးနောက်ငင် နားတစွင့်စွင့်နှင့် ကုန်းချည်တခါ မှောက်ချည်တလှည့် စောင်းငဲ့သော ဦးခေါင်းဖြင့် ဤမှ ထိုမှ လူးလာတုံ့ပြန်ရှိနေရကား ယုန်နံ့ခံ၍လိုက်နေသည့် ခွေးသမင် ကြီးနှင့် တူလှပေ၏။ ထိုအခါမျိုး၌ သူ့အား စကားတခွန်းတလေမျှ ပြောမိလျှင် မကြားဟန်ပြု၍ နေသည်ဖြစ်စေ၊ စိတ်တိုစွာနှင့် ငေါက်လိုက်ကာ ဖြစ်စေ ပြုလေ့ရှိ၏။

ရေကန်ပတ်လည်၌ မြေကြီးမှာ ခပ်ဆိုင်းဆိုင်းရှိနေသဖြင့် မြက်ခင်းပေါ်၌လည်းကောင်း၊ လူသွား လမ်းကလေးပေါ်၌ လည်းကောင်း ခြေရာများဖြင့် ရှုပ်ထွေးလျက်ရှိ၏။ ဦးစံရှားသည် တခါတရံ သုတ်သုတ် သွား၍ တခါတရံ ရပ်တန့်နေရာ တခါတရံ ရေကန်မှ ခွာထွက်ပြီး တောကလေးထဲသို့ ကွေ့၍ လိုက်သွား သေး၏။ ဦးဘကြားနှင့် ကျွန်တော်တို့မှာ သူ၏နောက်မှ တဖြည်းဖြည်း လိုက်နေကြရာ ဦးဘကြားမှာ မထီမဲ့မြင့် မျက်နှာထားမျိုးနှင့် ခပ်ပြုံးပြုံးကြည့်၍ နေသေး၏။ ကျွန်တော့်မှာမူ ဦးစံရှား၏ အပြုအမူ မှန်သမျှ၌ အဓိပ္ပာယ် ရှိရမည်ဟု သိသောကြောင့် စိတ်ဝင်စားလျက် စောင့်ကြည့်နေလေ၏။

သာခုကန်မှာ ကိုက် ၃၀ ခန့် ကျယ်ဝန်း၍ ကြာပင်များဖြင့် ဖုံးအုပ်လျက်ရှိရာ ယင်း၏ ပတ်လည်၌ ခြေလှမ်း ၂၀ ခန့် ကျယ်ဝန်းသည့်မြက်ခင်းဖြင့် ဝိုင်းရံလျက် မြက်ခင်းအဆုံးတွင်မူကား သစ်ပင်ကလေးများ ပေါက်လျက်နေသဖြင့် တောကလေးဖြစ်နေ၏။ ဦးဘကြားသည် အလောင်းတွေ့သောနေရာကို ကျွန်တော် တို့အား ပြသလေရာ မြေကြီးမှာ အတော်ပင် ပျော့သောကြောင့် ဦးတုတ်ပေါ် လဲကျသော နေရာကိုပင် ထင်ရှားစွာ မြင်နိုင်ပေ၏။

ဦးစံရှားမှာမူ ကျွန်တော်တို့ မြင်သည်ထက် များစွာ ပို၍ မြင်ရကြောင်းကို သူ၏ မျက်နှာထား အားဖြင့် ကျွန်တော် သိရ၏။ ဦးစံရှားသည် အလောင်းတွေ့သော နေရာတွင် ပတ်ပတ်လည် လှည့်၍ ခပ်သုတ်သုတ် လျှောက်သွားပြီးနောက် ဦးဘကြားဘက်သို့ ရုတ်တရက် လှည့်၍ "ခင်ဗျား ရေကန်ထဲ ဘာလို့ ဆင်းရသလဲ"ဟု မေးလိုက်လေ၏။

"ဘာများတွေ့ရမလဲလို့ ရေကန်ထဲ မွှေရှာကြည့်တာပဲ။ ဒါထက် ဘယ့်နှယ်လုပ်ပြီးသိ...."

"အို အမေးအမြန်း မထူစမ်းပါနဲ့ဗျာ။ အချိန်မရှိသေးဘူး၊ ခွင်ခွင်ကြီးဖြစ်နေတဲ့ ခင်ဗျားဗယ်ခြေရာ ကြီးက နေရာတကာတိုင်း နှံ့နေတာပဲ။ ဟောဟိုက ရေစပ်မှာ ပျောက်သွားတယ်။ ခင်ဗျားတို့တတွေက နွားအုပ်ကြီး ရိုက်ခြောက်လိုက်တာလို နေရာတကာ လျှောက်ပြီး နင်းခြေမထားခင်က ကျုပ် လာကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com


ရယင် ဘယ်လောက်များ လွယ်မလဲလို့။ ဟောဒါက ရွာသားတွေဝိုင်းလာပြီး အလောင်းကို ဝိုင်းကြည့်နေကြတဲ့ ခြေရာတွေပဲ။ ဒါထက် ဒီအထဲမှာ သုံးကြိမ်သုံးခေါက် လျှောက်ထားတဲ့ ခြေရာတခုဟာ တော်တော်ထင်ရှားတယ်''ဟု ပြော၍ ဦးစံရှားသည် မြက်ခင်းပေါ်တွင် အလျားမှောက်လျက် ခါးပိုက်ဆောင်မှန်ဘီလူးကလေးဖြင့် သေချာစွာ ကြည့်နေလေ၏။ ထို့နောက် တယောက်တည်း စိတ်ကူးယင်း စကားပြောနေသည့် အသံမျိုးနှင့်—

''ဒီဟာက မောင်သန်းထွန်းရဲ့ ခြေရာပဲ။ နှစ်ခေါက်ဟာက ဖြည်းဖြည်းလျှောက်တယ်။ တခေါက်ဟာက ပြေးလာတဲ့ ခြေရာပဲ။ ဖနောင့်ရာ ကောင်းကောင်းမထင်ပဲ ဖိနပ်ဦးရာတွေချည်း သိပ်ထင်နေတယ်။ ဒီဟာကိုထောက်ခြင်းအားဖြင့် သူ့စကား မှန်တယ်လို့ ယူဆတိုက်တယ်။ ဟောဒါက ဦးတုတ်ပေါ် စကြံ့လျှောက်ထားတဲ့ ခြေရာပဲ။ အလို၊ ဒီဟာက ဘာလဲ။ ဩော် သိပြီ။ သေနတ်ဒင်ကို မြေကြီးပေါ်မှာ ထောက်ထားတဲ့အရာပဲ။ အဖေ့စကားကို သားက ရပ်ပြီးနားထောင်နေဟန်တူရဲ့။ အလို အလို၊ ဒီဟာတွေက ဘာတွေပါလိမ့်။ ကျားပါးစပ်ဖိနပ်ကြီးနဲ့ ခြေဖျားထောက်ပြီးလာတဲ့ ခြေရာတွေပါကလား။ တော်တော်ဗျက်ကျယ်တဲ့ ခြေရာပဲ။ ဟောဒီမှာ လာတယ်။ ဟောဒီမှာ ပြန်သွားတယ်။ ဟောဒီမှာ ပြန်လာတယ်။ ဩော် သိပြီ။ ပဝါကျနေလို့ ပြန်လာရသေးတာကိုး။ ကိုင်း သူ ဘယ်ကလာသလဲ ကြည့်စမ်းရအောင်''ဟု ပြော၍ ဦးစံရှားသည် ခြေရာခံယင်း တဖြည်းဖြည်းလိုက်သွားရာ တောစပ်ကလေးရှိ ညောင်ပင်ကြီးတပင်အောက်သို့ ရောက်သွားလေ၏။ ဦးစံရှားသည် ညောင်ပင်ကြီးအောက်တွင် မှောက်လျက် ကြည့်ယင်း သစ်ရွက်ခြောက်များ၊ သစ်ကိုင်းခြောက်များကို လှန်လှောပြီးနောက် တနေရာမှ မြေမှုန့်သဖွယ်ထင်ရသော အမှုန့်ကလေးများကို ခြစ်ယူ၍ စာအိတ်ကလေးတအိတ်ထဲသို့ ထည့်လိုက်လေ၏။ ထို့နောက် ဦးစံရှားသည် ညောင်ပင်ကြီးမှ သစ်ခေါက်များကိုပင် မှန်ဘီလူးနှင့် သေချာစွာ ကြည့်နေသေး၏။ သစ်ပင်ခြေရင်း၌ တွေ့သော ကျောက်တုံးကြီး တတုံးကိုလည်း သေချာစွာ ကြည့်ပြီးမှ ကောက်ယူလာခဲ့လေ၏။ ထို့နောက် တောကလေးတလျှောက် ဖြတ်၍ လမ်းသို့ရောက်အောင် လိုက်သွားသေးရာ ထိုနေရာ၌မူ ခြေရာများ ရောနှောသွားဟန် ရှိ၏။

''ဒီအမှုကလေးက တော်တော်စိတ်ဝင်စားဖို့ ကောင်းတဲ့ အမှုကလေးပဲ။ သို့သော် တော်လောက်ပါပြီ။ ကျုပ် သိလိုသမျှ သိခဲ့ရပါပြီ။ ပြန်ကြပါစို့''

လမ်းခရီး၌ ဦးစံရှားသည် ယခင် ကျောက်တုံးကိုပြလျက် ''ဒီကျောက်တုံးဟာ သာမညကျောက်တုံး မဟုတ်ဘူးဗျ။ ဒီအမှုမှာ သိပ်အရေးကြီးတာပဲ''ဟု ပြောလေ၏။

''ဘာကြောင့်လဲ ဆရာ''

''ဦးတုတ်ပေါ် သေတာ ဒီလက်နက်နဲ့ သေရရှာတာပဲ''

''အရာလဲ မတွေ့ပါကလားဆရာ''ဟု မယုံကြည်သော မျက်နှာထားဖြင့် ကိုင်ကြည့်၍ ဦးဘကြားအား ပြောလေ၏။

''မရှိဘူးလေ''

''ဒါဖြင့် ဆရာ ဘယ့်နှယ်သိသလဲ''

''ကျောက်တုံးအောက်မှာ မြက်တွေပေါက်နေတယ်။ ဒီကျောက်တုံးက ဒီနေရာရောက်တာ မကြာသေးဘူး။ ဒီကျောက်တုံး ထုတ်ယူခဲ့တဲ့နေရာလဲ မတွေ့ရဘူး။ ဒဏ်ရာတွေနဲ့ သူနဲ့လဲ ကိုက်တယ်။ ဒီ့ပြင် လက်နက်လဲ မတွေ့ရဘူး''

''နို့ သတ်တဲ့ လူကကော ဆရာ''

www.burmeseclassic.com



"အရပ်မြင့်မြင့်၊ ဗယ်သံနီ၊ လက်ယာဘက်ခြေထောက်က ထော့ကျိုးထော့ကျိုး လမ်းလျှောက်တယ်။ ကျားပါးစပ် ဖိနပ် ခွာထူထူစီးတယ်။ ပိုးစစ်ပဝါ ပေါင်းတယ်။ ဆေးပြင်းလိပ်ကို စွပ်တံတပ် သောက်တတ်တယ်။ ဒီ့ပြင်အချက်တွေလဲ ရှိပါသေးရဲ့။ နို့ပေမယ့် ဒီလောက်ဆိုယင် ရှာနိုင်လောက်ပါပြီကော ဗျာ"

ဦးဘကြားမှာ အံ့သြသလို ဖြစ်သွားပြီးနောက် မဟုတ်နိုင်ဟု သဘောရဟန်ဖြင့် ရယ်မိလေ၏။

"တွေးလုံးကတော့ ကောင်းပါပေ့ ဆရာ။ နို့ပေမယ့် တရားသူကြီးလုပ်တဲ့လူက တွေးလုံးလောက်ကို လက်မခံပေဘူး ထင်တယ် ဆရာရဲ့"

"ဒါဖြင့် ကိုယ့်နည်းနဲ့ကိုယ် အလုပ်လုပ်ကြတာပေါ့လေ။ ကျုပ်တော့ ဒီတညနေ အလုပ်လုပ်ပြီး ညနေခင်းလောက် ပြန်တော့မယ်"

"ဘယ့်နှယ်လဲ တန်းလန်း ပစ်ထားခဲ့တော့မှာလားဆရာ"

"ဘာဟုတ်မလဲ။ အားလုံး ပြီးရမှာပေါ့"

"နို့ တရားခံကကော ဆရာရယ်"

"ကျုပ်ပြောတဲ့ လူပဲ"

"အမည် နာမနဲ့ လုပ်မှပေါ့ဆရာ"

"ရွာကလေး ဇီးရွက်လောက်မှာ ဒီလောက်မှ ခင်ဗျားတို့ တွေ့အောင် မရှာနိုင်ဘူးလားဗျာ"

"ဗယ်သန်နဲ့ ခြေကျိုးဆိုရုံလောက်နဲ့ လိုက်ရှာလို့ လူရယ်စရာ ဖြစ်နေရောပေါ့ဆရာ"

"ခင်ဗျားသဘောပဲလေ။ ကျုပ်တတ်နိုင်သလောက် ခင်ဗျားကို ပြောပြပြီးပြီကော။ ကိုင်း ကိုင်း၊ ဒီကပဲ ခွဲကြစို့ရဲ့။ ကျုပ်မပြန်ခင် စာရေးလိုက်အုံးမပေါ့ဗျ"

ကျွန်တော်တို့သည် သူကြီးအိမ်သို့သွားရောက်ကြ၍ နံနက်စာ စားသောက်ကြပြီးနောက် ဦးစံရှားမှာ ဆက်လက်၍ စိတ်ကူး တွေးတောနေသေး၏။ ဦးစံရှား၏မျက်နှာထားမှာ မဖြစ်စေလိုသော အခြင်းအရာမျိုး ဖြစ်နေသည်ကို တွေ့ရဟန်နှင့် ကြည်ရွှင်ခြင်း မရှိပဲ အလွန် နှုတ်ဆိတ်လျက် ရှိ၏။ နောက်ဆုံး၌ "ဒီလာ စမ်းဗျာ ကိုသိန်းမောင်၊ ကျုပ်တော့ ဘယ်လိုလုပ်ရမှန်း မသိအောင် အကြံခက်နေတယ်။ အကြံပေးနိုင် ပေးစမ်းပါအုံးဗျာ" ဟု စိတ်အိုက်ဟန်ဖြင့် ပြောလေ၏။

"ဆိုစမ်းပါအုံးဗျာ"

"ဒီလိုဗျ။ မောင်သန်းထွန်း ပြောတဲ့စကားထဲမှာ ကျုပ်အဖို့ အရေးကြီးတာ နှစ်ချက် ရှိတယ်။ တချက်က ဦးတုတ်ပေါ်ဟာ မောင်သန်းထွန်းကို မမြင်မီ တဂူကူးကူးလို့ အချက်ပေးတယ်ဆိုတဲ့ ကိစ္စပဲ။ တချက်က ဦးတုတ်ပေါ် သေခါနီးမှာ ခေါ်တောက်လားဆိုလား ပြောသွားသေးတယ် ဆိုတဲ့အချက်ဗျ။ ဒီနှစ်ချက်ကို အမှန်ထားပြီး ကျုပ်တို့ စဉ်းစားရလိမ့်မယ်"

"တဂူကူးကူး အကြောင်းကို ခင်ဗျား ဘယ်လို ယူဆသလဲ"

"ဦးတုတ်ပေါ် အချက်ပေးခြင်းဟာ သူ့သားအဖို့ ရည်ရွယ်တာမဟုတ်ကြောင်းတော့ထင်ရှားတယ်။ သူ့သားဟာ ရန်ကုန်မှာရှိသေးတယ်လို့ သူ့အဖေက ထင်မှတ်နေတုန်း ရှိသေးတာကိုးဗျ။ ဒါကြောင့် မောင်သန်းထွန်း ကြားသွားခြင်းဟာ မရည်ရွယ်ပဲနဲ့ ကံအားလျော်စွာ ကြားသွားတယ်လို့ ဆိုရမယ်။ ဦးတုတ်ပေါ်က သူချိန်းထားတဲ့လူကို ခေါ်တဲ့သဘောနဲ့ တဂူကူးကူးလို့ အချက်ပေးခြင်း ဖြစ်ရမယ်။ ဒီလို အချက်ပေးနည်းမျိုးဟာ ဘယ်အရပ်မှာ သုံးတတ်သလဲဆိုတော့ အညာဆီမှာ။ အထူးသဖြင့် ရွှေဘိုနယ်က ချီးတယ်တဲ့လူစုတွေ သုံးတတ်တဲ့ အချက်ပေးနည်းမျိုးကိုးဗျ။ ဒါကြောင့် ဦးတုတ်ပေါ်နဲ့ ချိန်းထားတဲ့လူဟာ အညာမှာ နေဖူးတဲ့ လူထဲက ဖြစ်ရမယ်လို့ တွေးစရာရှိတယ်"

---

ဒုတိယအကြိမ်

www.burmeseclassic.com



"ခေါ်တောကုလား ဆိုတာကကောဗျ"

ထိုအခါ ဦးစံရှားသည် သူကြီးမှုဘဆင့် မြေတိုင်းစာရေးထံမှ ငှားရမ်းကြည့်ရှုထားသော မြေပုံတလိပ်ကို ဖြန့်၍ ခင်းလေ၏။ မြေပုံမှာ ကြေးတိုင်ဘက်မှထုတ်သည့် ရွှေဘို ဒိစတြိတ်၏ မြေပုံဖြစ်၍ ထိုစီရင်စုနယ်မှ လယ်ကွက်များနှင့်တကွ ရွာများ၏ အမည်ကိုပါ ဖော်ပြပါရှိလေသည်။ ဦးစံရှားသည် ဝက်လက်မြို့နယ်ပိုင်တွင် ကြည့်ပြီးနောက် ဝက်လက်မြို့၏တောင်ဘက်တွင် တည်ရှိသော ရွာကလေးကိုထောက်ပြလျက် "ဖတ်စမ်းဗျာ" ဟု ခိုင်းလေ၏။ ကျွန်တော်လည်း ထောက်ပြသော နေရာမှ စာလုံးများကို ဖတ်လိုက်ရာ 'ခေါ်တော' ဟူသော ရွာအမည်ကို တွေ့ရလေ၏။

"ဦးတုဘ်ပေါ် ပြောတာက ခေါ်တောရွာက မည်သူမည်ဝါလို့ ပြောဟန်တူပါရဲ့။ သူ့သားက နားစွန်နားဖျား ကြားလိုက်ရပြီး 'ခေါ်တော'ကို 'ခေါ်တော'လို့ မှတ်ထားမိဟန် တူပေတယ်။ ဘယ့်နှယ်လဲ"

"ဟုတ်လိုက်လေဗျာ။ ဒီအတိုင်းပဲ နေမှာပဲ။ အောက်သူ အောက်သားထဲကဆိုယင် ဘယ်သူဖြစ်ဖြစ် ဒီလိုကြားလိုက်ရယင် မကြားဖူးတဲ့ 'ခေါ်တော'ကိုတော့ တွေးမှာမဟုတ်ဖူး။ ကြားနေကျ 'ခေါ်တော'လို့ တွေးမှာချည်းပဲ။ ကောင်းလိုက်လေဗျာ၊ တွေးပုံကလေး"

"ပြီးတော့ မောင်သန်းထွန်းက ဝါတာတာလို့ ပြောခြင်းကို ကျုပ်က ပိုးစစ်ပဝါလို့ ကောက်ချက်ထုတ်လိုက်တယ်။ သားတယောက်လုံး အနီးမှာ ရှိနေလျက်နဲ့ တခေါက်ပြန်ပြီး ယူရခြင်းဟာ တော်တော်ထင်ရှားတဲ့ပစ္စည်းမျိုး ဖြစ်ရမယ်ဗျ။ သာမည ပဝါ အဝါဆိုယင် သူရောင်ပါ ရှိနိုင်တဲ့ ပစ္စည်းဖြစ်လေတော့ ဒီလောက်တောင် စွန့်ပြီး ယူမယ် မဟုတ်လှဘူး။ ဒီပဝါတွေ့သွားယင် သူ့ပဝါမှန်း လူတိုင်းသိသွားမှာ စိုးလေတော့ အရဲစွန့်ပြီး ယူရဟန်တူတယ်။ အညာက လူကြီးတွေဟာ ပိုးစစ်ပဝါ အဝါကို အင်မတန် ပေါင်းလေ့ရှိတယ်။ ဒါကြောင့် ကျုပ်က ပိုးစစ်ပဝါလို့ ဆိုရခြင်းဖြစ်တယ်။ ဘယ့်နှယ်လဲ"

"သဘောကျပါ့ဗျာ"

"ဒီတော့ ကျုပ်တို့ ဘယ်အခြေ ရောက်လာပြီလဲ။ ရွှေဘို ဒိစတြိတ်၊ ဝက်လက်မြို့နယ်က ပိုးစစ်ပဝါ ပေါင်းတာတဲ့ လူလို့ သိရပြီ။ ဟုတ်စ"

"မှန်ပါတယ်"

"ပြီးတော့ ဒီဘနေ့ သာခုကန်မှာ ကျုပ် တွေ့ခဲ့ရတဲ့ အချက်ကလေးတွေနဲ့ ပေါင်းစပ်ပြီးကြည့်လိုက်ပြန်ယင် သေချာသည်ထက် သေချာ မလာဘူးလားဗျာ"

"နေပါအုံးဗျာ။ ခင်ဗျား ဘယ့်နှယ်လုပ် သိသလဲ"

"ကျုပ်နည်းတွေ ခင်ဗျား သိထားပြီ မဟုတ်လားဗျ"

"အရပ်မြင့်တာတော့ လှေခြမ်းကို တိုင်းခြင်းအားဖြင့် သိနိုင်တာ ဟုတ်ပါပြီ။ ခြေထော့ကျိုးသွားတာကကောဗျာ"

"သူ့ ခြေရာတွေဟာ နေရာတိုင်းမှာ လက်ယာ ခြေရာဟာ လက်ဝဲခြေရာလောက် မထင်ရှားဘူးဗျ။ ဘာကြောင့်လဲဆိုတော့ ညာဘက်ကို ဖော့နင်းရလို့။ ဘာ့ကြောင့် ဖော့နင်းရသလဲဆိုတော့ ခြေထော့ကျိုးလျှောက်ရလို့ပေါ့ဗျ"

"ဗယ်သန် ဆိုဘာကကောဗျာ"

"ဆရာသန် ထောက်ချက်ကို ခင်ဗျား သတိပြုမိတယ် ဆို မဟုတ်လား။ ဒဏ်ရာဟာ နောက်ကနေပြီး လုပ်လိုက်ပါလျက်နဲ့ ဦးခေါင်း လက်ဝဲဘက်မှာ ထိသွားတယ်ဆို မဟုတ်လား။ ခင်ဗျား စဉ်းစား

www.burmeseclassic.com



ကြည့်စမ်းလေ။ ညာဘက်နဲ့လုပ်ယင် ညာဘက်မှာထိရမယ်။ ဗယ်ဘက်လက်နဲ့ လုပ်လိုက်လို့သာ ဗယ်ဘက်မှာ ထိနိုင်တာပေါ့ဗျ။ ဘယ်သူမဆို ခွန်အားစိုက်ပြီး ရိုက်ရ နှက်ရတဲ့ အလုပ်မှာ ကိုယ်သန်ရာ လက်နဲ့သာ လုပ်လေ့ရှိတယ်။ ဒီဒဏ်ရာမှာ ဗယ်ဘက်လက်နဲ့ လုပ်တဲ့ ဒဏ်ရာ ဖြစ်တဲ့အတွက် ဒီလူကို ကျုပ်က ဗယ်သန်လို့ ဆိုတယ်။ သားအဖ နှစ်ယောက် စကားပြောနေတုန်းမှာ ဆေးလိပ်တောင့် သောက်နေတဲ့ လက္ခဏာရှိတယ်။ ဆေးလိပ်ပြာတောင် ကျုပ်က တွေ့သေးတယ်။ ဆေးပြာအကြောင်း ကျုပ်က သေသေချာချာ လိုက်စားထားဖူးလေတော့ ပြာကို ကြည့်ခြင်းအားဖြင့် ဆေးပြင်းလိပ်လို့ ကျုပ်က အတပ်ဆိုတယ်။ ပြာကို တွေ့ပြီးနောက် ကျုပ် လိုက်ရှာပြန်တော့ သစ်ပင်မြစ်ရင်းနားမှာ ဆေးပြင်းလိပ် တိုတိုတောင် ကျုပ် တွေ့သေးတယ်"

"ဆေးလိပ်စွပ်တံ အကြောင်းကကောဗျာ"

"ဆေးလိပ်တိုရဲ့ဖင်ကို သေသေချာချာ မှန်ဘီလူးနဲ့ကြည့်တော့ သူ့ပါးစပ်ထဲရောက်တဲ့အရာ တခုမှ မတွေ့ရဘူး။ ဘယ်နည်းနဲ့မဆို တံတွေးစိုတဲ့ အရာဖြစ်စေ၊ သွားကိုက်ရာဖြစ်စေ ရှိရမယ်။ တခုမှ မရှိတဲ့အတွက် ဆေးလိပ်စွပ်တံနဲ့ သောက်တယ်လို့ ကျုပ် ဆိုတယ်"

"ကောင်းပါပေ့ဗျာ၊ ရှင်းပါပေ့။ ခင်ဗျား စုံထောက်လိုက်တဲ့အတွက်ကြောင့် အပြစ်မရှိပဲနဲ့ သေရတော့မလောက် ဖြစ်နေတဲ့ လူတယောက် အသက်ချမ်းသာရာ ရပေတော့မယ်။ နောက်ဆုံးကျတော့ တရားခံဟာ...."

"ဦးသိန်းဇံပါလား။ ကြွပါခင်ဗျာ၊ ကြွပါ"ဟု သူကြီးက ပြောလျက် အသက် ၅၀—၆၀ ခန့်ရှိ၍ တင်းမာသော မျက်နှာထားဖြင့် သန်စွမ်းဟန်ရှိသည့် ကိုယ်ကာယမျိုးရှိသော လူကြီးတယောက်သည် အခန်းတွင်းသို့ သူကြီးနှင့်အတူ ဝင်လာ၍ သူကြီးလည်း ပြန်ထွက်သွားလေ၏။ လူကြီး၏ မြင့်မောက်သော မေးရိုးကြီးများနှင့် တုတ်တုတ်မည်းမည်းရှိသော မျက်ခုံးကြီးများသည် ခက်ထန်သော မျက်နှာကို သာ၍ ခက်ထန်အောင် ကူညီပေးရာ ရောက်နေ၏။ သို့ရာတွင် သူ၏ ဖျော့တော့သော အသားအရေနှင့် ညိုမည်းသော မျက်ကွင်းများကို ကြည့်ခြင်းအားဖြင့် ပြင်းထန်သော ရောဂါတမျိုး အပြင်းဖမ်းလျက်ရှိကြောင်းကို တွေ့မြင်နိုင်ပေ၏။

"ကျွန်တော် ပေးလိုက်တဲ့စာကို ရရဲ့မှတ်ပါတယ်။ ထိုင်ပါခင်ဗျာ၊ ထိုင်ပါ"ဟု ဦးစံရှားက နှုတ်ဆက်လိုက်လေ၏။

"လူသူလေးပါး အတင်းစကား မပြောစေရအောင် လာခဲ့ပါဆိုလို့ ကျုပ် လာခဲ့ရခြင်းပါပဲ"

"ကျွန်တော်ကိုယ်တိုင် လာလို့ရှိယင် ထွေရာလေးပါး စကားတွေများနေမှာ စိုးလို့ပါ ခင်ဗျာ"

"ဘာကိစ္စများပါလိမ့်ဗျာ၊ သိပါရစေ"

"ဟုတ်ကဲ့။ ဦးတုတ်ပေါ ကိစ္စပါပဲ။ သူ့အကြောင်း ကျွန်တော် အားလုံး သိရပြီးပါပြီ"

ထိုအခါ ဦးသိန်းဇံသည် ဇွတ်တင်းဦးမည့် လက္ခဏာနှင့် ကိုယ်ကို ဆန့်တန်းပြီးမှ ဟန်မရပုံပေါ်သော ဦးစံရှား၏ မျက်နှာထားကို မြင်သဖြင့် မျက်နှာထားတမျိုး ပြင်ပြီးလျှင် လက်လျှော့သော အမူအရာနှင့် လက်နှစ်ဘက်ဖြင့် မေးထောက်ကာ ကြည့်နေလေ၏။ ယင်းနောက်မှ—

"သိပ် ခက်ကျကုန်တော့တာပဲဗျ။ ကျုပ်က ဒီသူငယ်ကို အခုလို အမှုပတ်စေဖို့လို့ ကြံရွယ်တာ မဟုတ်ပါဘူး။ ကျုပ်ပြောတာ ယုံပါ။ တကယ်လို့များ နောက်ဆုံးတနေ့မှာ သူ့အပေါ် ကြိုးမိန့်ကျသွားမယ် ဆိုယင် ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောဖို့ ကျုပ် ကြံစည်ထားပါတယ်။ အမှန်ပါဗျာ၊ ယုံပါတော့"

(ဣန္ဒြေကြီးစွာနှင့်) "ဒီစကားကြားရတာ ကျွန်တော် ဝမ်းမြောက်ပါတယ်"

---

ဣတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်က အခုတောင် ပြောချင်လှပါပြီ။ ဒီသမီးကလေး ငဲ့ညှာနေရလို့ပါ။ ကျုပ်ကို ဖမ်းလား ဆီးလား လုပ်ယင် ကျုပ်သမီးကလေး ရင်ကွဲနာနဲ့ သေရှာတော့မှာပဲ"

"ဒီအထိလဲ မရောက်တန်ကောင်းပါဘူး ထင်ပါရဲ့လေ"

"ဗျာ"

"ကျွန်တော်က အစိုးရအမှုထမ်း မဟုတ်ပါဘူး။ ဦးရဲ့ သမီးအတွက် ဒီအမှုမှာ ကျွန်တော် ပါနေရခြင်း ဖြစ်ပါတယ်။ သို့သော် မောင်သန်းထွန်းကိုတော့ ဘယ်နည်းနဲ့မဆို လွတ်အောင် လုပ်ပေးကြရလိမ့်မယ်"

"ကျုပ်က သေရမယ့်ဆဲဆဲ အသက်ငင်နေတဲ့ လူတယောက်ပါ။ ဆီးချိုရောဂါ စွဲနေတာကြာပါပြီ။ တလနေရယင် ကံကောင်းပဲလို့ ဆရာဝန်ကလဲ ပြောထားတယ်။ သို့သော် ဘယ်သူမဆို ထောင်ထဲမှာတော့ မသေချင်ပေဘူးပေါ့ဗျာ"

ထိုအခါ ဦးစံရှားမှာ စားပွဲ၌ထိုင်၍ ကလောင်တံနှင့် စက္ကူများကို ပြင်ဆင်လေ၏။

"ကိုင်း ကိုင်း၊ ဟုတ်မှန်သလောက် ပြောပြပါတော့။ လိုရင်း အချက်တွေလောက် ကျွန်တော် ရေးပါ့မယ်။ ပြီးတော့ ခင်ဗျားက လက်မှတ်ထိုး၊ ဒီက ကိုသိန်းမောင်က သက်သေပေါ့။ တကယ့်အရေး ကျမှ ကျွန်တော် ထုတ်သုံးပါ့မယ်။ စိတ်ချပါ"

"ကိုင်း ပြောပါတော့မယ်ဗျ။ ဒီလိုပါ။ ကိုတုတ်ပေါ်ဆိုတဲ့ လူတယောက်ဟာ တကယ့် တစ်နံပါတ် လူယုတ်မာကြီး တယောက်ဗျ။ သူ့လက်တွင်းရောက်ရတဲ့ လူများဟာ တကယ့် ကံဆိုး မိုးမှောင်ဆိုတာမျိုး လိုပဲ။ သူ့အညှဉ်းခံနေရတာ ကျုပ်မှာ အနှစ် ၂၀ လုံးလုံး ရှိသွားပြီ။ ကျုပ်အပေါ် သူက စီးလိုးရသွားပုံကို ကျုပ် ပြောပြအုံးမယ်"

ဦးသိန်းဇံသည် ရေတခွက်ကို တောင်း၍ သောက်လေ၏။ ထို့နောက်မှ—

"သူနဲ့ ကျုပ်နဲ့ ရွှေဦးစွာ အညာမှာ စပြီး သိကြတာကိုးဗျ။ ကျုပ်က ဒီတော့ လူကလဲ ဆတ်ဆတ်၊ သွေးကလဲ ကြွကြွ၊ အရွယ်ကလဲ ကောင်းကောင်း၊ ဘာမဆို လုပ်ဝံ့တဲ့ အရွယ်ဟာကိုးဗျ။ လူပေါင်းစုံနဲ့ ပေါင်းပြီး သောက်လား စားလား ကစားလားနဲ့ နောက်ဆုံးတနေ့မှာ ဒမြ ဖြစ်သွားရော ဆိုပါတော့ဗျာ။ ကျောက်တွင်းတခွင်ရော၊ ရွှေဘိုနယ် တဝိုက်မှာရော ခေါတောသား ဖိုးကုလားဆိုယင် လူတိုင်း ဖိန့်ဖိန့် တုန်ကြရတာပေါ့ဗျ"

ထိုအခါ ဦးစံရှားနှင့် ကျွန်တော်တို့မှာ တယောက်မျက်နှာ တယောက် လှမ်း၍ ကြည့်မိသေး၏။

"တနေ့ကျတော့ မိုးကုတ်မြို့က ကျောက်ကုန်သည်တစုဟာ သပိတ်ကျင်းကို ဆင်းကြမယ်လို့ သတင်းရတာကိုးဗျ။ ဟိုတုန်းက မော်တော်ကားလမ်းတွေ ဘာတွေ မပေါက်သေးဘူး။ ကုန်သည်တွေ ခုပြီး ခြေကျင်ဖြစ်စေ၊ လားနဲ့ဖြစ်စေ ဆင်းကြရတယ်။ ဒါနဲ့ ကျုပ်တို့က ဒမြ ခြောက်ယောက်သား လမ်းက စောင့်နေကြတော့ ကျောက်ကုန်သည်တွေ ဆင်းလာပါရောဗျ။ သူတို့ဘက်မှာလဲ သေနတ်နဲ့ လူနှစ်ယောက် ပါတယ်။ ကျုပ်တို့ကလဲ သေနတ်တလက်ပါတယ်။ နို့ပေမယ့် ကျုပ်တို့က အလျင်ဦးပြီး သေနတ်တချက် ပစ်လိုက်လို့ လူတယောက် ကျသွားယင်ပဲ ကျန်တဲ့ လူတွေက ကစဉ့်ကလျား ပြေးကုန်ကြတာကိုးဗျ။ သူတို့က ပစ်တာလဲ ကျုပ်တို့လူတယောက် သေတယ်။ နောက်ဆုံးတော့ ကုန်သည်တွေ ဖမ်းပြီး သူတို့ ပစ္စည်းတွေ အကုန်ယူ။ လူတွေတော့ လွှတ်လိုက်တာပါပဲ။ ပစ္စည်းအားလုံး သုံးသိန်းကျော်ဖိုးလောက် ရတယ်။ ပတ္တမြားချည်းပဲ။ အဲ သူတို့မှာ ထမင်းချက်အလုပ်နဲ့ လိုက်လာတဲ့ အကောင်တကောင် ပါတယ်။

www.burmeseclassic.com



ဒီအကောင်ကို ကျုပ် ဟိုတုန်းက သတ်ပစ်လိုက်ယင် အအေးသားဗျ။ ဒီလို ဒုက္ခရောက်မှာ မဟုတ်ဘူး။ အဲဒီ အကောင်ဟာ တခြား မဟုတ်ဘူး။ တုတ်ပေါပေါ့ဗျ"

ဦးသိန်းဇံလည်း ရေသောက်ပြန်၏။ ယင်းနောက် ဆက်လက် ပြောပြန်လေ၏။

"ကျုပ်တို့လူစု ပစ္စည်းတွေခွဲယူပြီး ကျုပ်မှာ အလျင်က ရှိတဲ့ပစ္စည်းကလေးများနဲ့ သူတို့ကျောက်တွေကို ဝယ်ယူတာကိုးဗျ။ လူသုံးယောက်ဝေစုကို ကျုပ်က ငွေ သုံးလေးထောင်လောက် ပေးလိုက်ရတယ်။ ကျုပ်က သိုဝှက်ထားပြီး အင်္ဂလိပ်စာတတ် မိတ်ဆွေတယောက်နဲ့ ပြင်သစ်တင် ရောင်းစားတာ နည်းရော့မလား။ လေးသိန်းခွဲလောက် ရတယ်။ ကျုပ်က ဒီတော့မှ လူကောင်း သူကောင်း လုပ်ပြီး အောက်ရပ်မှာ မြေတွေ ဝယ်၊ သားမယား ယူ၊ သမီးမိန်းကလေးတယောက်မွေးပြီး အင်မတန် ကျေနပ်နေတာကိုးဗျ။ တနေ့တော့ ကျုပ် ရန်ကုန်သွားခိုက်မှာ မောင်မင်းကြီးသား တုတ်ပေါကို သိမ်ကြီးဈေးနားမှာ တွေ့တာကိုးဗျ။ ခွေးမသား စုတ်လိုက်တာ ချာလို့။ ဒီအကောင် ကျုပ်ကို မြင်မြင်ချင်း မှတ်မိတော်မူတယ်ဗျ။ 'ဖိုကုလားရယ်တဲ့၊ ကျုပ်တို့မှာ သားအဖ နှစ်ယောက်တည်း ရှိပါတယ်တဲ့။ ကျုပ်တို့ကို ကျွေးရ မွေးရလို့ ဆန် ဘယ်လောက်မှ မကုန်နိုင်ပါဘူး'တဲ့။ ပြောပါလေရောဗျ။ ကျုပ်က ဒီတော့ ယီးတီးယားတား လုပ်တာပေါ့လေ။ သူက ဒီတော့ ပုလိပ်တယောက်ကို လက်ညှိုး ထိုးပြပြီး 'အင်္ဂလိပ်မင်း လက်ထက်မှာ လူသတ်မှုတို့၊ ဒမြမှုတို့ဟာ အနှစ်တရာ ကုန်သော်လဲ လျော်ပစ်တယ်လို့ မရှိနိုင်ဘူး'တဲ့၊ ခြောက်ပါလေရော။ ကျုပ်က ဒီတော့ ကြောက်မိတာပေါ့လေဗျာ။ တိုတိုပြောတော့မယ်၊ သူတို့ သားအဖက ကျုပ်နဲ့ ဒီရွာ လိုက်လာပြီး မင်းမူနေပါလေရောဗျ။ သားကတော့ တော်ရှာပါတယ်။ အဖေလုပ်တဲ့ လူကတော့ဗျာ လူထဲမှာ ရှာမှ ရှား ဆိုတာလို အမျိုးမျိုးနဲ့ ကျုပ်ကို ညှဉ်းတော့တာပါပဲ။ ကျုပ်ကလဲ ငွေဆို ငွေ၊ မြေဆို မြေ၊ အိမ်ဆို အိမ် သူတောင်းသမျှကို အားလုံး ပေးတာချည်းပါပဲ။ ဒီအထဲက သူက ကဲတက်လာပြီး ကျုပ်သမီးကို သူ့သားနဲ့ ပေးစားရမယ်တဲ့ဗျ။ အကျုပ် ကိုင်ပါလေရော။ ဒီလိုနဲ့ သူက ကြိမ်း၊ ကျုပ်က ငြင်း။ သူက ခြောက်၊ ကျုပ်က တင်း လုပ်လာခဲ့ကြတာ ဟိုနေ့ကတော့ ရေကန်မှာဆုံကြဖို့ ချိန်းပါလေရောဗျ။ ကျုပ်ရောက်သွားတော့ သူတို့ သားအဖ စကားပြောနေကြတာကိုးဗျ။ ကျုပ်က သစ်ပင်ကြီး ကွယ်ပြီး ချောင်း နားထောင် နေမိတယ်။ လား လား မောင်မင်းကြီးသားက သူ့သားကို ကျုပ်သမီးနဲ့ ယူဖို့ တိုက်တွန်း ဖြားယောင်းနေတော်မူတာကိုးဗျ။ ဒီတော့ ကျုပ်မှာ အလျင်တုန်းက ဆိုးခဲ့၊ မိုက်ခဲ့ဖူးတဲ့ သွေးတွေ ဗလောင်ဆန်တက်လာပြီး မိုးမမြင် လေမမြင် ဆိုတာမျိုးလို မှန်တက်လာတာနဲ့ ကျောက်ခဲကြီး တလုံး အဆင်သင့်တွေ့ ယူထား။ သူ့သားလဲ သွားရော ဘာမှမပြောနဲ့တော့ တိတ်တိတ်ကလေး နောက်ကလိုက်ပြီး သူ့ခေါင်းကို ကျောက်ခဲကြီးနဲ့ ထုသတ်လိုက်တာကိုးဗျ"

"ဘာကျနေရစ်လို့ တခါ ပြန်လာရတာလဲ"

"ခေါင်းက ပိုးစစ်ပဝါပေါ့ဗျာ။ ဒီရွာထဲမှာ မြန်မာဖြစ် ပိုးစစ်ပဝါဆိုလို့ ကျုပ်တယောက်တည်း ပေါင်းတာဖြစ်လေတော့ မထားခဲ့ဝံ့ပဲ အရဲစွန့်ပြီး ပြန်ယူရတယ်ဗျ"

ယင်းနောက် ဦးသိန်းဇံမှာ ဦးစံရှား ရေးထားသော ဖြောင့်ချက်ကို လက်မှတ် ရေးထိုးလေ၏။

"ဒီဖြောင့်ချက်ကို မသုံးပဲ ပြီးနိုင်ယင် ပြီးရအောင် ကျွန်တော် စီမံပါ့မယ်။ မလွှဲသာမှ သုံးပါ့မယ်။ စိတ်သာချပါ"

"ကျေးဇူးပါပဲဗျာ"

---

တ[illegible]အကြွင်း

www.burmeseclassic.com



ထို့နောက် ဦးသိန်းဇံသည် အိမ်ပေါ်မှ ဆင်းသွားလေ၏။

မောင်သန်းထွန်း၏အမှုကို စစ်ဆေးသောအခါ ဦးစံရှားသည် မည်သည့်နည်းနှင့်မျှ မောင်သန်းထွန်း မဟုတ်နိုင်ကြောင်းကို အချက်ပေါင်းများစွာ ဖော်ထုတ်၍ တရားခံ၏ ရှေ့နေအား ညွှန်ကြား သွန်သင် ထားရကား တရားသူကြီးသည် သက်သေ မထင်ရှားဟု အကြောင်းပြ၍ တရားခံကို လွှတ်ပစ်လိုက်လေ၏။

ဦးသိန်းဇံမှာ အမှုပြီးသည့်နောက် သုံးလေးလမျှ အသက်ရှင်နေသေး၏။ သို့ရာတွင် စိုးရိမ်ထားသည့် အတိုင်း သမီးအပေါ်၌ အရှက်မကွဲရတော့ချေ။ ဦးသိန်းဇံ ကွယ်လွန်သည့်နောက် ကောလိပ်ကျောင်းသူ မသိန်းညွန့်မှာ ငယ်သူငယ်ချင်း မောင်သန်းထွန်းနှင့်ပင် အကြောင်းဆက်၍ ပေါင်းဖက်ကြရလေတော့ သတည်း။

ဆောင်းဆိုယအပြီး

www.burmeseclassic.com